


www.burmeseclassic.com
မင်းသိင်္ခ
ဆားပုလင်းနှင်းမောင် နှင့်
ပရော်ဖက်ဆာ ဒေါက်တာ
ဆိတ်ဖွား
BURMESE CLASSIC
ပဉ္စမအကြိမ်
PROF: SATE FWAR.
MEMBER OF THE ASIATIC
BUBBLE RESEARCH ASSOCIATION
TEL: .+95.54329..
OFFICE
RESIDENCE.
ပရော်ဖက်ဆာဆိတ်ဖွား
အာရှတိုက်လုံးဆိုင်ရာ ဆပ်ပြာပူဖောင်း
သုတေသန အဖွဲ့ဝင်လူကြီး
www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့လည်း . . . . ပြီးတာပါဘဲ . . . .

# မင်းသိင်္ခ

## ဆားပုလင်းနှင်းမောင် နှင့် ဝရော်ဝတ်ဆာ ဒေါက်တာဆိတ်ဖွား

▶▶▶▶▶▶▶▶▶▶

မူပိုင်ရှင် – ဒေါ်သန်းနုအောင် (၁၂/တမန(နိုင်)၀၇၈၂၄၀)
၏ ခွင့်ပြုမိန့်အရ ထုတ်ဝေသည်။

ဖြန့်ချိရေး
ဘုမ္မာဝတီစာပေ
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ည ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 25 22 99 559 , 09 310 58 787
e-mail : bommarwaddy.books@gmail.com

www.burmeseclassic.com

www.burmeseclassic.com

# ပြီးတော့လည်း ....ပြီးတာပါဘဲ....

တရားဥပဒေဆိုတာ လူသားတွေနဲ့ ဆိုင်တယ် ....
ပြည်ပိုင်အစိုးရဟာ အဲဒီဥပဒေကို စောင့်ရှောက်ပေးရတဲ့
ဥပဒေရဲ့ ဒရဝမ် တစ်မျိုးသာ ဖြစ်တယ်....

ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွား

www.burmeseclassic.com

www.burmeseclassic.com

# ဆားပုလင်းနှင်းမောင် နှင့်
# ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား
## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသည့်ကာလ - ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ
ပဌမအကြိမ်၊ အုပ်ရေ(၅၀၀)
ထုတ်ဝေသူ - ဘုမ္မာဝတီစာပေ (၀၁၅၅၁) မှ
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် - လောကနတ်သားပုံနှိပ်တိုက် (၀၁၂၇၄) မှ
အမှတ်(၅၈)၊ အနော်မာလမ်းမကြီး
(၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။
တန်ဖိုး - ၃၅၀၀ ကျပ် ( သုံးထောင့်ငါးရာကျပ် )
မူပိုင်ရှင် - ဒေါ်သန်းနုအောင်(၁၂/တမန(နိုင်)၀၇၈၂၄၀)
ခွင့်ပြုမိန့်အရ ထုတ်ဝေသည်။

ဆားပုလင်းနှင်းမောင်နှင့် ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား
မင်းသိခ်
ဘုမ္မာဝတီစာပေ၊ ၂၀၁၅။
၂၃၂ - စာ၊ ၁၈ × ၁၃ စင်တီမီတာ။
CIP - ၈၉၅.၈၃


## ဖြန့်ချိရေး


ဘုမ္မာဝတီစာပေ
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ည ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – 09 25 22 99 559 , 09 310 58 787
e-mail : bommarwaddy.books@gmail.com


www.burmeseclassic.com

www.burmeseclassic.com

# ပြီးတော့လည်း . . . . ပြီးတာပါဘဲ . . . .

မိခင် တိုင်းက ငါ့အတွက် ဆုတောင်းပေးကြတယ် . . .
ဟတ်ချိုး၊ ဆိတ်ဖွား အသက်တစ်ရာ အနာမရှိ . . .

ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွား

ရှေ့နေဆိုတာ သူတစ်ပါးဆီက ပိုက်ဆံယူပြီး
အဲဒီလူအတွက် လိမ်ပေးနေတာ . . . . .

ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွား

သူခိုးဆိုတာ ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်ကို
ခေတ်မမီတဲ့နည်းနဲ့ ဆန့်ကျင်နေသူဖြစ်တယ် . . .

ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွား

www.burmeseclassic.com

www.burmeseclassic.com

# ပြီးတော့လဲ ပြီးတာပါပဲ

ပဒေါ်ပက်ဆာ ဒေါက်တာဆိတ်ဖွား

www.burmeseclassic.com

www.burmeseclassic.com

လူ့တန်ဖိုး တွက်တဲ့အခါမှာ လူတွေရဲ့အကျိုးကို
ဘယ်လောက် သယ်ပိုးခဲ့သလဲ ဆိုတဲ့ ပေတံနဲ့ တွက်ရလိမ့်မယ်။

ပရော်ဖက်ဆာ ဆိတ်ဖွား

သဘာဝတရားသည်. . . ကျွန်ုပ်၏ အမြွတ္တ သင်္ကေတန်အား
ပီပီသသ စကားပြောဆိုလျက်ရှိပေသည်။

ကျွန်ုပ်တို့၏ တာဝန်ကား ထိုပြောပြချက်များအား ကြားနိုင်သော
နားကို ရရှိရန်သာ ဖြစ်ပေသည်။

ပရော်ဖက်ဆာ ဆိတ်ဖွား

ရှေ့နေဆိုတာ သူတစ်ပါးဆီက ပိုက်ဆံယူပြီး
အဲဒီလူအတွက် လိမ်ပေးနေတာ. . .

ပရော်ဖက်ဆာ ဆိတ်ဖွား

www.burmeseclassic.com

www.burmeseclassic.com

ဖီလိုဆိုဖီကို လေ့လာခြင်းသည်. . .
သေရန် ပြင်ဆင် ခြင်းမျှသာ ဖြစ်သည်။

**[illegible]**

ဖီလိုဆိုဖာ ဆိုသည်မှာ. . .
လွန်စွာ မှောင်မိုက်သော အခန်းတွင်းဝယ်
လုံးဝမရှိသော ကြောင်နက်ကို မရမက
ရှာဖွေနေသည့် မျက်မမြင် ဒုက္ခိတပင် ဖြစ်ပေသည်။

**[illegible]**

ဖီလိုဆိုဖီသည်. . .
အနုပညာ၏ ဘုရင်မ ဖြစ်သော်လည်း သဘာဝတရားနှင့်
နှိုင်းစာလျှင် သမီးငယ်မျှသာ ဖြစ်ပေသည်။

**[illegible]**

ဖီလိုဆိုဖီသည်. . .
ကောင်းကင်သို့ ပျံနိုင်သော တမာန် တော်နတ်၏ အတောင်များ
ကိုပင် ဖြတ်တောက် ပစ်နိုင်ပေသည်တကား။

**[illegible]**

www.burmeseclassic.com

www.burmeseclassic.com


သွားကိုက်ခြင်း ဒုက္ခလောက်ကိုပင် ခံနိုင်ရည် စွမ်းရှိသော ဖီလိုဆိုဖာ ဟူ၍ တစ်ယောက်တလေမှ မပေါ်ပေါက်ခဲ့ဖူးသေးချေ။

ပရော်ဖက်ဆာ ဆိတ်ဖွား

လောကကြီးဟာ လောကကြီးပါဘဲ
တရားတာလဲ မဟုတ်ဘူး၊ မတရားတာလဲ မဟုတ်ဘူး
မတရားတာက လူတွေပါဘဲ. . . .

ပရော်ဖက်ဆာ ဆိတ်ဖွား

မတရားမှုဆိုတာ လူကုန်တန်အသိုင်းအဝိုင်းတွေဆီမှာ ပိုပြီးပေါ် ပေါက်တယ်။

ပရော်ဖက်ဆာ ဆိတ်ဖွား


www.burmeseclassic.com

www.burmeseclassic.com


## သူစိုးဆိုတာ ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်ကို စောက်မမီတဲ့နည်းနဲ့ ဆန့်ကျင် နေသူဖြစ်သည်။

တစ်နေ့သ၌ အရပ်ထောင်ထောင်မောင်းမောင်းရှိ၍ မျက်နှာ၌လည်း မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများ အလွန်ထူထပ်လှသော အသက်(၄၀) အရွယ်ခန့်ရှိသည့် လူတစ်ယောက်သည် အင်းစိန်ထောင်ကြီး၏ ထူးခြားခမ်းနားသော ဂိတ်ပေါက်နံဘေးရှိ လူတစ်ယောက် ထွက်သာခွင့်သာရှိသည့် သံတံခါးမှ အပြင်ဘက်သို့ ထွက်၍ လာခဲ့လေ၏။

အဖာအထေးပေါင်းများစွာနှင့် ချုပ်ရိုးပေါင်း များစွာကြောင့် တစ်မျိုးတစ်ဖုံ ကြည့်၍ကောင်းနေသော အကျီလုံချည်တို့ကို ဝတ်ဆင်ထားလျက် လွယ်အိတ်စုတ်ကြီးကို စလွယ်သိုင်း၍ လွယ်ကာ ထောင်ဘူးဝကို ထိပ်တိုက် ထားသော ကတ္တရာလမ်းအတိုင်း လျှောက်၍လာလေ၏။

လျှောက်လာပုံမှာလည်း အကျဉ်းထောင်မှ လွတ်လာသော အကျဉ်းသားတစ်ဦး၏ ဟန်ပန်နှင့် လုံးဝမတူဘဲ တိုက်ပွဲပေါင်းများစွာကို တိုက်ခိုက်အနိုင်ရယူကာ ရန်သူ၏ ခံတပ်မြို့ကို သိမ်းပိုက်နိုင်သော မြို့သိမ်းစစ်သူကြီး၏ ဟန်နှင့်ပို၍တူပေသည်။

သူသည် မည်သူ့ကိုမျှ ဂရုပြုခြင်းမရှိဘဲ ကတ္တရာလမ်းအတိုင်း ရင်ကိုကော့၍ လျှောက်သွားလေ၏။ ထိုအချိန်၌ ဘုရင်ခံ၏ကားနှင့် မျက်နှာချင်းဆိုင်ဆုံမိလျှင်ပင် ထိုသူသည် လမ်းဖယ်ပေးဖို့ စဉ်းစားလိမ့်မည် မဟုတ်ပေ။

"ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား"



www.burmeseclassic.com

www.burmeseclassic.com

"ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား"

ဟု ထောင်အုတ်ရိုး၏ အတွင်းဘက်မှ အသံများ ထွက်ပေါ်လာသဖြင့် ထိုသူက သူ၏ ခြေလှမ်းကို ရပ်ပြီးလျှင် ထောင်ဘက်သို့ပြန်၍ လှည့်ကာ ကြည့်လေသည်။

"ဆရာကြီး. . . ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား၊ ကျုပ်တို့အားလုံး က နှုတ်ဆက်ပါတယ်" ဟု အော်ဟစ်ကာ နှုတ်ဆက်ကြလေ၏။

အသံကိုကား သဲကွဲစွာ ကြားရပေသည်။ သို့ရာတွင် ထောင်ဘူးဝ ရှိ လွန်စွာ လုံခြုံသော တံခါးကြီးကြောင့် နှုတ်ဆက်သူတို့ကိုမူ မမြင်နိုင်ပေ။

ထိုအခါ ဆရာကြီး ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား ဆိုသူက. . .

"ငါ့ကို နှုတ်ဆက်တာ ဘယ်သူတွေလဲ"ဟု အော်ဟစ်၍ မေးလေ၏။

"ကျွန်တော်တို့ မိလ္လာဘုတ်ကပါ။ အားလုံး လူနှစ်ဆယ် ရှိပါတယ်။ ခိုးမှုနဲ့ ကျလာတဲ့သူတွေပါ ဆရာကြီး"

ဟု အုတ်ရိုးအတွင်းမှ ပြန်လည်၍ အော်ဟစ်ကြလေ၏။

"မင်းတို့အားလုံး သူခိုးတွေချည်းပဲပေါ့"

"ကိုယ်ဖြစ်ကိုယ်ခံ. . . ကိုယ်ဖြစ်ကိုယ်ခံ ပေါ့"

"ဟေး . . ."

"သူခိုးဆိုတာ ခိုးကြမှာပဲလို့ ငါဆိုချင်တယ်"

"ဟေ. . . ဟုတ်တယ်"

"ခိုးချင်ခိုးကြ၊ ဒါပေမယ့် ကိုယ်ဖြစ်ကိုယ်ခံ"

"ဟေး . . ."(သံပြိုင်အော်ဟစ်ကြ၏။)

"သူခိုးအလုပ်ဆိုတာ လူတွေကြောင့် ပေါ်လာတဲ့ ရှေးဟောင်း အသက်မွေးဝမ်းကျောင်း အလုပ်ကြီးဖြစ်တယ်၊ ခိုးချင်ခိုးကြ၊ ဒါပေမယ့် ကိုယ်ဖြစ်ကိုယ်ခံ"

"ဟေး. . . ဟေး. . . ဟေး. . ."

(သံပြိုင်အော်ဟစ်၍ မြူးတူး ကြလေ၏။)

ထို့နောက် တစ်စုလိုက် နှုတ်ဆက်သံများ ထွက်ပေါ်လာပြန်၏။

"ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား"


www.burmeseclassic.com

www.burmeseclassic.com



"ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား"

"ဟေး. . . မင်းတို့က ဘယ်သူတွေလဲ"

"ဂျူစက်ဘုတ်က အကျဉ်းသားတွေပါ။ ခေးပြမှုတွေနဲ့ ကျလာကြတယ်၊ စောစောက ဘုတ်မှာ ရောက်နေလို့ နှုတ်မဆက်ရတာနဲ့ အခုလာပြီး နှုတ်ဆက်တာပါ ပရော်ဖက်ဆာကြီး. . ."

"မင်းတို့ ခေးပြတွေပေါ့"

"ဟုတ်ပါတယ်"

(သံပြိုင်အော်ဟစ်၍ ဖြေ၏။)

"ငတ်ရင်ပြတ်ရင် ခေးပြတိုက်ကြတာပဲ၊ ဒါပေမယ့် ကိုယ်ဖြစ် ကိုယ်ခံ"

ဟု ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားဆိုသူက အော်ဟစ်၍ပြောလိုက်လျှင် အုတ်ရိုးအတွင်းမှ ခေးပြများသည် သဘောကျလွန်း၍. . .

"ဝေး. . . ဟေး. . ." ဟု အော်ဟစ်လိုက်သံမှာ ထောင်ကြီးတစ်ခုလုံး ပွဲတင်ထပ်၍သွားလေ၏။

ခေးပြများ နှုတ်ဆက်ပြီးနောက် သံပြိုင်အော်ဟစ်နှုတ်ဆက်သံများ ပေါ်လာပြန်၏။

"ပရော်ဖက်ဆာကြီး. . . ကျွန်တော်တို့ကလဲ နှုတ်ဆက်ပါတယ်"

"မင်းတို့က ဘာကောင်တွေလဲ"

"ဖိုးတွမ်တီးတွေပါ"

"လူလိမ်တွေပေါ့၊ လိမ်ကြ၊ ဆက်ပြီးလိမ်ကြ၊ ဒါပေမယ့် ကိုယ်ဖြစ်ကိုယ်ခံ၊ ဟေ့. . . လူလိမ်တွေ၊ လောဘကြီးတဲ့ကောင်တွေဟာ မင်းတို့ရဲ့ သားကောင်ဖြစ်တယ်၊ ဆက်ပြီး လိမ်ကြ. . ."

"ဝေး. . . ဟေး. . .၊ ဒါမှ ငါတို့ ပရော်ဖက်ဆာကြီးကွ၊ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား သက်တော်ရာကျော် ရှည်ပါစေ"

ဟု ဖိုးတွမ်တီးများက ဆုမွန်ကောင်း တောင်းလေ၏။

"ငါ့အတွက် ဆုတောင်းဖို့မလိုဘူး၊ မိခင်တိုင်းဟာ ငါ့အတွက် ဆုတောင်းပေးနေကြပါတယ်၊ ဟတ်ချိုး ဆိတ်ဖွား၊ အသက်တစ်ရာ အိုမရှိတဲ့ ဟာ. . . ဟ"

www.burmeseclassic.com

www.burmeseclassic.com



"ဝေး . . . ဟေး . . ."

ဖိုးတွမ်တီး အကျဉ်းသားများက အော်ဟစ်မြှူထူးကာ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားဆိုသူအား နှုတ်ဆက်ကြလေ၏။

ထို့နောက်တွင် ရိုက်မှု၊ လုယက်မှု၊ လူသတ်မှု စသော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသော အကျဉ်းသားများက အုပ်စုလိုက် အော်ဟစ်နှုတ်ဆက်ကြလေ၏။

ထိုသူတို့ နှုတ်ဆက်ပြီးလျှင် အကျဉ်းသားအုပ်စု တစ်ခုက အော်ဟစ်၍ နှုတ်ဆက်ပြန်၏။

"ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား"

"ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား"

"ဟေး . . ."

"ကျုပ်တို့ကလဲ နှုတ်ဆက်ပါတယ်"

"မင်းတို့က ဘာကောင်တွေလဲ"

"၃၇၆ တွေပါ"

"မုဒိမ်းကောင်တွေပေါ့"

"ဟုတ်ပါတယ်"

"မင်းတို့အလုပ်က ယုတ်မာလွန်းတယ်၊ ဆက်ပြီးမလုပ်ကြပါနဲ့၊ ငါမထောက်ခံဘူး"

"ဝေး . . . ဟေး . . ."

ကျန်သောအကျဉ်းသားများကပါ မုဒိမ်းကောင်များကို ဝိုင်းဝန်းလှောင်ပြောင်ကြသဖြင့် မုဒိမ်းကောင်များနှင့် ကျန်သော အကျဉ်းသားများသည် စကားများရန်ဖြစ်၍ တစ်ဦးကိုတစ်ဦး ထိုးကြိတ်ရိုက်နှက်ကြလေတော့၏။

ထိုအခါ၌ အကျဉ်းသားအချို့က . . .

"ပရော်ဖက်ဆာကြီး ရန်ဖြစ်ကုန်ကြပြီ"

ဟု အော်၍ ပြောလိုက်လေ၏။

"ကောင်းတယ်၊ ဖြစ်ကြ၊ ကိုယ်ဖြစ်ကိုယ်ခံပေါ့ကွာ"

"ဝေး . . . ဟေး . . . ဟေး . . .၊ ဟုတ်တယ် ရိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com


ဟု သံပြိုင်အော်ဟစ်ကြကာ အကျဉ်းသားချင်း ရိုက်နှက်ထိုးကြိတ်ကြလေ၏။

ထောင်ဝါဒါများသည် အုပ်စုလိုက် ရန်ဖြစ်နေသည်ကို တွေ့လျှင် သံချောင်းများ အဆက်မပြတ်ခေါက်၍ ထိန်းသိမ်းကြလေ၏။ လူစုခွဲကြရလေ၏။

ထိုအခါ မျက်နှာဖြူ ထောင်ပိုင်ကြီးသည် အချင်းဖြစ်ပွားရာသို့ ရောက်ရှိလာပြီးလျှင် ထောင်မှူးကြီး၊ ထောင်မှူးကလေးစသည်တို့ကို ကြိမ်းမောင်း ဆဲဆို၍. . .

"လူကလေးတို့ ဘယ်လိုဖြစ်တာလဲ"

ဟု မေးမြန်းရာ ထောင်မှူးတို့က ထောင်ဘူးဝနှင့် မလှမ်းမကမ်း နေရာလောက်တွင် လွယ်အိတ်စုတ်ကြီးကို စလွယ်သိုင်းလျက် ခြေထောက်ကို ခွဲကာ လက်ပိုက်၍ မားမားကြီး မတ်တတ်ရပ်နေသော ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွား ဆိုသူကို ညွှန်ပြ၍ အကျိုးအကြောင်း ရှင်းလင်းပြကြလေ၏။

မျက်နှာဖြူ ထောင်ပိုင်ကြီးလည်း ထောင်မှူးများ ခြံရံလျက် ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား ဆီသို့ ခပ်သုတ်သုတ် ထွက်လာပြီးလျှင် ပရော်ဖက်ဆာဆိတ်ဖွားအား . . .

"ဒီမှာ လူကလေး"

ဟု အစချီလိုက်လေ၏။

"လူကလေး မဟုတ်ဘူး၊ လူကြီး၊ လူကြီးမို့လို့ ခင်ဗျားတို့က ထောင်ချခဲ့ပြီပဲ ထောင်ပိုင်ကြီး၊ ဘာဖြစ်လို့ လူကလေးလို့ ခေါ်တာလဲ"

ဟု ပရော်ဖက်ဆာကြီးက ပြန်၍ပြောလိုက်ရာ ထောင်မှူးများ၏ မျက်နှာများသည် ပြုံးစိစိဖြစ်၍ သွားကြလေ၏။

"ကောင်းပါပြီ လူကြီး၊ မောင်မင်းကြောင့် ထောင်ဆူသွားပြီ"

"ထောင်ဆူတာ မဆန်းပါဘူး၊ ထောင်ထဲရောက်နေတဲ့ လူတွေဟာ လူဆိုးတွေပဲ၊ လူဆိုးတွေ စုထားတဲ့နေရာဟာ ဆူမှပေါ့ ထောင်ပိုင်ကြီး"

"မောင်မင်းကို ပြန်ပြီး ဖမ်းရမယ်"


www.burmeseclassic.com

www.burmeseclassic.com

"မြန်မြန်ဖမ်းရုံမကလို့ တစ်သက်လုံးပဲ ခေါ်ထားခေါ်ထား အရေးမကြီး ပါဘူး"

"ကျုပ်တို့ အင်္ဂလိပ်လူမျိုးဟာ အလွန်ပဲ စည်းကမ်းရှိကြတယ်၊ လွှတ်ပြီးတဲ့လူကို အပြစ်မရှိဘဲ ပြန်ပြီးမဖမ်းဘူး၊ ဒီတော့ မောင်မင်း ဒီနေရာက အမြန်ဆုံးသွားဖို့ ကျွန်ုပ်ပြောတယ်"

"ကျုပ်တို့ မြန်မာလူမျိုးများကလဲ အလွန်ပဲ သံယောဇဉ်ကြီးပါတယ်၊ ထောင်ထဲမှာ ဘယ်လောက် ဒုက္ခဖြစ်ဖြစ် ထောင်ထဲကို ပြန်ပြီးဝင်ဖို့ နည်းနည်း ကလေးမှ မစိုးရိမ်ကြပါဘူး"

"ဒီနေရာက မြန်မြန်သွားဖို့ ကျွန်ုပ်အလိုရှိပါတယ်"

"ကျုပ်မှာလဲ ခြေထောက်က နှစ်ချောင်းပဲပါတယ်၊ ဒီထက်မြန်မြန် သွားဖို့ မဖြစ်နိုင်ပါဘူး၊ ထောင်ပိုင်ကြီးကားနဲ့ ဘူတာရုံကို လိုက်ပြီးပို့ ပါလား"

"မောင်မင်းကို ကျွန်ုပ်ကားနဲ့ လိုက်ပြီးပို့ရမယ်ဟုတ်လား၊ ကျွန်ုပ် ကားက အရာရှိကြီးတွေ စီးဖို့ဖြစ်တယ်"

"အရာရှိကြီးတွေဆိုတာ ချေးပါတော့ ဖင်လှန်ပြီးမှ ပါလို့ရတယ် မဟုတ်လား၊ ကျုပ်တို့လဲ ဒီလိုပဲ၊ ဖင်လှန်ပြီးမှ ချေးပါတဲ့ကောင်တွေပဲ၊ အတူ တူပဲ မဟုတ်လား"

ဟု ပရော်ဖက်ဆာ ဆိတ်ဖွားက ပြောလိုက်ရာ မျက်နှာဖြူထောင်ပိုင် ကြီးက မျက်လုံးပြူး၍ သွားလေ၏။ ထောင်မှူးများမှာမူ ဣန္ဒြေမဆောင်နိုင် တော့ဘဲ ဝေါခနဲ ပွဲကျသွားလေ၏။

ထိုအချိန်၌ အုတ်ရိုးအတွင်း အကျဉ်းသားများထံမှ အသံများပေါ် ထွက်လာပြန်၏။

"ဆရာကြီး ပရော်ဖက်ဆာ ဆိတ်ဖွား. . . မုဒိမ်းကောင်တွေလဲကုန် ပြီ၊ ဘယ်သူ့ကို ရိုက်ရဦးမှာလဲ"

ထောင်မှူးများသည် မျက်လုံးပြူး၍ သွားကြလေ၏။ မျက်နှာဖြူ ထောင်ပိုင်ကြီးပါ မျက်လုံးပြူး၍ သွားလေ၏။

ထိုအခါ ပရော်ဖက်ဆာ ဆိတ်ဖွားဆိုသူက "ထောင်မှူးများကို ရိုက်ကြပေတော့"ဟုဆိုလျှင်ပင် အကျဉ်းသားတို့သည် နောင်လာ နောင်ခါ ရှေးဟု


www.burmeseclassic.com

www.burmeseclassic.com


သဘောထားကာ ပရော်ဖက်ဆာ ဆိတ်ဖွား၏ အမိန့်အတိုင်း ထောင်မှူးများကို ရိုက်ကြမည်သာ ဖြစ်ပေသည်။

ထိုသို့မဟုတ်ဘဲ "အုတ်တံတိုင်းကြီးကို ဖြိုချပစ်ကြ"ဟု အမိန့်ပေးခဲ့ပါလျှင်လည်း အကျဉ်းသားတို့သည် ဖြစ်နိုင်သည် မဖြစ်နိုင်သည် အပထား၊ အုတ်တံတိုင်းကြီးကို ဖြိုချရန် ကြိုးစားကြပေလိမ့်မည် ဖြစ်၏။

ထိုအခြင်းအရာကို ရိပ်စားမိသော မျက်နှာဖြူထောင်ပိုင်ကြီးသည် ၎င်း၏ မော်တော်ကားကို ထုတ်ယူစေပြီးလျှင် ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွားအား ကားပေါ်တက်ရန် ပြော၍ မော်တော်ကားတံခါးကို ကိုယ်တိုင် ဖွင့်ပေးပြီးနောက်. . .

"ကဲ. . . မောင်မင်း လူကလေး"

ဟု အစချီလိုက်လျှင် ဆိတ်ဖွားက. . .

"လူကလေး မဟုတ်ဘူး၊ လူကြီး" ဟု ပြောလိုက်လေသည်။

"ကောင်းပါပြီ မောင်မင်းလူကြီး၊ ကျွန်ုပ်ကားပေါ်ကို တက်ပါ၊ မောင်မင်းနဲ့ ကျွန်ုပ်ဟာ အတူတူပါပဲ၊ အားလုံး ဖင်လှန်ကြတာချည်းပါပဲ၊ ကျွန်ုပ်ကားကို စီးပြီး ဘူတာကို အမြန်ဆုံးသွားပါ၊ မောင်မင်း ဒီမှာ ကြာကြာနေရင် ထောင်ထဲက ငရဲကောင်တွေဟာ အုတ်တံတိုင်းကို ဖြိုချကြလိမ့်မယ်"

ဟုဆိုကာ သူ၏ ဒရိုင်ဘာအား ကွမ်းခြံဘူတာ(ရန်ကုန်ဘူတာကြီး) အထိ လိုက်ပို့ရန် မှာကြားလေတော့၏။

ကားမှာ တဖြည်းဖြည်း လိမ့်၍ ထွက်သွားလေ၏။

"ပရော်ဖက်ဆာ ဆိတ်ဖွား ချောချောမောမော ရောက်ပါစေဗျာ၊ ပရော်ဖက်ဆာ ဆိတ်ဖွား ချောချောမောမော ရောက်ပါစေဗျာ"

ဟု နှုတ်ဆက်လိုက်ကြသူများကား အုတ်ရိုးအတွင်း အကျဉ်းသားများ မဟုတ်ပါ။ ထောင်မှူးများပင် ဖြစ်ကြပါသည်။

မျက်နှာဖြူ ထောင်ပိုင်ကြီးသည် ပရော်ဖက်ဆာ ဆိတ်ဖွားအား ငေးမောကြည့်ရှုလျက် ထောင်ဘူးဝရှိ ကတ္တရာလမ်းပေါ်တွင် ထောင်မှူးများနှင့်အတူ ကျန်ရစ်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထောင်အုတ်ရိုးအတွင်းမှ အကျဉ်းသားများကား အော်ဟစ် ဆူပူနေကြဆဲပင်ဖြစ်၏။

မျက်နှာဖြူ ထောင်ပိုင်ကြီးလည်း ပရော်ဖက်ဆာ ဆိတ်ဖွားအား ငေးမောကြည့်ရှုနေရာမှ ထောင်မှူးများဘက်သို့လှည့်ကာ. . .

"ဒီလူဟာ အလွန်ပဲ ကြောက်စရာကောင်းတယ် လူကလေးတို့"

ဟု ပြောလိုက်လေ၏။ ထောင်မှူးများကလည်း မျက်နှာဖြူထောင်ပိုင်ကြီး၏ စကားကို ထောက်ခံသည့်အနေနှင့် ခေါင်းကို ရှိသေစွာ ညိတ်၍ ပြကြ လေ၏။

ထိုအခါ ပရော်ဖက်ဆာ ဆိတ်ဖွား၏ ဦးခေါင်းသည် မော်တော်ကား ပြတင်းပေါက်မှ အပြင်သို့ ပြူထွက်ကာ ထောင်မှူးများဘက်သို့ လှည့်ပြီး အောက်ပါ အတိုင်း ပြောလိုက်လေတော့၏။

"အားလုံးပဲ သွားပြီဗျို့၊ ထောင်ဆိုတာ တကယ်တော့ အဆုံးမ ရက်စက်သော စာသင်ကျောင်းကြီးပဲဗျာ"

ထောင်ဆိုသည်မှာ. . . အဆုံးမ ရက်စက်သော စာသင်ကျောင်းကြီး ဖြစ်သည်။

**ပရော်ဖက်ဆာ ဆိတ်ဖွား၊**

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com


## ကျုပ်တို့ကို သုံးကြိမ်ဦးချပြီးမှ အိပ်ပါ

ပရော်ဖက်ဆာ ဆိတ်ဖွားသည် ကွမ်းခြံဘူတာကို ရောက်သည့်အခါ၌ ကားပေါ်မှ ဆင်းပြီးလျှင် ကားတံခါးကို ဂျိမ်းခနဲနေအောင် ဆောင့်၍ ပိတ်လိုက်ပြီးနောက် ကုလားဒရိုင်ဘာအား နှုတ်ဆက်လေ၏။

ကုလားဒရိုင်ဘာကမူ မျက်နှာဖြူ ထောင်ပိုင်ကြီး၏ မော်တော်ကားကို နှစ်ပေါင်းများစွာ မောင်းလာခဲ့သည့်အလျောက် ထောင်မှထွက်လာသော အကျဉ်းသား အမြောက်အမြားကို တွေ့ခဲ့ဖူးသည်ဖြစ်ရာ ပရော်ဖက်ဆာ ဆိတ်ဖွားကိုလည်း ထောင်မှလွတ်သော အကျဉ်းသားတစ်ဦးမျှသာ သဘောထားသဖြင့် ပရော်ဖက်ဆာ ဆိတ်ဖွားက ကောင်းကောင်းမွန်မွန် နှုတ်ဆက်သည်ကိုပင် ပမာမခန့်ကာ ကုလားစကားဖြင့် ဆဲဆိုရေရွတ်လိုက်ပြီး ပရော်ဖက်ဆာ ဆိတ်ဖွားထိုင်ခဲ့သော နေရာအား မသတီသကဲ့သို့ အဝတ်ပောင်းဖြင့် ပုတ်ခါလိုက်လေ၏။

"ဟာ. . . ဟ၊ ငါ့ထက်သန့်တဲ့ကောင် တွေ့နေပါပကောလား၊ မင်းက ငါထိုင်တဲ့နေရာကို မသတီလို့ ခါပစ်တာလား၊ မင်းပထွေး မျက်နှာဖြူထိုင်တဲ့နေရာဆိုပြီး မကျေမနပ် ဖြစ်တာလား"

ဟုဆိုကာ ဒရိုင်ဘာအနီးသို့ သွားပြီးလျှင် မျက်နှာအား တံတွေးနှင့် ထွီခနဲ ထွေးလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဒရိုင်ဘာလည်း စိတ်ဆိုးလွန်း၍ တံခါးဖွင့်ကာ အောက်သို့ဆင်းမည်ပြုသော်လည်း ပရော်ဖက်ဆာ ဆိတ်ဖွားက တံခါးကို အသာတွန်း၍ ထားပြီးလျှင် ဒရိုင်ဘာ၏ ပါးကို ခပ်စပ်စပ်ကလေး ရိုက်လိုက်ပြီးနောက်. . .

"သွား. မ်းပါကွာ"

ဟုဆိုကာ မီးရထားဘူတာရှိ စကြံပလက်ဖောင်းဆီသို့ ရင်ကော့ကာ တစ်လှမ်းချင်း လျှောက်၍ သွားလေ၏။

စကြံပလက်ဖောင်းသို့ရောက်လျှင် ၎င်းလိုက်ပါရမည့် ရထားကို ကြည့်ရှုလေ၏။ ထိုသို့ ကြည့်ရှုသော်လည်း ဘူတာ၌ ရထားတစ်စီးတလေမှ တွေ့မြင်ခြင်းမရှိသဖြင့် လက်မှတ်ရောင်းသော ရုံပေါက်အထက်ရှိ နံရံ၌ ချိတ်ဆွဲထားသည့် နာရီကို လှမ်း၍ ကြည့်ရှုလိုက်ရာ (၁၂)နာရီတိတိမျှသာ ရှိသေးကြောင်း တွေ့ရလေ၏။

"နောက်တစ်နာရီတောင် စောင့်ရဦးမှာပါလား"

ဟု ၎င်း၏စိတ်၌ မှတ်ချက်ချလိုက်ပြီးလျှင် ဆေးပြင်းလိပ်တိုကို ထုတ်၍ မီးညှိလေ၏။

ထိုအချိန်တွင် တစ်စုံတစ်ယောက်သောသူက ၎င်း၏ နောက်မှနေ၍. . .

"ကိုဆိတ်ဖွားကို တွေ့ချင်လို့ လာပြီး စောင့်နေတာ"

ဟု ပြောလိုက်သဖြင့် ထိုအသံ လာရာဆီသို့ ဦးခေါင်းကို ဖြည်းညင်းစွာ လှည့်၍ ကြည့်လိုက်ပြီးလျှင်. . .

"ဟာ. . . ဟ၊ ဆာပုလင်း နှင်းမောင်ကိုး"

ဟု ပြန်၍ နှုတ်ဆက်လိုက်လေ၏။

"ဟုတ်ပါတယ် ကိုဆိတ်ဖွား၊ ခင်ဗျား ထောင်ကလွတ်မယ့်နေ့ကို စီအိုင်ဒီကို အကြောင်းကြားဖို့ ထောင်ပိုင်ကြီးကို မှာထားလေတော့ ဒီကနေ့ ခင်ဗျားကို ထောင်က လွှတ်လိုက်ပြီဆိုတာ သိရပါတယ်၊ ဒါကြောင့် တွေ့ချင်လို့ ဒီကို လာစောင့်နေတာပဲ"

ဟု ဆားပုလင်း နှင်းမောင်ဆိုသူက ပြန်၍ ပြောလိုက်လေ၏။

"မြန်မာပြည် စုံထောက်အဖွဲ့ထဲမှာတော့ ခင်ဗျားဟာ သတိအကောင်းဆုံး စုံထောက်တစ်ယောက်ပါပဲ၊ ကဲ. . . ဆိုစမ်းပါဦး၊ ကျုပ်နဲ့ တွေ့ချင်တဲ့ကိစ္စ"


www.burmeseclassic.com

www.burmeseclassic.com


ဟု ဆိတ်ဖွားက ပြန်၍ပြောလိုက်လျှင် ဆေးပြင်းလိပ်ကို ဖွာ၍ မီးခိုး များကို မှုတ်ထုတ်လိုက်လေ၏။

"ဒီလိုပါ ကိုဆိတ်ဖွား၊ ခင်ဗျားဟာ အကြံညာဏ်ကောင်းတဲ့ လူတစ်ယောက်လဲဖြစ်တယ်၊ သတ္တိ ဗျတ္တိနဲ့ပြည့်စုံတဲ့ လူတစ်ယောက်ဖြစ်ပါတယ်၊ စိတ်ကောင်း စေတနာကောင်းနဲ့ ပြည့်စုံတဲ့လူတစ်ယောက်ပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ခင်ဗျားကို ကျုပ်အနေနဲ့ ကြိုးစင်ကို မပို့ချင်ဘူး၊ အဲဒီတော့ ခင်ဗျားကလဲ ကြိုးစင်တက်ရမယ့် အလုပ်မျိုးကို မလုပ်မိဖို့ မှာချင်တာပါပဲ"

ဟု ဆိုကာ စုံထောက် ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍ နှုတ်ခမ်းဖျား၌ တေ့လိုက်ပြီးလျှင် မီးညှိလိုက်လေ၏။

"ဟာ. . . ဟ. . .၊ ခင်ဗျားက ကျုပ်ကို ကြိုးစင်မပို့ချင်လို့ လာပြီး သတိပေးတာ ဟုတ်ကဲ့လား၊ ဟာ. . . ဟ. . ."

ကိုဆိတ်ဖွားက မခိုးမခန့်ရယ်၍ မခိုးမခန့် ပြန်၍ မေးလိုက်လေ၏။

"ဟုတ်ပါတယ် ကိုဆိတ်ဖွား၊ လူ့ဘောင် လူ့အဖွဲ့အစည်း ထဲမှာ နေရင် အဲဒီလူ့အဖွဲ့အစည်းက သတ်မှတ်ထားတဲ့ တရားဥပဒေကိုတော့ လေးစားရလိမ့်မယ်"

"ကျုပ်ဆိုတဲ့ ကောင်ကလဲ ပုလိပ်ဆိုရင် တော်တော့ကို အော့နှလုံး နာပါတယ်၊ ဒါပေမယ့် အဲဒီထဲမှာတော့ ခင်ဗျားမပါဘူး၊ ခင်ဗျားကိုတော့ လေးစားပါတယ်။ ခင်ဗျားဟာ အကြံညာဏ်ကောင်းတယ်၊ သတ္တိဗျတ္တိနဲ့ပြည့်စုံတယ်၊ စိတ်ကောင်းရှိတယ်၊ ဒါကြောင့် ခင်ဗျားကို ကျုပ်အနေနဲ့ သချိုင်းကို မပို့ချင်ပါဘူး၊ ဒီတော့ ခင်ဗျားကလဲ သချိုင်းကို မပို့ရအောင်နေပါ ကိုနှင်းမောင်၊ နိုင်ငံကျော်စုံထောက်ကြီး ဆားပုလင်းနှင်းမောင်ကို သုဘရာဇာဆိတ်ဖွားက သတ်လိုက်ပြီဆိုတဲ့ သတင်းကို လူတွေဟာ ကြားချင်ကြလိမ့်မယ် မဟုတ်ဘူး၊ ဟာ. . . ဟ. . ."

ကိုဆိတ်ဖွားသည် စုံထောက် ဆားပုလင်းနှင်းမောင်အား ပြန်၍ ချေပပြောဆိုလိုက်လေ၏။

ဆားပုလင်း နှင်းမောင်ကလည်း နှုတ်ခမ်းဖျားတွင် တေ့၍ထားသော စီးကရက် ဖွာလိုက်ရင်း ကိုဆိတ်ဖွားအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး လျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



"လူ့အဖွဲ့အစည်းက သတ်မှတ်ထားတဲ့ ဥပဒေကိုတော့ လေးစားသင့်ပါတယ် ကိုဆိတ်ဖွား" ဟု ပြောလိုက်ပြန်၏။

"ဟာ. . . ဟ. . .၊ ဘယ်လို လူ့အဖွဲ့အစည်းက သတ်မှတ်ထားတဲ့ ဥပဒေလဲ ကိုနှင်းမောင်၊ ဗြိတိသျှ နယ်ချဲ့သမားတွေက ကျုပ်တို့ မြန်မာလူမျိုးတွေကို ကျွန်ပြုဖို့ လုပ်ထားတဲ့ တရားဥပဒေကို ကျုပ်တို့က လေးစားရမှာလား၊ အဲဒီလို လေးစားမယ်ဆိုရင် ကိုယ့်ကို ချည်နှောင်မယ့် သံကြိုးကို သံချေးမတက်အောင် ရေနံသုတ်ပေးသလို ရှိတော့မှာပေါ့ဗျာ"

"မဟုတ်ဘူး ကိုဆိတ်ဖွား၊ တရားဥပဒေဆိုတာ လူသားတွေနဲ့ဆိုင်တယ်၊ ပြည်ပိုင်အစိုးရဟာ အဲဒီဥပဒေကို စောင့်ရှောက်ပေးရတဲ့ ဥပဒေရဲ့ ဒဝရမ်တစ်မျိုးသာလျှင် ဖြစ်တယ်၊ ဒီမှာ ကိုဆိတ်ဖွား၊ စိတ်ကူးနဲ့ပဲ ဥပဒေဆိုတာ မရှိဘူးလို့ (၇)ရက်လောက် ဥပဒေကို ဖယ်ထုတ်ကြည့်စမ်းပါ၊ မြန်မာပြည် တစ်ပြည်လုံးမှာ ကြီးနိုင် ငယ်ညှဉ်း လုပ်တဲ့အမှုတွေ၊ မတရားမှု တွေဟာ မရေမတွက်နိုင်အောင် ဖြစ်လာလိမ့်မယ်"

"ဟာ. . . ဟ၊ ကိုနှင်းမောင်က တကယ့်ကို ဥပဒေဘက်တော်သား (လောမင်း)ကြီးကိုးဗျ၊ ဒီမှာ မိတ်ဆွေကြီး ကိုနှင်းမောင်၊ ရာဇဝတ်မှုဖြစ်လာတဲ့ လူတွေကို လိုက်ပြီး မေးကြည့်စမ်းပါ၊ သူတို့ရဲ့ ပကတိ သဘောက ရာဇဝတ်ကို ကျူးလွန်ချင်လို့ ကျူးလွန်ခဲ့ကြတာလားလို့၊ မဟုတ်ဘူး၊ ဘယ်သူမှ ရာဇဝတ်မှု မကျူးလွန်ချင်ဘူး၊ ဘယ်သူမှ ထောင်ထဲ မနေချင်ဘူး၊ ဘယ်သူမှ ကြိုးစင် မတက်ချင်ဘူးဆိုတဲ့အချက်ကို ခင်ဗျားတို့ ပုလိပ်တွေလဲ မေ့နေကြတယ်၊ ဥပဒေသမားတွေလဲ မေ့နေကြတယ်၊ ထားပါတော့လေ ခင်ဗျားက စေတနာနဲ့ကျုပ်ကို လာပြီး သတိပေးလေတော့၊ ခင်ဗျားရဲ့စေတနာကို လေးစားတဲ့အနေနဲ့ ကျုပ်က ကတိတစ်ခု ပေးပါတယ်"

"ဘယ်လို ကတိမျိုးလဲ ကိုဆိတ်ဖွား"

"ရာဇဝတ်မှု မကျူးလွန်ဘဲ နေလို့ရတဲ့ အချိန်အထိ ကျုပ်ဟာ ရာဇဝတ် မှုကို မကျူးလွန်ဘဲ နေမယ်၊ မလွှဲသာလို့ ကျုပ်ဟာ ရာဇဝတ်မှုကို ကျူးလွန် ရပြီဆိုရင်လဲ ခင်ဗျားအနေနဲ့ ကျုပ်ကို ကြိုးစင်မတိုနိုင်အောင် ကျုပ်စီစဉ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုစီစဉ်မှာလဲ ကိုဆိတ်ဖွား"

"လွယ်ပါတယ်၊ ခင်ဗျားကို ကျုပ်က အရင် သချိုင်းကို ပို့လိုက်ရုံပေါ့ ကိုနှင်းမောင်"

"ဖြစ်နိုင်ပါ့မလား ကိုဆိတ်ဖွား"

"ကျုပ် နာမည် ဆိတ်ဖွားပါ"

"ဒီကလဲ နှင်းမောင်ပါ၊ ဆားပုလင်းနှင်းမောင်ပါ"

"ဟာ. . . ဟ၊ ဟုတ်ပါတယ် ဆားပုလင်းနှင်းမောင်၊ ဒီလိုပါ၊ ဒီလိုပါ၊ အရပ် ငါးပေ ဆယ်လက်မ၊ ဂွန်ဝိုက် အမျိုးအစား ဖိနပ် နံပါတ်(၉)ကိုစီးတဲ့၊ ရင်အုပ် သုံးဆယ့်ခြောက်လက်မရှိတဲ့၊ လက်မောင်း ဆယ့်သုံးလက်မ ရှိတဲ့၊ ရင်ခေါင်းလောက်ရှိတဲ့ စည်းရိုးကို အလွတ်ခုန်နိုင်တဲ့၊ မြန်မာ့လက်ဝှေ့ ထိုးတတ်တဲ့၊ ကုလားအုတ်တံဆိပ် စီးကရက်ဖြစ်စေ၊ ရေခဲတောင်တံဆိပ် စီးကရက်ဖြစ်စေ သောက်လေ့ရှိတဲ့၊ မြန်မာစကားအပြင် ကုလားစကားနဲ့ အင်္ဂလိပ်စကားကို ကောင်းကောင်း ပြောတတ်တဲ့၊ လက်ဖက်ရည်အချိုကို မကြာခဏ သောက်လေ့ရှိတဲ့၊ တယောထိုးတတ်တဲ့၊ လယ်တီဆရာတော်ကြီးရဲ့ ကျမ်းတွေကို စွဲစွဲမြဲမြဲဖတ်လေ့ရှိတဲ့၊ ပခုံးမှာ ဆေးနီတွေ ထိုးထားတဲ့၊ အမဲသားကို အဆိပ်လိုရှောင်တဲ့၊ လူသတ်မှုပေါင်း ငါးရာ့ဆယ့်တစ်မှုကို တရားခံဖော်ခဲ့တဲ့၊ နှစ်ဆယ့်ငါးခါတိတိ ရာထူးတက်ပေးဖို့ လုပ်ပြီးမှ ပုလိပ်မင်းကြီးကို ပမာမခန့် ပြန်ပြောလို့ ရာထူးမတက်ဘဲ နယ်ပြောင်းခံရတဲ့ အင်းစိန်စီအိုင်ဒီက ဆားပုလင်းနှင်းမောင် ဆိုတဲ့ စုံထောက်တစ်ယောက်ကို သတ်ပြီးမှ ကျုပ်က ရာဇဝတ်မှုကျူးလွန်မှာပါ ကိုနှင်းမောင်"

ဟု ကိုဆိတ်ဖွားက ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်သည် သဘောကျလွန်း၍ အားရပါးရ ရယ်မောလေတော့၏။

ကိုဆိတ်ဖွား ပြောခဲ့သော အရပ်ငါးပေဆယ်လက်မ ဆိုသည်မှာ ဆားပုလင်းနှင်းမောင်အရပ်အမောင်း အတိအကျပင်ဖြစ်၏။

ထို့ပြင် ဆားပုလင်းနှင်းမောင် စီးသော ဖိနပ်မှာလည်း ဂွန်နိုက် အမျိုးအစား နံပါတ်(၉)ပင် ဖြစ်ပေသည်။ ကိုဆိတ်ဖွား ပြောသွားသော


www.burmeseclassic.com

www.burmeseclassic.com


အချက်များမှာ တစ်လုံးမကျန် မှန်ကန်ပေရာ ဆားပုလင်းနှင်းမောင်သည် မအံ့ဩဘဲ မနေနိုင်အောင် ရှိလေ၏။

ဆားပုလင်း နှင်းမောင်သည် တစ်ဖက်လူ၏ ပြုမူတတ်ပုံအသေးစိတ်ကိုလည်းကောင်း၊ သုံးစွဲသောပစ္စည်းကို လည်းကောင်း၊ ဂုဏ်ကချည်းသာ ပြောဆိုနိုင်ခဲ့ပေသည်။ ယခုမူ ကိုဆိတ်ဖွားက သူ၏ အရပ်အမောင်း၊ ကိုယ်လုံး၊ ဖိနပ်အတိုင်းအတာမှအစ ဖတ်လေ့ရှိသော စာအုပ်နှင့် ရာထူးတက်ရန်ကြံကြိုက်ခဲ့သော်လည်း ပုလိပ်မင်းကြီးအား ပမာမခန့် ဆက်ဆံမိသဖြင့် ရာထူးမတတ်သည့်အပြင် နယ်ပြောင်းခံလိုက်ရသော အကြိမ်ပေါင်းကိုပါ အတိအကျ ပြောနိုင်သော ကိုဆိတ်ဖွားကို မအံ့ဩဘဲ မနေနိုင်အောင်ရှိလေ၏။

ထို့နောက် ကိုဆိတ်ဖွားက ဆေးပြင်းလိပ်တိုကို ပစ်လိုက်ပြီးလျှင် အသစ်တစ်လိပ်ကို မီးညှိကာ. . .

"ကိုနှင်းမောင်၊ ခင်ဗျား မိတ်ဆွေကြီး စုံထောက်အင်စပိတ်တော် ဦးအောင်သင်းလဲ ပါတယ်မဟုတ်လား၊ ခေါ်လိုက်လေဗျာ"

ဟု ပြောလိုက်လေသည်။

"ဦးအောင်သင်း တင်မကဘူး၊ ကျုပ်တို့ စီအိုင်ဒီက စုံထောက်တွေ အားလုံးနီးနီး ပါတယ်ဗျ၊ ခေါ်လိုက်မယ်လေ၊ ခင်ဗျားနဲ့ မိတ်ဆက်ပေးရတာပေါ့"

"ဟာ. . . ဟ၊ မိတ်ဆက်ပေးတယ်ဆိုတာ စကားလှအောင်ပြောတာပါဗျ၊ တကယ်တော့ ခင်ဗျားလူတွေကို ကျုပ်ကိုမြင်ဖူးတယ်ရှိအောင်ပြတာပါ၊ ဆိတ်ဖွားဆိုတာ ဒီလူပဲ မှတ်ထားကြလို့ ပြောတာနဲ့ အတူတူပါပဲ ကိုနှင်းမောင်"

"ဟုတ်ပါတယ် ကိုဆိတ်ဖွား၊ ဒီသဘောလဲ ပါပါတယ်၊ ဒါပေမယ့် ကျုပ်ရဲ့စေတနာကတော့ ကိုဆိတ်ဖွားကို ရာဇဝတ်မှု မကျူးလွန်နိုင်အောင် ထိန်းသိမ်းပေးနိုင်အောင် ပါပဲ"

"လုပ်လိုက်လေ. . . ခေါ်လိုက်ပါ၊ ခင်ဗျားရဲ့. . . စုံထောက် ခပ်ညံ့ညံ့တွေကို. . . ဟာ. . . ဟ"


www.burmeseclassic.com

www.burmeseclassic.com


ကိုနှင်းမောင်က ပြုံးလိုက်၏။ ထို့နောက် လက်မှတ်ရုံဘက်ဆီသို့ လက်ပြလိုက်ရာ ဦးအောင်သင်း အပါအဝင် အင်းစိန်စီအိုင်ဒီမှ စုံထောက်အရာရှိ ငါးယောက်သည် ကိုဆိတ်ဖွားနှင့် ဆားပုလင်းနှင်းမောင်တို့၏ အနီးသို့ ရောက်ရှိလာကြလေ၏။

"ကိုဆိတ်ဖွား. . . သူ့ကိုတော့ မှတ်မိပါတယ်နော်"

ဟု အိုင်ပီ ဦးအောင်သင်းကို ညွှန်ပြ၍ မေးလိုက်လေ၏။

"မှတ်မိပါတယ်၊ ပုလိပ်အင်စပိတ်တော် ဦးအောင်သင်း မဟုတ်လား"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။ ဦးအောင်သင်းကလည်း ခေါင်းညိတ်၍ ဟုတ်မှန်ကြောင်း ထောက်ခံလေ၏။ ထိုအခါ၌ ဆိတ်ဖွားက ဆက်၍ ပြောပြန်သည်မှာ. .

"ဦးအောင်သင်း မိန်းမက မှန်တင်ခုံ အိပ်ခန်းထဲမှာ ထည့်ထားတာကိုး"

ဟု ပြောလိုက်ရာ ဦးအောင်သင်းသည် မျက်လုံးပြူး၍ သွားလေ၏။ ဆားပုလင်းနှင်းမောင်ကမူ သဘောကျ၍ ပြုံးလိုက်လေ၏။

"ဒီလိုပါ ဦးအောင်သင်း၊ ခင်ဗျား မနက်က မုတ်ဆိတ်ရိတ်လာတာ မေးစေ့အစွန်းမှာ မရိတ်မိဘဲ နည်းနည်းပါးပါး ကျန်နေပါတယ်၊ တကယ်လို့သာ မှန်တင်ခုံဟာ အပြင်ဘက်မှာ ရှိရင်တော့ မှန်တင်ခုံ ရှေ့မှာထိုင်ပြီး ရိတ်မိမှာပဲ၊ အခုတော့ မှန်တင်ခုံက အိပ်ခန်းထဲမှာဆိုတော့ တကူးတက အိပ်ခန်းထဲဝင်ပြီး မရိတ်တော့ဘူး၊ ရေချိုးခါနီးမှာ လက်နဲ့စမ်းပြီး ရိတ်ခဲ့တာပဲ သဘောပဲ"ဟု ဆိတ်ဖွားက ရှင်းပြလေ၏။

ထို့နောက် အင်စပိတ်တော် ဦးအောင်မြင့် နှင့် မိတ်ဆက်ပေးပြန်ရာ၊ အင်စပိတ်တော် ကိုအောင်မြင့်က သူ၏ရွှေသွားများကို ဖြဲပြလျက် ဆိတ်ဖွားကို နှုတ်ဆက်လေ၏။ ထိုအခါ ဆိတ်ဖွားက ဦးအောင်မြင့် မျက်နှာကို သေသေချာချာ ကြည့်လျက် ခေါင်းကို ညိတ်ပြကာ ပြန်၍ နှုတ်ဆက်လေ၏။

ဆားပုလင်း နှင်းမောင်သည် အင်စပိတ်တော် ဦးကိုကိုကြီး၊ ကိုစိန်လှ၊ ဦးစိန်၊ ကိုတင်ဝင်း စသော စုံထောက်အရာရှိများနှင့် ဆိတ်ဖွားကို မိတ်ဆက် ပေး၏။ ဆိတ်ဖွားသည် စုံထောက်အရာရှိများကို နှုတ်ဆက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com


အောက်ပါ အတိုင်း ပြောလေ၏။

"စုံထောက်အရာရှိကြီးတွေကိုယ်တိုင် ကျုပ်ကိုလာပြီး နှုတ်ဆက်ကြတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်၊ အမှန်ကတော့ ကျုပ်တို့လို လူဆိုးတွေကို ခင်ဗျားတို့အနေနဲ့ အစဉ်သဖြင့် ကျေးဇူးတင်နေသင့်တယ်၊ ခင်ဗျားတို့ သာမဟုတ်ဘဲ ခင်ဗျားတို့ရဲ့ မိန်းမတွေကပါ ကျေးဇူးတင်နေသင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့လို လူတွေရှိလို့ ခင်ဗျားတို့လို စုံထောက်ဆိုတာက ရှိရတာကိုး၊ ဒီစကားကို ခင်ဗျားတို့ရဲ့ စုံထောက်မင်းကြီး ရှုပ်တဲဝပ်ကိုပါ ပြောပြလိုက်စမ်းပါလို့၊ ဟား . . . ဟ"

ပရော်ဖက်ဆာဆိတ်ဖွားသည် သူ၏ စကားအဆုံး၌ ခြောက်ကပ်ကပ် ရယ်သံကြီးနှင့် ရယ်လိုက်ပြန်၏။

"ကိုဆိတ်ဖွားပြောပုံက လူဆိုးတွေဟာ ပုလိပ်တွေရဲ့ ကျေးဇူးရှင်လို့ ပြောချင်တာပေါ့"

ဟု ကိုတင်ဝင်းက မေးလိုက်လေ၏။

"ဒါပေါ့ ကိုယ့်လူရာ၊ ကိုယ့်လူ ဒုံးမဝေးတော့ဘူး၊ ကျုပ်တို့လို ရာဇဝတ်မှု ကျူးလွန်တဲ့ လူတွေကြောင့် ခင်ဗျားတို့ အလုပ်ရနေတာ၊ မြန်မာတစ်ပြည်လုံး မှာရှိတဲ့ လူတွေအားလုံး ဥပုသ်စောင့်နေကြရင် ခင်ဗျားတို့ အလုပ်ပြုတ်ပြီ၊ ကိုယ့်လူ ဟောဟိုမှာတွေ့လား၊ အလစ်သုတ်တဲ့ ကုလားကလေး နှစ်ယောက်၊ ဒီကောင်ကလေးတွေ ထောင်ထဲ ရောက်လာသေးတယ်၊ အဲဒီကုလားကလေး နှစ်ယောက်ကလဲ ခင်ဗျားတို့ရဲ့ အလုပ်ရှင်ပဲ၊ ခင်ဗျားတို့က ခင်ဗျားတို့ရဲ့ အလုပ်ရှင်ဟာ အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးလို့ ထင်နေကြတာကိုး၊ မဟုတ်ဘူးဗျ၊ အဲဒီလို သူခိုးကလေးတွေ၊ ကြမ်းပိုးကလေးတွေ၊ ထဘီစုတ်ရုပ်တဲ့ကောင်တွေကမှ ခင်ဗျားတို့ရဲ့အလုပ်ရှင် အစစ်ဆိုတာ မေ့နေတာကိုး၊ စိတ်တော့ မဆိုးပါနဲ့၊ တကယ့်တရားကိုယ်ကို ပြောတာ"

ထို့နောက် ပရော်ဖက်ဆာ ဆိတ်ဖွားနှင့် ပုလိပ်အရာရှိတို့သည် ဆက်လက်၍ စကားပြောနေကြစဉ်၌ပင် မန္တလေးသို့ထွက်မည့် ရထားဆိုက် ရောက်လာသဖြင့် ပရော်ဖက်ဆာ ဆိတ်ဖွားလည်း ရထားပေါ်သို့တက်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com


များမကြာမီ၌ပင် ရထားလည်း ထွက်ခွာခဲ့လေသည်။ ဆိတ်ဖွားက ဆားပုလင်း နှင်းမောင်အပါအဝင် အင်းစိန် စီအိုင်ဒီမှ စုံထောက်များကို နှုတ်ဆက်လေ၏။ စုံထောက်များကလည်း စကြိုပလက်ဖောင်းပေါ်မှနေ၍ ပရော်ဖက်ဆာ ဆိတ်ဖွားအား လက်ပြ၍ နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့ကြလေတော့၏။

ထိုအခါ၌ ပရော်ဖက်ဆာ ဆိတ်ဖွားက ရထားပြတင်းပေါက်မှ သူ၏ ဦးခေါင်းကို ပြူထွက်လျက် ဆားပုလင်းနှင်းမောင်တို့အား အောက်ပါအတိုင်း ပြောလိုက်လေသတည်း။

> လူတွေအားလုံး ဥပုသ်စောင့်နေရင် ပုလိပ်ဆိုတာ မလိုတော့ဘူး။
>
> **ပရော်ဖက်ဆာ ဆိတ်ဖွား**

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

◈ တရားဥပဒေဆိုတာ လူသားတွေနဲ့ဆိုင်တယ်၊

◈ ပြည်ပိုင်အစိုးရဟာ အဲဒီဥပဒေကို စောင့်ရှောက်ပေးရတဲ့ ဥပဒေရဲ့ ဒဝရမ်တစ်မျိုးသာလျှင် ဖြစ်တယ်၊

◈ ရှေ့နေဆိုတာ သူတစ်ပါးဆီက ပိုက်ဆံယူပြီး အဲဒီလူအတွက် လိမ်ပေးနေတာ။

◈ လူတွေအားလုံး ဥပုသ်စောင့်နေရင် ပုလိပ် ဆိုတာ မလိုတော့ဘူး။

◈ ထောင်ဆိုသည်မှာ. . .
အဆုံးမ ရက်စက် သော စာသင်ကျောင်းကြီး ဖြစ်သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com


# အပ်နဖားပေါက်ကလေးအတွင်းသို့ ဝင်နိုင်သော ကုလားအုတ်တစ်ကောင်

ရထားသည် တစ်စထက်တစ်စ အရှိန်ရလေ၏။ ပရော်ဖက်ဆာ ဆိတ်ဖွားသည် ရထားထိုင်ခုံကိုမှီလျက် ဆေးပြင်းလိပ်ကိုခဲကာ အခန့်သား ထိုင်၍ လိုက်ပါခဲ့လေသည်။ ရန်ကုန်ဘူတာမှ တောင်ငူဘူတာအထိ အခမဲ့ စီးနင်းနိုင်ခွင့် ဝရမ်းလက်မှတ်တစ်စောင်နှင့် လမ်းတွင် ထမင်းဝယ်၍စားရန် အတွက် ငွေနှစ်ကျပ်ကိုလည်း အင်းစိန်ထောင်မှ ထုတ်ပေးလိုက်သည်။

သူသည် အထက်၌ ဆိုခဲ့သည့်အတိုင်း နောက်သို့မှီလျက် လက်ပိုက် ကာ လွန်စွာ ဣန္ဒြေကြီးသော မျက်နှာနှင့်လိုက်ပါခဲ့လေသည်။

တစ်လမ်းလုံး၌လည်း မည်သူနှင့်မျှ စကားမပြော၊ ဘေးသက်သို့ လည်း ကြည့်ဖော်မရ၊ ၎င်း၏ လွယ်အိတ်စုတ်အတွင်းမှ စာအုပ်ထူကြီးကို ထုတ်ကာ စိတ်ဝင်စားစွာ ဖတ်ရှုလျက်သာလိုက်ပါခဲ့လေတော့၏။

ဤနေရာ၌ ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား၏အကြောင်းကို အနည်းငယ်ရှင်းလင်းအောင် ဖော်ပြရပေမည်။ ပရော်ဖက်ဆာဆိုသည်မှာ ကမ္ဘာ့အသိအမှတ်ပြု ယူနီဗာစီတီခေါ် တက္ကသိုလ်ကြီးတစ်ခုခုတွင် ပညာရပ် တစ်ရပ်ရပ်အား ပါမောက္ခကြီးအဖြစ် သင်ကြားပြသသည့် သူကိုသာလျှင် ခေါ်ဝေါ်လေ့ရှိသော အခေါ်အဝေါ်ဖြစ်၏။

ထိုနည်းတူစွာပင် ဒေါက်တာဆိုသည်မှာလည်း ယူနီဗာစီတီတစ်ခုခု တွင် ပညာရပ်တစ်ခုခု၌ ပါရဂူမြောက်သည်အထိ သင်ယူတတ်မြောက်ခဲ့သူ အား ပေးအပ်သော ပါရဂူဘွဲ့ပင်ဖြစ်၏။

ယခု ထောင်မှ လွတ်၍လာသော ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား ဆိုသူကား မည်သည့် ယူနီဗာစီတီကိုမျှလည်း မရောက်ဖူး၊ ယူနီဗာစီတီမဆို ထားနှင့် မြူနီစပါယ် မူလတန်းကျောင်းကိုမျှ မရောက်ဖူး၊ ကျောင်းမျှ မနေဖူးသူ ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com


သူရောက်ဖူး ကျင်လည်ရဖူးသော နေရာတို့ကား သချိုင်းကုန်းနှင့် အကျဉ်းထောင်တို့သာလျှင် ဖြစ်ပေသည်။

အင်းစိန်ထောင်ကပင်လျှင် ၎င်းအား ပရော်ဖက်ဆာဟူသော ဂုဏ်ထူး ဝိသေသကိုလည်းကောင်း၊ ဒေါက်တာဟူသော ဘွဲ့ကိုလည်းကောင်း ပေးအပ် လိုက်ခြင်း ဖြစ်ပေသည်။

အင်းစိန်ထောင် တစ်ထောင်လုံးရှိ ထောင်သားအားလုံးက ၎င်းအား ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားဟုပင် စွဲမြဲစွာ ခေါ်ဝေါ်ကြလေ၏။ အမှန် စင်စစ်အားဖြင့် သူသည် တောင်ဥက္ကလာပမြို့နယ်... နတ်ကြီးတံခါးအနီးရှိ ပေါဒိသာရ ဟူသော သချိုင်းကုန်းမှ သုဘရာဇာ တစ်ဦးသာလျှင်ဖြစ်ပေသည်။ သူတွင် ပိုင်ဆိုင် ဖွယ်ရာဆို၍ လူသေကောင်များအား တူး၍ မြှုပ်နှံရန်အတွက် ဆောင်ထားသော ပေါက်တူးပေါင်း တစ်လက်သာလျှင် ရှိပေသည်။

အုတ်ဂူများ၊ မြေပုံများ၊ မှတ်တိုင်များ၊ အရိုးစုများနှင့် လူသေကောင် များသည် သူ၏ မိတ်ဆွေများ ဖြစ်ကြ၏။

ရှေးယခင်က ထိုသချိုင်းနှင့် မလှမ်းမကမ်းတွင် ဝါးကျောင်းကလေး တစ်ကျောင်းရှိခဲ့ဖူး၏။ ထိုဝါးကျောင်းကလေး၏ လွန်စွာ သဘောကောင်း၍ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော ဘုန်းကြီးတစ်ပါး သီတင်းသုံးခဲ့ဖူး လေသည်။

ထိုဘုန်းကြီးထံတွင် သူသည် မင်္ဂလသုတ်၊ ရတနာသုတ် စသည့် သုတ်ဟူ၍ခေါ်သော မဟာသမယသုတ်များ၊ ဂေယျသဂါထာ၊ ဝဂ္ဂသံယုတ် စသော ဂါထာများစွာ ပါဝင်သည့်သုတ်များ၊ ဝေယျာကရဏ အဘိဓမ္မာ ပိဋကစသော ဂါထာမရှိသည့် ဒေသနာတော်များ၊ ဓမ္မပဒ၊ ထေရာဂါထာ၊ ထေရီဂါထာ စသော ဂါထာသက်သက်ဖြင့် ဟောတော်မူသော တရားဒေသနာတော်များ၊ ကျူးရင့် တော်မူခဲ့သာ ဥဒါနများ၊ ဇာတကများ စသည့် စာပေကျမ်းဂန်များကို သင်ယူ ခဲ့လေ၏။

ထိုသဘောကောင်းသော ဝါးကျောင်းဘုန်းကြီးကား သူ၏ လက်ဦး ဆရာပေတည်း။


www.burmeseclassic.com

www.burmeseclassic.com


ထို့ပြင် သချိုင်းကုန်းနှင့်ကပ်လျက် အုတ်ဇရပ်ကလေး တစ်လုံးရှိလေ၏။ ထိုဇရပ်ကလေး၌ များစွာသော ကမ္ဘဋ္ဌာန်းဆရာတော်များ၊ တရားအားထုတ်သူများသည် လာရောက်၍ တရားအားထုတ်ကြလေ၏။

ထိုသူတို့မှာလည်း လူမျိုးစုံဖြစ်၏။ ပန်းတိမ်ဆရာလည်းပါ၏။ လက်ဖွေ့သမားဟောင်းလည်း ပါ၏။ ဗိန္ဓောဆရာလည်း ပါ၏။ နက္ခတ်ဆရာလည်း ပါ၏။ ဖဲဝိဇ္ဇာလည်း ပါ၏။ သူခိုးလည်း ပါ၏။ တရားသူကြီးလည်း ပါ၏။ ဇာတ်သမားလည်း ပါ၏။

ထိုသူတို့သည် အသက်အရွယ် ကြီးရင့်လာသည့်အခါ၌ မိမိတို့လုပ်ကိုင်ခဲ့သော အလုပ်များကို စွန့်လွှတ်ကာ ထိုအုတ်ဇရပ်ကလေးဆီသို့လာရောက်၍ တရားအားထုတ်ခြင်း၊ ကမ္ဘဋ္ဌာန်း စီးဖြန်းကြခြင်း ဖြစ်ပေ၏။

သူသည် ထိုတရားအားထုတ်သူတို့၏ ခြေဆေးအိုး၌ ရေဖြည့်၏။ သောက်ရေအိုး၌ ရေဖြည့်၏။ အုတ်ဇရပ်ကလေးကို နံနက်တစ်ကြိမ် ညနေတစ်ကြိမ် တံမြက်လှည်း၏။ တရားထိုင်သူတို့အား မှက် ခြင် ယင် မသန်းစေရအောင် အသာအယာ ယပ်ခတ်ပေ၏။ လွယ်အိတ် တောင်ဝှေး စသည်တို့အား ဆီးကြို၍ ယူငင်၏။ စောင့်ရှောက်ပေး၏။ ထို့ကြောင့် အုတ်ဇရပ်သို့လာရောက်ခဲ့ဖူးသော သူတို့သည် သူနှင့် ရင်းနှီးကြသည်ချည်း ဖြစ်၏။

ထို့နောက် ထိုသူတို့ထံမှ နက္ခတ် အတတ်ကိုလည်းကောင်း၊ ဗိန္ဓောအတတ်ကို လည်းကောင်း၊ လက်ဖွေ့အတတ်ကိုလည်းကောင်း၊ ခိုးဝှက်ခြင်းအတတ်ကိုလည်းကောင်း၊ ဖဲအတတ်ကိုလည်းကောင်း ချော့မော့၍ သင်ယူလိုက်တာချည်း ဖြစ်ပေသည်။

ထိုသူတို့မှာလည်း ထိုဇရပ်ကလေး၌ လာရောက်၍ တရားအားထုတ်ကြသည်မှာ နှစ်နှင့်လနှင့်ချီ၍ဖြစ်ရာ ပညာရပ်များကို ကောင်းစွာ ဆည်းပူးနိုင်ခဲ့ပေသည်။

ထို့ကြောင့် သူသည် အောက်ပါ ပညာရပ်များကို တတ်မြောက်ခဲ့ပေသည်။


www.burmeseclassic.com

www.burmeseclassic.com


(၁) သုတိ (အချို့ကျမ်း၌ ဆရုတိ) ခေါ် ဗေဒင်အတတ်။
(၂) သမ္မုတိ (အချို့ကျမ်း၌ ဆမရိတိ) ခေါ် ဓမ္မသတ်ကျမ်း အတတ်။
(၃) သင်္ချာ ခေါ် ဂဏန်းသင်္ချာအတတ်နှင့် ကပိလရသေ့၏ သတ္တဝါ၏ အနိစ္စ ပကတိကို ရေတွက်သော သင်္ချာအတတ်။
(၄) ယောဂ ခေါ် ပတဉ္စလိရသေ့၏ ယောဂကျမ်းအတတ်။
(၅) နီတိ ခေါ် လူတို့ လိုက်နာကျင့်ဆောင်ရသော ကျင့်ဝတ် အတတ်။
(၆) ဝိသေသိကာ ခေါ် ကဏာဒရသေ့ ရေးသားခဲ့သည့် အဏုမြူ ဓာတ်မှုန့်တို့ ပေါင်းဆုံခြင်းကြောင့် ရုပ်ဝတ္ထုဖြစ်ပေါ်လာပုံ ကျမ်း အတတ်။
(၇) ဂန္ဓဗ္ဗ ခေါ် အဆို၊ အက၊ အတီး အမှုတ် အတတ်။
(၈) ဂဏိတာ ခေါ် တွက်ချက်ခြင်း အတတ်။
(၉) ဓနု ခေါ် လောက်လေး၊ လင်းလေး၊ ဒူးလေး ပစ်အတတ်။
(၁၀) ပုရာဏ ခေါ် ရှေးဟောင်း ပုံပြင်ပြောဆိုခြင်း အတတ်။
(၁၁) ဇောတိသတ္ထခေါ် နက္ခတ်အတတ်။
(၁၂) ဣတိဟာသ ခေါ် ကဗျာဖွဲ့ဆိုခြင်းအတတ်။ (ဟိန္ဒူတို့ အလေးအမြတ်ထားသော ဘဂဝါတီတ၊ မဟာဘာရတ စသည့် ကဗျာရှည်ကြီးများ ပါဝင်၏။
(၁၃) တိကိစ္ဆာ ခေါ် ဆေးကုသခြင်း အတတ်။
(၁၄) မာယာ ခေါ် မျက်လှည့်အပါအဝင် လှည့်ဖြားတတ်သော အတတ်။
(၁၅) ဆန္ဒတိ ခေါ် ဆန်းကျမ်းအတတ်။
(၁၆) ကေတုက ခေါ် လင်္ကာကျမ်းအတတ်။ (စာစီကုံး ရေးဖွဲ့ခြင်းနှင့် ဆိုင်၏။)
(၁၇) သဒ္ဒါ ခေါ် သဒ္ဒါဖွဲ့စည်းမှု အတတ်။
(၁၈) မန္တာ ခေါ် ဂါထာ မန္တန် မန်းမှုတ်ခြင်း အတတ်စသော အဌရသဟု ခေါ်သော တစ်ဆယ့်ရှစ်ရပ်သော ပညာနှင့်တကွ ကာလာ


www.burmeseclassic.com

www.burmeseclassic.com


ဗေတတ် (၆၄)ပါး ဟူသော အတတ်ပညာငယ်မျိုးဖြစ်သည့် "ဗဟုယုဒ္ဓ"ခေါ် လက်ဝှေ့အတတ် ယန္တရ ကရဏခေါ် နာရီ၊ အပ်ချုပ်စက် စသည့်တို့ကို ပြင်ခြင်းအတတ်။ "သုဝဏ္ဏဒြာလင်္ကာရကြိယာ" ခေါ် ပန်းတိမ်အတတ်စ၍ ထမင်းချက်ခြင်း၊ မြင်းလှည်းမောင်းခြင်း၊ မြေကြီးတူးခြင်းစသော အတတ်မျိုးတို့ကိုလည်း ကျေညက်စွာ တတ်ကျွမ်းလေသည်။

ထို့ကြောင့် သူ၏ ဒုတိယ စာသင်ကျောင်းသည် သင်္ချိုင်းကုန်းမှ ဖုတ် ဇရပ်ကလေးဖြစ်လေ၏။ လာရောက်၍ အားထုတ်ကြ ကုန်သော ကမ္မဋ္ဌာန်းသမား၊ တရားသမားတို့ကား သူ၏ ဆရာများ ဖြစ်ကြပေသည်။

တစ်ခါက သူသည် သင်္ချိုင်းကုန်းသို့ မသေသေးဘဲ မေ့မြောနေစဉ် သေပြီထင်မှတ်၍ လာရောက် ပစ်ထားခြင်းခံရသော မောင်သံဟိတ် (ခေါ်) မြိုင်ရာဇာတာတေ ဆိုသူအား ၎င်း၏ မျောက်မ ထားတတ်သော မယားနှင့် သစ္စာဖောက်သော သူငယ်ချင်းအား လက်စားချေ သတ်ဖြတ်ရန် အကြံပေး ခဲ့သဖြင့် ထောင်ဒဏ် (၁၀)နှစ် ကျခံရလေတော့၏။

(မှတ်ချက် ။ ။ ၎င်းအဖြစ်အပျက် အသေးစိတ်အား ကျွန်ုပ်ရေးသည့် ဆားပုလင်းနှင်းမောင်နှင့် မြိုင်ရာဇာတာတေဝတ္ထုတွင် ဖတ်ရှုကြပါကုန်။ ၎င်းဝတ္ထုအား ၁၉၇၇ ခုနှစ်တွင် ရိုက်နှိပ် ဖြန့်ဝေပြီး ဖြစ်ပေသည်။

စာရေးသူ)

သူသည် အင်းစိန်ထောင်၌ ဆယ်နှစ်နီးပါးခန့် ထောင်ကျနှစ်ကြီး သမား"ဘာရာ"အဖြစ် နေထိုင်ခဲ့ရစဉ်အတွင်း၌လည်း ဘီကလပ် အကျဉ်း သား များ့ထံတွင် အင်္ဂလိပ်စာကို သင်ယူခဲ့လေသည်။ ထောင်တွင်းသို့ရောက် သည့် ပထမနှစ်မှစ၍ မနေမနားသင်ယူခဲ့ရာ ဆယ်နှစ်အတွင်း၌ အင်္ဂလိပ်စာ ကိုလည်း ကောင်းစွာ တတ်မြောက်ခဲ့လေတော့၏။

ထောင်သားများ၊ ဘီကလပ်အကျဉ်းသားများ၊ ဘာရာများ၊ ဝါဒါများ နှင့် ထောင်မှူးထောင်ပိုင် အားလုံးက သူ့ကို လေးစားချစ်ခင်ကြလေ၏။ သူသည် ပြဿနာတစ်ရပ်ကို စဉ်းစားရာ၌ ပေါ့ပေါ့တန်တန် စဉ်းစားလေ့



www.burmeseclassic.com

www.burmeseclassic.com

မရှိပေ။ အကွက်ချ၍ စဉ်းစားတတ်လေ၏။ ထို့ကြောင့် သူ့အား တစ်ထောင်လုံးက အတွေးအခေါ် သမားကြီး၊ အဘိဓမ္မာဆရာကြီး တစ်ဦးကဲ့သို့ ပြောဆိုကြလေ၏။

တစ်နေ့သ၌ သူသည် ဘီကလပ်အဆောင်သို့ နွားနို့ပို့ရန်သွား ရောက်ရင်း လာဘ်စား၍ ထောင်ကျလာသော တရားသူကြီးနှင့် စကား လက်ဆုံကြ လျက်ရှိလေ၏။

မလှမ်းမကမ်းတွင်မူ ဓွတ်တရွတ်နိုင်လှသည့် သခင်ကြီးတစ်ဦး၊ အချင်းချင်း မကြာခဏ ရန်ဖြစ်လေ့ရှိသော ဝံသာနု၊ အသုံးအစွဲကြီး၍ ထောင်ကျ လာသော မန်နေဂျာနှင့် ကြွေးမဆပ်နိုင်၍ ထောင်ကျနေသော သူဌေးတစ်ဦးတို့သည် အကြောင်းအရာတစ်ခုကို အကြိတ်အနယ် ငြင်းဆို လျက် ရှိပေသည်။ ထိုစကား ငြင်းခုံနေသော ဝိုင်းအား စိတ်ဝင်စားစွာဖြင့် အခြားသော နိုင်ငံရေး အကျဉ်းသား အပါအဝင် အကျဉ်းသားများ အားလုံး က နားထောင်လျက် ရှိပေသည်။ အကျဉ်းသားများသာမက ထောင်ဝါဒါနှင့် ပုတီးလွန်စွာစိပ်သော ထောင်မှူးကလေးတစ်ဦးလည်း နားထောင်လျက်ရှိပေ သည်။ ထိုစကားငြင်းဝိုင်း တွင် ရန်ဖြစ်လေ့ရှိသော ဝံသာနုနှင့် ကြွေးမဆပ်နိုင် သော သူဌေးတို့သည် ထိပ်တိုက် ငြင်းခုံလျက်ရှိပေသည်။

၎င်းတို့ ငြင်းခုံလျက်ရှိသော အကြောင်းအရာအား တော်ရုံတန်ရုံ လူအနေနှင့် ဝင်ရောက်ပြောဆို ငြင်းခုံနိုင်သော အကြောင်းအရာမျိုးမဟုတ်ပေ။ “ဤစကြဝဠာအတွင်း၌ ရုပ်ဝတ္ထုတို့ ဖြစ်ပေါ်လာပုံနှင့် ပျက်စီးသွားပုံ အကြောင်းအရာ”တို့ကို ပြောဆို ငြင်းခုံနေကြခြင်းဖြစ်ပေသည်။

ရန်ဖြစ်သော ဝံသာနုက ရုပ်ဝတ္ထုများသည် ဤစကြဝဠာအတွင်း၌ ဖြစ်ပေါ်လာပြီးလျှင် ပျက်သုဉ်းသွားသည့်အခါလည်း အကြွင်းမဲ့ပျောက်ကွယ် ပျက်စီးသွားသော သဘောရှိ၏ ဟုဆို၏။ ကြွေးမဆပ်နိုင်သော သူဌေးကမူ ရုပ်ဝတ္ထု တို့သည် ပျက်စီးသွားသည်မဟုတ်၊ အခြေအနေ တစ်ခုမှ တစ်ခုသို့ ရွေ့လျား သွားခြင်းသာ ဖြစ်သည်ဟု ခုခံပြောဆိုလေ၏။

၎င်း၏ သာဓကပြချက်ကား နေရာတစ်နေရာ၌ ဆယ့်ထောင် အနက်ရှိသော တွင်းတစ်တွင်းကို တူးသည်ဆိုကြပါစို့၊ ထိုနေရာ၌ မူလမြေပြင် ပကတိ အဖြစ်မှ ဆယ်တောင်နက်သော တွင်းကြီးတစ်တွင်းအဖြစ်သို့ ရောက်သွား

www.burmeseclassic.com


သကဲ့သို့ အခြားသောနေရာ၌ တွင်းတူးရာမှ ရရှိသော မြေစာတို့သည် ဆယ်တောင်မြင့်သော တောင်ကုန်းအဖြစ် ရရှိပေလိမ့်မည်။ ထို့ကြောင့် ရုပ်ဝတ္ထုတို့သည် အခြေအနေတစ်ရပ်မှ တစ်ရပ်သို့ ရွေ့လျားခြင်းသာ ဖြစ်ကြောင်း တင်ပြ ငြင်းဆိုလေ၏။

အမှန်စင်စစ် ၎င်းတို့ ငြင်းဆိုသော အကြောင်းအရာ အတွေးအခေါ်နှင့် စပ်လျဉ်းသော အကြောင်းအရာဖြစ်ပေရာ လွန်စွာ လေးနက်၍ လွန်စွာမှုလည်း သိမ်မွေ့သည်ဖြစ်ရာ အမှားအမှန် ဆုံးဖြတ်ရန်မှာ လွယ်ကူသောအရာမဟုတ်ပေ။ စိတ်ဝင်စားဖွယ်ရာ ကောင်းသည့်အလျောက် စကားဝိုင်းသည် တစ်စထက်တစ်စ လူများ များပြား၍ လာလေ၏။

ထိုအခါ၌ လာဘ်စားသော တရားသူကြီးနှင့် စကားပြောလျက်ရှိသော ထောင်ကျနှစ်ကြီးသမား ဆိတ်ဖွားသည် စကားဝိုင်းအတွင်းသို့ ဝင်ရောက်ကာ အောက်ပါစကားကို ဆိုလေ၏။

"ဟောဒီ စကြဝဠာသစ်ကြီးအတွင်းရှိတဲ့ ရုပ်ဝတ္ထုတွေဟာ ပျက်စီးချင်ရင် ပျက်စီးလိမ့်မယ်၊ ရွေ့လျောချင်လဲ ရွေ့လျောလိမ့်မယ်၊ ဥပမာ ပြောရရင် လက်သမားဟာ စားပွဲတစ်လုံးကို လုပ်တယ်ဆိုပါတော့၊ တကယ်ကတော့ လက်သမားဟာ စားပွဲခုံကိုပဲ သူရဲ့အတတ်ပညာနဲ့ လုပ်နိုင်စွမ်းရှိတယ်၊ ဒါပေမယ့် အဲဒီ စားပွဲခုံလုပ်ဖို့ သစ်သားကိုတော့ သူဟာ မလုပ်နိုင်ရှာဘူး၊ သစ်သားကို လုပ်နိုင်တာက သစ်ပင်သာလျှင်ဖြစ်တယ်၊ သစ်ပင်ဟာ သူရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်နဲ့ မီးဓာတ်ဆိုတဲ့ အခြေခံ ဓာတ်တွေကို အချိုးအစားလိုက် စုစည်းယူငင်ပြီး သစ်သားဖြစ်အောင် ဖန်တီးတယ်၊ အဲဒီသစ်သားကိုမှ လက်သမားဟာ စားပွဲခုံတစ်လုံး ပြုလုပ်တာဖြစ်တယ်၊ နောင် နှစ်ပေါင်းများစွာ ကြာညောင်းလာတဲ့အခါ စားပွဲခုံဟာ လုံးဝပျက်စီး ပျောက်ကွယ်သွားချင် သွားလိမ့်မယ်၊ ဒါပေမယ့် စားပွဲခုံ အတွင်းမှာ ပါဝင် နေတဲ့ ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်၊ မီးဓာတ် စတဲ့ အခြေခံ ဓာတ်ကြီးတွေကတော့ လုံးဝ ပျောက်ကွယ်မသွားဘူး၊ သူနဲ့ နီးစပ်ရာ အခြားသော ဓာတ်တွေနဲ့ ပေါင်းစပ်သွားပြီး အခြားသော ရုပ်ဝတ္ထု ပစ္စည်း တစ်ခုအဖြစ် ဖြစ်ပေါ်ခဲ့ပြန်တယ်၊ ဒီသဘောဟာ ရုပ်ဝတ္ထုတွေရဲ့


www.burmeseclassic.com

www.burmeseclassic.com


ပကတိသဘောပဲ"

နှစ်ကြီးသမား ထောင်ဘာရာ ဆိတ်ဖွားက အထက်ပါအတိုင်း ပြောသည်ကို ဝံသာနုနှင့် သူဌေးတို့က ပြုံးဝိုင်းသော မျက်လုံးများဖြင့် ကြည့်ကြ ၍ အံ့ဩနေလေ၏။ ထိုအခါ၌ ဆိတ်ဖွားက. . .

"ခင်ဗျားတို့ ကျုပ်ပြောတာ မရှင်းဘူးလား၊ ဘယ်ရှင်းမလဲ၊ ခင်ဗျားတို့က မြန်မာဖြစ်ပြီး မြန်မာလိုပြောရင် သဘောပေါက်တဲ့ လူတွေမှ မဟုတ်ဘဲ၊ အင်္ဂလိပ် စကားနဲ့ပြောမှ နားရှင်းတဲ့လူတွေပဲ၊ကဲ. . နားထောင်"

ဟုဆိုကာ အင်္ဂလိပ်စာဝါကျဖြင့် အထက်၌ဆိုခဲ့သော အကြောင်းအရာကို တစ်လုံးတစ်ပါဒမျှ မကျန်အောင် အင်္ဂလိပ်လို ပြောဆို ရှင်းလင်းပြလေတော့၏။

သူ၏ ဟန်ပန်မှာ ကင်းဘရိတ်၊ အောက်စဖို့ စသော ယူနီဗာ့စတီမှ ပရော်ဖက်ဆာကြီးတစ်ဦး လက်ချာပေးသကဲ့သို့ တည်ကြည်ခန့်ညားလှသည် ဖြစ်ရာ နားထောင်လျက်ရှိသော ပရိသတ်သည် ငြိမ်၍ သွားလေ၏။ ထို့နောက် စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဦးဇွတ်တရွတ် ဆိုသူက ထလာပြီးလျှင် သူ၏ လက်ကို ဆွဲကိုင်လှုပ်ယမ်း၍ အားရဝမ်းသာစွာ ဂုဏ်ပြုလေ၏။ ထို့ပြင် ဦးဇွတ်တရွက်က. . .

"ကျုပ်သာ အာဏာရခဲ့ရင် ကိုဆိတ်ဖွားကို ဒေါက်တာဘွဲ့ပေးပြီး ယူနီဗာစီတီမှာ ပရော်ဖက်ဆာ ခန့်မယ်ဗျာ" ဟု ပြောလိုက်ရာ ဦးဇွတ်တရွက်၏ တပည့် ဦးတင်မြိုင်လေးက ထိုင်ရာမှ ဖြုတ်ခနဲထ၍. . .

"ဟုတ်တယ်၊ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားလို့ အခုကတည်းက ခေါ်မယ်"ဟု ပြောလိုက်လျှင် နားထောင်လျက်ရှိသော ဘီကလပ်အဆောင်ရှိ ပရိသတ်များက ဝမ်းသာပျော်ရွှင်စွာဖြင့်. . .

"ဟေး. . ."

ဟု အော်ဟစ်ကာ လက်ခုတ်တီး၍ ဩဘာပေးပြီးလျှင် . . .

**ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား**

**ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား**

ဟူ၍ ကင်ပွန်းတပ်လိုက်ကြ လေတော့သည်။

**ဘုဖွားဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်မှစ၍ ဘီကာလပ်အဆောင်ရှိ နိုင်ငံရေး အကျဉ်းသားများက ဆိတ်ဖွားအား ပရော်ဖက်ဆာကြီး ဟူ၍လည်းကောင်း၊ ဒေါက်တာဆိတ်ဖွား ဟူ၍လည်းကောင်း၊ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားဟူ၍လည်းကောင်း၊ ခေါ်ဝေါ်ကြလေတော့ရာ အင်းစိန်တစ်ထောင်လုံး ထောင်မှူး၊ ထောင်ပိုင်ပါမကျန် "ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား"ဟူ၍ နှုတ်ကျိုးသွားလေတော့၏။

ထို့ကြောင့် ဆိတ်ဖွားအဖို့ အင်းစိန်ထောင်ကြီးသည် သူ့အား တတ်ကျွမ်း ရန်ရှိသေးသော ပညာရပ်များကို ဆက်လက် ဆည်းပူးခွင့် ပေးထားသည့် ယူနီဗာစီတီကြီး ဖြစ်ပေသည်။ ထိုနည်းတူစွာ သူနှင့်ထိုက်တန်သော ပီအိချ်ဒီ ခေါ် ဒေါက်တာဘွဲ့၊ ပါရဂူဘွဲ့ကို တရားမဝင် အပ်နှင်းခဲ့ရာ နေရာဌာနကြီး ဟုလည်း ဆိုနိုင်ပေတော့သည်။

* * *

ဆိတ်ဖွားသည် စာအုပ်ထုပ်ကြီးကို စိတ်ဝင်စားစွာ ဖတ်ရှု၍လိုက်ပါလာခဲ့ရာ တောင်ငူဘူတာသို့ ရောက်လျှင် ရထားမှဆင်း၍ တောင်ငူဂါတ်သို့သွားရောက်ကာ ထောင်လွတ်ဝရမ်းလက်မှတ်ကို ပြလေ၏။ တောင်ငူဂါတ်မှ ပုလိပ်အင်စပိတ်တော်က ဝရမ်းလက်မှတ်ကို ဖတ်ကြည့်ပြီးနောက် စာအုပ်တစ်အုပ်တွင် ရေးသွင်းကာ ပရော်ဖက်ဆာ ဆိတ်ဖွားအား သွားလိုရာသွားနိုင်ပြီဖြစ်ကြောင်း ခွင့်ပြုလိုက်လေ၏။

သူသည် တောင်ငူဂါတ်မှ နတ်ကြီးတံခါးအနီးရှိ သချိုင်းကုန်းကလေး ဆီသို့ ဝမ်းမြောက်ဝမ်းသာနှင့် ထွက်လာခဲ့လေသည်။ သချိုင်းကုန်းသို့ရောက် လျှင် အုတ်ဂူဟောင်းများနှင့် မှတ်တိုင်ဟောင်းများကို လှည့်လည်ကြည့်ရှုလေ၏။ ထိုနေရာ၌ အုတ်ဂူအသစ်များနှင့် မြေပုံအသစ်များ၊ မှတ်တိုင်အသစ်များလည်း တိုးနေပြီ ဖြစ်ပေသည်။

"လူသစ်တွေတောင် တော်တော်တိုးနေမှပဲ"


www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေ၏။ ထို့နောက် အုတ်ဂူဟောင်းများကို ကြည့်ရှုရင်း. . .

"အင်း. . . ကိုယ့်လူတို့ ဂူတွေလဲ မပျက်စီးသေးဘဲကိုး"

ဟု ထပ်မံ ရေရွတ်ပြန်လေ၏။ ထို့နောက် တစ်ချိန်က ၎င်း၏ စာသင်ကျောင်းကလေးတစ်ခု ဖြစ်ခဲ့သော အုတ်ဇရပ်လေးဆီသို့ သွား ရောက်ရာ ပေါက်တူးကို ဘေး၌ချ၍ ခြေထောက်နှစ်ချောင်း ချိတ်ကာ "ငမိုးရိပ်နှင့် မရွှေပွင့်" ဇာတ်စာအုပ်ကို အသံနေ အသံထားဖြင့် ဖတ်၍ ငိမ်တွေ့နေသော သုဘရာဇာကြီး တစ်ဦးကို တွေ့ရလေ၏။

"ဒီမှာ. . . နောင်ကြီး"

ဟု ပရော်ဖက်ဆာ ဆိတ်ဖွားက ထိုသူအား ခေါ်လိုက်ရာ ထိုသူက စာအုပ်ကို ဖယ်၍ ကြည့်လိုက်ပြီးလျှင်. . .

"ဆိုစမ်းပါဦး၊ ဘာကိစ္စလဲ၊ မသာအတွက် တွင်းတူးဖို့ဆိုရင်တော့ နေ့လယ် နာရီပြန်နှစ်ချက်ထိုးမှ လာခဲ့ပါ၊ ဒီအချိန်က ကျုပ် အနားယူတဲ့ အချိန်"

ဟုဆိုကာ စာအုပ်ကို ဆက်၍ ဖတ်လေ၏။

"မဟုတ်ပါဘူးဗျာ၊ မသာအတွက် တွင်းတူးဖို့ မဟုတ်ပါဘူး၊ ကျုပ်လဲ သုဘရာဇာပါ၊ ကျုပ်နာမည် ဆိတ်ဖွားလို့ ခေါ်ပါတယ်"

"ဩ. . . သုဘရာဇာချင်း မိတ်လာဆက်တာပေါ့"

"မဟုတ်ပါဘူး နောင်ကြီးရာ၊ ကျုပ်က ဟောဒီ သချိုင်းက သုဘရာဇာပါ"

ထိုအခါ၌ ဇာတ်စာအုပ်ကို ဖတ်လျက်ရှိသော သုဘရာဇာက မီးစဖြင့် ထိုးလိုက်ခြင်း ခံရသကဲ့သို့ ငေါက်ခနဲထ၍ ထိုင်လိုက်ပြီးလျှင်. . .

"ဘာ. . . ဘာ. . . ဘာပြောတယ်၊ ခင်ဗျားက ဒီသချိုင်းက သုဘ ရာဇာ ဟုတ်လား၊ ဟား. . . ဟား. . . ဟား၊ ဒါကြောင့် ရှေးလူကြီးတွေ ပြောတာ သိပ်ပြီး မှန်တာပဲ၊ အစစ်တစ်ယောက် အတုတစ်ထောင်၊ အယောင် ဆောင် တစ်သိန်းတဲ့ အခုလဲ သုဘရာဇာ အတုတောင် ပေါ်နေမှပဲ"

"မဟုတ်ပါဘူး နောင်ကြီး၊ ကျုပ်ဟာ သုဘရာဇာ အတုမဟုတ်ပါဘူး ဟောဒီသချိုင်းမှာနေသွားတဲ့ သုဘရာဇာဆိတ်ဖွားပါ။ ခင်ဗျားမယုံရင် ကျုပ်



www.burmeseclassic.com

www.burmeseclassic.com


ရွှတ်ပြမယ်၊ ဟောဟို ညာဘက်မှာ အုတ်ဂူ(၁၉)လုံးရှိတယ်၊ ဒီမှာ အုတ်ဂူ(၁၂) လုံးရှိတယ်၊ သစ်ပင်အောက်မှာ အုတ်ဂူ လေးလုံးရှိတယ်၊ ကလေးဂူက (၁၂)လုံး ရှိတယ်၊ မိန်းမဂူ (၆)လုံးရှိတယ်၊ နာမည်တွေ. . . တင်တင် အသက် (၂၆)နှစ်၊ မတင်ရီ (၄၁)နှစ်၊ မစိန်စိန်(၃၅)နှစ်၊ မလှဘူး အသက်(၃၀)၊ ကိုထွန်းရီ(၃၀)နှစ်"

ဆိတ်ဖွားက အုတ်ဂူများမှ အမည်များနှင့် အသက်များကို အစအဆုံး အလွတ် ရွှတ်ဆိုပြလေ၏။ ဇာတ်စာအုပ် ဖတ်လျက်ရှိသော သုဘရာဇာသည် ဆိတ်ဖွား၏ မှတ်ဉာဏ်ကို အံ့ဩ၍ သွားလေသည်။ ထို့ကြောင့်. . .

"နေစမ်းပါဦး၊ ကျုပ် ဒီသင်္ချိုင်းမှာ နေတာပဲ (၁၀)နှစ်တောင်ရှိပြီဗျ၊ ခင်ဗျားက ဘယ်တုန်းက ဒီသင်္ချိုင်းမှာ နေခဲ့တာလဲ"

"ငယ်ငယ်ကတည်းက ဒီသင်္ချိုင်းမှာ နေတာပါ၊ လွန်ခဲ့တဲ့(၁၀)နှစ် ကမှ ဒီသင်္ချိုင်းက ထွက်သွားတာပါ"

"(၁၀)နှစ်စလုံး ဘယ်ကိုသွားနေတာလဲ"

"လူသတ်မှုမှာ ကြုံရာပါဆိုပြီး ထောင်ကျသွားတာလေ"

"ဟိုး. . . ဟိုး. . . တော်ပြီ၊ ကျုပ်အခုပြောမယ်၊ ခင်ဗျားစဉ်းစားကြည့် စမ်းပါ၊ သုဘရာဇာဆိုတာ နှယ်နှယ်ရရ အလုပ်မျိုးမဟုတ်ပေဘူး၊ သုဘဆိုတာ ကောင်းသော၊ ရာဇာဆိုတာ ဘုရင်၊ ဒီတော့ "ကောင်းသောဘုရင်"လို့ အဓိပ္ပာယ် ရတယ်၊ တခြားဘုရင်တွေက တော်လှန်ပုန်ကန်မယ့်သူတွေ၊ မိမိအုပ်ချုပ် မင်းလုပ်တာကို မကျေနပ်တဲ့သူတွေ ရှိချင် ရှိလိမ့်မယ်၊ ကျုပ်တို့ သုဘရာဇာ ဆိုတဲ့ အသေကောင်တွေ အပေါ်မှာ ဘုရင်လုပ်ရဲ့ အလုပ်က တော့ ကျုပ်တို့ အုပ်ချုပ်တာကို မကျေနပ်လို့ ပုန်ကန်မယ့် အသေကောင်လဲ မရှိဘူးဗျ၊ ကျုပ်တို့ အလုပ်ဟာ တကယ့်ကိုဟန်ကျတဲ့အလုပ်၊ ကောင်းတဲ့အလုပ်ပဲ၊ ဒါလောက် ကောင်းတဲ့အလုပ်ကို (၁၀)နှစ်လုံးလုံး အဆက်ပြတ်ခဲ့တာတော့ ခင်ဗျားအတွက် အတော်ပဲ နစ်နာပါတယ်၊ ဘာမဟုတ်တဲ့ အစိုးရလခစား အလုပ်တောင်မှ ရုံးမင်းတစ်ထိုင်လောက် ထောင်ကျရင် (ထောင်တစ်ရက်ကျ သည်ကို ဆိုလိုသည်) အလုပ်တစ်ခါတည်းပြုတ်သည် မဟုတ်လား၊ အခုလို လွတ်လပ်ပြီး အဆင့်အတန်း မြင့်တဲ့ အလုပ်ကို လုပ်နေတဲ့ လူတစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com


ထောင်(၁၀)နှစ် ထောင်ကျသွား တယ်ဆိုတော့ တစ်ခါတည်း အလုပ်ပြုတ်သွား သင့်တာပေါ့ မဟုတ်လား၊ ကိုယ့်လူ ထောင်ကျတဲ့အတွက် ဒီအလုပ်က ပြုတ်ပြီ လို့သဘောပိုက်ပါ"

"ဟုတ်ပါတယ်ဗျာ၊ အလုပ်ပြုတ်ပြီလို့ သဘောပိုက်ပါတယ်၊ ဒါပေမယ့် ခင်ဗျားကို ကူညီပြီး အလုပ်လုပ်ပေးပါ့မယ်၊ ခင်ဗျားနဲ့ပဲ ဒီနေရာကလေးမှာ နေခွင့်ပြုပါ" ဟု ဆိတ်ဖွားက အသနားခံလိုက်လေသည်။

"မဖြစ်ဘူး၊ ခင်ဗျားကို လက်ခံထားလို့ မဖြစ်ဘူး၊ ကျုပ်က ဒီနေရာမှာ စီးပွားဖြစ်နေတာ၊ ခင်ဗျားကို လက်ခံထားရင် ကျုပ်ရမယ့် အထဲက ခွဲဝေပြီး ပေးနေရမယ်၊ ဒါကြောင့် ခင်ဗျားကို လက်မခံနိုင်ဘူး ကိုဆိတ်ဖွား"

"ခင်ဗျား ဒီနေရာမှာ (၁၀)နှစ်လောက် လုပ်ခဲ့တာ တော်တော်စီးပွား ဖြစ်ခဲ့ပြီလား မိတ်ဆွေ"

"ဟုတ်ပါတယ်၊ တော်တော်ကလေး စုဆောင်းမိ ဖြစ်နေပြီ စီးပွား ဖြစ်နေပြီ၊ ချမ်းသာနေပြီ၊ ဒါကြောင့် ဒီနေရာဟာ ကျုပ်ရဲ့ ဘူမိနက်သန်ဖြစ် တယ်၊ ခင်ဗျားကို လက်မခံနိုင်ဘူး"

"ကောင်းပါပြီလေ၊ ခင်ဗျား လက်မခံနိုင်လဲ ကျုပ်သွားပါ့မယ်ဗျာ"

ဟုဆိုကာ အနီးတွင်ရှိသော ခေါင်း၌ ဆေးသုတ်သည့် ဆေးနီခွက်နှင့် စုတ်တံကိုယူကာ အုတ်ဇရပ်လေး၌ အောက်ပါစာတန်းရေးကို ရေးသားလေ တော့၏။

> အလွန်သေးငယ်သော အပ်နဖားပေါက်ကလေး
> အတွင်းသို့ ကုလားအုတ်တစ်ကောင်ဟာ ဝင်မယ်ဆိုရင်
> ဝင်နိုင်ဖို့ လွယ်ကူကောင်း လွယ်ကူလိမ့်မယ်၊ ဒါပေမယ့်
> လူချမ်းသာ တစ်ယောက်ကိုတော့ ဘုရားသခင်ရဲ့ နိုင်ငံ
> တော်အတွင်းသို့ ဝင်ခိုင်းဖို့ ကိစ္စဟာ မဖြစ်နိုင်ပေဘူးတဲ့။

ဆိတ်ဖွားရေးသော အထက်ပါ စာတန်းကို ဇရပ်ပေါ်မှ သူဌေးရာဇာ က ကြည့်၍ အောက်ပါအတိုင်း မေးလေ၏။

"အဲဒါ ဘာစာလဲ၊ အဓိပ္ပာယ်က ဘာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အမိပ္ပာယ်ကတော့ ဘုရားသခင်ရဲ့ နိုင်ငံတော်ဆိုတာ ကြင်နာခြင်းကို ဆိုတာပါ။ ခင်ဗျားဟာ လူချမ်းသာတစ်ယောက် ဖြစ်နေပြီဆိုတော့ ကျုပ်ကို ကြင်နာဖို့ မဖြစ်နိုင်တော့ဘူးဆိုတာ ကျုပ်သဘောပေါက်ပါပြီ၊ အမှတ်တရ ရေးခဲ့တာပါ"

"ဟုတ်တယ်၊ မဆိုးဘူး ကိုဆိတ်ဖွား၊ ကျုပ်ဟာ တကယ့်ကိုပဲ ခင်ဗျားကို မကြင်နာနိုင်ဘူး၊ ကျုပ်ရဲ့လုပ်ငန်းကို ခွဲဝေမပေးနိုင်ဘူး၊ အပ်နဖားပေါက်ထဲကို ကုလားအုတ်တင် မကဘူး၊ ဆင်ကြီးတစ်ကောင်လုံးတောင် ဝင်နိုင်ရင် ဝင်နိုင်လိမ့်မယ်၊ ကျုပ်ကတော့ ခင်ဗျားကို ဒီနေရာမှာ လက်မခံနိုင်ဘူး၊ သွား ပေတော့ ကိုဆိတ်ဖွား၊ နေဦး နေဦး ၊ ခင်ဗျားရေးသွားတဲ့ စာအောက်မှာ ခင်ဗျား နာမည် ရေးသွားဦး၊ အမှတ်တရပေါ့ဗျာ"

ဆိတ်ဖွားသည် နံရံပေါ်၌ (SATE FWAR) ဆိတ်ဖွားဟု အင်္ဂလိပ်လို ရေးသား၍ သချိုင်းဇရပ်ကလေးမှ အပြီးအပိုင် ထွက်ခွာ၍ သွားလေတော့၏။ ထိုအခါ ဇရပ်ပေါ်မှ သုဘရာဇာသည် သူ၏ လက်တွင်းရှိ ငမိုးရိပ်နှင့် မရွှေပွင့်ဇာတ် စာအုပ်မှ ငမိုးရိပ်မနေနိုင်တယ်. . ငမိုးရိပ်မနေနိုင်တယ်. . . ပျောက်ကွယ်၍ သွားပြီးပေါ့. . . ဟုသော ငိုချင်းကို ဆက်လက်၍ အော်ဟစ်ကာ ဖတ်လေတော့သတည်း။

ဆိတ်ဖွားကား တောင်ငူသချိုင်းမှ ငြိမ်းချမ်းစွာ ထွက်၍ လာလေတော့သတည်း။

> အလွန်သေးငယ်သော အပ်နဖားပေါက်ကလေး အတွင်းသို့ ကုလားအုတ်တစ်ကောင်ဟာ ဝင်မယ်ဆိုရင် ဝင်နိုင်ဖို့ လွယ်ကူကောင်း လွယ်ကူလိမ့်မယ်၊ ဒါပေမယ့် လူချမ်းသာ တစ်ယောက်ကိုတော့ ဘုရားသခင်ရဲ့ နိုင်ငံတော်အတွင်းသို့ ဝင်ခိုင်းဖို့ ကိစ္စဟာ မဖြစ်နိုင်ပေဘူးတဲ့။
>
> **ဖဆ္စာ်ဓော်ဆာ ဓော်က်ဓာဆိတ်ဖွား**

◈ ◈ ◈

**ဘုရှာဝတ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com

- ဟောဒီ စကြဝဠာသစ်ကြီးအတွင်းရှိတဲ့ ရုပ်ဝတ္ထုတွေဟာ ပျက်စီးချင်ရင် ပျက်စီးလိမ့်မယ်၊ ရွေ့လျောချင်လဲ ရွေ့လျောလိမ့်မယ်၊
- ဥပမာ ပြောရရင် လက်သမားဟာ စားပွဲတစ်လုံးကို လုပ်တယ်ဆိုပါတော့၊ တကယ်ကတော့ လက်သမားဟာ စားပွဲခုံကိုပဲ သူ့ရဲ့အတတ်ပညာနဲ့ လုပ်နိုင်စွမ်းရှိတယ်၊
- ဒါပေမယ့် အဲဒီ စားပွဲခုံလုပ်ဖို့ သစ်သားကိုတော့ သူဟာ မလုပ်နိုင်ရှာဘူး၊ သစ်သားကို လုပ်နိုင်တာက သစ်ပင်သာလျှင် ဖြစ်တယ်၊ သစ်ပင်ဟာ သူ့ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်နဲ့ မီးဓာတ်ဆိုတဲ့ အခြေခံဓာတ်တွေကို အချိုးအစားလိုက် စုစည်းယူငင်ပြီး သစ်သားဖြစ်အောင် ဖန်တီးတယ်၊ အဲဒီသစ်သားကိုမှ လက်သမားဟာ စားပွဲခုံတစ်လုံး ပြုလုပ်တာဖြစ်တယ်၊
- နောင်နှစ်ပေါင်းများစွာ ကြာညောင်းလာတဲ့အခါ စားပွဲခုံဟာ လုံးဝပျက်စီး ပျောက်ကွယ်သွားချင် သွားလိမ့်မယ်၊
- ဒါပေမယ့် စားပွဲခုံ အတွင်းမှာ ပါဝင် နေတဲ့ ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်၊ မီးဓာတ် စတဲ့ အခြေခံ ဓာတ်ကြီးတွေကတော့ လုံးဝ ပျောက်ကွယ်မသွားဘူး၊
- သူနဲ့ နီးစပ်ရာ အခြားသော ဓာတ်တွေနဲ့ ပေါင်းစပ်သွားပြီး အခြားသော ရုပ်ဝတ္ထု ပစ္စည်း တစ်ခုအဖြစ် ဖြစ်ပေါ်ခဲ့ပြန်တယ်၊ ဒီသဘောဟာ ရုပ်ဝတ္ထုတွေရဲ့ ပကတိသဘောပဲ

ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖူး

www.burmeseclassic.com

www.burmeseclassic.com


# မန္တလေး၌ အိပ်ရာဝင်၍ ရန်ကုန်၌ မျက်နှာသစ်သော သူတစ်ယောက်နှင့် တွေ့ဆုံခြင်း

ပရော်ဖက်ဆာ ဆိတ်ဖွား ခေါ် သုဘရာဇာ ဆိတ်ဖွားသည်တောင်ငူ သချိုင်းမှထွက်၍ လာခဲ့ပြီးနောက် သစ်တင်သော လော်လီ ကားကြီးနှင့် ရန်ကုန်တက်သို့ လိုက်ပါခဲ့လေ၏။

သစ်လုံးများပေါ်၌ ပက်လက်လှန်၍ ကျောဆန့်ရင်း လိုက်ပါခဲ့ပေသည်။ နေသည် တဖြည်းဖြည်းဝင်၍ မှောင်စပျိုးလာလေ၏။ ထိုမှတစ်ဖန် လုံးဝ မှောင်ကျသော အချိန်သို့ရောက်ရှိခဲ့လေ၏။ ဆိတ်ဖွားသည် နက်မှောင်လှသော ကောင်းကင်ကြီးရှိ ကြယ်ပွင့်ကလေးများကိုလည်းကောင်း၊ ထိန်ထိန်သာလျက်ရှိသော လမင်းကြီးအားလည်းကောင်း ကြည့်ရှု၍ ကြည်နူးစွာ စီးနင်းလိုက်ပါလာလေ၏။

ဇင်းစီးနင်းလိုက်ပါခဲ့သော ကားသည်လမ်း၌ နစ်ကြိမ်တိုင်တိုင်ပျက်လေရာ နံနက် မိုးထိန်ထိန်လင်းမှပင် ရန်ကုန်သို့ ရောက်ရှိလေ၏။ ကားသမားသည် ဆိတ်ဖွားအား ဗိုလ်တထောင် မီးရထားဝင်း ဝင်းအနီး၌ ဆင်းခိုင်းလေ၏။

ထို့ကြောင့် ဆိတ်ဖွားလည်း ကားပေါ်မှဆင်းပြီးလျှင် နီးရာအကြော်ဆိုင်မှ ဘိန်းမုန့်တစ်ချပ်ကို ဝယ်ယူစားသောက်၍ ခြေကျင်လျှောက်ကာလာခဲ့ရာ ပုဇွန်တောင် ပန်းခြံဆီသို့ ရောက်လေ၏။ ထိုအခါ၌ ပန်းခြံတွင် ထိုင်၍ နားယူနေသူ တစ်ဦးထံသို့ သွားရောက်ကာ. . .


www.burmeseclassic.com

 www.burmeseclassic.com

"ဒီမှာ မိတ်ဆွေကြီး၊ သချိုင်းကုန်းကို ဘယ်လို သွားရသလဲ၊ တဆိတ်လောက် ညွှန်ပြပေးပါ"

ဟု ပြောလိုက်ရာ ထိုသူသည် အံ့ဩသော မျက်လုံးနှင့် ဆိတ်ဖွားကို ကြည့်လေ၏။ ထို့နောက်. . .

"သချိုင်းကုန်းကို ဘယ်လိုသွားရသလဲ၊ ဟုတ်လား. . ."

ဟု ပြန်၍ မေးလိုက်လေ၏။

"ဟုတ်ပါတယ်၊ သချိုင်းကုန်းကို သွားချင်လို့ပါ"

လို့ ဆိတ်ဖွားက ပြန်၍ ပြောလေ၏။

"သချိုင်းကုန်းကို သွားချင်တာများ လွယ်ပါတယ်၊ ဟောဟို ရထားလမ်းမှာသွားပြီး မှောက်အိပ်နေပါလား။ တော်တော်ကြာတော့ ကုန်တွဲရထားကြီးတွေလာပြီး ခင်ဗျားကို ကြိတ်သွားလိမ့်မယ်၊ အဲဒါ သချိုင်းကုန်းကို ရောက်တဲ့နည်းမှာ အလွယ်ဆုံးနည်းပဲ၊ ဘာမှန်းလဲ မသိဘူး၊ လူကိုများ နောက်စရာအောက်မေ့နေသလား မပြောတတ်ပါဘူး၊ စောစောစီးစီး ကျက်သရေမရှိ၊ ကျက်သရေ မရှိလာပြီ. . .၊ ထွီ. . ."

ဟု ထိုသူက စိတ်ဆိုးစွာ ပြောလိုက်လေ၏။

ထိုလူစိတ်ဆိုးသွားသည်ကို ကြည့်၍ ဆိတ်ဖွားသည် ကောင်းစွာ သဘောပေါက်၍ သွားလေ၏။ ထိုသူက သူ့အား လာ၍ နောက်ပြောင်သည်ဟု ထင်မှတ်နေပြီ။

"ဟာ. . . ဟ၊ ကိုယ့်လူက နောက်နေတယ်လို့ ထင်တာကိုး၊ ကိုယ့်လူက တယ်လဲ ဒုံးဝေးနေတာကိုး၊ ကိုယ့်လူကို နောက်တာမဟုတ်ဘူး၊ ကျုပ်က သိချင်လို့ တကယ်မေးတာ၊ ကျုပ်က သုဘရာဇာပါ၊ တောင်ငူသချိုင်းက ထွက်လာခဲ့တာ၊ ရန်ကုန်မှာ တာမွေသချိုင်းဆိုတာ ရှိတယ် မဟုတ်လား၊ တော်တော်စည်ကားတယ်လို့ ကြားဖူးတယ်"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ ထိုသူသည် ကင်းကိုက်ခံရသည့်အလား နေရာမှ ငေါက်ခနဲ ထလိုက်ပြီးလျှင်. . .

"ဒုက္ခပါပဲဗျာ၊ စောစောစီးစီး ကျက်သရေ မရှိလိုက်တာ၊ ဘယ့်နှယ် သုဘရာဇာက ကျုပ်ကို နတ်လမ်းညွှန် လုပ်ခိုင်းနေတာလဲ၊ အောင်မလေး



www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ သချိုင်းကုန်းဆိုတာ တော်တော်စည်တယ်လို့ ကြားဖူးရဲ့တဲ့၊ ဒုက္ခပါပဲ၊ စောစောစီးစီး အမင်္ဂလာပါပဲ၊ ကျက်သရေတွေ ယုတ်ပါပြီ”

ဟု ညည်းတွားလေ၏။

ဆိတ်ဖွားသည် ဆေးပြင်းလိပ်တစ်လိပ်ကိုထုတ်၍ မီးညှိကာ ထိုလူအား သေသေချာချာ ကြည့်လေ၏။ ကျေနပ်လောက်အောင် ကြည့်ပြီးနောက်. . .

“မြို့ကြီးစည်လို့ လူတွေများရင် သေတဲ့ဦးရေလဲ များတာပေါ့ဗျာ၊ အဲဒီတော့ သချိုင်းကုန်းလဲ စည်တာပေါ့၊ ပြီးတော့ ကိုယ့်လူကို ပြောပါဦးမယ်၊ ဟောဒီလို မြို့ကြီးမှာ သုဘရာဇာဆိုတာ မရှိရင် သူသေတွေကို ဘယ်လိုမြှုပ်မလဲ၊ ပြီး. . . သချိုင်းဆိုတာ မရှိရင် ဘယ်မှာ မြှုပ်မလဲ၊ အဲဒီအခါမှာ လူသေတွေကို ထားချင်သလို ထားကြရမယ်၊ မြို့ဟာ အဲဒီအခါမှသာ ကျက်သရေယုတ်သွားမယ်၊ သချိုင်းရှိလို့ ကျက်သရေ မယုတ်ဘူး၊ သုဘရာဇာရှိလို့ ကျက်သရေ မယုတ်ပါဘူး မိတ်ဆွေ၊ အိမ်သာလိုပေါ့ဗျာ၊ အိမ်တစ်အိမ်မှာ အိမ်သာဆိုတာ အယုတ်ညံ့ဆုံးနေရာမဟုတ်လား၊ ဒါပေမယ့် အိမ်သာမရှိရင်တော့ မဖြစ်ပေ ဘူး၊ အဲဒီ အိမ်တစ်အိမ်လုံး သာယာအောင်လို့ အိမ်သာက အညစ်အကြေး ကိစ္စမှာ တာဝန်ယူထားရတယ်၊ ဒါကြောင့် အိမ်သာလို့ခေါ်တာ၊ သချိုင်းဆို တာလဲ သချိုင်းဆိုတဲ့ ပါဠိပျက်ကလာတဲ့ ပါဠိပျက်စကားပါ၊ ကိစ္စပြီးစီးခြင်းလို့ အဓိပ္ပာယ်ရတယ်၊ ကျက်သရေယုတ်တယ်လို့ မယူဆပါနဲ့၊ အဲဒီနေရာမှာကို ခင်ဗျားလဲ တစ်နေ့တော့ ရောက်လာမှာပါ”

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် ထိုလူသည်. . .

“တော်ပြီ၊ အိမ်ပြန်ပြီး ခေါင်းလျှော် ရေချိုးပစ်မယ်၊ ကျက်သရေမရှိတဲ့ သုဘရာဇာ. . .၊ ါတ္တိ. . . ”

ဟုဆိုကာ နေရာမှထ၍ ပြေးလေတော့၏။

ဆိတ်ဖွားသည် ထိုသူအား ကြည့်၍ ပြုံးလိုက်မိလေ၏။ ထို့နောက်. . .

“လူဆိုတဲ့ သတ္တဝါဟာ သေခြင်းတရားကို နားမှာ လေသံတောင် မခံဝံ့ရှာပါလားနော်”

ဟု တိုးတိုးကလေး ရေရွတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်၌ အမှိုက်ကားတစ်စီးသည် ပန်းခြံအနီးသို့ လာရောက်၍ ရပ်ပြီးလျှင် အမှိုက်ကျုံးသော ကုလားများသည် အမှိုက်ကားပေါ်မှ လူတစ်ယောက်ကို ပွေ့ချလျက် အော်ဟစ်ကခုန်ကာ မောင်းထွက်သွားကြလေ၏။

ပန်းခြံအနီးမှ လူများသည် အမှိုက်ကားပေါ်မှ ချထားခဲ့သော သူထံသို့ လာရောက် ဝိုင်းအုံ၍ ကြည့်ရှုကြလေ၏။ ဆိတ်ဖွားလည်း သွားရောက်ကြည့်ရှုလေ၏။ ထိုသူမှာ အသက်အားဖြင့် အစိတ်ခန့်ရှိ၍ သန့်ပြန့်သားနားသော သူတစ်ယောက် ဖြစ်ပေသည်။

လွန်စွာ အိပ်မောကျနေပုံ ရ၏။ အမှိုက်ကားပေါ်မှ အမှိုက်ကျုံးသော ကုလားများက အောက်သို့ချ၍ ကခုန်အော်ဟစ်သည်ကိုပင် အိပ်ရာမှ မနိုး ခဲ့ပေ။ ယခုတစ်ဖန် လူများ ဝိုင်းအုံကြည့်ရှုသည်ကိုလည်း တုတ်တုတ်မျှပင် မလှုပ်ပေ။

ကြည့်ရှုသော လူအုပ်အတွင်းမှ စပ်စုသော လူတစ်ယောက်က လှုပ်၍ နှိုးလေ၏။

"ဒီမှာ. . . ဒီမှာ. . ."

ဟု အတင်းလှုပ်၍ နှိုး၏။ နှိုး၍ မရသောအခါ၌ အနီးရှိ သောက်ရေအိုးစင်မှ ရေကိုယူပြီးလျှင် မျက်နှာကိုပတ်၍ နှိုးရာ ကာလနဂါးသည်. . .

"အင်း. . . အဲ. . ."

ဟု ညည်းတွားကာ အိပ်ရာမှ နိုးလေ၏။ ထိုသို့ အိပ်ရာမှ နိုးလျှင် ၎င်းအား ဝိုင်းအုံကြည့်ရှုလျက်ရှိသော သူများအား အံ့အားသင့်စွာ ကြည့်လျက်. . .

"ဘာကို ကြည့်နေတာလဲ၊ အိပ်နေတာ မမြင်ဘူးလား"

ဟု ထိုလူငယ် ကာလနဂါးက ပြောလိုက်ရာ လူအုပ်ကြီးမှာ ဝေါခနဲ ပွဲကျသွားလေ၏။

လူငယ်သည် မျက်နှာမှရေများကို လုံချည်ဖြင့်သုတ်ရင်း ပတ်ဝန်းကျင်ကို ကြည့်လျက်. . .

"ကျုပ် ဘယ်ကို ရောက်နေတာလဲ" ဟု မေးလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ပုဇွန်တောင် ပန်းခြံထဲကို ရောက်နေတာ"

ဟု စပ်စုသောသူက ဖြေလိုက်လေ၏။

"ပုဇွန်တောင်ပန်းခြံ ဟုတ်လား၊ ဘယ်က ပုဇွန်တောင်ပန်းခြံလဲ"

ဟု လူငယ်က ပြန်၍ မေးပြန်၏။

"ပုဇွန်တောင်ပန်းခြံ ဘယ်နှစ်ခုရှိလို့လဲ၊ ရန်ကုန်မှာ တစ်ခုပဲရှိတဲ့ ဥစ္စာ" ဟု စပ်စုသောသူက ပြန်ပြောလိုက်လေ၏။

"ရန်ကုန် ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါ ရန်ကုန်ပေါ့၊ အိပ်မက် မက်နေတုန်းပဲလား"

ဟု စပ်စုသောသူက ပြန်၍ ဖြေလိုက်လေ၏။

"အိပ်မက် မက်နေတာ မဟုတ်ပါဘူး၊ ကျုပ် အိပ်ပျော်ခဲ့တာက မန္တလေး စီဘီလိုင်းက အိမ်မှာပါ၊ ဘယ့်နှယ်လုပ်ပြီး ရန်ကုန်က ပုဇွန်တောင်ပန်းခြံကို ရောက်နေရတာလဲ"

ဟု လူငယ်က ပြောလိုက်ရာ ဝိုင်းအုံကြည့်နေသော လူအုပ်ကြီးမှာ မရယ်နိုင်တော့ဘဲ အံ့အားသင့်၍ သွားကြလေ၏။

"နေစမ်းပါဦး၊ မောင်ရင်က မန္တလေးကလား"

ဟု စပ်စုသောသူက မေးလိုက်လေ၏။

"မန္တလေးက မဟုတ်ပါဘူးဗျာ၊ ရန်ကုန်ကပါ၊ မန္တလေးကို ခဏ အလည်သွားတာပါ" ဟု ပြန်၍ ဖြေလိုက်လေ၏။

"အိပ်တာက ဘယ်သူ့အိမ်မှာ အိပ်တာလဲ"

ဟု စပ်စုသောသူက မေးလိုက်လေ၏။

"ကျုပ်အသိ အိမ်မှာပါ၊ မြမြလို့ခေါ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အိမ်မှာပါ"

ဟု လူငယ်က ပြန်၍ပြောလိုက်လျှင် ကြည့်ရှုနေသော လူအုပ်ကြီးမှာ လူငယ်၏ အဖြစ်ကို ကြည့်လျက် ကရုဏာ သက်၍ သွားလေ၏။

ထိုအခါ၌ ဆိတ်ဖွားက ဝင်ရောက်၍. . .

www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ မောင်ရင်၊ ဟော. . . ဟိုမှာ သောက်ရေအိုးစင်ရှိတယ်၊ မျက်နှာသစ်လိုက်၊ မန္တလေးမှာ အိပ်ပြီး ရန်ကုန်မှာ မျက်နှာသစ်တဲ့လူပေါ့၊ လူထူးလူဆန်းပေါ့၊ ရှံသွင်းပြီး ပြစားရင် ရပြီ"

ဟု ပြောလိုက်ရာ လူငယ်သည် ဆိတ်ဖွားအား လွန်စွာ ဒေါသထွက်၍ သွားပြီးလျှင်. . .

"ခင်ဗျားက ဘာလဲ၊ ကျုပ်ကိုများ ရှံသွင်းပြီး ပြစားလေး ဘာလေးနဲ့၊ ကျုပ်က ကလေကချေ တစ်ယောက်မဟုတ်ဘူး၊ သူဌေးသားဗျ သူဌေးသား၊ ကျုပ်နာမည် အော်လီဗာလို့ခေါ်တယ်၊ ကျုပ်အဖေဟာ ဆီစက်နဲ့ ဆန်စက်အမြောက်အမြားကို ပိုင်တဲ့ စက်သူဌေးဆိုတာပဲ"

ဟု ပြန်၍ ပြောဆိုလိုက်လေ၏။

ကြားရသူများကလည်း. . .

"ဩ. . . သူဌေး ဦးလူအေးရဲ့သားကိုး၊ သနားပါတယ်၊ ဘယ်လိုဖြစ်တာပါလိမ့်" ဟု စုတ်တသပ်သပ်နှင့် ပြောဆိုလေ၏။

"ကိုယ့်လူမပြောလဲ ကိုယ့်လူ အူကြောင်ကြောင် ဖြစ်နေပုံကို မြင်ကတည်းက သူဌေးသားမှန်း သိပါတယ်၊ ဒါလောက် ဖုံးမဝေးပါဘူး၊ ဒါပေမယ့် ဒီပုံအတိုင်း နေသွားရင်တော့ ကိုယ့်လူမကြာဘူး နေရာမှန်ကိုရောက်လာလိမ့်မယ်" ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"နေရာမှန်ဆိုတာ ဘယ်နေရာလဲဗျ"

ဟု အော်လီဗာက ပြန်၍ မေးလိုက်လေ၏။

"သချိုင်းကုန်းကိုလေ၊ ဟာ. . . ဟာ၊ ကဲ. . . ဒီက မိတ်ဆွေကြီး ကျုပ်ကို ကူညီပါဦး"

ဟု ဆိတ်ဖွားက တစ်ဆက်တည်း၌ပင် စပ်စုသောသူအား မေးလိုက်လေ၏။

"ဘာကို ကူညီရမှာလဲ" ဟု စပ်စုသောသူက ပြောလေ၏။

"သချိုင်းကုန်းကို သွားချင်လို့ပါ"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင်. . .

"သချိုင်းကုန်းကို သွားချင်လို့ ဟုတ်လား၊ အောင်မယ်လေး ဒီနေ့တော့ လူထူးလူဆန်းတွေနဲ့ချည်း တွေ့နေရတာပါလား၊ တစ်ယောက်ကလဲ မန္တလေးမှာ


www.burmeseclassic.com

www.burmeseclassic.com


ဖိုပ်ရာဝင်ပြီး ရန်ကုန်မှာ အိပ်ရာက ထတယ်၊ ဟော အခုတစ်ယောက်လဲ သချိုင်းကုန်းကိုသွားချင်လို့ လမ်းညွှန်ပါ ဆိုပါလား၊ ဘယ့်နှယ်ဟာတွေပါလိမ့်"

"ဘယ့်နှယ်ဟာတွေမှ မဟုတ်ပါဘူး၊ ကျုပ်က သုဘရာဇာပါ။ တောင်ငူသချိုင်းကထွက်လာခဲ့တာပါ၊ တာမွေသချိုင်းကို သွားမလို့ လမ်းမသိလို့ မေးတာပါ"

"ဩ. . သုဘရာဇာတွေကလဲ အစိုးရ အမှုထမ်းတွေလိုပဲ နယ်ပြောင်းရသကိုး"

ဟု စပ်စုသောသူက ပြောလိုက်ရာ အနီးအနားရှိလူများက ဝါးခနဲရယ်မောကြလေ၏။ ထိုအထဲတွင် ရုံးစာရေးတစ်ဦးက. . .

"ထရန်စဖာပေါ့ ဟုတ်လား"

ဟု ဝင်၍ ပြောလေ၏။

"ထရန်စဖာ မဟုတ်ပါဘူး၊ ဒစ်စမပ်ဖရွှမ်ဆားဗစ် ဖြစ်လာတာပါ။ ဟိုက အလုပ်ပြုတ်လာတာ၊ ဒီမှာ အလုပ်သစ်ဝင်ပြီး လုပ်ရမှာ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ ဆိတ်ဖွား၏ အင်္ဂလိပ်စကားအသံထွက်ကြောင့် ရုံးစာရေးသည် မျက်လုံးပြူး၍သွားလေ၏။

"တာမွေသချိုင်းကို ဟောဒီ လမ်းမကြီးအတိုင်းလျှောက်သွားပါ၊ ရောက်ပါလိမ့်မယ်၊ မော်တော်ကား စီးချင်ရင်တော့ ဟိုဘက်ကိုသွား၊ အဲဒီမှာ ဘတ်စ်ကားရပ်တယ်၊ တာမွေ-တာမွေလို့ အော်ပြီး ခေါ်ကြပါတယ်"

"ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေရဲ့ နာမည်နဲ့ လိပ်စာကလေး တစ်ဆိတ်လောက် ပြောခဲ့ပါလား"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"ဘာလုပ်မလို့လဲ" ဟု ရုံးစာရေးက ပြန်၍ ဖြေလိုက်လေ၏။

"ကျုပ်က အကူအညီ ပေးနိုင်တဲ့ အလှည့်မှာ အကူအညီပေးရတာပေါ့ဗျာ" ဟု ဆိတ်ဖွားက ပြောလိုက်ရာ ထိုရုံးစာရေးသည်. . .

"တော်ပြီ"

ဟုဆိုကာ လူအုပ်အတွင်းမှ တစ်ချိုးတည်း လစ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆိတ်ဖွားသည် အအိပ်ကြီးသော သူဌေးသားအား. . .

"မိတ်ဆွေကလေး. . . အိမ်ကိုပြန်ပေတော့၊ ဟောဒီက မိတ်ဆွေကြီးကိုလဲ နှုတ်ဆက်ပါတယ်၊ သွားမယ်နော်၊ ရောက်တဲ့အခါလဲ ဝင်ပြီးလည်ပါ"

ဟု စပ်စုသူကိုပါ ကလိလိုက်ရာ စပ်စုသူလည်း ရှုံးစာရေးနည်းတူ လူအုပ်အတွင်းမှ လစ်သွားလေတော့၏။ ထိုသူမရှိတော့သောအခါ ထိုသူအား သိသောသူတစ်ဦးက. . .

"ဆေးဆရာတော့ ပြေးပြီ"

ဟု ပြောလိုက်သံကို ကြားရပေရာ စပ်စုသောသူကား ဆေးဆရာ တစ်ဦးဖြစ်ကြောင်း ဆိတ်ဖွားက သိရှိသွားလေ၏။

ဆေးဆရာနဲ့ သေခြင်းတရားဆိုတာ အလွန်အင်မတန်နီးစပ်ပါလျက် ဆေးဆရာသည် သေခြင်းတရားကို တုန်လှုပ်ပေစွဟု ဆိတ်ဖွား၏ စိတ်၌ အောက်မေ့ရင်း လူအုပ်အတွင်းမှ ရင်ကိုကော့လျက် တာမွေသချိုင်းဆီသို့ ဦးတည်၍ လျှောက်သွားလေတော့သတည်း။

> ဆေးဆရာနှင့် သေခြင်းတရားသည် လွန်စွာ နီးစပ်သော အရာများ ဖြစ်ပေသည်။
>
> **ဈော်ဆော ဆိတ်ဖွား**

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com


## မှန်ပြောင်းပါးပြောင်းရည်
## အဆစ်တောင်းခြင်းကိုစတင်တွေ့ရှိသူ

ဆိတ်ဖွားသည် ပုဇွန်တောင်ပန်းခြံမှနေ၍ ကတ္တရာလမ်းအတိုင်း လျှောက်၍လာခဲ့ရာ နောက်ဆုံး၌ တာမွေသချိုင်းသို့ ရောက်လေ၏။

တာမွေသချိုင်း၏အလယ်တွင် ဖြတ်၍ ဖောက်ထားသော ကတ္တရာလမ်းအတိုင်း လျှောက်၍သွားလေ၏။ ကတ္တရာလမ်း ဘေးတစ်ဖက်တစ်ချက်တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်တို့ကြောင့် ကတ္တရာလမ်းပေါ်တွင် နေရောင်မထိုးသဖြင့် ထိုလမ်းမကြီးတစ်လျှောက်သည် လွန်စွာ အေးချမ်းလှပေသည်။

လမ်း၏ တစ်ဖက်ချက်၌လည်း အုတ်ဂူများသာလျှင် ရှိပေရာ လွန်စွာမှလည်း တိတ်ဆိတ်လှပေ၏။

ဆိတ်ဖွားသည် အေးချမ်းတိတ်ဆိတ်သော သချိုင်းလမ်းမကြီးအတိုင်း ရင်ကိုကော့၍ လျှောက်သွားခဲ့လေ၏။ တာမွေသချိုင်းသည် လွန်စွာမှပင် ကျယ်ပြောလှပေသည်။ ထိုသချိုင်းဝင်းကြီးအတွင်း၌ ကုလားအမျိုးမျိုး၏ သချိုင်းအမျိုးမျိုး၊ တရုတ်အမျိုးမျိုး၏ သချိုင်းအမျိုးမျိုး၊ ခရစ်ယာန်သချိုင်းနှင့် မြန်မာသချိုင်းတို့သည် သူ့အုပ်စုနှင့်သူ ရှိနေပေသည်။

သချိုင်းကိုလည်း ကိုးကွယ်သော ဘာသာအလိုက် တသီးတသန့်စီ ရှိသကဲ့သို့ လူ့အဆင့်အတန်းအလိုက်လည်း ကွဲကွဲပြားပြား ရှိပေသည်။ ငွေကြေးတတ်နိုင်သူတို့၏ အုတ်ဂူများသည် ကတ္တရာလမ်းကြီးနှင့် ကပ်လျက်၌တည်ရှိ၍ ငွေကြေးမတတ်နိုင်သော ဆင်းရဲသူဆင်းရဲသားတို့၏ မြေပုံနှင့်သစ်သား မှတ်တိုင်များမှာမူ မိုးတွင်းအခါ၌ ရေဝပ်လေ့ရှိသော သချိုင်း၏အစွန်းပိုင်း၌ရှိကြပေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဖွားသည် သချိုင်း၏အလယ်သို့ရောက်လျှင် ခေတ္တရပ်၍ သချိုင်းတစ်ခုလုံးအား ကြည့်ရှု သုံးသပ်လိုက်ပြီးနောက် မိမိနှင့် အနီးဆုံးမှ အုတ်ဂူများကို ကြည့်ရှုလိုက်လေ၏။

"ဟာ. . . ဟ ဒီနားမှာ မြင်းသမားတွေချည်းပါလား"

ဟု ရေရွတ်လိုက်လေ၏။

မှန်ပေသည်။ ထိုနေရာတစ်ဝိုက်၌ မြင်းဂျော်ကီများနှင့် မြင်းထရိန်နာများ၏ အုတ်ဂူများရှိပေသည်။

ဆိတ်ဖွားသည် ဂျော်ကီတစ်ဦး၏ အုတ်ဂူပေါ်တွင် ထိုင်လိုက်ပြီးလျှင်. . .

"ကိုဂျော်ကီရေ ကိုယ့်လူက မြင်းကိုစီးတယ်၊ ဟာ. . . ဟ၊ အခုတော့ ကျုပ်က ခင်ဗျားကို စီးနေပြီလို့ မထင်နဲ့နော်"

ဟု ရေရွတ်လိုက်ပြန်၏။ ထို့နောက် သချိုင်းမရောက်မီ၌ တာမွေဈေး ဆိုသည်ကို တွေ့ခဲ့ရပေရာ တာမွေဈေး၌ ပေါက်တူးတစ်လက်လောက်တော့ သွား၍ ဝယ်ထားလျှင် ကောင်းပေမည်လားဟု စဉ်းစားမိလေ၏။

အသုဘလာလျှင် တွင်းတူးပေမည်။ တွင်းများများတူးရလျှင် ပိုက်ဆံများများရပေမည်။ ဤအချက်သည် အလွယ်ဆုံး အရိုးဆုံး မှန်ကန်ချက်ဖြစ်ပေသည်။ သို့ရာတွင် ဆိတ်ဖွားသည် ပိုက်ဆံများများရရန် အလိုမရှိလှပါ။ နေ့စဉ်စားနေနိုင်ရန် အတွက်ရလျှင် ဖူလုံပေပြီ။

မသာကျင်းတူသော လုပ်ငန်းသည် ဆိတ်ဖွား၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်၏။ တစ်နည်းဆိုရပါမူ သူ့စီးပွားရေးလုပ်ငန်းပင်ဖြစ်ပေသည်။

စက်ရုံတစ်ရုံသည် ကုန်ပစ္စည်း ထုတ်ရန် တာဝန်ရှိသကဲ့သို့ ဆိတ်ဖွားကလည်း တွင်းတူးရန် တာဝန်ရှိပေသည်ဟု သဘောပေါက်လေ၏။ ဆိတ်ဖွား၏ စက်ရုံသည် ဆိတ်ဖွား၏ ကိုယ်ရော စိတ်ပါ ပေါင်းစပ်ထားသော ဆိတ်ဖွားဆိုသည့် အတ္တဘောကြီးပင်ဖြစ်ပေသည်။

"စက်ရုံတစ်ရုံမှာ စက်ရုံချည်းသက်သက်ရှိနေလို့တော့ ကုန်ပစ္စည်းတွေ ထွက်မလာနိုင်ဘူး၊ စက်ရုံကို လည်ပတ်စေဖို့ လောင်စာတွေ၊ စက်ကိရိယာတွေ



www.burmeseclassic.com

www.burmeseclassic.com


နဲ့ အလုပ်သမားတွေဟာ ပထမဆုံး လိုအပ်တဲ့ လိုအပ်ချက်တွေဖြစ်တယ်၊ အဲဒါတွေက ကုန်ပစ္စည်း ထုတ်လုပ်ရာမှာ အဓိကလိုအပ်တဲ့ ကိရိယာတွေ ဖြစ်တယ်၊ ပရိဒပ်တစ် အဲလီးမင့်လို့ခေါ်တဲ့ ကုန်ထုတ်ကိရိယာတွေလိုတယ်၊ ဟာ. . . ဟာ၊ ငါရဲ့စက်ရုံက ငါပဲ၊ ငါရဲ့ လက်နှစ်ဖက်ဟာ ငါရဲ့အလုပ်သမား တွေပဲ၊ ငါရဲ့ကုန်ထုတ်ကိရိယာထဲမှာ တွင်းတူးဖို့ပေါက်တူးတစ်လက်တော့ မရှိရင် မဖြစ်ဘူး၊ အဲဒါ မရှိရင် ဆိတ်ဖွားစက်ရုံကြီးဟာ ရပ်ထားရလိမ့်မယ်"

ဟု စဉ်းစားမိသည့်အလျောက် အိတ်ကပ်အတွင်း၌ ကျန်ရှိသော ပိုက်ဆံ တစ်ကျပ်ခွဲနှင့်ပင် ပေါက်တူးဝယ်ရန် ဈေးသို့ ထွက်၍လာခဲ့လေ၏။ အကောင်းစားသံဖြင့် ပြုလုပ်ထားသော လူရိုင်းခေါင်းတံဆိပ် ပေါက်တူးတစ်လက် အား ငွေတစ်ကျပ်ပေး၍ ဝယ်ယူခဲ့ပြီးလျှင် ညစာအတွက် ဘိန်းမုန့်တစ်ချပ် နှင့် ဆေးပြင်းလိပ်နှစ်လိပ်ကိုပါ ဝယ်ယူ၍ လွယ်အိတ်ကြီးအတွင်း၌ ထည့်၍ ထားပြီးနောက် သချိုင်းသို့ ပြန်၍လာလေ၏။ ယခုတစ်ခါ၌မူ မြင်းဂျော်ကီ၏ အုတ်ဂူပေါ်တွင် မထိုင်တော့ဘဲ လွန်စွာကြီးမားသည့် သွပ်မိုးဇရပ်ပေါ်သို့ သွားရောက်ကာ လွယ်အိတ်ကို ခေါင်းအုံးပြီးလျှင် ပက်လက်လှန်လျက် ဆေးပြင်းလိပ်ကို မှိန်း၍နေလေ၏။

ဆိတ်ဖွား စက်ရုံမှာ ကုန်ထုတ်ကိရိယာတွေတော့ ပြည့်စုံသွားပြီ၊ စက်ရုံဆိုတာကလည်း ကုန်ထုတ်ကရိယာတွေ ပြည့်စုံရုံနဲ့တော့ ကုန်ပစ္စည်း ဖြစ်လာနိုင်တာမဟုတ်ဘူး၊ ကုန်ကြမ်းပစ္စည်းတွေ လိုတယ်၊ ငါရဲ့ကုန်ထုတ် လုပ်ငန်းမှာ ကုန်ကြမ်းက ဘာတွေပါလိမ့်၊ ဟာ. . . ဟ ကုန်ကြမ်းပစ္စည်းထက် အရေးကြီးတာက ငါထုတ်လုပ်တဲ့ပစ္စည်းကို လိုချင်တဲ့ သုံးစွဲမယ့်သူတွေလို တယ်၊ သူတို့က များများလိုချင်လေ (ဒမန်း)များလေ၊ ထုတ်လုပ်မှုများကို များများထုတ်လုပ်ရလေ ဖြစ်မယ်၊ ငါရဲ့ထုတ်လုပ်မှုကို အသုံးပြုမယ့် ဝယ်သူ တစ်နည်းဆိုရလျှင် ကွန်ဆျူးမားလို့ခေါ်တဲ့ စားသုံးသူက ဘယ်သူတွေပါလိမ့်၊ ဟာ. . . ဟ လက်စသက်တော့ ငါ့ပစ္စည်းကို သုံးစွဲမယ့် ဝယ်သူ စားသုံးသူတွေ က လူသေတွေ. . .၊ မသာတွေ. . .၊ အသုဘတွေပါလား၊ ဟာ. . . ဟ ဒါကိုက ငါဆိုတဲ့ ဆိတ်ဖွားရဲ့ လုပ်ငန်းကြီးမှာ အများနဲ့မတူတဲ့ ထူးခြားမှုကြီး



www.burmeseclassic.com

www.burmeseclassic.com

ပဲ၊ ဒီတော့ ငါ့ရဲ့လုပ်ငန်းတစ်ခုလုံးကို အကျဉ်းချုံးပြီး စဉ်းစားရင် ဆိတ်ဖွားရယ်၊ ပေါက်တူးရယ်၊ မသာရယ်၊ ဒါဟာ အဓိကလိုအပ်ချက်ပဲ။

ဆိတ်ဖွားရယ်. . . ပေါက်တူးရယ်. . . မသာရယ်. . .။

ဆိတ်ဖွားရယ်. . . ပေါက်တူးရယ်. . . မသာရယ်. . .။

အခု. . . ဆိတ်ဖွားလည်းရှိပြီ. . . ပေါက်တူးလည်းရှိပြီး မသာပဲလိုတယ်၊ မသာတစ်လောင်းလာရင် ငါ့ရဲ့လုပ်ငန်းကြီးကို မင်္ဂလာရှိရှိနဲ့စတင်ဖွင့်လှစ်မယ်"

ဟု ဆိတ်ဖွားက တစ်ကိုယ်တည်း ကျေနပ်စွာ ရေရွတ်လိုက်လေ၏။

"ခင်ဗျားရဲ့ မသာကျင်းတူးလုပ်ငန်းဖွင့်ပွဲကို ဝေလမင်းသားကို ဖိတ်ဦး မှာလား၊ ဖိတ်ပြီးတော့ မင်္ဂလာဖဲကြိုးကို ရွှေကတ်ကြေးနဲ့ဖြတ်ပြီး ဖွင့်ပွဲကျင်းပ ရင် မကောင်းဘူးလား"

ဆိတ်ဖွားအနီးမှ အထက်ပါအသံ ပေါ်ထွက်လာလေ၏။ ဆိတ်ဖွားက အသံလာရာဆီသို့ လှည့်မကြည့်ဘဲ အောက်ပါအတိုင်း ပြော လိုက်လေ၏။

"ဖိတ်တော့ဖိတ်ချင်ပါတယ်၊ ဒါပေမယ့် ကျုပ်ရဲ့မင်္ဂလာရှိတဲ့ မသာကျင်းတွင်းတူးလုပ်ငန်း ဖွင့်ပွဲမှာ တိုင်းတစ်ပါးသားထက် မြန်မာအမျိုးသားကို ပိုပြီး အလေးထားရမှာမို့ ဝေလမင်းသားကို မဖိတ်တော့ပါဘူး၊ မြန်မာအမျိုးသားထဲက သက်ကြီးဝါကြီး သူဘရာဇာတစ်ယောက်ကိုပဲ ဖွင့်ခိုင်းပါတော့မယ် မိတ်ဆွေ"

"ထက်ထရီ. . . တော်တော်ကြီးကျယ်တဲ့ သူဘရာဇာ"

"စိတ်မရှိပါနဲ့ဗျာ၊ လုပ်ငန်းအရ ဂုဏ်ရှိအောင် နေထိုင်ပြောဆိုတတ်လို့ပါ"

"ထက်ထရီ သူဘရာဇာကများ လုပ်ငန်းအရ ဂုဏ်ရှိအောင်တဲ့"

"ဟာ. . . ဟ၊ ကိုယ့်လူက တော်တော်ဒုံးဝေးသေးတာပဲ၊ ဘယ်အမျိုး ဘယ်အနွယ်က ဘာပါလိမ့်"

"ကျုပ်အဖေက (ကေအက်စတမ်) ကျက်သရေဆောင် ရွှေစလွယ် ရမင်း၊ ကျုပ်အဘိုးက မြေဇကပေါင်း သုံးထောင်ကျော်ကို ပိုင်ဆိုင်တဲ့သူဌေးကြီး"


www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမယ့် ခင်ဗျားကတော့ သူဌေးစား ဖြစ်နေပြီမဟုတ်လား"

"အင်း. . . ဟုတ်တယ်၊ ကျုပ် သူဌေးစားဖြစ်တာနဲ့ မဆိုင်ဘူး၊ မျိုးရိုးကို ပြောနေတာ၊ လူမှာအမျိုး၊ ကြက်မှာအရိုးလို့ ဆိုတာ မဟုတ်လား"

"ကျုပ်ကလဲ ကျုပ်အမျိုးကို ပြောရဦးမယ်၊ ကျုပ်အဖေက သုဘရာဇာ၊ ကျုပ် အဘိုးကလဲ သုဘရာဇာပဲ၊ ကျုပ်ထင်ပါတယ်၊ ကျုပ်အဘိုးရဲ့ အဖေဟာလဲ သုဘရာဇာပဲ ဖြစ်လိမ့်မယ်ထင်တယ်၊ တစ်ခုတော့ ပြောရဦးမယ်၊ မုန့်ဟင်းခါး စားရင်း ဟင်းရည်အဆစ်တောင်းပြီး သောက်တဲ့အလုပ်ကို ကျုပ်အဘိုးက စတင်တီထွင်ခဲ့တာဖြစ်မယ်၊ ဒီအချက်ဟာတော့ ဂုဏ်ယူစရာပါပဲ မိတ်ဆွေ၊ အခု ကြည့်စမ်း မြန်မာပြည်တစ်ပြည်လုံးမှာ လိုက်ပြီး အတုယူလုပ်ကုန်ကြပြီ၊ မုန့်ဟင်းခါးစားပြီးရင် ဝသည်ဖြစ်စေ၊ မဝသည်ဖြစ်စေ ဟင်းရည်နည်းနည်း ပေးပါလို့ အဆစ်တောင်းကုန်ကြပြီ၊ အဲဒါ ကျုပ်အဘိုးဆီက အတုယူကြတာတွေဗျ"

"ဟား. . . ဟား. . . ဟား၊ မုန့်ဟင်းရည် အဆစ်တောင်းတာကို ခင်ဗျားအဘိုးက အစပြုခဲ့တာ တီထွင်ခဲ့တာဟုတ်လား၊ ရောမ တီထွင်သူကြီး ပါလား၊ လေးစားစရာပါပဲ"

ထိုအခါကျမှပင် ဆိတ်ဖွားသည် ပက်လက်အိပ်နေရာမှထပြီးလျှင် တင်ပျဉ်ခွေချိတ်၍ ထိုင်လေ၏။ ထို့နောက် မိမိနှင့်လာ၍ စကားပြောသူကို သေသေချာချာကြည့်လေ၏။ သတ္တုချိုင့်နက်တစ်လုံးကို လက်တစ်ဖက်တွင် ကိုင်လျက် အခြားသောလက်တစ်ဖက်၌ ဝါးခြမ်းပြား တစ်ခြမ်းကိုကိုင်ကာ သက္ကလတ်ဦးထုပ်စုတ်ကလေးကို ဆောင်းထားသည့် အသက်သုံးဆယ်ကျော်ခန့်ရှိ သူဌေးစားတစ်ဦးကို တွေ့ရလေ၏။

လက်နှင့်ခြေထောက်များ၌လည်း ပတ်တီးများကို စည်းထားလေ၏။ ထိုပတ်တီးများပေါ်၌လည်း ယင်ကောင်များသည် တဝုန်းဝုန်း ပျံဝဲလျက်ရှိပေသည်။ ထိုအခြင်းအရာကိုကြည့်လျက် ဆိတ်ဖွားက. . .

"ကိုယ့်လူ နူနေပြီလား" ဟု မေးလိုက်လေ၏။

"ထိုအခါ၌ သူဌေးစားသည် လက်မှ ပက်တီးများကို ဖြေလိုက်ပြီးလျှင် လက်ကိုလှျာဖြင့် လျက်လိုက်လေ၏။ ထိုသို့လျက်ပြီးနောက် ပက်များ


www.burmeseclassic.com

ကို ဖြန့်၍ ဆိတ်ဖွားဘက်သို့ ထိုးပေးလိုက်၏။ လက်များမှာ အကောင်းပကတိ ဖြစ်၏။ မည်သည့် ရောဂါ မည်သည့်အနာမျှ မရှိပေ။

"ထန်းလျက်ရည်တွေ သုတ်ပြီး ပတ်တီးစည်းထားတာပါ"

ဟု သူတောင်းစားကပြောလေ၏။

"နူချင်ယောင် ဆောင်တာပေါ့"

"ရက်စ်"

"ရက်စ် လုပ်မနေနဲ့ အတုအယောင်ဆောင် လုပ်တဲ့အထဲမှာ ရောဂါသည် အတုလုပ်တာဟာ မကောင်းဆုံးပဲ၊ လူတွေရဲ့ ကရုဏာကို လိမ်ညာယူတာပဲ၊ လိမ်လည်မှုထဲမှာ မေတ္တာကို လိမ်တာ ကရုဏာကို လိမ်တာ၊ မုဒိတာကိုလိမ်တာ၊ ဥပေက္ခာကိုလိမ်တာ၊ အိုဗျာ. . . ဗြဟ္မစိုရ်တရားကို လိမ်တာဖြစ်တယ်၊ အဲဒီတရားဟာ လောကကြီးကို စောင့်ရှောက်တဲ့တရားဖြစ်တယ်၊ ကိုယ့်လူ လောကကြီးကို တစ်ပတ်ရိုက်တာပဲ၊ ရုံးတင်ပြီး တရားစွဲရင် ဘယ်လိုပုဒ်မနဲ့ အရေးယူရပါလိမ့်၊ ဘယ်လိုပုဒ်မနဲ့ပဲ အရေးယူယူ အပြစ်ကတော့ သေဒဏ်ထိုက်တဲ့အပြစ်မျိုးပဲ၊ နောက်ကို မလုပ်ပါနဲ့ ရိုးရိုးပဲတောင်းပါ၊ လူတွေက ကိုယ့်လူကို ပိုက်ဆံထည့်တာဟာ နူချင်ယောင်ဆောင်လို့ ထည့်တာမဟုတ်ဘူး၊ သူတောင်းစားဖြစ်လို့ထည့်တာ"

"ရိုး. . . ရိုး. . . မဟုတ်ဘူး၊ ဒီအတိုင်းသာ တောင်းရင် ဒုက္ခိတလဲ မဟုတ်ဘဲ သန်သန်မာမာကြီးနဲ့ အလုပ်လုပ်မစားချင်လို့ လျှောက်ပြီးတောင်းနေတာတာလို့ ပြောကြတယ်"

"မဟုတ်ဘူးလား ကိုယ့်လူ"

"ထပ်သရီး. . ဘယ်ကလာ ဟုတ်ရမှာလဲ၊ လျှောက်ပြီးတောင်းနေတာကိုက အလုပ်လုပ်နေတာပဲ၊ မဟုတ်ဘူးလား၊ ဆုတောင်းတွေရွက်ရတယ်၊ တောင်းရတယ်၊ ဒီကြားထဲ တချို့အိမ်က ခွေးတွေက ထွက်ပြီဆွဲရင် ဒီဝါးခြမ်းပြားနဲ့ စစ်ခင်းရသေးတယ်၊ သူတောင်းစားအလုပ်ကို လွယ်တယ်မှတ်လို့"

"စိတ်မဆိုးပါနဲ့ မိတ်ဆွေ၊ ခင်ဗျားရဲ့ လုပ်ငန်းကို သေသေချာချာ မလေ့လာဘဲ အပြစ်တင်မိတဲ့အတွက် ခွင့်လွှတ်ဖို့ ကျုပ်က အနူးအညွတ် တောင်းပန်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိတ်ဖွားက ဦးခေါင်းကို ညွှတ်၍ တောင်းပန်လိုက်လေ၏။

ထိုအခါ၌ သူတောင်းစားက သူ၏ခွက်နှင့် ဝါးခြမ်းပြားကို ချလိုက်ပြီး လျှင် စီးကရက် တစ်လိပ်ကိုထုတ်၍ မီးညှိလေ၏။ စီးကရက်မှာ ကုလားအုတ်တံဆိပ်ဖြစ်၍ ရနံ့မှာ လွန်စွာမွှေးကြိုင်လှပေသည်။ သူတောင်းစားသည် စီးကရက်ကို ရှိုက်ဖွာပြီးနောက် အောက်ပါအတိုင်း ပြောလေသည်။

"အရေးကြီးတာက"

"အရေးကြီးတာက. . . ဘာလဲ"

ဟု ဆိတ်ဖွားက ပြန်၍မေးလိုက်လေ၏။

"အရေးကြီးတာက အိမ်လခပေးဖို့ ကိစ္စပါပဲ"

"ဘယ်သူက ဘယ်သူ့ကို အိမ်လခပေးရမှာလဲ ဆိုစမ်းပါဦး"

"ခင်ဗျားက ကျုပ်ကိုပေးရမှာလေ"

"ဒါက အိမ်မှမဟုတ်ဘဲ ဇရပ်ပဲဥစ္စာ"

"ဒီလိုရှိပါတယ်၊ ဇရပ်ပဲဖြစ်ဖြစ်၊ နန်းတော်ပဲဖြစ်ဖြစ် မဆိုင်ဘူး၊ ဒီမှာ ကျုပ်အရင်နေတာဖြစ်တယ်၊ ဒီတော့ ခင်ဗျားက ကျုပ်ကို အိမ်လခပေးရမယ်၊ အိမ်လခတင်မကဘူး၊ စပေါ်လဲပေးရမယ်၊ ဒီမှာမနေချင်ရင် ကျုပ်ကို သုံးလ ကြိုတင်ပြီး အကြောင်းကြားပါ။ စပေါ်ပြန်အမ်းမယ်၊ ကျုပ်ကလဲ ခင်ဗျားကို ဆက်ပြီး မထားချင်ရင် သုံးလကြိုတင် အကြောင်းကြားမယ်၊ ဒါတောင် ခင်ဗျား တစ်ယောက်တည်းမို့ လက်ခံတာ အိမ်ထောင်သည်လဲ ဖြစ်မယ်၊ ကလေးတွေ ဘာတွေလဲ ပါတယ်ဆိုရင် လက်မခံနိုင်ဘူး"

ဟု သူတောင်းစားက ပြောလိုက်လေ၏။

"ရပါတယ်၊ အိမ်လခလဲရပါတယ်၊ စပေါ်လဲရပါတယ်၊ ဒါပေမယ့် ကျုပ်လိုချင်တဲ့ အချက်တွေ တောင်းရလိမ့်မယ်၊ နံပါတ်တစ် (ပါတီးရှင်း) အခန်းကာပေးရမယ်"

ဟု ကိုဆိတ်ဖွားက ဆေးပြင်းလိပ်ခဲလျက် ပြောလေ၏။

"ဇရပ်ဆိုတာ အခန်းကာလို့ မရဘူး"

"နောက်တစ်ခုက မီးသွယ်ပေးရမယ်"

"ဇရပ်မှာ မီးသွယ်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ရေပိုက်လဲ သွယ်ပေးရမယ်၊ ရေချိုးခန်း လုပ်ပေးရမယ်"

"နိုး. . . နိုး. . . ဇရပ်မှာ ရေသွယ်လို့မရဘူး"

"အိပ်ခန်း လုပ်ပေးရမယ်၊ ဧည့်ခန်း လုပ်ပေးရမယ်၊ မီးဖိုဆောင် လုပ်ပေးရမယ်၊ ပြီးတော့ ဆေးအသစ် ပြန်သုတ်ပေးရမယ်၊ မျက်နှာကြက်မှာ ပန်ကာတပ်ပေးရမယ်"

"နိုး. . . နိုး. . . မရဘူး၊ မဖြစ်နိုင်ဘူး"

ဟု သူတောင်းစားက ကန့်ကွက်လေ၏။

"ထားပါတော့လေ၊ စပေါ်က ဘယ်လောက်လိုချင်တာလဲ"

ဟု ဆိတ်ဖွားက ပြန်၍ မေးလိုက်လေ၏။

"သုံးရာ"

"ရပါတယ်၊ မီးမရှိတဲ့အတွက် တစ်ရာဖြတ်တယ်၊ ရေမရှိတဲ့အတွက် တစ်ရာဖြတ်တယ်၊ အခန်းမရှိတဲ့အတွက် တစ်ရာဖြတ်တယ်၊ ပန်ကာမရှိတဲ့ အတွက် ငါးဆယ် ဖြတ်တယ်၊ ဆေးမသုတ်ရသေးတဲ့အတွက် ၇၅-ကျပ်ဖြတ် တယ်၊ မီးဖိုချောင်မရှိတဲ့အတွက် လေးဆယ်ဖြတ်တယ်"

"ဟိုး. . . ဟိုး. . . ကျုပ်ကပြန်ပြီး စိုက်ရတော့မယ်၊ အလကားပဲ နေပါတော့"

"မနေနိုင်ဘူး၊ အိမ်ငှားဘက်က ရပိုင်ခွင့် ဥပဒေရှိတယ်၊ ဘိလပ်ပြန် ဝတ်လုံငှားပြီး တရားဆိုင်မယ်"

ဟု ဆိတ်ဖွားက ပြောပြန်လေ၏။

"တော်ပါတော့၊ ကျုပ် အရှုံးအညွတ် တောင်းပန်ပါတယ် သုဘရာဇာ ကြီးရယ်၊ ရှိကြီးခိုးပါရဲ့ သူတောင်းစားဘဝ ရောက်မှတော့ ရုံးမင်းနဲ့မတွေ့ပါရ စေနဲ့ဗျာ"

"ဒီလိုဆိုရင် ကိုယ့်လူကို သနားသဖြင့် ကျုပ်က ခွင့်လွှတ်လိုက်မယ်၊ တရားမစွဲတော့ဘူး၊ ဟောဟိုထောင့်မှာ ကောင်းကောင်းသွားပြီး နေပေတော့"

ဟု ပြောဆိုကာ ဆိတ်ဖွားက အိတ်အတွင်းမှ ဘိန်းမုန့်ကိုထုတ်၍ စားလေ၏။

ဆိတ်ဖွားစားနေသည့် ဘိန်းမုန့်ကိုကြည့်ကာ သူတောင်းစားက. . .


www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်ကို နည်းနည်းကျွေးပါလား" ဟု ပြောလေ၏။

"ဘယ်ရမလဲ ကိုယ့်လူ၊ ကိုယ်လူတခြားမှတောင်းရင် ဒီလိုပဲတောင်း ရသလား၊ ကျုပ်နားထောင်ပြီး ပေးသင့် မပေးသင့် စဉ်းစားမယ်၊ အလုပ်သဘော အရ ပြောတာပါ"

"ဩ. . . တခြားမှာ တောင်းတဲ့ လေသံနဲ့တောင်းတောင် ကိုယ့်လူ က တစ်ခါတည်း မပေးသေးဘဲ စဉ်းစားဦးမှာကိုး"

"စဉ်းစားရမှာပေါ့၊ တောင်းတိုင်းပေးလို့ ဖြစ်မလား"

ထိုအခါ၌ သူတောင်းစားသည် ဆောင့်ကြောင့်ထိုင်ကာ ခေါင်းပေါ်၌ လက်ကလေးနှစ်ဖက်ကိုတင်၍. . .

"အစ်ကိုကြီး. . . အစ်မကြီး တို့ခင်ဗျား"

ဟု အသံနေအသံထားနှင့် ဆိုလိုက်လေ၏။

ထိုအခါ ဆိတ်ဖွားက. . .

"ဟေ့ လူ မဟုတ်တာတွေ မပြောနဲ့၊ ဘယ်မှာလဲ အစ်မကြီး၊ အစ်မကြီး ဘယ်မှာရှိလို့လဲ" ဟု ပြန်၍ အော်လိုက်လေ၏။

"နှုတ်ကျိုးနေပြီဗျ၊ အစ်ကိုကြီးတို့ရယ်လို့ ပါးစပ်က ဆိုလို့မထွက်ဘူး၊ အစ်ကိုကြီး အစ်မကြီးတို့ ခင်ဗျာဆိုတဲ့ အသံက ဆိုလို့လဲကောင်းတယ်၊ ရစ်သင်မ် ဖြစ်နေပြီ" ဟု သူတောင်းစားက ပြောလေ၏။

"မဟုတ်ဘူး၊ အစ်မကြီး မရှိဘဲနဲ့ အစ်မကြီးလို့ ထည့်ပြီးမဆိုရဘူး၊ ဒါဟာ လိမ်လည်မှု ဖြစ်တယ်၊ ပြန်ဆို"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"ပြန်ဆိုမယ်၊ ဒါပေမယ့် ဘိန်းမုန့်ကိုတော့ ဆက်ပြီး မကိုက်နဲ့ဦး၊ ကျုပ်လဲဆိုပြီးရော ခင်ဗျားမှာလဲ ဘိန်းမုန့်မရှိတော့ရင် ကျုပ်အဖို့ အလွန်ပဲ နစ်နာပါတယ်" ဟု သူတောင်းစားက ပြောလေ၏။

"ကောင်းပြီ၊ ကျုပ်လဲ ဘိန်းမုန့်ကို ဆက်ပြီးမစားဘဲ ကိုင်ထားမယ်၊ ကိုယ့်လူက ပြန်ပြီးဆိုပါ"

"အစ်ကိုကြီး. . . အစ်ကိုကြီးတို့ ခင်ဗျား၊ ဘိန်းမုန့်ကလေး သနား ကြပါခင်ဗျား"


www.burmeseclassic.com

www.burmeseclassic.com

ဟု သူတောင်းစားက အသံနေအသံထားဖြင့် ဆိုလိုက်ပြန်၏။

"ဟိုး. . . မှားတယ်၊ ဒီမှာ ကျုပ်တစ်ယောက်တည်း ရှိတာကို အစ်ကိုကြီးတို့ ဆိုတဲ့ အသုံးအနှုန်းဟာ မှားတယ်၊ တို့ဆိုတာ ဗဟုဝုစ်ကိန်းအများကိုမှ သုံးရတာ၊ သဒ္ဒါ အသုံးအနှုန်းလွဲတယ်" ဟု ဆိတ်ဖွားက ပြောလေ၏။

"မမှားပါဘူး၊ ဟောဟိုမှာ အစ်ကိုကြီးတစ်ယောက် မတွေ့ဘူးလား"

ဟု သူတောင်းစားက ပြောလိုက်သဖြင့် ဆိတ်ဖွားက လှည့်၍ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းတွင် မော်တော်ကားကို ရပ်ထားခဲ့၍ ဆိတ်ဖွားတို့ ဇရပ်ဆီသို့ လျှောက်လာသော လူတစ်ယောက်ကို တွေ့မြင်ရလေ၏။ ထိုသူသည် ဇရပ်သို့တက်၍လာလျှင် သူတောင်းစားက. . .

"အစ်ကိုကြီး အစ်ကိုကြီးတို့ ခင်ဗျာ"

ဟု ဆိုလိုက်ရာ ဆိတ်ဖွားက သူ၏လက်တွင်းမှ ဘိန်းမုန့်ကို သူတောင်းစားအား ပစ်၍ ပေးလိုက်လေ၏။ သူတောင်းစားသည် ဆိတ်ဖွားထံမှ ဘိန်းမုန့်ကိုဖမ်းယူ၍ အားရပါးရကိုက်လိုက်ပြီးလျှင်

"သူတောင်းစား အဖြစ်နဲ့ တောင်းလာတဲ့ရတဲ့ အထဲမှာ ဒီဘိန်းမုန့်တစ်ခြမ်းကို တောင်းရတာဟာ အခက်ခဲဆုံးပဲ" ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ မော်တော်ကားပေါ်မှ ဆင်းလာသူလည်း ဇရပ်ပေါ်သို့ ရောက်၍ လာလေ၏။ ထိုသူသည် သူတောင်းစားနှင့် ဆိတ်ဖွားအား တစ်လှည့်စီ ကြည့်ပြီးနောက်. . .

"ကျွန်တော်တို့ အကူအညီ တစ်ခုလောက် ပေးပါဗျာ"

ဟု ပြောလေ၏။

ထိုအခါ ဆိတ်ဖွားက

"ဘာကို အကူအညီပေးရမှာလဲ" ဟု ပြန်၍ မေးလိုက်လေ၏။

"ကျွန်တော်က ဒရိုင်ဘာပါ"

"ဘာလဲ၊ ကားပျက်လို့ တွန်းပေးရမှာလား"

ဟု သူတောင်းစားက မဲ့ရွဲ့၍ ပြောလေ၏။

"မဟုတ်ပါဘူးဗျာ၊ ကျုပ် အလုပ်ရှင်ရဲ့သမီးက ဆေးကျောင်းကပါ၊ အဲဒါ သူ့ရဲ့ကျောင်းက ဝယ်ထားတဲ့ လူအရိုးရုပ်က လက်ချောင်းက အဆစ်


www.burmeseclassic.com

www.burmeseclassic.com


ကလေးတစ်ဆစ် လိုနေပါတယ်၊ ပြီးတော့ ဒူးဂေါင်းက ခုံညင်းဒိုး ကလေး နှစ်ခုလဲ လိုနေပါတယ် အဲဒါ လိုချင်လို့ပါ" ဟု ထိုသူက ပြောလေ၏။

ဆိတ်ဖွားသည် အနီးဆုံး အုတ်ဂူပျက်ဆီသို့ သွားပြီးလျှင် အတွင်းမှ လူသေအရိုး၏ လက်သန်းအဆစ်ကလေးကို ကောက်ယူခဲ့၍ ပြန်လာပြီးလျှင် ဒရိုင်ဘာဆိုသူအား ပေးလေ၏။

"ရော့ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

ဟုဆိုကာ ဒရိုင်ဘာက ငွေနှစ်ကျပ် ထုတ်၍ ပေးလေ၏။

"မလိုပါဘူး၊ ကျုပ်အတွက် ဘာမှ ပင်ပန်းတာလဲ မဟုတ်ဘူး၊ ပြီးတော့ ဒီရိုးဟာ ကျုပ်ရဲ့အရိုးလဲမဟုတ်ဘူး၊ တစ်ဖက်မှာလဲ အသုံးဝင်တယ်ဆိုတော့ ယူပြီးသွားပါ၊ ကျုပ်ကို တစ်ပြားမှ မပေးပါနဲ့"

ဟု ဆိတ်ဖွားက ပြောလေ၏။

"ဒါနဲ့ ခြေထောက်က ခုံညင်းဒိုး နှစ်ခုကော"

"အဲဒါ မရဘူး သိပ်ပြီး ရှားတယ်၊ သစ်သားနဲ့လုပ်ပြီး ထည့်ပေတော့"

"ခက်တော့တာပါပဲ၊ အဲဒါမပါရင် ကျုပ်ကို ဆူလိမ့်မယ်"

"ဘာဖြစ်လို့ ဆူရမှာလဲ၊ မရနိုင်တာကို ရှာခိုင်းပြီး ဆူလို့ရမလား၊ ဘယ်သူက ဆူမှာလဲ"

"မာဂရက်က ဆူမှာ"

"မာဂရက်ဆိုတာ ဘယ်သူလဲ"

"ကျုပ် သူဌေးရဲ့သမီးပါ၊ သူကဆေးကျောင်းက"

"မာဂရက်က ဒုံညင်းဒိုးကို ရှာခိုင်းလိုက်ပေလို့သာပေါ့၊ မွေ့ဝဲကြယ်ကို ရှာခိုင်းလိုက်ရင်တော့ ဒုက္ခပဲ၊ ခင်ဗျားကတော့ ဆူမှာကြောက်ပြီး လျှောက်ရှာ နေတော့မှာပဲ၊ သနားစရာ ကောင်းတဲ့လူ"

ထိုအခါ၌ ဒရိုင်ဘာလည်း ဆိတ်ဖွားကို နှုတ်ဆက်၍ ပြန်သွားလေ၏။ ထိုလူပြန်သွားသောအခါ၌ သူတောင်းစားသည်လည်း ဘိန်းမုန့်ကို ကုန်စင် အောင်စားပြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားနဲ့ ကျုပ်နဲ့ ဒီဇရပ်ကြီးထဲမှာ အတူတူနေတာက ဟုတ်ပါပြီ၊ တစ်ဦးနဲ့တစ်ဦး နာမည်ကလေးတော့ သိထားကြမှာ ဖြစ်လိမ့်မယ်"

ဟု သူတောင်းစားက ပြောလေ၏။

"ကျုပ် နာမည် ဆိတ်ဖွား"

"ဟတ်ချိုး ဆိတ်ဖွား. . . ဆိတ်ဖွား. . . နာမည်ကလဲ အဆန်းပါလား။ ဟဲ. . . ဟဲ၊ ကျုပ်နာမည်က အိုလံလို့ခေါ်တယ်"

"အောင်မယ်၊ ကိုယ့်လူနာမည်ကလဲ အဆန်းပါပဲလား၊ မြန်မာ နာမည် မဟုတ်ဘူး ထင်တယ်"

"ဒီလိုပါ၊ အိုလံပစ်ပြိုင်ပွဲကို မြန်မာပြည်က ဝင်ရောက် ယှဉ်ပြိုင်နိုင်ဖို့ ကျုပ်အဖေက သိပ်ပြီး မျှော်လင့်တာဗျ၊ အိုလံပစ်ပွဲကို သဘောကျလို့မှည့်တာ၊ အမှန်ကတော့ အိုလံပစ်ပေါ့ဗျာ၊ ဒါပေမဲ့ အတိုကတော့ အိုလံပေါ့"

"ကိုယ့်လူက ကျက်သရေဆောင် ရွှေစလွယ်ရမင်းရဲ့သားလဲဆိုသေး ရဲ့ ဘယ်လိုကနေ သူတောင်းစား ဖြစ်လာရတာလဲ"

"ဟိုနားကဂူဟာ ကျုပ်အဘိုးရဲ့ဂူ၊ အဲဒီမှာ ဂူတစ်လုံးရှိသေးတယ်၊ ကျုပ်အဖေရဲ့ဂူ၊ သူတို့သေတော့ အမွေတွေရတာပေါ့ဗျာ၊ အသက်(၂၀) တောင် မပြည့်သေးဘူး၊ အမွေတွေရတော့ ဘာပြောကောင်းမလဲဗျာ၊ သုံးလိုက် ဖြုန်း လိုက်တာ၊ တက်တက်လဲပြောင်ရော ကျုပ်ကို ခေါ်ချင် ပြောချင်တဲ့လူလဲ မရှိ တော့ဘူး၊ ကျုပ်မှာ အမျိုးတွေ ရှိသေးရဲ့၊ ဒါပေမယ့် ကျုပ်ကို ဆေးဖော်ကျောဖက် မလုပ်ကြဘူးလေ၊ ဒါနဲ့ကျုပ်လဲ အရွဲ့တိုက်ပြီး သူတောင်း စား လုပ်နေတော့ တာပဲ၊ ပထမတော့ အရွဲ့တိုက်တာဗျို့၊ ဒါပေမယ့် နောက် တော့ သူတောင်းစား ဖြစ်သွားတာဗျို့"

"ကိုယ့်လူ ပညာလဲ သင်ခဲ့ဖူးမှာပေါ့"

"သင်ဖူးတာပေါ့၊ စိန့်ဂွမ်းကျောင်းမှာ ဆယ်တန်းလောက်အထိ နေခဲ့ဖူးပါတယ်"

"ဟ. . . ဒီလိုဆိုရင် အလုပ်ကလေး ဘာလေး မလျှောက်ဘူးလား"

"လခစားအလုပ်က မလွတ်လပ်ပါဘူး ကိုဆိတ်ဖွားရယ်"

www.burmeseclassic.com

www.burmeseclassic.com


ဤသို့နှင့်ပင် မုန့်ဟင်းခါးဟင်းရည် အဆစ်တောင်းခြင်းကို စတင်တွေ့ရှိသူ၏မြေး သုဘရာဇာဆိတ်ဖွားနှင့် မြေပိုင်ရှင်သူဌေးကြီး၏မြေး သူတောင်းစား အိုလံတို့သည် တာမွေသချိုင်းဇရပ်ပေါ်၌ အဆွေခင်ပွန်းဖြစ်၍ သွားကြလေတော့၏။

"ကိုဆိတ်ဖွားရေ. . . လောကမှာ အရေးကြီးဆုံးက. . ."

ဟု သူတောင်းစားအိုလံက စကားအစချီလိုက်လျှင် ဆိတ်ဖွားက. . .

"အရေးကြီးဆုံးက ဘာလဲ အိုလံ"ဟု ဆိတ်ဖွားက မေးလိုက်လေ၏။

"အရေးကြီးဆုံးကတော့ မျိုးရိုးပါပဲ၊ လူမှာ အမျိုးလို့ ဆိုထားတယ် မဟုတ်လား" ဟု အိုလံက ပြန်ပြောလေ၏။

"မဟုတ်ဘူး၊ အရင်က ဘာဖြစ်ခဲ့တယ်၊ မျိုးရိုးက ဘယ်လိုဖြစ်တယ်ဆိုတာ အရေးမကြီးဘူး၊ လောလောဆယ် ကိုယ်ဟာ ဘာကောင် ဖြစ်နေတယ်ဆိုတာ သိဖို့ အရေးကြီးတယ်"

ဟု ဆိတ်ဖွားက ပြောလေ၏။ ထိုအခါ၌ သူတောင်းစားအိုလံက

"ကျုပ်ကတော့ မျိုးရိုးဟာ အရေးကြီးတယ်လို့ ထင်နေတာ"

ဟု ဆိုပြန်လေ၏။

"ဒီလိုဆိုရင် ကိုယ့်လူအနေနဲ့ ဒီလိုလုပ်ရလိမ့်မယ်၊ မျိုးရိုးကို စောင့်ရှောက်ရလိမ့်မယ်၊ အခုတိုင်းဆိုရင် ကိုယ့်လူရဲ့ သူဌေးမျိုးဟာ ပျက်ပြီး သူတောင်းစားဖြစ်သွားပြီ မဟုတ်လား၊ ဒီတော့ မျိုးရိုးကို ချစ်ခြင်းထက် မျိုးရိုးကိုစောင့်ရှောက်ခြင်းက ပိုပြီးအရေးကြီးတယ် အိုလံ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ အိုလံက. . .

"ရက်စ်. . . ရက်စ်. . ." ဟု ဝန်ခံလေ၏။

> မျိုးရိုးကို ချစ်ခြင်းထက်၊ မျိုးရိုးကို စောင့်ထိန်းခြင်းက ပို၍ အရေးကြီးသည်။
>
> ပရော်ဖက်ဆာ ဆိတ်ဖွား၊

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

အလွန်သေးငယ်သော အပ်နဖားပေါက်ကလေး အတွင်းသို့ ကုလားအုတ်တစ်ကောင်ဟာ ဝင်မယ်ဆိုရင် ဝင်နိုင်ဖို့ လွယ်ကူကောင်း လွယ်ကူလိမ့်မယ်၊
ဒါပေမယ့် လူချမ်းသာ တစ်ယောက်ကိုတော့ ဘုရားသခင်ရဲ့ နိုင်ငံတော်အတွင်းသို့ ဝင်ခိုင်းဖို့ ကိစ္စဟာ မဖြစ်နိုင်ပေဘူးတဲ့။

ဆေးဆရာနှင့် သေခြင်းတရားသည် လွန်စွာ နီးစပ်သောအရာများ ဖြစ်ပေသည်။

မျိုးရိုးကို ချစ်ခြင်းထက်၊ မျိုးရိုးကို စောင့်ထိန်းခြင်းက ပို၍ အရေးကြီးသည်။

**[illegible]**

www.burmeseclassic.com

www.burmeseclassic.com


## ဆိတ်ဖွား ရှတ်ဒ်(ဆိတ်ဖွားလမ်း)

နောက်တစ်နေ့ နံနက် အိမ်ရာမှ နိုးကြသောအခါ၌ အိုလံက ဆေးပေါ့လိပ်ကို မီးတရဲရဲနှင့် ဖွာရှိုက်၍နေလေ၏။ ဆိတ်ဖွားကမူ ဆေးပြင်းလိပ်ကို ခဲလျှက် ရှိပေသည်။

"ကိုဆိတ်ဖွား. . . မျိုးရိုးကို စောင့်ရှောက်ရမယ်လို့ ခင်ဗျားက မနေ့တုန်းက ပြောသွားတယ်၊ ဘယ်လိုစောင့်ရှောက်ရမှာလဲဗျ"

ဟု အိုလံက မေးလေ၏။

"ဒီလိုရှိတယ်၊ ကိုယ့် မျိုးရိုးတစ်လျှောက်လုံးမှာ အားလုံးဟာ မကောင်းမှုကို မလုပ်ခဲ့ဖူးဆိုရင် မျိုးရိုးရဲ့ ဂုဏ်သိက္ခာကို စောင့်ရှောက်နေတဲ့ အနေနဲ့ ကိုယ်ဟာ အကောင်းမှုကို ရှောင်ကြဉ်ရမယ်"

ဟု ဆိတ်ဖွားက ပြောလေ၏။

"ကျုပ်ရဲ့ တစ်မျိုးလုံးဟာ မကောင်းမှုကို လုပ်ခဲ့တဲ့ လူတွေချည်းပဲ ဆိုရင်ကော ကိုဆိတ်ဖွားရယ်"

ဟု အိုလံက ဆေးလိပ်ဖွာရင်း ပြန်၍ မေးလိုက်လေ၏။

"အဲဒီအခါမှာ ကိုယ့်လူဟာ မကောင်းမှုကို ရှောင်ကြဉ်ရမယ်၊ ဒီတစ်မျိုးလုံးမှာ ဒီတစ်ယောက်တော့ အကောင်းကျန်ပါသေးလားလို့ ပြောစမှတ်ပြုရအောင်လေ၊ အဲဒါဟာ အမျိုးကို စောင့်ရှောက်တာပဲ၊ ဝံသာနု ရက္ခိတစိတ်ဓာတ်လို့ခေါ်တယ်"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။ ထိုအခါ သူတောင်းစား အိုလံက ဆေးပေါ့လိပ်ကို မီးရဲအောင် ဖွာလိုက်ပြီးနောက်. . .


www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်ရဲ့ တစ်မျိုးလုံးဟာ ကပ်စေးနဲ့တယ်၊ ချွေတာတယ်၊ အလုပ်ကြိုးစားကြတယ်၊ ကျုပ်ကတော့ သုံးတယ်၊ ဖြုန်းတယ်၊ အလုပ်မလုပ်ဘူး၊ ဒီတော့ ကျုပ်ဟာ သူတောင်းစား ဖြစ်ရတာပေါ့ ကိုဆိတ်ဖွားရယ်၊ ဟား. . . ဟား. . . ဟား. . ." ဟု အိုလံက ပြောဆိုရယ်မောလိုက်လေ၏။

ထိုအချိန်၌ မိုးရွာသဖြင့် သချိုင်းကုန်းကြီးမှာ ပို၍ တိတ်ဆိတ်လှသော်လည်း ဇရပ်သွပ်မိုးပေါ်သို့ မိုးစက်မိုးပေါက်များ ကျနေသဖြင့် တဖြောင်းဖြောင်း မြည်လျက် ရှိပေသည်။

အိုလံသည် ဆေးပေါ့လိပ်ကို ချလိုက်ပြီးနောက် ပုဆိုးစုတ်ကို ခြုံ၍ ကွေးလိုက်လေ၏။

"ဘယ်လိုလဲ၊ ဒီနေ့ ထွက်ပြီး မတောင်းတော့ဘူးလား"

ဟု ဆိတ်ဖွားက မေးလိုက်လေ၏။

"သွပ်မိုးပေါ်မှာ အခုလို မိုးရေကျသံကို နားထောင်ရင်း အိပ်ရတာဟာ သိပ်ပြီး အရသာရှိတယ်ဗျ၊ ထွက်ပြီး မတောင်းတော့ဘူး"

ဟု အိုလံက ပြောပြောဆိုဆိုပင် ပုဆိုးစုတ်ကို ခေါင်းမြီးခြုံလိုက်လေ၏။

"ကျုပ်ကတော့ အပြင်ထွက်ရဦးမယ်၊ ဘိန်းမုန့်ဝယ်မယ်၊ နို့စိမ်းခွက်နဲ့ ရေနွေးကြမ်း နည်းနည်းတောင်းမယ်" ဟုဆိတ်ဖွားကပြောလျှင် အိုလံက.

"မနေ့ကလို တောင်းစားရင် ကျွေးဦးမှာလား" ဟုမေးလေ၏။

"တောင်းပုံတောင်းနည်း အချိုးကျရင် ရတာပေါ့"

ဟုဆိုကာ အနီးရှိ ထန်းလက်ကြီးတစ်လက်အား ခေါင်းပေါ်တွင် မိုးလျက် ဆိတ်ဖွားသည် ဇရပ်အတွင်းမှ ထွက်၍ သွားလေ၏။

တာမွေဈေးအနီးသို့ ရောက်သည်အထိ ထွက်ပြီးနောက် ဘိန်းမုန့်နှစ်ချပ်ကို ဝယ်ယူ၍ လက်ဖက်ရည်ဆိုင်မှ နို့စိမ်းခွက်အလွတ်တစ်လုံးအား တောင်းယူကာ ရေနွေးတောင်းလေ၏။ ထို့နောက် ဆာရာခေါ် လက်ဖက်ခြောက်ရည် နည်းနည်းကိုပါ ထည့်ခိုင်း၍ သချိုင်းဘက်သို့ ပြန်၍ လာလေ၏။

ဆိတ်ဖွားသည် လမ်းဘေးသို့ ကပ်နိုင်သမျှ ကပ်၍ ရေနွေးကြမ်းကို မဖိတ်ရအောင် ဂရုစိုက်၍ကိုင်ရင်း လျှောက်လာလေ၏။ မိုးမှာ အနည်းငယ်စဲ၍သွားပြီး ဖြစ်သဖြင့် ခေါင်းတွင် ဆောင်းထားသော ထန်းလက်ကြီးကို လွှင့်၍ ပစ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ၌ မျက်နှာအား မိုးစက်အနည်းငယ် မှန်သဖြင့် ခေါင်းကို အနည်းငယ် ငုံ့၍လျှောက်ရလေ၏။ အတော်အတန် လျှောက်မိသောအခါ၌ နောက်မှ မောင်းလာသော ကားတစ်စီးသည် လမ်း၏ အခြားတစ်ဖက်မှ နွားကို ရှောင်လိုက်ရာ ဆိတ်ဖွားအား ဝင်၍ တိုက်မိလေတော့၏။

ဆိတ်ဖွားသည် လမ်းဘေး မြက်ခင်းပေါ်သို့ နှစ်ပတ်သုံးပတ်မျှလိမ့်၍ သွားလေ၏။

"ဟယ်. . . ဟယ်. . . မြရယ်"

ဟု ကားပေါ်မှ မိန်းမသုံးဦးက ဝိုင်း၍ အော်ဟစ်လေ၏။

ဆိတ်ဖွားသည် နာသွားသော လက်မောင်းကို လက်တစ်ဖက်နှင့် ကိုင်ရင်း လူးလဲ၍ထလာလေ၏။ ထို့နောက် လွင့်သွားသော ဘိန်းမုန့်ကလေးကို သွားရောက်ကောက်ယူ၍ သဲများမကပ်ရန် ခါလိုက်လေ၏။

"သနားပါတယ်. . . မြရယ်"

ဟု ကားပေါ်မှ မိန်းမများက ကားမောင်းသော မိန်းမအား ပြောလေ၏။

ဆိတ်ဖွားသည် မိန်းမက သူ့အား သနားသွားခြင်းအတွက် အနည်းငယ် ရှက်၍သွားသဖြင့် သူတို့အား လှည့်၍မျှပင် မကြည့်တော့ဘဲ ရေနွေးကြမ်းတစ်စက်မျှ မကျန်တော့သည့် နို့ဆီမံခွက်ကလေးကို ကောက်ယူကာ ရှေ့သို့ ဆက်၍ သွားလေတော့၏။

"ယူတို့ကလဲ အပြစ်တင်ဖို့ပဲတတ်တယ်၊ ဒီဘက်မှာက နွားရှိနေတယ်၊ သူ့ကိုရှောင်လိုက်ရင် နွားကို တိုက်မှာပေါ့"

ဟု ကားမောင်းသော မိန်းမငယ်က ပြန်ပြောလေ၏။

"နွားက ဘာဖြစ်သလဲ မြရယ်၊ ဒီဘက်က လူပဲ"

ဟု မိန်းမငယ်တစ်ဦးက ပြောလျှင် မြ ဆိုသော ကားမောင်းသည့် မိန်းမငယ်က. . .

"မထူးပါဘူးကွယ်၊ နွားကိုတိုက်ရင်လဲ နွားပိုင်ရှင်ကို နွားဖိုးလျော်လိုက်ရုံပေါ့၊ သူ့ကိုတိုက်ရင်လဲ ပုလိပ်ကို ပိုက်ဆံ နည်းနည်းပါးပါး ပေးလိုက်ရင် ပြီးပါတယ်၊ ဒါမှမဟုတ် ဒယ်ဒီ့ နာမည်ကို သုံးလိုက်ရင်လဲ ပြီးတာပါပဲ၊ သို့ပြီး ငြိမ်မနေပါနဲ့ ယူတို့ရယ်၊ အောက်တန်းစား လူတစ်ယောက်ပါ"

www.burmeseclassic.com


ဟု ပြောလိုက်လေ၏။ ကျန်သော မိန်းမငယ်များမှာ စိတ်မကောင်း ဖြစ်၍ သွားလေ၏။ ဆိတ်ဖွားသည် မိန်းမငယ်တို့ အချင်းချင်း ပြောဆိုသံကို သဲကွဲစွာ ကြားလိုက်ရသဖြင့် ရင်ထဲတွင် အောင့်၍ သွားလေ၏။

**နွားတစ်ကောင်နဲ့ လူတစ်ယောက် တန်ဖိုးချင်း အတူတူပဲလို့ သဘောထားနေပါပကော။ အောက်တန်းစား လူတစ်ယောက်ဆိုရင် သူတို့ ဒီလိုပဲ ပမာမခန့် ဆက်ဆံရတော့မှာလား။**

ဆိတ်ဖွား၏ ရင်တွင်း၌ အထက်ပါ အကြောင်းအရာ နှစ်ရပ်သည် ရှေ့ဆင့် နောက်ဆင့် ဖြစ်ပေါ်ခဲ့ပြီးနောက် ဆိတ်ဖွားသည် ကားဆီသို့ တစ်လှမ်း ချင်းပြန်၍ လျှောက်သွားလေ၏။ ကားဆီသို့ရောက်လျှင် ကားရှေ့မှ ပိတ်၍ ရပ်လိုက်ပြီးလျှင် ကားရှေ့ဘန်ဘာပေါ်သို့ ခြေထောက် တစ်ဖက်ကို တင်ကာ ဘိန်းမုန့်ကို ဖဲ့စားလိုက်၍. . .

"ဘယ်လို. . . ဘယ်လို၊ ပြန်ပြောစမ်းပါဦး၊ နွားကို တိုက်မိရင်လဲ နွားဖိုးကို အလျော်ပေးလိုက်ရုံပေါ့၊ ကျုပ်လိုလူကို တိုက်မိရင်လဲ ပုလိပ်ကို ပိုက်ဆံနည်းနည်းပါးပါး ပေးလိုက်ရင် ပြီးပါတယ်ဟုတ်လား၊ ဒါမှမဟုတ် ဒယ်ဒီ့ နာမည် သုံးလိုက်ရင်လဲ ပြီးပါတယ်၊ အောက်တန်းစား လူတစ်ယောက်ပဲ ဟုတ်လား၊ လုပ်စမ်းပါဦး. . . ပြန်ပြီး ပြောစမ်းပါဦး၊ မင်းတို့ ဘာတွေလဲ၊ ကျုပ်တို့ အောက်တန်းစားလို့ ပြောရအောင် မင်းတို့က ဘယ်လိုအတန်းအစားကလဲ" ဟု စကားကို တစ်လုံးချင်း ပြောလိုက်ရာ ကားပေါ်မှ မိန်းကလေးများသည် မျက်လုံးပြူး၍ သွားကြလေ၏။ မြ ဆိုသူကမူ အံကြိတ်၍. . .

"ရှင်မတွေ့ဘူးလား၊ ဘယ်လို အတန်းအစားဆိုတာ မြင်တာနဲ့ မသိဘူးလား" ဟု ပြောလိုက်လေ၏။

ဆိတ်ဖွားသည် မြ ဆိုသော မိန်းမငယ်အား မျက်စိကို ပွတ်၍ သေသေချာချာ ကြည့်လိုက်သည်။

"သြ. . . မင်းဝတ်ထားတဲ့ ပြောင်ပြောင်လက်လက် ပစ္စည်းတွေကို ပြောတာလား၊ အဲဒါတွေက အထက်တန်းစားလား၊ ငါတွေ့တာတော့ မင်းက မိန်းမတစ်ယောက်ပဲ၊ ဘာမှ ပိုပြီး မထူးတဲ့ မိန်းမတစ်ယောက်ပဲ"

"ဟုတ်တယ် မိန်းကတော့ မိန်းမပဲ၊ ရှင့်လို အောက်တန်းစား ယောက်ျား တစ်ယောက်ထက်တော့၊ ကျွန်မလို အထက်တန်းစားမိန်းမတစ်ယောက်က ပိုပြီး တန်ဖိုးရှိတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်ကလာ ဟုတ်ရမှာလဲ မိန်းကလေး၊ အဲဒါ သက်သက်စိတ်ကြီး ဝင်နေတာ ဖြစ်တယ်၊ မင်းဟာမင်း အောက်တန်းစား မိန်းမပဲဖြစ်ဖြစ်၊ အထက်တန်း စား မိန်းမပဲဖြစ်ဖြစ် ယောက်ျားယူရင်တော့ မင်းပဲ ကိုယ်ဝန်ဆောင် ရလိမ့်မယ်၊ အထက်တန်းစား မိန်းမဆိုပြီး မင်းရဲ့ယောက်ျားကို ကိုယ်ဝန်ဆောင် ခိုင်းလို့ မရဘူး၊ အဲဒီ ဒုက္ခဟာ မင်းပဲခံရမှာ၊ ငါကတော့ ယောက်ျားဖြစ်နေတဲ့ အတွက် မင်းပြောသလို အောက်တန်းစားပဲ ထားပါတော့၊ ဒါပေမယ့် ငါဟာ ဒီတစ်သက် မှာတော့ ကိုယ်ဝန်ဆောင်တဲ့ ဒုက္ခကို မခံစားရဘူး၊ ဒီအချက် ဟာ မင်းထက် သာတဲ့အချက်ပဲ၊ အဲဒါကို ဘယ်လိုငြင်းမလဲ မိန်းကလေး"

ကားပေါ်မှ မိန်းကလေးများသည် ဆိတ်ဖွား၏ စကားကိုကြားလျှင် ပြုံးစိစိ ဖြစ်ကုန်ကြလေ၏။ မြမြကမူ စိတ်ဆိုးလွန်း၍ အသားများ တဆတ်ဆတ် တုန်၍နေလေ၏။

ဆိတ်ဖွားသည် ဘိန်းမုန့်ကို တစ်ဖဲ့ဖဲ့၍ စားလိုက်ပြန်၏။ ထိုသို့ စားပြီးနောက်. . .

". . . ဒီအချက်မှာလဲ ငါဟာ မင်းထက်သာတယ် မိန်းကလေး၊ အထက်တန်းစား မိန်းမဆိုပြီး အဲဒါတွေ မလာလို့ မဖြစ်ပေဘူးနော်၊ ဒီမှာ မိန်းကလေး မင်းတို့မိန်းမတွေမှာ သဘာဝဒုက္ခကြီးတွေ ဖိစီးခြင်းခံနေပါလျက် ဘာဖြစ်လို့ စိတ်ကြီးဝင်ပြီး ဘဝမြင့်နေရတာလဲ၊ သနားစရာ ကောင်းလိုက်ပါ တိတော့ မိန်းကလေးရယ် ကျွတ်. . . ကျွတ်"

ဟု ဆိတ်ဖွား စုတ်သပ်လိုက်လေ၏။

ထို့နောက် ဘိန်းမုန့်ကို ဖဲ့၍ စားလိုက်လျှင်. . .

"ဒီတစ်ခါ ချမ်းသာပေးလိုက်ဦးမယ်၊ နောက်တစ်ခါ ဒီလိုပြစ်မှုမျိုးကို ကျူးလွန်ရင်တော့ ရိုးရိုးတောင်းပန်လို့ မရဘူး၊ ကျုပ်ရဲ့ ခြေသလုံးကို မင်းရဲ့ မေးစေ့ ချွန်ချွန်ကလေးနဲ့ ကြိတ်ပြီး အညောင်းဖြေပေးရင်း တောင်းပန်မှ ကျေနိုင်မယ်၊ သွားတော့"

ဟု ဆိတ်ဖွားကပြောလိုက်ရာ ကားပေါ်မှာ မိန်းမငယ်များမှာ ဝေါခနဲ ပွဲကျသွားသကဲ့သို့ မြ ဆိုသော မိန်းကလေးကလည်း သူ၏ ကားကို ဝေါခနဲ မောင်း၍ ထွက်သွားလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com


"ပိုင်လိုက်တာ ဆရာဆိတ်ဖွားရယ်၊ ဒီတစ်ချီတည်းနဲ့ ခင်ဗျားကို ဆရာတင်လိုက်ပြီဗျို့၊ ဆရာပြောတာဟာ သိပ်မှန်တာဘဲ၊ ကျုပ်တို့ဟာ ဘယ်လောက်လဲ အောက်တန်းကျတယ်ဆိုဆို၊ အထက်တန်းကျတယ်ဆိုတဲ့ မိန်းမလောက်တော့ အခြေအနေ မဆိုးသေးဘူးဗျ၊ ဟား. . . ဟာ. . . သိပ်ပိုင်တဲ့ ဆရာဆိတ်ဖွားပဲ"

သူတောင်းစား အိုလံသည် ဆိတ်ဖွားအား လွန်စွာကျေနပ်ဝမ်းမြောက်သော အမူအရာနှင့် ချီးကျူးလိုက်လေ၏။

"နေစမ်းပါဦး၊ ကိုယ့်လူက ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ၊ စောစောတုန်းကတော့ ဇရပ်ပေါ်မှာပဲ အိပ်နေမယ်ဆို"

ဟု ဆိတ်ဖွားက မေးလိုက်လေသည်။

"ဟုတ်ပါတယ် ဆရာဆိတ်ဖွား၊ ဒါပေမယ့် မနက်အိပ်ရာကထရင်တော့ (ဂရပ်ပါနီလောက်နဲ့ မရဘူးဗျ)၊ ကြာရေလေး တစ်ခွက်လောက်သောက်ပြီး ကုလားအုတ်တံဆိပ် စီးကရက်ကလေး တစ်လိပ်လောက် မှိန်းလိုက်ရမှ ကျွန်တော့်အဖို့ နေထိုင်သာ ရှိသွားတာဗျ၊ ဒါကြောင့် ဆရာဆိတ်ဖွားလဲ ထွက်သွားရော ကျုပ်လဲ နောက်ကထွက်ပြီး လိုက်လာတာ၊ ကျုပ် လက်ဖက်ရည်ဆိုင်က ထွက်လာတော့ ခင်ဗျားကို မော်တော်ကားတိုက်လိုက်တာ မြင်တာနဲ့ ပြေးလာတာ"

သူတောင်းစားအိုလံသည် ဆိတ်ဖွားအား လွန်စွာ လေးစားသွားသည် ဖြစ်ရာ အသုံးအနှုန်း အခေါ်အဝေါ်များကိုပင် ပြောင်းလဲခေါ်ဝေါ်လေတော့၏။ ဆိတ်ဖွားအား ဆရာဆိတ်ဖွားဟုခေါ်၍ ယခင်ကဲ့သို့ ကျုပ်ဟူ၍ မသုံးတော့ဘဲ ကျွန်တော်ဟု ယဉ်ကျေးစွာ ပြောလေ၏။

ဆိတ်ဖွားနှင့် အိုလံတို့သည် စကားတပြောပြောနှင့် လျှောက်၍လာခဲ့ကြရာ တာမွေသချိုင်းအဝသို့ ရောက်ခဲ့လေ၏။ ဖြောင့်ဖြူးသော သချိုင်းလမ်းကြီးပေါ်သို့ ခြေချမိလျှင် အိုလံက စိတ်ကူးတစ်မျိုး ပေါ်လာပြန်၍ အောက်ပါအတိုင်း ပြောလေ၏။

"ဆရာဆိတ်ဖွား၊ ဒီလမ်းကြီးဟာ ဘာလမ်းလဲ"

"ကတ္တရာလမ်းပေါ့၊ ကိုယ့်လူရ"


www.burmeseclassic.com

www.burmeseclassic.com


"ဒါကို ပြောတာမဟုတ်ဘူး၊ ဆရာဆိတ်ဖွားရဲ့ လမ်းနာမည်ကို ပြောတာ"

"သချိုင်းကုန်းက လမ်းပဲကွာ၊ နာမည်ရှိမယ် မထင်ပါဘူး၊ သချိုင်းလမ်း ပေါ့"

"အဲဒါကို ပြောတာပေါ့ ဆရာဆိတ်ဖွားရ၊ အင်္ဂလိပ်တွေဟာ မြန်မာပြည်ကို သိမ်းပြီးတာနဲ့ ရန်ကုန်မြို့က လမ်းတွေကို သူတို့ရဲ့စစ်ဗိုလ်ချုပ်ကြီးတွေ နာမည်ကို မှည့်ခေါ်တယ်၊ ဒါလဟိုဇီလမ်း၊ မောင်ဂိုမာရီလမ်းနဲ့ သူတို့ရဲ့ နာမည်တွေချည်းပဲ"

"အဲဒါ ဘာဖြစ်သလဲ အိုလံ"

"ကျုပ်တို့လဲ အခုအခါမှာတော့ တာမွေသချိုင်းကြီးကို အပိုင်စားရ နေပြီပဲ၊ ဒီတော့ ဟောဒီ သချိုင်းလမ်းမကြီးကို ဆိတ်ဖွားလမ်း (ဆိတ်ဖွားရုတ်ဒ်) လို့ နာမည်ပေးချင်တယ်၊ ဟဲ. . . ဟဲ ဆရာဆိတ်ဖွားကို ဂုဏ်ပြုတဲ့အနေ နဲ့ပေါ့"

"ဒါလောက်နဲ့တော့ မကျေနပ်နိုင်ဘူး အိုလံ၊ ဖြစ်နိုင်ရင် ဖရေဇာလမ်း ကို ငါ့နာမည်ပြောင်းပေးပါလား"

"ဒါလဲ မဆိုဘူး၊ ပြောင်းသင့်ရင် ပြောင်းရမှာပဲ၊ ဖရေဇာလမ်းကို အသာထားဦး ဆရာဆိတ်ဖွား၊ သချိုင်းလမ်းကိုပဲ အရင် ပြောင်းပစ်မယ်"

သူတို့နှစ်ဦးသည် သချိုင်းလမ်းအတိုင်း လျှောက်ခဲ့ရာ ၎င်းတို့နေထိုင်ရာ ဇရပ်ကြီးဆီသို့ ပြန်လည် ရောက်ရှိကြလျှင် အိုလံက ၎င်း၏ သတ္တုချိုင့်စုတ်ကလေး အတွင်းမှ လက်ဖက်ရည်ကို ချိုင့်ဖုံးအတွင်းသို့ ငှဲ့၍ ဆိတ်ဖွားအား ပေးလေ၏။ ထို့နောက် သတင်းစာစက္ကူဖြင့် ထုပ်၍ထားသော နံပြားထောပတ်သုတ်ကိုလည်း ပေး၍. . .

"ဆရာဆိတ်ဖွား နံပြားထောပတ်သုတ်ကလေး စားပါဦး၊ လက်ဖက်ရည်နဲ့ နံပြားထောပတ်သုတ် စားပြီးရင် ဆရာဆိတ်ဖွားရဲ့ ကျွန်တော်က ဒီလမ်းကို ဆိတ်ဖွားလမ်း (ဆိတ်ဖွားရုတ်ဒ်)လို့ အသိအမှတ် ပြုလိုက်မယ်"

ဟု အိုလံက ပြောလိုက်လျှင် ဆိတ်ဖွားက ပြုံးလျက်. . .

"အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးကို ဖိတ်ဦးမလား အိုလံ"



www.burmeseclassic.com

www.burmeseclassic.com



ဟု နောက်လိုက်လေ၏။

"မဖိတ်တော့ဘူး၊ ဘုရင်မကြီးလဲ တခြားမိန်းမတွေနဲ့ ဘာမှပိုပြီး မထူးဘူး၊ ကိုယ်ဝန်ဆောင်ရတဲ့ ဒုက္ခသည်ပဲ မဟုတ်လား၊ ဟာ. . . ဟား"

ဟု အိုလံက သူ၏ စကားကို သူ့ဘာသာ သဘောကျလျက် ရယ်မောလေ၏။

"အစစ်ပေါ့ကွာ၊ သဘာဝဒုက္ခတွေကို ခံစားရတဲ့ ဒုက္ခသည်ကြီးပေါ့ ကွာ၊ တကယ်လို့များ ဘုရင်မကြီးဟာ ကျိုက်ထီးရိုးဘုရားကို မင်းတို့ ငါတို့ နဲ့အတူတူ သွားပြီးဖူးမယ်ဆိုရင် သူဟာ ငါတို့လောက် အဆင့်အတန်းမမြင့် ဘူးဆိုတာ သဘောပေါက်သွားလိမ့်မယ် အိုလံ"

ဟု ဆိတ်ဖွားက ပြောပြီးနောက် ချိုင့်ဖုံးအတွင်းမှ လက်ဖက်ရည်ကို မော့ချလိုက်လေ၏။

"ဘာဖြစ်လို့လဲ ဆရာဆိတ်ဖွား"

ဟု အိုလံက သိချင်ဇောနှင့် မေးလေ၏။

"ဘာဖြစ်လို့ရမှာလဲကွ၊ မိန်းမတွေကို ကျိုက်ထီးရိုးဘုရားရှိတဲ့ တောင်ကုန်း ကလေးဘက်ကို သွားခွင့်မပြုဘူးလေကွာ၊ ယောကျ်ားဆိုရင် ဘယ်သူပဲ ဖြစ်ဖြစ် သွားနိုင်တယ်" ဟု ဆိတ်ဖွားက ပြောလိုက်ရာ အိုလံက. . .

"သူက ဘုရင်မကြီးပဲဥစ္စာ" ဟု ပြောလိုက်လေ၏။

"ဘုရင်မကြီးလဲ မိန်းမ မဟုတ်လား၊ မိန်းမများမသွားရဆိုတဲ့ စည်းကမ်းချက်ထဲမှာ သူလဲ အကြုံးဝင်နေတယ်လေကွာ"

"ဟား. . . ဟာ. . . ဟာ. . . ဟုတ်တယ် ဆရာဆိတ်ဖွား သိပ်မှန်တယ် ဆရာဆိတ်ဖွား၊ ဆရာဆိတ်ဖွားဟာ တကယ့်ပညာရှင်ပါပဲ၊ အိုကေ ရှိတ်ကင်း"

ဟုဆိုကာ အိုလံသည် ဆိတ်ဖွားအား လက်ဆွဲနှုတ်ဆက်လေ၏။

အိုလံသည် အူမြူးလျက်ရှိသည်။ သချိုင်း ဇရပ်သို့ ဆိတ်ဖွားရောက်ရှိ လာခြင်းအတွက် အကျေနပ်ကြီး ကျေနပ်၍ နေပေ၏။

များမကြာမီအချိန်၌ မိုးအနည်းငယ် စဲ၍ သွားပြီဖြစ်သဖြင့် အိုလံ သည် ဆိတ်ဖွားအား နှုတ်ဆက်၍ တောင်းရမ်းရန်အတွက် မြို့ထဲသို့ထွက်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ဆိတ်ဖွားသည် ပေါက်တူးကိုထမ်း၍ ဦးနတ္တိဆိုသူ၏ အုတ်ဂူတစ်ဂူပေါ်၌ ထိုင်ကာ ထိုနေ့အဖို့ ရောက်ရှိလာမည့် အသုဘများကို မျှော်လင့်၍ နေလေ၏။ မိုးစဲသွားပြီး မျှားမကြာမီ၌ပင် နေပွင့်၍ သာသာယာယာရှိလာလေ၏။

ဆိတ်ဖွားသည် လွယ်အိတ်ကြီးအတွင်းမှ စာအုပ်တစ်ခုပ်ကို ဖတ်ရှု၍၊ ဖတ်ရှုရင်း ရောက်လာမည့် အသုဘကို မျှော်လင့်၍ နေလေ၏။

ထိုအချိန်၌ မော်တော်ကား တစ်စီးသည် ဆိတ်ဖွားလမ်း(သင်္ချိုင်းလမ်း) အတိုင်း မောင်းနှင်လာပြီးလျှင် ဆိတ်ဖွားအနီးသို့ လာ၍ရပ်လေ၏။ ထို့နောက် ကားပေါ်မှ လူနှစ်ယောက် ဆင်းလာပြီးလျှင် ဆိတ်ဖွားဆီသို့ လာလေ၏။

"ဒီမှာဗျို့ အုတ်ဂူလုပ်ချင်လို့ပါ"

ဟု တစ်ယောက်သောသူက ပြောလေ၏။

"ရပါတယ်" ဟု ဆိတ်ဖွားက ပြန်၍ ပြောလိုက်ပြီးလျှင် ဆေးပြင်းလိပ်ကို မီးညှိ လိုက်လေသည်။

"အသုဘက နောက်ငါးရက်ကြာမှ ချမယ်၊ အဲဒါ အုတ်ဂူလုပ်ထားချင်တယ်"

"ရပါတယ်၊ နောက်ငါးရက်ကြာမှ ချချ ဆယ်ရက်ကြာမှ ချချ ရပါတယ်"

(ထိုအချိန်က တာမွေသင်္ချိုင်းသည် တောသင်္ချိုင်းများကဲ့သို့ပင် ရှိသေး၏။ သင်္ချိုင်းဝန်ထောက် ဆိုသည်လည်း မရှိသေးပေ၊ ရန်ကုန်မြို့မှာလည်း လူဦးရေနည်းသေးပေရာ အသေအပျောက် လွန်စွာနည်းပေသည်။ သင်္ချိုင်း မြေနေရာသည် မြူနီစပါယ်နှင့်ဆိုင်သော်လည်း ယခုခေတ်ကဲ့သို့ တိတိကျကျ ဆောင်ရွက်ခြင်းမရှိသေးပါ။ စန္ဒာလ ဆိုသူများသည် မြူနီစပယ်နှင့်ပတ်သက် ခြင်းမရှိသေးပါ။)

ထိုအခါ၌ ကားပေါ်မှ ဆင်းလာသူက ဆယ်တန်သုံးရွက်ကို ထုတ်၍ ဆိတ်ဖွားလက်သို့ ပေးလိုက်လေ၏။ ထိုသို့ ပေးပြီးကာမှ ဆိတ်ဖွားအား မယုံသလို မျက်နှာနှင့် ကြည့်ရှုပြီးလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com

"ငွေလက်ခံပြီးပြီ ဆိုတဲ့အကြောင်း"

ဟု ပြောလိုက်ရာ ဆိတ်ဖွားက သဘောကျ၍ ရယ်လေ၏။

"ဟာ. . . ဟာ၊ ကိုယ့်လူကလဲ သုဘရာဇာဆီမှာ ဘောက်ချာတောင်း နေပြန်ပြီ၊ ဘယ်ကလဲ ဘောက်ချာရှိရမှာလဲဗျ"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် ထိုသူ၏ မျက်နှာမဲ့ရွဲ့၍ သွားလေ၏။ ထိုသို့ မဲ့ရွဲ့ပြီးနောက် ထိုသူက. . .

"ဘောက်ချာမရတာကတော့ ကိစ္စမရှိပါဘူး သေသေချာချာတော့ လုပ်ပါ" ဟု ပြောပြန်လေ၏။

"ခင်ဗျားပေးတဲ့ ငွေသုံးဆယ်တန်အောင် လုပ်ပေးပါ့မယ်"

ဟု ဆိတ်ဖွားက အတိအကျ ကတိပေးလိုက်လေ၏။

"အခု အသုဘက ရိုးရိုးအသုဘ မဟုတ်ဘူးဗျ၊ အရေးကြီးတယ်"

ဟု ထိုသူက ဆိုပြန်လေ၏။

"ဗျာ. . . ဗျာ. . . ရိုးရိုးအသုဘ မဟုတ်ဘူး၊ အရေးကြီးတယ် ဟုတ်လား" ဟု ဆိတ်ဖွားက အလောတကြီးပြန်၍ မေးလိုက်လေ၏။

"ဟုတ်တယ်၊ ရိုးရိုး အသုဘက မဟုတ်ဘူး"

"ဘယ်လိုလဲ၊ အဲဒီ အသုဘက အသက်ရှူနေတဲ့ အသုဘလား"

ဟု ဆိတ်ဖွားက ပြန်၍ မေးလိုက်၏။

"ဘယ်ကသာ အသက်ရှူရမှာလဲ၊ အသုဘပါ ဆိုနေမှပဲ အသက်ရှူ နေပါ့မလားဗျာ" ဟု ထိုသူက စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်လေ၏။

"မသိဘူးလေဗျာ ခင်ဗျားက ရိုးရိုးအသုဘ မဟုတ်ဘူးဆိုတော့ ဆန်းဆန်း အသုဘပဲဖြစ်လိမ့်မယ်လို့ ကျုပ်က ထင်မိတာကို"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။ ထို့နောက် ဆေးပြင်း လိပ်ကို မီးညှိပြန်၏။

"ရိုးရိုးအသုဘ မဟုတ်ဘူးဆိုတာ သေတဲ့လူက ဘီအိုစီက အရာရှိကြီး လေဗျာ"

"အရာရှိကြီးပဲဖြစ်ဖြစ်၊ ဘာကောင်ကြီးပဲဖြစ်ဖြစ် သေရင်တော့ အသက်မရှူတော့ဘူး၊ အသက်မရှူတော့တဲ့ မသာချင်းအတူတူပဲ ကျုပ်တို့လို


www.burmeseclassic.com

www.burmeseclassic.com


သုဘရာဇာအဖို့တော့ ဘာမှပိုပြီး မထူးပါဘူး ကိုယ့်လူရယ်. . . မသာဟာ မသာပဲပေါ့ဗျာ”

ဟု ဆိတ်ဖွားက ပြောလိုက်ရာ ထိုသူ၏ မျက်နှာသည် ကျွဲနှင်းခံရသော ရွံ့ဗွက်ကဲ့သို့ ရှုံ့တွ၍ သွားပြီးလျှင် ကားပေါ်သို့ တက်ကာ ဝူးခနဲ မောင်းထွက်သွားလေ၏။

ထိုအခါ၌ ဆိတ်ဖွားသည် အုတ်ဂူပေါ်၌ ထိုင်ရင်း အောက်ပါအတိုင်း ညည်းညူလိုက်လေ၏။

“လူတွေ. . . လူတွေ. . . တော်တော့ကို ခွကျတဲ့ လူတွေ၊ မသာဖြစ်တဲ့ ဘဝမှာတောင် အရာရှိလေး ဘာလေးနဲ့ ပါဝါပြချင်ကြသေးတယ်၊ ရယ်စရာကောင်းလိုက်တာ၊ ဟာ. . . ဟ”

ဤသို့နှင့်ပင် ဆိတ်ဖွားသည် တာမွေသင်္ချိုင်း၌ လုပ်ငန်းစခဲ့လေ၏။ မသာကျင်းတူးခြင်း လုပ်ငန်းအပြင်၊ လက်သမားပစ္စည်းများဝယ်ယူ၍ ခေါင်းများလည်း ပြုလုပ်လေ၏။ ဆိတ်ဖွားခေါင်းလုပ်ပြီးလျှင် အိုလံက ငွေနီမှုန့်နှင့် ထင်းရှူးဆီကို ဖျော်စပ်ကာ ခေါင်းကို သုတ်လေ၏။ ဆေးသုတ်ပြီးသည့်အခါ၌ သံရောင်ပြားများကို ဝယ်၍ ပန်းပုံများညှပ်ကာ ခေါင်း၏ ပတ်လည်တွင် ရှောက်ဆူးသံဖြင့် လျှောက်၍ ရိုက်လေ၏။

တစ်ခါ၌ အိုလံသည် ခေါင်းလုံးတစ်လုံးကို ဆေးသုတ်ပြီး၍ သံရောင်ပန်းများ အတွန့်များ ရိုက်ပြီးလျှင်. . .

“ဆရာဆိတ်ဖွားရေ ကျွန်တော်ဖန်တီးလိုက်သော ခေါင်းကြီးတော့ တော်တော့်ကို လှသွားပြီဗျို့၊ ဒီတော့ ခေါင်းရဲ့ထောင့်မှာ ‘ခေါင်းအလှဖန်တီးသူ မစ္စတာအိုလံ’ဆိုတဲ့ စာတန်းလေး ထိုးချင်တယ်” ဟု ပြောလေ၏။

“တော်တော်ကြာ မြေကြီးထဲ မြှုပ်ပစ်မယ့်ဟာပဲကွာ လက်မှတ်ထိုးဘို့ မလိုပါဘူး” ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

“မဟုတ်ဘူးလေဆရာ၊ နောင် နှစ်ပေါင်း ရာနှင့်ထောင်နဲ့ချီပြီး ကြာလာတဲ့အခါမှာ ရှေးဟောင်းသုတေသနဆရာတွေဟာ ကျုပ်တို့ဖန်တီးခဲ့တဲ့ ခေါင်းတွေကို တူးဖော် တွေ့ရှိခဲ့လို့ရှိရင် (၂၀)ရာစုရဲ့ခေါင်းပညာရှင်တွေဟာ ဘယ်သူတွေမှန်း မသိဘဲ ဖြစ်နေကြလိမ့်မယ် ဆရာဆိတ်ဖွားရဲ့”


www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဟ၊ တော်တော်လာတဲ့ကောင် ထားပါတော့ကွာ၊ မင်းပြောသလိုပဲ နောင် ရာစုပေါင်းများစွာ ကြာလာတဲ့အခါမှာ ရာဇဝင်ဘက်က လူတွေဟာ မင်းရဲ့လက်ရာ ခေါင်းကြီးကို တူးဖော်တွေ့ရှိခဲ့ရင် သူတို့ရဲ့ ကောက်ချက်တွေဟာ လွဲကုန်နိုင်တယ်ကွ"

"ဘာဖြစ်လို့လဲ ဆရာဆိတ်ဖွား"

"မင်းရဲ့နာမည်ကြောင့်ပဲ၊ မစ္စတာအိုလံ ဆိုတဲ့ စာကိုဖတ်မိရင် ရာဇဝင်ဆရာတွေက ဘယ်လို မှတ်တမ်းတင်ကြမယ်ထင်သလဲ သိလား"

"ဆိုစမ်းပါဦး ဆရာဆိတ်ဖွား"

"(၂၀)ရာစုပိုင်းလောက်တွင် မြန်မာနိုင်ငံရှိ သုဘရာဇာလုပ်ငန်းများအား မြန်မာစာတတ်ကျွမ်းသော အင်္ဂလိပ်လူမျိုးများက လုပ်ကိုင်လေ့ရှိသည်လို့ ရာဇဝင်ဆရာတွေက မှားပြီး မှတ်တမ်းတင်ကြလိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ရေးတာက မြန်မာလို၊ နာမည်က မစ္စတာအိုလံ ဖြစ်နေတာကိုးကွ၊ ဟား. . . ဟား"

"ဟုတ်တယ် ဆရာဆိတ်ဖွားရေ၊ ရာဇဝင်ဆရာတွေကို သနားလို့ မရေးတော့ပါဘူးဗျာ"ဟု အိုလံသည် ဆိတ်ဖွား၏ အကြံပေးချက်အရ ခေါင်းတွင်လက်မှတ် မထိုးဖြစ်တော့ပေ။

ဤသို့နှင့်ပင် တာမွေသချိုင်း၌ မုန့်ဟင်းခါးဟင်းရည် အဆစ်တောင်းခြင်းကို စတင်ဖော်ထုတ်ခဲ့သောသူ၏မြေး သုဘရာဇာဆိတ်ဖွားနှင့် သူတောင်းစား အိုလံတို့သည် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြလေ၏။

ထိုသူနှစ်ဦးသည် အုတ်ဂူများပေါ်၌ ထိုင်ကာ လူ့လောကကြီးအား ရှုမြင်သုံးသပ်၍ ရယ်စရာကောင်းသော အချက်များတွေ့လျှင် နှစ်ယောက်သားအားရပါးရ ရယ်မောကြလေ၏။

တစ်ခါတစ်ရံ၌ ဆိတ်ဖွားရုတ်ဒ်ခေါ် ဆိတ်ဖွားလမ်းမကြီးပေါ်၌ နှစ်ယောက်သား လမ်းလျှောက်ရင်း စကားပြောနေတတ်လေ၏။

တစ်ခါ၌ အိုလံနှင့်ဆိတ်ဖွားသည် ဆိတ်ဖွားရုတ်ဒ်၌ လမ်းလျှောက်၍ စကားပြောလျှက်ရှိကြစဉ်တွင် အိုလံက ဆိတ်ဖွားအား. . .

www.burmeseclassic.com

www.burmeseclassic.com


"ဆရာဆိတ်ဖွားရေ. . . ဆရာနဲ့ကျွန်တော် မိန်းမ ယူကြရင်ကောင်းဘူးလား" ဟု အစချီလိုက်လေ၏။

"မင်းက ဘယ်လို မိန်းမျိုးကို လိုချင်တာလဲ အိုလံ"

ဟု ဆိတ်ဖွားက ပြန်၍ မေးလေ၏။

"မဆူ၊ မကြုံ၊ မနိမ့်၊ မမြင့်၊ မဖြူ၊ မညို. . . ဟဲ. . . ဟဲ အဖြစ်ခြောက်ပါးနဲ့ လွတ်တဲ့မိန်းမ၊ ပြီးတော့ နှာတံပေါ်ပေါ်၊ မျက်လုံးပြူးပြူး၊ မျက်ခုံးမွေးကောင်းကောင်း မိန်းမတစ်ယောက် လောက်တော့ လိုချင်တယ်"

"အဲဒါမျိုးကို တွေ့ထားပြီလား"

"တွေ့ထားတာတော့ ကြာပါပြီ ဆရာ၊ စကော့ဈေးထဲမှာ စက်ချုပ်တယ်၊ သူ့နာမည်က မအေးသန်းလို့ ခေါ်တယ်ဆရာ"

"ယူလေကွာ၊ မင်းတို့ မင်္ဂလာဆောင်မှာ ငါက ခေါင်းနှစ်လုံးလက်ဖွဲ့မယ်"

"ဆရာကလဲဗျာ၊ စိတ်ကို ညစ်သွားတာပဲ"

"တကယ်ရလို့ တကယ်ယူရင် ဒီထက် စိတ်ညစ်ဦးမယ် ကိုယ့်လူ"

"ဘယ်လို စိတ်ညစ်ရမှာလဲ ဆရာဆိတ်ဖွားရဲ့"

"ထဘီအသစ် ပေါ်ပြန်ပြီလို့ မင်းကို ပူဆာမယ်"

"လွယ်ပါတယ်၊ ကျွန်တော် တောင်းလို့ရသမျှ ပိုက်ဆံတွေစုပြီး ဝယ်ပေးမယ်"

"မျက်နှာခြယ်နဲ့ ပါးနီဆိုးဆေး ကုန်ပြန်ပြီ"

"ကျွန်တော် ဝယ်ပေးမယ်"

"ဖိနပ်က ပုံရိုးသွားလို့ အသစ်စီးချင်တယ်"

"ကျွန်တော် ဝယ်ပေးမယ်၊ လွယ်ပါတယ် ဆရာရဲ့"

". . . . . . . . . ."

"ကျွန်တော်ဝယ်ပေး. . . ဟင်. . . ဟင်. . . ဝယ်ပေး လို့မဖြစ်ဘူး၊ အဲဒါကတော့ သတ်ကိုသတ်ရမယ် ဆရာ၊ ဒီကောင်မမျိုး အရှင်ထားလို့ မဖြစ်ဘူး၊ သတ်ရမယ်" ဟု အိုလံက ဒေါသတကြီး ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟာ. . . ဟာ၊ အဲဒီအခါမှာ စောစောက ငါလက်ဖွဲ့ထားတဲ့ ခေါင်းဟာ အတော်ပဲပေါ့ကွာ"

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ငါနေတဲ့ တောင်ငူသချိုင်းကုန်းကို မောင်သံဟိတ်ခေါ် မြိုင်ရာဇာတာတေဆိုတဲ့ လူတစ်ယောက် ပြေးပြီး ရောက်လာဖူးတယ်၊ သူ့ရဲ့မိန်းမက သူ့ရဲ့သူငယ်ချင်းနဲ့ သစ္စာဖောက်တာကြောင့် မြိုင်ရာဇာတာတေက လက်စားချေပြီး သတ်ပစ်ခဲ့တယ်၊ ငါက ကြံရာပါပေါ့ကွာ၊ အဲဒီအမှုနဲ့ပဲ သူဟာ ကြိုးစင်ကို တက်သွားရရှာတယ်၊ ငါလဲ ထောင်ကျသွားရတယ်ကွ" ဟု ဆိတ်ဖွားက သူ၏ အတွေ့အကြုံတစ်ခုကို ပြောပြလိုက်ရာ အိုလံ သည် စုတ်တသပ်သပ်နှင့် နားထောင်၍ နေလေ၏။

အိုလံသည် ဆိတ်ဖွား၏ စကားဆုံးသည့်အခါ၌. . .

"ဆရာဆိတ်ဖွား ပြောတာနဲ့ ကျွန်တော်တောင် မိန်းမယူရမှာကြောက်လာပြီ၊ အခုနေများ စကော့ဈေးက ကောင်မလေးက အိုလံရယ် ကျွန်မကို လက်ထပ်ပါတော့လို့ ပြောလာရင် ဘယ်လိုများ ဖြေမလဲ မသိပါဘူး"

ဟု ညည်းတွားလိုက်သတည်း။

> မည်မျှဩဇာရှိ၍ မည်မျှပင် ယောကျ်ားများအပေါ်၌ လွှမ်းမိုးနိုင်သော မိန်းမဖြစ်ပါစေ အိမ်ထောင်ကျသည့်အခါ၌ သူကိုယ်တိုင် ကိုယ်ဝန်ဆောင်ရပေမည်။ သူ၏ယောကျ်ားအား ကိုယ်ဝန်ဆောင် ခိုင်းရန် မဖြစ်နိုင်ပေ။
>
> **မေရာဆိတ်ဆော ဆိတ်ဖွား**

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com


# သနားစရာ အိုလံ

တစ်နေ့သ၌ ဆိတ်ဖွားတို့၏ တာမွေသင်္ချိုင်းသို့ လွန်စွာ စည်ကားသော အသုဘတစ်ခု ချ၍လာလေ၏။ ထိုအသုဘအတွက် ဆိတ်ဖွားသည် တွင်းကို တူးခဲ့ပြီးနောက် မောပန်းလှသည်နှင့် ဦးနတ္တိဆိုသူ၏ အုတ်ဂူပေါ်တွင် ထိုင်ကာ အနားယူလျက်ရှိလေ၏။ အသုဘရထားရှေ့မှ ကြေးစည်ရိုက်သော သူများက လည်း လွန်စွာ ကြီးမားသော ကြေးစည်ကြီးကို ရိုက်နှက်၍လာကြလေ၏။

မိမိအသံကောင်းခြင်းကို လွန်စွာ ပြလိုလှသော သူတစ်ဦးလည်း အသုဘရထားနောက်မှ လိုက်ပါလာ၍ ဘုရား သံပေါက်ကို ဆွဲငင်စွာ ဆိုလေ၏။

သင်္ချိုင်းသို့ရောက်လျှင် အသုဘခေါင်းအား ဆိတ်ဖွားတို့ နေထိုင်ရာ ဇရပ်ကြီးပေါ်၌ သယ်ဆောင်သွားကြပြီးလျှင် ဘုန်းတော်ကြီးများရှေ့မှောက်၌ ထားကာ သရဏဂုံ တင်ကြလေ၏။

ထိုအခါ၌ ဆိတ်ဖွားအနီးသို့ သူတောင်းစာအိုလံ ရောက်လာပြီးလျှင်. . .

"ဆရာဆိတ်ဖွားရေ. . . သေတဲ့လူက ကျန်းမာရေး အလွန်လိုက်စားတဲ့လူ ဆိုပဲဗျ" ဟု ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com


ဆိတ်ဖွားက တစ်စုံတစ်ရာပြန်၍ မပြောဘဲ ဆေးပြင်းလိပ်ကို မီးညှိ၍ ပါးစောင်၌ ခဲထားလိုက်လေ၏။ ထိုအခါ၌ အိုလံက ဆက်၍ ပြောပြန်လေ၏။

"ဆရာဆိတ်ဖွားရေ. . . သေတဲ့လူက အလေးမသမားလို့ ပြောတယ်ဗျ၊ ကျုပ်ဖြင့် အံ့ပါရောဗျာ၊ ဒီအသက်အရွယ်နဲ့ အားကစားသမားတစ်ယောက် သေတယ်ဆိုတာ"

"အသက်က ဘယ်လောက်တဲ့လဲ"

ဟု ဆိတ်ဖွားက မေးလိုက်လေ၏။

"သုံးဆယ့်တစ်နှစ်ပဲ ရှိသေးတယ် ဆရာဆိတ်ဖွားရဲ့"

"ဟ. . . ဒီအရွယ်ဟာ သေလို့ကောင်းတဲ့ အရွယ်ပဲကွ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ အိုလံက ဆိတ်ဖွားမျက်နှာကို နားမလည်သလို ကြည့်၍နေ၏။

ထိုသို့ ကြည့်ပြီးနောက် . . .

"ဆရာ ကိုဆိတ်ဖွားကလဲဗျာ၊ ဘယ့်နှယ် သေလို့ကောင်းတဲ့အရွယ် လဲဗျ"

ဟု မေးလိုက်လေ၏။

"ဟ. . . ကောင်ရ. . ."

"သူ့မိန်းမကတော့ နောက်လင်ယူမယ့် မိန်းမျိုး မဟုတ်ဘူး ဆရာရဲ့၊ သူ့ယောကျ်ားကို တော်တော်ချစ်ပုံ ရတယ်၊ သချိုင်းဝမှာချည်းပဲ ငိုရင်းတက် သွားတာ နှစ်ခါ၊ ဇရပ်ပေါ်မှာလဲ ငိုရင်းတက်သွားလို့ နှာနှပ်ပေးရသေးတယ်၊ လမ်းမှာလဲ ငိုရင်း တက်တက်သွားတယ်ဆိုပဲ"

ဟု အိုလံက ပြောလေ၏။

"ငါ. . . သုဘရာဇာ လုပ်လာတဲ့ သက်တမ်း တစ်လျှောက်မှာ ယောကျ်ား သေလို့ မနေဘူး၊ ကျွန်မပါ တစ်ခါတည်းလိုက်ပြီး သေမယ်ဆိုပြီး မသာကျင်း ထဲကို ခုန်ဆင်းတဲ့မိန်းမ ငါးယောက်တွေ့ဖူးတယ်၊ အဲဒီ ငါးယောက်စလုံးကို လိပ်စာမေးပြီး လေ့လာကြည့်မိတယ်ကွ၊ အဲဒီမှာ ဘာတွေ့သလဲဆိုတော့. . ."

"ဘာတွေ့သလဲ ဆရာ"


www.burmeseclassic.com

www.burmeseclassic.com


"အဲဒီ မိန်းမတွေဟာ ယောကျ်ားသေပြီး နှစ်မကူးခင်မှာပဲ နောက်ယောကျ်ားယူသွားကြတာကို တွေ့ရတယ်၊ ဟာ. . . ဟ"

"ဗျာ. . ."

"ဒီလိုကွ. . . သိပ်ငိုတဲ့မိန်းမဟာ ယောကျ်ားကို သိပ်ချစ်တတ်တဲ့မိန်းမကွ၊ သိပ်ချစ်တတ်တော့ ယောကျ်ားဆိုတဲ့အရာမရှိရင် နေလို့မဖြစ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့ကွာ၊ ငါပြောတော့ မယုံရင် စောင့်ကြည့်စမ်းပါကွာ၊ ဒီမိန်းမလဲ ငိုနေရင် သိပ်မကြာပါဘူး၊ ဟာ. . . ဟ"

အိုလံလည်း ဆိတ်ဖွားပြောသည်ကို နားထောင်ရင်း ဆေးပေါ့လိပ်တစ်လိပ်ကိုထုတ်၍ မီးညှိလိုက်လေ၏။

အသုဘ လိုက်၍ပို့ကြသော သူများလည်း ဇရပ်အပေါ်၌ အချို့တဝက်မျှသာရှိ၍ ကျန်သောသူများမှာ ကိုယ့်အုပ်စုကလေးနှင့်ကိုယ် ဟိုနေရာတစ်စု သည်နေရာတစ်စုရှိနေကြလေ၏။

ဇရပ်ပေါ်၌ ဘုန်းကြီးများအား ဘိလပ်ရည်များ ကပ်နေသဖြင့် ဘုန်းကြီးများလည်း ဘိလပ်ရည် ဘုဉ်းပေးတော်မူကြပေသည်။ ဆိတ်ဖွားသည် ဇရပ်ပေါ်သို့ တစ်ချက်ကြည့်လိုက်ပြီးနောက် ဟိုတစ်စု သည်တစ်စု စကားပြောလျက် ရှိကြသော မသာပို့သူများကို ကြည့်ပြန်၏။

"အိုလံရေ. . . လူတွေရဲ့ ပကတိသဘောကို သိချင်ရင် မယောင်မလည်နဲ့ လူတွေနားသွားပြီး သူတို့အချင်းချင်း ပြောဆိုနေတာကို နားထောင်ကြည့်ပါလား၊ လာပါ. . . ငါလဲ အဖော်လိုက်ပါ့မယ်"

ဆိတ်ဖွားနှင့် အိုလံတို့သည် သစ်ပင်အောက်၌ စု၍ စကားပြောနေကြသော မိန်းမတစ်စုနားသို့ မယောင်မလည် လျှောက်သွားခဲ့ကြလေ၏။ စု၍ ထိုင်နေသော မိန်းမငါးယောက်အနက် ယောဂီရောင် တဘက်ကလေးကို လက်ကန်တော့ထိုး၍ ထားသော မိန်းမတစ်ယောက်၏ အသံကို အောက်ပါအတိုင်း စတင်ကြားရလေ၏။

"လင်ငယ်နဲ့ လိုက်သွားပြီး အခုကျမှ လင်ကြီးကို ပြန်ကပ်ချင်လို့ ရမလား မသန်းရွှေရယ်"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အခြားသော မိန်းမတစ်ယောက်၏ အသံထွက်ပေါ်လာပြန်၏။

"သူ့အကောင်က ပစ်သွားလို့ ပြန်ကပ်ချင်တာ နေမှာပေါ့"

မိန်းမတစ်ဦး၏ အသံ. . .

"ဟိုကောင်ကလဲ အတည်ကြံပါ့မလား မထားမေရယ်၊ ဒါမျိုးက ဒီလို ပဲပေါ့၊ သူတို့အကြောင်းတော့ ထားလိုက်ပါတော့၊ ကုန်စုံဆိုင်က ကောင်မအကြောင်းကော ကြားပြီးပြီလား"

"ဟင့်အင်း မကြားသေးပါဘူး၊ ပြောစမ်းပါဦး"

ဟု ကျန်လေးယောက်က ယိမ်းတိုက်ထားသည့်အလား ပြိုင်တူဖြေ၏။

"ကြက်သွန်အိတ်တို့ ငရုတ်သီးအိတ်တို့ ထမ်းတဲ့အပွနား ဆိုတဲ့ ကုလားနဲ့ မိလို့လေ"

"ဟောတော့" ဟု ဆိုကာ အာမေဍိတ် ပြုကြလေ၏။

ဆိတ်ဖွားသည် အိုလံအား မျက်စပစ်ပြ၍ အခြားသော နေရာသို့ သွားပြန်၏။ ထိုနေရာ၌ ယောကျ်ားသုံးလေးဦးသည် ဝိုင်းဖွဲ့၍ စကားပြောနေကြ၏။

ဖေ့ဦးထုပ်ဆောင်းသော လူတစ်ဦးက. . .

"ဒီတစ်ခါလဲ ဂျာမနီ ဝင်ပါလိမ့်မယ် ထင်တယ်"

ဘောင်းဘီတို ဝတ်ထားသော လူတစ်ဦးက. . .

"မိုဆိုလိုနီနဲ့ ဟစ်တလာတောင် တွေ့နေကြပြီပဲ"

တိုက်ပုံအင်္ကျီနဲ့ လူတစ်ဦးက. . .

"ဂျာမနီ စက်ပစ္စည်းတွေက ဘယ်နှယ့်ကြောင့် ဝက်အူရစ်တွေက ဘယ်ရစ်တွေ လုပ်ရတာလဲဗျာ၊ ပြောစမ်းပါဦး"

ဆိတ်ဖွားနှင့် အိုလံတို့သည် ထိုစကားဝိုင်းအနီးမှ ရွှေ့လာခဲ့ပြီးလျှင် အခြားသော အုပ်စုနေရာသို့ သွားရောက်ကြပြန်၏။ ထိုအုပ်စု၌ အောက်ပါ စကားသံများကို ကြားရပြန်၏။

"အဲဒီ ကောင်မက ခေါ်ရင်လိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com


"ကိုယ့်လူ ပိုင်မှ ပြောနော်"

"စိန်လိုက်လေ. . ."

"ဒါမျိုးတော့ ကျုပ်က ဝါသနာ သိပ်မပါဘူး"

"ပြီးခဲ့တဲ့ အပတ်က လင်မယားချင်း ရန်ဖြစ်တာ ရုံးစာရေးမလေးရဲ့ စာတစ်စောင်တွေ့လို့ဆို"

ဆိတ်ဖွားတို့သည် ထိုစကားဝိုင်းမှ ရွေ့၍ အခြားသောစကားဝိုင်း တစ်ခုသို့ သွားပြန်ရာ အောက်ပါအသံများကို ကြားရပြန်၏။

"ဒီကောင်တွေက ဆီမစားဘူး"

"ဒါပေမယ့် ခရီးဝေးကတော့ စကားပြောတယ်"

"ရှပ်ကတော့ ဒုက္ခအပေးဆုံးပဲ"

"ဂီယာက အရေးကြီးတာဗျ"

ဆိတ်ဖွားတို့သည် ထိုစကားဝိုင်းမှ မိနစ်မသုံးယောက်၏ စကားဝိုင်းသို့ ရွေ့ခဲ့ကြပြန်ရာ အောက်ပါအသံများကို ကြားရပြန်၏။

"ငါးပိကြော်ကလဲ ငန်လိုက်တာရှင်"

"ကျွန်မရောက်တော့ အရိုးပဲ ကျန်တော့တယ်"

"ရှင် ဘာသိလို့လဲ၊ မျက်နှာကြီး ဧည့်သည်တွေလာမှ ထုတ်ပေးမယ် ဆိုပြီး သိမ်းထားတဲ့ ဟင်းတွေက တစ်ပုံကြီးပဲ"

ဆိတ်ဖွားနှင့် အိုလံတို့သည် ဤသို့လျှင် လှည့်လည်၍ နားထောင် ပြီးနောက် မူလက ထိုင်ခဲ့သော အုတ်ဂူကလေးပေါ်၌ ပြန်၍ ထိုင်ကြသည့် အခါ၌ ဆိတ်ဖွားက. . .

"ဘယ့်နှယ်လဲ အိုလံ၊ မသာပို့တဲ့ လူတွေရဲ့ စကားကို နားထောင်ပြီး မင်းဘယ်လို သဘောပေါက်သလဲ၊ ဆိုစမ်းပါဦး"

"သူတို့အားလုံး ပြောနေတာတွေ ကြားခဲ့ရပြီပဲ ဆရာဆိတ်ဖွားရယ်၊ သူတို့ပြောတဲ့ စကားထဲမှာ သေတဲ့လူအကြောင်းမပါဘူး၊ သေတဲ့လူကို သူတို့ သိပ်ပြီး စိတ်မဝင်စားကြဘူး ထင်တယ်. . ."

"သူတို့တင်မဟုတ်ဘူး အိုလံ၊ မသာပို့တဲ့ လူတွေရဲ့ စကားပြောသံ တွေကို နားထောင်ခဲ့တာ များပါပြီ၊ ဒါမျိုးတွေချည်းပဲ၊ ဒီတော့ မသာပို့တဲ့



www.burmeseclassic.com

www.burmeseclassic.com


လူတွေဟာ မိမိလိုက်ပို့နေတဲ့ မသာကို စိတ်ဝင်စားတယ်ဆိုတဲ့ လူဆိုတာ ငါ့တော့ မတွေ့ဖူးသလောက်ကို ရှားပါတယ်"

"ဒါဖြင့်ရင် ဘာဖြစ်လို့ လိုက်ပို့နေသေးလဲ ဆရာဆိတ်ဖွားရယ်. . ."

"မကောင်းတတ်လို့ ဆိုတဲ့ သဘောနဲ့ပို့နေကြတဲ့ လူတွေများတယ်၊ ဒါပေမယ့် မသာရှင်နဲ့တွေ့ရင်တော့ မကောင်းတတ်လို့ လိုက်ပို့ရပါတယ်လို့ ဘယ်သူပြောမလဲကွာ၊ စိတ်မကောင်းလိုက်တာ၊ မသေခင် သုံးရက်လောက်ပဲ ကျွန်မနဲ့စကားပြောခဲ့သေးတယ်၊ အခုလို လောလောလတ်လတ်ကြီးဖြစ်သွားတော့ ကျွန်မဖြင့် ထမင်းတောင်စားလို့ မရတော့ဘူး ဆိုတဲ့ ထမင်းတစ်ဇလုံစားလာတဲ့ မိန်းမရဲ့စကားသံ၊ ကျွန်တော် မသိဘူး၊ အိမ်ရောက်မှ သမီးက ပြောလို့၊ ကျွန်တော်ဖြင့် စိတ်မကောင်းတာဗျာ၊ ဒီရောဂါမှန်း သိရင်ဗျာ ကျွန်တော် မသိလို့ပါ၊ ကျွန်တော် မိတ်ဆွေ ဆရာတစ်ယောက်ရှိတယ်၊ သိပ်စွမ်းတာ၊ မဖြတ်ရ မလှီးရဘဲ စားဆေးနဲ့ကို ပျောက်ပါတယ်ဆိုတဲ့ သေမှ ဆရာကောင်း ရှာပေးဖော်ရသည့် ကိုလောကွတ်ရဲ့ စကားသံတွေကို ကြားခဲ့ရပေါင်းများပါပြီ"

"ဟုတ်တယ် ဆရာဆိတ်ဖွား"

"ကိုယ့်ကိစ္စမှာ သူက စိတ်မကောင်းချင်ယောင်ဆောင်ပြ၊ တစ်ခါ သူ့ကိစ္စမှာ ကိုယ်က စိတ်မကောင်းချင်ယောင် ဆောင်ပြနဲ့ အပြန်အလှန် လိမ်နေကြတာတွေကိုပဲ ငါတို့က လူမှုရေးလို့ ခေါ်ခဲ့ကြတာမဟုတ်လား အိုလံ၊ တချို့နေရာမှာ ဒါတွေဟာ အမြစ်တွယ်လာပြီး ယဉ်ကျေးမှုတောင် ဖြစ်လာကြလေရဲ့"

"ဟုတ်ပါရဲ့ ဆရာဆိတ်ဖွားရယ်"

"အကောင်းဆုံး ဟန်ဆောင်နိုင်တဲ့လူ၊ လိမ်နိုင်တဲ့ လူကို လူမှုရေးကျေပွန်တယ်၊ ယဉ်ကျေးတယ်လို့ အများက သတ်မှတ်လာကြတယ်၊ ဒီတော့ လူလောကကြီးမှာ လိမ်ညာမှုတွေဟာ နေရာရလာတယ်"

"ဟုတ်တယ် ဆရာဆိတ်ဖွား၊ ဒီတော့ ဒီလိုလုပ်ရင် မကောင်းဘူးလား ဆရာဆိတ်ဖွား"

"ဘယ်လိုလဲ အိုလံ ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"တခြားလူတွေ လိမ်ချင်လိမ်ကြပါစေဗျာ၊ ဆရာဆိတ်ဖွားနဲ့ ကျွန်တော်ကတော့ မလိမ်ဘဲ နေကြရအောင်" ဟု အိုလံက ပြောလေ၏။

"ဒါတော့ မဖြစ်နိုင်ဘူး. . . အိုလံ၊ ငါတို့ဟာ လူပေါ်စလောက်ကတည်းက လိမ်လည်ခြင်းရဲ့ အရသာကို တွေ့လာကြတာ ဖြစ်တယ်၊ အခုမှ ဒါကို တုံးတိကြီး ဖြတ်လိုက်မယ်ဆိုရင် နှစ်ပေါင်းများစွာ ဘိန်းစွဲလာတဲ့ ဘိန်းစားဟာ ဘိန်းကို တိခနဲ ဖြတ်လိုက်တဲ့အခါမှာ ဘိန်းဝမ်းသွားပြီး သေတတ်သလို ငါတို့ဖို့ အန္တရာယ်ကြီးမားတယ် အိုလံ"

"ဘယ်ဟုတ်မလဲ ဆရာဆိတ်ဖွားရယ်၊ ကျွန်တော်ကတော့ လုပ်နိုင်မယ် ထင်တယ်"

"ဒီလိုဆိုရင် စမ်းကြည့်ပါလား၊ ဒီအချိန်ကနေ နောက်နေ့ ဒီအချိန်ထိပဲ လုံးဝ လိမ်မပြောဘူးလို့ စောင့်ထိန်းကြည့်စမ်းပါဦး. . . အိုလံ၊ အဲဒါကို အောင်မြင်ရင် ငါလဲပဲ လိုက်ပြီး စောင့်ထိန်းမယ်"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ အိုလံက လက်သီး လက်မောင်းတန်း၍. .

"စိန်လိုက်လေ ဆရာဆိတ်ဖွား၊ အခုချိန်ကစပြီး နောက်တစ်နေ့ ဒီအချိန်အထိ လိမ်မပြောဘူး၊ ကျွန်တော်တို့ စိတ်ထဲမှာရှိတဲ့ အတိုင်းပဲပြောမယ်၊ အဲဒါအောင်မြင်ရင် ဆရာဆိတ်ဖွားလဲ လိုက်ပြီး လုပ်ရမယ်နော်"

ဟု ဆိုလေ၏။

ဆိတ်ဖွားကမူ အိုလံအား သနားစရာ သတ္တဝါတစ်ကောင်သဖွယ် ကြည့်၍ ပြုံးလိုက်ပြီးလျှင် ခေါင်းကို ညိတ်၍ ဖြေလေ၏။

ထိုအချိန်၌ ဇရပ်ပေါ်တွင်လည်း သရဏဂုံတင်ခြင်းကိစ္စ ပြီးစီးသွားပြီဖြစ်သဖြင့် မသာခေါင်းအား မြေမြှုပ်ရန် သယ်ယူကြလေ၏။ သေဆုံးသူ၏ မိန်းမလည်း. . .

"မနေဘူး ကိုသိမ်းမောင်ရေ. . . ကျွန်မပါလိုက်ပြီး သေမယ်တော့. . ."

ဟု အော်၍ ငိုလေ၏။

"အလကားပြောတာ တကယ်လိုက်ပြီး မသေနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


ဟု အိုလံက သူ၏စိတ်ထဲတွင် ရှိသည့်အတိုင်း အော်၍ ပြောလိုက်ရာ မသာလိုက်ပို့သူများသည် ဝါးခနဲ ပွဲကျသွားလေ၏။ အိုလံကိုလည်း ဝိုင်းဝန်း ကြည့်ကြလေ၏။

ဆိတ်ဖွားသည် အိုလံကို ကြည့်၍. . .

"ဘိန်းစား ဘိန်းဖြတ်လို့ ဘိန်းဝမ်းသွားတာထက် ဆိုးလိမ့်မယ် ကိုယ့်လူရေ၊ ကြည့်ပြီး လုပ်ဦး"

ဟု ဆိုကာ ခေါင်းအား မြေဖို့ရန်အတွက် ပေါက်တူးကိုထမ်း၍ ထွက်သွားလေ၏။

ထိုအချိန်၌ မသာပို့သူများသည် ယပ်တောင်များကို ကိုင်၍ မသာတွင်းဆီသို့ သွားကြလေ၏။ ထိုအထဲတွင် မိန်းမတစ်ယောက်သည် ယပ်တောင်နှစ်လက်ကို လက်မှကိုင်လျက် လျှောက်သွားသည်ကို မြင်လျှင် အိုလံ၏စိတ်၌ သူများတွေ ယပ်တောင် တစ်ယောက်တစ်ချောင်းသာလျှင် ယူပါလျက် ထိုမိန်းမက ယပ်တောင်နှစ်ချောင်း ယူထားခြင်းကို မကျေနပ်သလိုဖြစ်၍ လာသဖြင့်. . .

"ခင်ဗျားက ဘာဖြစ်လို့ တစ်ချောင်းပိုပြီး ယူထားရတာလဲ"

ဟု ပြောလိုက်လေ၏။ အပြောခံရသူ မိန်းမမှာ စောစောက မိန်းမများ ပြောနေသည့် လင်ကြီးရှိပါလျက် ကုလားအပွနားနှင့် ကြာဇာတ်လမ်းခင်းနေသည်ဆိုသော ကုန်စုံဆိုင်မှ မိန်းမဖြစ်လေ၏။

ကျန်သော မိန်းမများသည် အိုလံ၏ စကားသံကြောင့် ဝေါခနဲရယ်လိုက်လျှင် အပြောခံရသော မိန်းမမှာ ရှက်လွန်းသဖြင့် မျက်နှာကြီးနီရဲသွားကာ. . .

"ဟဲ့. . . အနူ နင်နဲ့ ဘာဆိုင်သလဲ" ဟု ဆိုလေ၏။

"ငါတကယ်နူနေတာ မဟုတ်ဘူး၊ လက်ကို ထန်းလျက်ရည်တွေ သုတ်ပြီး ပတ်တီးစည်းထားတာ၊ နူချင်ယောင်ဆောင် နေတာ"

ဟု အိုလံက ပြန်၍ ပြောလိုက်ရာ မသာပို့သူများ ဝေါခနဲ ရယ်မော လိုက်ကြပြန်၏။

အိုလံသည် ထိုနေရာမှထကာ မသာမြေဖို့ရာသို့ သွားလျှင် သေဆုံးသူ မိန်းမသည် မသာကျင်းအတွင်းသို့ ခုန်၍ ဆင်းမည်တကဲကဲ လုပ်နေသဖြင့် ဘေးမှ လူများက ချုပ်၍ ထားရလေ၏။


www.burmeseclassic.com

www.burmeseclassic.com


အိုလံသည် ထိုအခြင်းအရာကို ကြည့်၍ စိတ်ထဲတွင် ရှိသည့်အတိုင်း ပြောပြန်လေ၏။

"ချုပ်မထားပါနဲ့၊ လွှတ်လိုက်ကြစမ်းပါ၊ တကယ် မသေဝံ့ပါဘူး"

သေဆုံးသူ၏ မိန်းမလည်း အိုလံအား စားတော့ ဝါးတော့ မည်ကဲ့သို့ ရဲရဲနီသော မျက်လုံးများဖြင့် ကြည့်လေ၏။

"ဟောဒီက ကျုပ်ရဲ့ဆရာ ကိုဆိတ်ဖွားက ပြောတယ်၊ အဲဒါလို သေမတတ်ငိုတဲ့ မိန်းမဟာ နောက်လင် ခဏကလေးနဲ့ ယူတတ်တယ်ဆိုပဲ၊ ကျုပ်လဲ ဒီစကားကို ယုံတယ်"

ဟု အိုလံက ပြောလိုကရာ ငိုယိုလျက်ရှိသော မိန်းမ၏ အမျိုးများသည် အိုလံအား. . .

"သေခြင်းဆိုး"

ဟု ဆိုကာ ထိုးကြိတ် ရိုက်နှက်ကြလေတော့၏။

သေဆုံးသူ၏ မိန်းမကို ဖမ်းချုပ်ထားသူများသည် ထိုမိန်းမကို လွှတ်လိုက်ပြီး၍ အိုလံကို ထိုးကြိတ်ကြလေ၏။

"ကျုပ်ပြောတာ မယုံဘူးလား၊ ခင်ဗျားတို့ ဖမ်းထားရတဲ့ မိန်းမ အခုလို ဖမ်းထားမယ့်လူ မရှိတော့လဲ တွင်းထဲကို ခုန်မဆင်းဘူး မဟုတ်လား"

ဟု အိုလံက အထိုးအကြိတ် ခံနေရသည့် ကြားမှပင် ပြောလိုက်ပြန်ရာ ထိုမိန်းမသည် အိုလံထံသို့ ပြေးလာပြီးလျှင် အိုလံအား တွင်းထဲသို့တွန်းချလိုက်လေ၏။ ထိုမိန်းမ၏ ဆွေမျိုးများကလည်း မြေခဲများကို ယူ၍ တွင်းထဲသို့ ဖို့ချကြလေသည်။

ဆိတ်ဖွားသည် အိုလံအား တွင်းပေါ်မှနေ၍ လက်ကမ်းပေးကာ ဆွဲကာ ဆွဲတင်ပေးရလေ၏။ တွင်းပေါ်သို့ ရောက်သည်နှင့် အိုလံသည် ခြေကုန်သုတ်၍ ပြေးလေတော့၏။

မသာပို့သူများအားလုံး ပြန်၍ သွားသည့်တိုင်အောင် အိုလံပြန်၍ မလာခဲ့ပေ၊ ညမိုးချုပ်၍ ဆိတ်ဖွားသည် ရေနံဆီ မီးခွက်ကလေးထွန်းကာ စာဖတ်နေသည့်အချိန်မှပင် ဇရပ်ပေါ်သို့ ကုပ်ချောင်းချောင်းနှင့် တက်၍ လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com


မျက်နှာ၌လည်း အဖုအပိမ့် အညိုအမည်းများ ဖြစ်လျက် ရှိလေ၏။ ဆိတ်ဖွားသည် အိုလံ၏ မျက်နှာကို မီးခွက်ဖြင့် သေသေချာချာ ကြည့်လိုက်ပြီးနောက် အဓိပ္ပာယ်ပါပါ ပြုံးလိုက်လေ၏။

ထိုအခါ၌ အိုလံက. . .

"ဆရာဆိတ်ဖွားရေ. . . လိမ်မပြောတဲ့ ဥပုသ်စောင့်တာ ကံကောင်းလို့ အရှင်လတ်လတ် မြေမြှုပ်မခံရတယ်ဗျာ၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ လိမ်မပြောလို့ မဖြစ်ဘူး၊ ဒါကတော့ ကိုယ်တွေ့ပဲ"

ဟု ပြောလိုက်လေ၏။

"ဟာ. . . ဟ၊ သဘောပေါက်ပြီလား အိုလံ၊ ဘိန်းစား ဘိန်းဖြတ်တာထက် အန္တရာယ်များတယ် အိုလံ"

ဟု ဆိတ်ဖွားက ပြော၍ ရေနွေးအိုးတည်ပြီးလျှင် အိုလံ၏ မျက်နှာမှ ဒဏ်ရာများအား ကြပ်ထုတ်ထိုး၍ ပေးရလေသတည်း။

> လိမ်လည် ပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်းသည် ဘိန်းစွဲနေသူတစ်ဦး ဘိန်းဖြတ်သည်ထက်ပင် အသက်အန္တရာယ်ကို ဖြစ်စေနိုင်၏။
>
> ဒေါက်တာ ဆိတ်ဖွား

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com



# ဆိတ်ဖွား ပိဋကတ်တိုက်

ဆိတ်ဖွားနှင့် အိုလံတို့သည် တာမွေသချိုင်းရှိ ဇရပ်ကြီးပေါ်၌ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြလေ၏။ နေ့အခါများတွင် အိုလံသည် သူတောင်းစားအဖြစ်ဖြင့် မြို့ထဲသို့ထွက်ကာ လှည့်လည်တောင်းရမ်း၍ ညနေပိုင်းလောက်တွင် ပြန်လာပြီးလျှင် ဆိတ်ဖွား၏ ခေါင်းလုပ်ငန်း၌ ဆေးသုတ်ခြင်း၊ ပန်းဖော်ခြင်း စသော အလုပ်များကို ကူညီလုပ်ကိုင်ပေးလေ၏။

ညပိုင်းသို့ရောက်လျှင် ဆရာတပည့်နှစ်ဦးသည် သတ္တုချိုင့်စုတ်ကလေးအတွင်း၌ ရေနွေးကြမ်းကို ထည့်ပြီး ဦးနတ္တိအုတ်ဂူပေါ်၌ ထိုင်ကာ ရေနံဆီမီးခွက်ကို ရှေ့၌ ချလျက် ဆေးလိပ်မီးတရဲရဲနှင့် စကားပြောလေ့ရှိကြလေ၏။

လသာသော ညများ၌လည်း ဆိတ်ဖွားရုတ်ဒ်ခေါ် ဆိတ်ဖွားလမ်းမကြီးပေါ်၌ လမ်းလျှောက်ရင်း စကားပြောနေတတ်ကြလေ၏။

အကယ်၍ တစ်စုံတစ်ယောက်သောသူသည် ဆိတ်ဖွားနှင့် အိုလံတို့၏ အကြောင်းကြမ့် နေထိုင်ကြပုံကို တွေ့မြင်ရပါမူ သုဘရာဇာ လုပ်လိုစိတ် သို့မဟုတ် သူတောင်းစား လုပ်လိုစိတ်ပင် ပေါ်ပေါက်လာဖွယ်ရာ ရှိပေလိမ့်မည်။

တစ်နေ့သ၌ ဆိတ်ဖွားနှင့် အိုလံတို့သည် ဆိတ်ဖွားရုတ်ဒ် ခေါ် ဆိတ်ဖွားလမ်း၏ နံဘေး ဦးနတ္တိ၏ အုတ်ဂူပေါ်တွင် ထိုင်ကာ နံနက်စာ လက်ဖက်ရည်ကို နို့စိမ်းခွက်နှင့် ဝယ်ယူကာ သောက်လျက် ရှိကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ်၌ မော်တော်ကားတစ်စီးသည် ၎င်းတို့၏ အနီး၌ ကျွိခနဲရပ်လိုက်ပြီးလျှင် ကားပေါ်မှ အသက်(၄၀)အရွယ် မိန်းမတစ်ယောက်နှင့် အသက် (၆၀)အရွယ် အဘိုးကြီးတစ်ယောက် ဆင်း၍ လာလေ၏။

အသက်(၄၀)အရွယ် မိန်းမသည် ခေါင်းပေါ်၌ အမောက်ကြီးများ သဏ္ဌာန် ဆံပင်ကိုပြုပြင်ထားပြီးလျှင် မျက်နှာ၌လည်း မျက်နှာခြယ်များ လိမ်း ခြယ်၍ ထားလေ၏။

ထိုမိန်းမ၏ မျက်ခွံများမှာ လွန်စွာ ထူပြိန်းသည့်ပြင် ပါးစုံ့ကြီးများမှာလည်း လွန်စွာ ဖောင်းမို့လေ၏။ နှုတ်ခမ်းမှာမူ အပေါ်နှုတ်လမ်းတို၍ အောက်နှုတ်ခမ်း လွန်စွာ တွဲပေသည်။

ရင်သားများလည်း လွန်စွာ ဖွံ့ဖြိုးကြကုန်၏။ ထို့အတူပင် တင်သားကြီးများမှာလည်း လွန်စွာ မို့မောက်၍ ဖောင်းကြွလှပေသည်။

အသက်(၆၀)အရွယ် အဘိုးကြီးမှာလည်း စုစုပေါင်း အပိုင်(၃၆) ပင်ခန့်သာ ရှိတော့မည်ဖြစ်သော သူ၏ ဆံပင်ကို သေသပ်စွာဖြီး၍ ထားပြီးလျှင် ကာလသား အရွယ်များဝတ်သော စပို့ရှပ်အင်္ကျီ အဝါရောင်ကို ဝတ်ဆင်ထားလေ၏။

မိန်းမလုပ်သူသည် ဆိတ်ဖွားတို့ အနီးသို့ ခပ်သွက်သွက်လျှောက်၍ လာလေ၏။ သူ၏ ကိုယ်တွင် ဆွတ်ဖျန်းလာသော ရေမွှေးရနံ့မှာလည်း လှိုင်၍ နေပေသည်။

"ရှင်တို့ ဒီသချိုင်းက သုဘရာဇာတွေ မဟုတ်လား"

ဟု မိန်းမက မေးလိုက်လေ၏။

"ဟုတ်ပါတယ်" ဟု ဆိတ်ဖွား က ပြန်၍ ပြောလိုက်လေ၏။

"အုတ်ဂူ လုပ်ချင်လို့ပါ"

"ရပါတယ်၊ လုပ်ပေးပါ့မယ်"

"ဘယ်လောက်ကုန်ကုန် ကုန်ပါစေ၊ ခိုင်ခိုင် လှလှကလေးလိုချင်တယ်"

"စိတ်ချပါ၊ ခိုင်ခိုင်ခံ့ခံ့ လုပ်ပေးပါမယ်"

"လှလဲလှပါစေ"


www.burmeseclassic.com

www.burmeseclassic.com


"စိတ်ချပါ၊ အဲဒီ ဂူကိုမြင်ရင် ကျန်တဲ့ဆွေမျိုးတွေပါ လိုက်ပြီးသေချင်သွားအောင်ကို လှရပါစေမယ်၊ ကျုပ်ဆရာဆိတ်ဖွားက တစ်ခေတ်မှာ တစ်ယောက်ဆိုရအောင် ထူးချွန်တဲ့ လူပါပဲ၊ အုတ်ဂူလုပ်တဲ့ နေရာမှာတော့ ရှုပါစတားပါပဲ"

ဟု အိုလံကဝင်၍ ပြောလိုက်ရာ ထိုမိန်းမသည် မဲ့၍ သွားလေ၏။

"ပြီးတော့ အုတ်ဂူမှာ ဟောဒီ စာကလေးလိုလဲ ကျောက်ပြားကပ်ချင်တယ်' ဟုဆိုကာ စာရွက်တစ်ရွက် ထုတ်၍ ပေးလေ၏။

"ရပါတယ်၊ ဒါကတော့ ကျောက်ပြားလုပ်တဲ့ လူတွေရှိတယ်၊ အပ်ပေးပါ့မယ်" ဟု ဆိတ်ဖွားကပြန်၍ ပြောလိုက်လေ၏။

"ရီရီ . . . ဟောဟိုဂူက အစ်ကိုကြီးနဲ့ ကျောင်းနေဖက်သူငယ်ချင်းရာဇဝတ်ဝန်ထောက် ကိုဖေသက်ရဲ့ဂူပေါ့ကွာ"

ဟု အဖိုးကြီးက သူ၏ ဇနီးအား ပြောလိုက်လေ၏။

"အစ်ကိုကြီး၊ ဟိုက ဂူနှစ်လုံးကို တွေ့လား၊ တွဲပြီး လုပ်ထားတာလေ၊ ရီရီတို့ လင်မယားသေရင်လဲ အဲဒီလိုပဲ တွဲပြီးထားကြမယ်"

ဟု မိန်းမလုပ်သူက ပြောလေ၏။ ထိုစကားကို ကြားရလျှင် အဘိုးကြီးသည် လွန်စွာ ပီတိဖြစ်သော မျက်နှာနှင့် သူ၏ဇနီးအား ကြည့်လေ၏။

ထို့နောက် မိန်းမလုပ်သူက စာဘူးတောင်းသိုက်နှင့်တူသော သူ၏ ပိုက်ဆံအိတ်ကို ဖွင့်လျက် ဆိတ်ဖွားအား အုတ်ဂူလုပ်ရန်အတွက် ငွေကို ပေးလေ၏။

ထိုမိန်းမသည် ကားပေါ်တက်သည်အထိ . . .

"အုတ်ဂူလှလှကလေးနော်၊ လှလှကလေး"

ဟု ပြောဆို မှာကြားသွားလေ၏။

"ဒီမိန်းမ မြန်မြန် သွားပေလို့သာပေါ့ ဆရာဆိတ်ဖွားရယ်၊ နောက်ထက် (၁၅)မိနစ်နေရင် ကျုပ်တော့ သူရဲ့ရေမွှေးနံ့ကြောင့် ခေါင်းမူးပြီး သေနိုင်တယ်၊ ဟဲ . . . ဟဲ၊ သူ့အဖေလောက်ရှိတဲ့ အဘိုးကြီးကိုတောင် သေရင် အုတ်ဂူတွဲပြီး လုပ်ချင်တယ် ဆိုပါလား" ဟု အိုလံက ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဒီမိန်းမရဲ့ ရုပ်လက္ခဏာကတော့ သျှတ္တရကျမ်းအရ ဆိုရင် အဘိုးကြီး ခေါင်းကို ချို(ချိုး)တပ်မယ့် မိန်းမမျိုးပဲ"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် အိုလံသည် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

"တော်တော်ကို မဟုတ်တာပြောမယ့် မိန်းမမျိုးပဲ"

ဟု အိုလံက ဝင်၍ ပြောပြန်၏။

"အဘိုးကြီးရဲ့ မျက်လုံးကလဲ ဟင်းခိုးစားတတ်တဲ့ ကြောင်ရဲ့ မျက်လုံး မျိုးကွ" ဟု ဆိတ်ဖွားက ပြောလေ၏။

"မိန်းမရဲ့ မေးစေ့ကလဲ တိုလိုက်တာ ဆရာကိုဆိတ်ဖွားရယ်၊ ဖား မေးစေ့ကျနေတာပဲ" ဟု အိုလံက ပြောပြန်၏။

"အဘိုးကြီးရဲ့ နဖူးလဲ ပြောင်တင်းတင်းနဲ့ လိပ်ကျောကုန်းလိုပဲကွ၊ ဒီနဖူးမျိုးဟာ ဆင်းရဲတတ်တယ်"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ အိုလံက ဟက်ဟက်ပက်ပက်ရယ်၍. .

"ကျွန်တော့်ထက်များ ဆင်းရဲသေးလား ဆရာ" ဟု မေးလေ၏။

"ဆင်းရဲတာပေါ့ အိုလံ၊ မင်းဟာ ဟိုမိန်းမနဲ့ သုံးမိနစ်လောက် စကား ပြောရတာကိုတောင် စိတ်ညစ်ခဲ့ရပြီ မဟုတ်လား၊ သူရဲ့ ရေမွှေးနံ့တွေက မင်းကို ခေါင်းမူးစေခဲ့တယ် မဟုတ်လား၊ ဘယ်လောက် ဒုက္ခဖြစ်သလဲ၊ ဒုက္ခဟာ ဆင်းရဲ ခြင်းပဲ၊ ဒီအဘိုးကြီးဟာ မသေမချင်း အဲဒီမိန်းမရဲ့ ရေမွှေးနံ့တွေကို ရှူပြီး နေရတော့မယ်ဆိုတော့ သနားစရာကွာ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ အိုလံက သဘောကျစွာ ရယ်မော လေ၏။

အုတ်ဂူလုပ်ပြီးလျှင် ကျောက်ပြားကပ်ရန်အတွက် ကျောက်ပြား၌ ရေးထွင်းရမည့် သေသူ၏ နာမည်ကို ထိုမိန်းမက ပေး၍ သွားသည်ဖြစ်ရာ ဆိတ်ဖွားသည် ထိုစာရွက်ကို ဖွင့်၍ ကြည့်မိလေ၏။

**မောင်သန်းအေး (ခေါ်) အော်လီဗာအေး**
**အသက် ၂၄ နှစ်**


www.burmeseclassic.com

www.burmeseclassic.com


ဆိတ်ဖွားသည် အထက်ပါစာကို ဖတ်ပြီးနောက် ပြုံးလိုက်လေ၏။ ဆိတ်ဖွား ပြုံးသည်ကိုမြင်လျှင် အိုလံက. . .

"ဆရာကြီး ဘာပြုံးတာလဲဗျ"

"ဒီမသာဟာ တော်တော်ဆန်းတယ်၊ အိပ်တော့ မန္တလေးမှာ၊ မျက်နှာသစ်တော့ ပုဇွန်တောင်မှာ၊ သေတော့ တာမွေသချိုင်းမှာကွ"

ဟု ဆိတ်ဖွားက ပြောလိုက်လေသည်။

"ကျွန်တော် နားမလည်ဘူး ဆရာဆိတ်ဖွား"

ဟု အိုလံက ပြောလေ၏။

ထိုအခါ၌ ဆိတ်ဖွားသည် ရန်ကုန်သို့ လာရောက်ခဲ့စဉ်က ပုဇွန်တောင်ပန်းခြံ၌ အော်လီဗာအေး ဟု ခေါ်သော သူဌေးသားနှင့် တွေ့ဆုံပုံကို ပြောပြရာ အိုလံသည် ရယ်မောလေတော့၏။ ထိုသို့ ရယ်မောပြီးနောက်. . .

"ဆရာကြီးပြောတဲ့အတိုင်း ဒီကောင် အခု သေပြီပေါ့၊ နေရာမှန်ကိုရောက်သွားပြီပေါ့"

ဟု အိုလံက ပြောလိုက်လေ၏။

ထို့နောက် ဆိတ်ဖွားနှင့် အိုလံတို့သည် မောင်သန်းအေး၏ အုတ်ဂူပြုလုပ်ရန်အတွက် အုတ်ခဲ၊ ဘိလပ်မြေနှင့် သဲများကို သွားရောက်ဝယ်ယူ၍ အုတ်ဂူကို စတင်လုပ်လေ၏။

အိုလံက အုတ်စီ၍ပေးလေ၏။ ဆိတ်ဖွားကမူ အိုလံ စီ၍ပေးသော အုတ်များကို(သံလက်)ဖြင့်အင်္ဂတေများကို လိုက်၍ကပ်လေ၏။ နာမည်ကျောက်ပြားလေးကိုလည်း ကျောက်ပြားထွင်းသောလူများထံ အပ်နှံရေးထွင်းစေလျက် အုတ်ဂူကို ခေါင်းရင်းဘက်တွင် ကပ်လိုက်လေ၏။

ဆိတ်ဖွားလုပ်သော အုတ်ဂူမှာ အပေါ်ပိုင်းတွင် ခွက်တက်တက်ရှိလေ၏။

"ဘယ်လိုလဲ ဆရာရဲ့၊ အုတ်ဂူကလဲ အပေါ်မှာ ခုံးခုံးကလေးမလုပ်ဘဲ ခွက်ခွက်ကြီးပါလား၊ ဘယ်လိုဖြစ်တာလဲ ဆရာရဲ့"

ဟု အိုလံကမေးလေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ထိုင်လို့ ကောင်းအောင် လုပ်ထားတာကွ၊ အုတ်ဂူဆိုတာ ငါတို့ရဲ့ ထိုင်ခုံတွေ မဟုတ်လား၊ ငါတော့ ပိုပြီး ထိုင်လို့ကောင်းအောင် နောက်မှီ ကလေးနဲ့ လက်တန်းကလေးတောင် ထည့်လိုက်ချင်တယ်ကွာ. . ဟာ. . ဟ"

"မလုပ်ပါနဲ့ ဆရာကိုဆိတ်ဖွားရယ်၊ ဥစ္စာရှင်ရဲ့ စကားများနေ ဦးမယ်" ဟု အိုလံက ပြောလေ၏။

ဆိတ်ဖွားတို့ အုတ်ဂူလုပ်ပြီး နှစ်ရက်မြောက်သောနေ့၌ မောင်သန်းအေး ၏ ဈာပနာကို ချ၍လာလေ၏။ လိုက်ပို့သော အော်စတင်ကား နှစ်စီးသာ ပါ၍ ကားပေါ်၌လည်း လူနှစ်ယောက် သုံးယောက်ခန့်သာ ပါရှိလေ၏။

အုတ်ဂူ လာ၍အပ်သော မိန်းမသည် အနည်းငယ် ငိုကြွေးလေ၏။ သူ၏ယောက်ျား အဘိုးကြီးကမူ စီးကရက်သောက်ရင်း ကိုဆိတ်ဖွား အုတ်ဂူ ပိတ်ဆို့ပုံကို ကြည့်လေ၏။ ထို့နောက် အုတ်ဂူအပေါ်၌ ခွက်၍နေသည်ကို မြင်လျှင်. . .

"ဘယ်လိုလဲ ဂူပေါ်ကလဲ မညီဘဲနဲ့ ဘယ့်နှယ်ကြောင့် ခွက်ပြီးနေရ တာလဲ" ဟု မေးလေ၏။

"တမင်ခွက်ထားလိုက်ပါ၊ ဒါမှ မိုးရွာတဲ့အခါမှာ ရေတင်မယ်၊ အင်တော ဆိုတာ ရေဝလေ ခိုင်လေပါပဲ"

ဟု အိုလံက ဝင်၍ပြောလိုက်မှ အဘိုးကြီးလည်း ကျေနပ်သွားလေ၏။

အုတ်ဂူပိတ်၍ ပြီးသွားသောအခါ၌ မောင်သန်းအေး၏ အသုဘပို့ သူများသည် ပြန်၍ သွားကြလေ၏။

ဆိတ်ဖွားတို့ ဆရာတပည့်လည်း မောင်သန်းအေး၏ အုတ်ဂူပေါ်တွင် ထိုင်ကာ စကားပြောဆိုနေကြလေ၏။

"ဆရာ ကိုဆိတ်ဖွားရေ. . . မောင်သန်းအေးရဲ့ကောင်းမှုကြောင့် ထိုင်ခုံကောင်းကောင်း တစ်ခုတော့ရပြီဗျို့၊ နောက်တစ်ခါ ထမင်းစား စားပွဲ အဖြစ် အသုံးပြုလို့ရအောင် လုပ်ပါဦး. . . ဟား. . . ဟား. . . ဟား"

"ငါက သင်္ချိုင်းကုန်းမှာ အဲဒါ မလုပ်ချင်ဘူးကွ"

"ဘာလုပ်သလဲ ခုတင်လုပ်ချင်သလား"


www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ပါဘူးကွာ၊ ပိဋကတ်တိုက် ကောင်းကောင်း တစ်ခုလုပ်ချင်တယ်၊ 'ဖရီးလိုင်ဘရီ'ပေ့ါကွာ၊ အခမဲ့ စာအုပ်ဖတ်နိုင်တဲ့ စာကြည့်တိုက်မျိုး သိပ်ပြီး လုပ်ချင်တယ်"

"ဟာ. . ဗျာ၊ ဆရာကိုဆိတ်ဖွားကလဲ ဘယ့်နှယ်၊ သချႋုင်းကုန်းမှာ ပိဋကတ်တိုက် လုပ်ရမယ်လို့ဗျာ"

"မင်းဘာသိလို့လဲကွ၊ လူတစ်ယောက်ဟာ သူ့ရဲ့နာမည်ကို နှစ်ပေါင်းများစွာ တည်တံ့စေချင်ရင် ပိဋကတ်တိုက် ကောင်းကောင်းတစ်ခု လုပ်ပြီး၊ အဲဒီ ပိဋကတ်တိုက်ကို သူ့နာမည်ပေးလိုက်ရုံပဲ"

"အဟုတ်ပဲလား ဆရာကိုဆိတ်ဖွား"

"သထုံ မြသပိတ်ဘုရား ခြေတော်ရင်းက ဦးဖိုးသီ ပိဋကတ်တိုက်ကို ကြည့်ပါလား၊ ဦးဖိုးသီးဆိုတာက ဝန်ထောက်လား၊ စစ်ကဲလား ပါပဲကွာ၊ အခု ထက်ထိ သူ့ရဲ့နာမည်ဟာ ကျန်နေတယ်၊ သူလှူတဲ့ စာကြည့်တိုက်ကိုကွ"

"ဪ-"

"ဆာ ချားလ်ဘားနဒ်ရဲ့ ဘားနဒ်ပိဋကတ်လဲ ကြည့်ပါလားကွ"

(ဘားနဒ်ပိဋကတ်တိုက် ဆိုသည်မှာ ဝန်ရှင်တော်မင်းကြီး ဆာချားလ် ဘားနဒ်ဆိုသူ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခု လသာ အထက(၁) ကျောင်းဝင်းအတွင်း၌ တည်ရှိခဲ့၍ သစ်သားအဆောက် အအုံ တစ်ခုဖြစ်သည်ဟု မှတ်သား မိဖူးပါသည်။ ထိုပိဋကတ်တိုက်သို့ ပထမဦးဆုံး လှူသောအလှူရှင်တို့မှာ ဦးဘိုးမျှင်နှင့် ဦးမြို့စသော မြန်မာလူမျိုးသားများ ဖြစ်ကြပါသည်။ စာရေးသူ)

"ဟုတ်တယ် ဆရာရေ. . . ဆရာသာ သချႋုင်းကုန်းထဲမှာ ပိဋကတ်ကြီးတစ်ခု တည်ထောင်နိုင်ရင်တော့ 'ဆိတ်ဖွားပိဋကတ်'ဆိုပြီး နှစ်ပေါင်းများစွာ ဆရာ့နာမည်ဟာ တည်ရှိနေမှာ အမှန်ပါပဲဗျာ"

ထိုအခါ၌ ဆိတ်ဖွားသည် ဆေးပြင်းလိပ် တစ်လိပ်ကို ထုတ်၍ မီးညှိသကဲ့သို့ အိုလ်ကလည်း စီးကရက် တစ်လိပ်ကို မီးညှိလေ၏။ အိုလ်သည် စီးကရက်ကို ဖွာရှိုက်လိုက်ပြီးနောက် အောက်ပါအတိုင်း ပြောပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဆိတ်ဖွားရဲ့ ဆိတ်ဖွား ပိဋကတ်တိုက်ကြီး ရှိတယ်ပဲထားကြပါစို့ရဲ့၊ သချိုင်းထဲမှာဆိုတော့ လာပြီး ဖတ်ကြပါ့မလား ဆရာရယ်"

"ဟ. . . ကောင်ရ၊ စာသမားဆိုတာက သူဖတ်ချင်တဲ့ စာသာရှိပါစေကွာ၊ သချိုင်းကုန်းထဲမကလို့ ခေါင်းထဲဝင်ပြီး ဖတ်ရမယ်ဆိုရင်လဲ ဖတ်မယ့်လူစားတွေကွ၊ စာသမားစစ်စစ်ရဲ့ဘဝဟာ တကယ်ငြိမ်းချမ်းတယ်ကွ၊ သူရယ် စာအုပ်ရယ်ပဲ ရှိဖို့လိုတယ်"

"စာကြမ်းပိုးကို ပြောတာလား"

"အေး. . . အင်္ဂလိပ်လိုတော့ (ဘွတ်ခ်ဝမ်း)လို့ ပြောလေ့ရှိကြတာပဲ၊ ဒါပေမယ့် ငါကတော့ အဲဒီလူတွေကို ကြမ်းပိုးဆိုတဲ့ ဝေါဟာရနဲ့တွဲပြီး မခေါ်ရက်ပါဘူး အိုလံ"

"ဆရာဆိတ်ဖွား. . . ခင်ဗျားမှာသာ ပိုက်ဆံတွေ အများကြီးရှိရင် ပိဋကတ်တိုက်ကြီး လုပ်ပြီး လှူမှာပဲနော်"

"အေးကွ. . . ငါတို့ဆီက သူဌေးတွေကလဲ လှူတော့လှူပါတယ်ကွ၊ ဒါပေမယ့် ပိဋကတ်တိုက်လှူဖို့ စိတ်ကူးပေါ်တဲ့ အလှူရှင်မျိုးက သိပ်ပြီးနည်းသေးတယ်"

"ဆရာ ကိုဆိတ်ဖွားရေ၊ နောက်တစ်ခါ အုတ်ဂူလုပ်ရရင် စာကြည့်စားပွဲပုံစံတွေ ဖြစ်လာအောင် လုပ်ပေတော့၊ ဟဲ. . . ဟဲ ဒါမှ ခင်ဗျားရဲ့ သချိုင်းကုန်း ပိဋကတ် လုပ်ဖြစ်တဲ့အခါမှာ စာကြည့်စားပွဲအတွက် အဆင့်သင့် ဖြစ်မှာပေါ့"

"အေး. . . မင်းပြောတာ မဆိုဘူး အိုလံ၊ ငါသာ ပိဋကတ်တိုက်ကြီး တည်ထောင်နိုင်ရင် မင်းကို ပိဋကတ်တိုက်မှူး ခန့်မယ်ကွာ"

"ဟား. . . ဟား. . . အတော်ပဲ ပိဋကတ်တိုက်မှူး လုပ်ရင်း အဝင်ဝမှာ ခွက်ချထားရုံပဲ"

"ခွက်က ဘာလုပ်ဖို့လဲ"

"ဟာ. . . ဆရာကိုဆိတ်ဖွားကလဲ ကျွန်တော်ရဲ့ သူတောင်းစားလုပ်ငန်းကြီးကို အပြီးအပိုင် စွန့်လွှတ်လို့ ဘယ်ဖြစ်မလဲဗျာ. . . ဟား. . . ဟား"

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



## လှူသကောင်နဲ့ လက်ထပ်ပေးမယ်

ဆိတ်ဖွားတို့ ဆရာတပည့်သည် မောင်သန်းအေး၏ အုတ်ဂူပေါ်၌ စကားပြောနေရာမှ တစ်ဖန် ထ၍ လမ်းလျှောက်ရင်း ပြောဆိုကြပြန်၏။

ထိုအချိန်၌ မိန်းကလေးတစ်ယောက်သည် မောင်သန်းအေး၏ ဂူသို့ ရောက်ရှိလာပြီးလျှင် အုတ်ဂူအား ဖတ်တွယ်၍ ငိုလေ၏။ အိုးလံသည် ထို မိန်းကလေးကို စိတ်ဝင်စားစွာ ကြည့်ရှုလေ၏။

အသားဖြူဖြူ ကိုယ်လုံးသွယ်သွယ်၊ မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံး လွန်စွာကောင်းသော မိန်းကလေးသည် မောင်သန်းအေး၏ အုတ်ဂူကို ဖတ်တွယ်၍ ဆွေးမြည့်စွာ ငိုကြွေးနေလေ၏။

"ကိုသန်းအေးရယ်၊ နွယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြလိုက်တာပေါ့၊ နွယ် တစ်သက်လုံး ရင်ကျိုးနေအောင် လုပ်လိုက်တာပေါ့၊ နွယ် ဘယ်လိုဖြေရမလဲ"

ဟု တတွတ်တွတ် ပြောဆို၍ ငိုလေ၏။

မိန်းကလေးသည် မှောင်ရီပျိုးသည်အထိ ငိုပြီးနောက် ပြန်၍ သွားလေ၏။

ထိုအခြင်းအရာကို အိုးလံက စိတ်ဝင်စားသဖြင့် ဆိတ်ဖွားကို ပြောပြသော်လည်း ဆိတ်ဖွားသည် စိတ်ဝင်စားခြင်း မရှိဘဲ ရှေးဟောင်း သျှတ္တရ ကျမ်းတစ်စောင်ကိုသာ မဲ၍ ဖတ်ရှုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့ နံနက်သို့ ရောက်သည့်အခါ၌လည်း ယမန်နေ့က မောင်သန်းအေး၏ အုတ်ဂူတွင် ငိုကြွေးသွားခဲ့သော နွယ်ဆိုသည့် မိန်းကလေးသည် ပန်းခြင်းကလေး တစ်လုံးနှင့်အပြည့် ပန်းများကို ထည့်ကာ မောင်သန်းအေး၏ အုတ်ဂူသို့ ရောက်လာပြီးလျှင် အုတ်ဂူပေါ်၌ ပန်းခြင်းကို တင်၍ ယမန်နေ့ကအတိုင်း ငိုကြွေးပြန်လေ၏။

အိုလံသည် ထိုမိန်းကလေး ငိုကြွေးနေသည်ကို မြင်ရလျှင် လွန်စွာ စိတ်မကောင်းဖြစ်သဖြင့် ဆိတ်ဖွားအနီးသို့ သွားကာ. . .

"ဆရာ ကိုဆိတ်ဖွားရေ မနေ့က မိန်းကလေး လာပြန်ပြီဗျို့၊ ပန်းခြင်းကလေးလဲပါတယ်၊ မောင်သန်းအေးရဲ့ ဂူမှာ ငိုနေလေရဲ့ဗျာ၊ မောင်သန်းအေးရဲ့ ရည်းစားကလေးနဲ့တူပါရဲ့၊ သနားစရာပဲဗျာ" ဟု ပြောလေ၏။

"သနားပါ အိုလံ၊ လောကမှာ ကိုယ့်ကို ထောင်မကျ ကျအောင် တစ်ဖက်က လိုက်ပေးတဲ့ ရှေ့နေကလွဲပြီး လူတိုင်းကို သနားနိုင်ပါတယ်လို့ ဆွီဒင်စကားပုံ ရှိတယ်ကွ၊ ဒီတော့ သနားပေါ့ကွာ၊ သနားတာ ပိုက်ဆံပေးရတာမှ မဟုတ်ဘဲ" ဟု ဆိတ်ဖွားက ပြုံးလျက် ပြောလိုက်လေ၏။

"ကိုယ်ရဲ့ ချစ်သူရည်းစား သေသွားတယ်ဆိုတော့ မိန်းကလေးခမျာမှာ လွမ်းရှာမှာပေါ့ ဆရာဆိတ်ဖွားရယ်" ဟု အိုလံက ပြောပြန်လေ၏။

"ဒီလိုရှိတယ် အိုလံ၊ ချစ်ဝေဒနာ ဆိုတာဟာ ဘောင်းဘီအိတ်ထဲကို ဆေးလိပ် မီးပွားကျသလိုပဲ၊ အလွန်ကို နေရထိုင်ရခက်တဲ့ ဝေဒနာပဲကွ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ အိုလံက သဘောကျ၍ သွားလေ၏။

ထို့နောက်. . .

"ကြံကြံဖန်ဖန် ဆရာ ဆိတ်ဖွားရယ်. . .၊ ဆရာက အချစ်အကြောင်းကို သေသေချာချာ သိနေပါလျက်နဲ့ အိမ်ထောင်ရေးကျတော့ စိတ်မဝင်စားတာ အံ့ပါရဲ့ဗျာ" ဟု ပြောလိုက်သည်။

ဆိတ်ဖွားသည် အစိပ္ပါယ်ပါပါ ပြုံးလိုက်ပြီးနောက် ဆေးပြင်းလိပ်ကို ဖွာလိုက်လေ၏။ ထို့နောက်. . .

"ကိုယ့်ခေါင်းနဲ့ မတော်တဲ့ ဦးထုပ်ကို ဆောင်းရတာထက် ဦးထုပ် မဆောင်းဘဲ နေရတာ ပိုပြီး ကောင်းပါတယ်ကွာ၊ ပြီးတော့ အချစ်ဆိုတာဟာ


www.burmeseclassic.com

www.burmeseclassic.com


ကျောက်ရောဂါလိုပဲကွ၊ အသက်ကြီးမှ ကျောက်ပေါက်ရင် သေဖို့က များတယ် အိုလံ၊ ဟာ. . . ဟ. . .” ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ ဆိတ်ဖွားရပ်ဒ် (ဆိတ်ဖွားလမ်း)အတိုင်း မော်တော်ကား တစ်စီးမောင်း၍ ဝင်လာလေ၏။ ထိုကားကို အိုလံရော ဆိတ်ဖွားပါ ကောင်းစွာ မှတ်မိပေသည်။ မောင်သန်းအေး မိဘများ၏ ကားပင်ဖြစ်ပေသည်။ ကားသည် မောင်သန်းအေး၏ အုတ်ဂူရှေ့၌ ထိုး၍ရပ်လိုက်ပြီးလျှင် ကားပေါ်မှ မောင်သန်းအေး မိခင်ဖြစ်သူ ဆင်း၍လာလေ၏။ မောင်သန်းအေး၏ မိခင်ဆိုသူမှာ ဆိတ်ဖွား အား မောင်သန်းအေး၏ အုတ်ဂူလုပ်ရန်အတွက် လာရောက် အပ်နှံခဲ့ဖူး သော တောင့်တောင့်တင်းတင်း မိန်းမကြီးပင် ဖြစ်လေသည်။

“ဟော့ကောင်မ၊ ညည်းက ငါ့သား သေတာတောင် ဒုက္ခပေးတုန်းပဲ လား၊ ကြည့်စမ်း၊ လာပြီး အလွမ်းသယ် နေလိုက်တာ”

ဟု မိန်းမက ပြောလေ၏။

မောင်သန်းအေး၏ ရည်းစားကလေးကမူ မည်သို့မျှ ပြန်၍ မပြော ဘဲ ငိုမြဲငို၍ နေလေ၏။ ထိုအခါ၌ မောင်သန်းအေး၏ မိခင်သည် ဒေါသ ထွက်၍ လာပြီးလျှင် မိန်းကလေး၏ ဆံပင်ကို လှမ်း၍ဆွဲလိုက်ပြီးလျှင် ပါးကို ရိုက်လေ တော့၏။

“ဆရာကိုဆိတ်ဖွားရေ. . . ဟိုမှာ ရိုက်ကုန်ကြပြီ လာဗျို့”

ဟု အိုလံက ပြော၍ ပြေးသွားလေ၏။ ဆိတ်ဖွားက ဣန္ဒြေရရပင် ထိုင်မြဲတိုင်း ထိုင်၍ နေလေ၏။

“နွယ့် ချစ်သူကို နွယ်လွမ်းလို့ လာပြီး ငိုတာပါ အန်တီရယ် ဒါလောက် တော့ နွယ်ကို ငိုခွင့်ပေးပါ” ဟု မိန်းကလေးက အသနားခံလေ၏။

“ညည်းလို အလေနတော မိန်းမကလာပြီး အလွမ်းသယ်ကာ ငါ့သားရဲ့ ဂုဏ်ကို ထိခိုက်တယ်၊ ညည်း ငါ့အကြောင်း ကောင်းကောင်း သိရမယ်”

ဟု ဆိုကာ မိန်းကလေးအား ရိုက်ရန် ရွယ်လိုက်ပြန်လျှင် အိုလံသည် ပြေးသွား၍ ကြားမှဝင်ကာ ရပ်လိုက်ပြီးလျှင်. . .

“မလုပ်ပါနဲ့ ခင်ဗျာ၊ သနားပါတယ်” ဟု တောင်းပန်လေ၏။

“ဟဲ့. . . သူတောင်းစား၊ နင်နဲ့ ဘာဆိုင်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com


"မဆိုင်ပါဘူး အန်တီ၊ လက်လွှန်ကုန်မှာ စိုးလို့ပါ"

"ဖယ်စမ်းပါ၊ ဒီသူတောင်းစားက ကြားထဲက ကန့်လန့် ကန့်လန့်"

အိုလံသည် ဆိတ်ဖွားကို လှမ်း၍ ကြည့်လိုက်၏။ သူ၏ ကြည့်ပုံမှာ အကူအညီ တောင်းသည့် သဘောမျိုးပါဝင်လေ၏။ သို့ရာတွင် ဆိတ်ဖွားက စိတ်ဝင်စားမှုမပြဘဲ စာအုပ် တစ်အုပ်ကို ထုတ်၍ ဖတ်နေလေ၏။

"အောက်တန်းစား အနုတ်စုတ်ကုပ်စုတ် ကောင်မက၊ ငါ့သားရဲ့ဂူမှာ လာပြီးငိုလားပါလားနဲ့၊ ညည်းနဲ့ငါ့သားနဲ့ တူသလား၊ တန်သလား"

မိန်းကလေးက ငိုမြဲ ငိုလေ၏။

"ဟေ့ကောင်. . . အုတ်ဂူကို ဆေးသုတ်ချင်တယ်"

"အဲဒါ ကျွန်တော်နဲ့မဆိုင်ဘူး ခင်ဗျ၊ ဟောဟိုမှာ ထိုင်နေတဲ့လူနဲ့ ဆိုင်တယ်" ဟု အိုလံက ပြန်၍ ပြောလိုက်လေ၏။

မောင်သန်းအေး၏ဖခင်က ဆိတ်ဖွားအား လက်ယပ်၍ ခေါ်လိုက်လေ၏။ ဆိတ်ဖွားက စာဖတ်နေသဖြင့် မမြင်ပေ၊ ထိုအခါ၌ လက်ခုပ်တီး၍ ခေါ်ပြန်၏။

"ဒီကိုလာဦး၊-အုတ်ဂူ ဆေးသုတ်ရမယ်"

ဟု မောင်သန်းအေး၏ ဖခင်က အော်ပြောလိုက်လေ၏။

"အလုပ်အပ်ချင်လို့လား. . . ဒီကိုလာခဲ့ပါ"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"အောင်မလေးတော်. . . ဖင်လေးတောင် မရွှေ့ချင်တဲ့ သုဘရာဇာ နဲ့မှ လာပြီးတွေ့နေတယ်၊ ပိုက်ဆံရမှာပါ၊ ဒီကိုလာခဲ့ပါ"

ဟု မောင်သန်းအေး၏ မိခင်က ပြန်၍ ခေါ်လိုက်လေ၏။

"ပိုက်ဆံက အရေးမကြီးဘူး၊ ကျုပ်အဖို့ ပိုက်ဆံဆိုတာ မသာပါးစပ် ထဲက ပစ္စည်းပါဗျာ၊ ဘာများဆန်းလို့လဲ၊ လာခဲ့စမ်း ခင်ဗျားတို့ လင်မယား နှစ်ယောက်စလုံး လာခဲ့. . . ကျုပ်ကတော့ မလာနိုင်ဘူး၊ အလုပ်အပ်ချင်အပ် မအပ်ချင်နေ"

"အစ်ကိုကြီးရေ. . . သွားလိုက်စမ်းပါ"

"အိုကွာ. . . ရှိရှိကလဲ၊ ငါက သုဘရာဇာဆီ သွားရမယ်သို့ အောက်ကျ နောက်ကျ"



www.burmeseclassic.com

www.burmeseclassic.com


"သုဘရာဇာကလဲ အောက်ကျ နောက်ကျခံပြီး မလာနိုင်ဘူး မိတ်ဆွေ" ဟု ဆိတ်ဖွားက ပြန်၍ ပြောလိုက်လေ၏။

"တော်တော်ကြီးကျယ်တဲ့ သုဘရာဇာပဲ"

ဟု မောင်သန်းအေးမိခင်က ပြောလိုက်လေ၏။ ဆိတ်ဖွားထိုစကားကို ကြား၍ သွားသဖြင့်. . .

"လူတွေဟာ. . . ကိုယ့်နေရာနဲ့ကိုယ် ကြီးကျယ်နေကြတာပဲ၊ သင်္ချိုင်းကုန်းဆိုတာ သုဘရာဇာရဲ့နေရာပဲ၊ ဒီတော့ နည်းနည်းတော့ ကြီးကျယ်မယ်ဗျို့"

ဟု ပြောလိုက်လေ၏။

မောင်သန်းအေး၏ ဖခင်လည်း မတတ်သာသည့် အဆုံး၌ ဆိတ်ဖွားထံသို့ မသွားချင် သွားချင်နှင့် သွားလေ၏။

"ဟာ. . . ဟ. . . မိတ်ဆွေကြီး ဒုံးမဝေးတော့ဘူး၊ ဒီလိုမှပေါ့ဗျာ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ မောင်သန်းအေး ဖခင်၏ မျက်နှာသည် မဲ့ရွံ့၍ သွားလေတော့၏။

"ရော့ပိုက်ဆံ. . . အုတ်ဂူကို ဆေးသုတ်ထားပါ"

ဟုဆိုကာ ဆယ်တန် နှစ်ရွက်ကို ထုတ်၍ပေးလေ၏။

ဆိတ်ဖွားက ဆယ်တန် တစ်ရွက်ကို ပြန်၍ ပေးပြီး ငွေတစ်ဆယ်ကိုသာ ယူ၍ ထားလေ၏။

"တစ်ဆယ်ပဲကျတယ်၊ ပိုပြီး မလိုချင်ဘူး" ဟု ပြောလိုက်လေ၏။

"ယူပါ. . . ကျုပ်အတွက် ငွေတစ်ဆယ် ပိုပြီး ကုန်သွားလို့လဲ ဘာမှ မထူးပါဘူးလေ" ဟု မောင်သန်းအေး၏ ဖခင်က ပြောလိုက်ရာ ဆိတ်ဖွားက မခိုးမခန့်ရယ်လိုက်ပြီးနောက်. . .

"ကျုပ်အတွက်လဲ ငွေတစ်ဆယ် ပိုပြီးရလို့ ပိုပြီး မထူးပါဘူး"

ဟု ပြောလိုက်လေ၏။

"ဆေးကို အမြန်ဆုံးသုတ်စေချင်တယ်"

"မရဘူး. . . သန်ဘက်ခါကျမှ သုတ်နိုင်မယ်၊ ဆိုက်ကားသမားရဲ့ ဗုတ်ဂူကို လုပ်ဖို့ရှိတယ်"

"ဆိုက်ကားသမားက အရေးမကြီးပါဘူး"


www.burmeseclassic.com

www.burmeseclassic.com


"သိပ်ကို အရေးကြီးတယ်၊ ခင်ဗျားသားထက် အရေးကြီးတယ်၊ ဆိုက်ကားသမားက ကန်တော်ကြီးမှာ ရေနစ်နေတဲ့ကလေးကို ဆယ်ရင်း သူပါ ရေနစ်ပြီး သေဆုံးသွားတဲ့ သူကကောင်းစိတ်ရှိတဲ့ ဆိုက်ကားသမား၊ လူ့အဖိုးတန်၊ ခင်ဗျားသားလို မိန်းမမရလို့ အဆိပ်သောက်သေတဲ့ လူဖျင်းလူည့ံ မဟုတ်ဘူး။ လူရဲ့တန်ဖိုးကို တွက်တဲ့နေရာမှာ လူတွေရဲ့အကျိုးကို ဘယ် လောက် သယ်ပိုးခဲ့တယ်ဆိုတဲ့ ပေတံကို အသုံးပြုရလိမ့်မယ် မိတ်ဆွေ၊ နားလည် ရဲ့လား။ ဒုံးမဝေး စမ်းပါနဲ့ဗျာ"

"ကောင်းပါပြီ သုဘရာဇာကြီးရယ်၊ သန်ဘက်ခါ ကျတော့သာ ဆေးသုတ်ထားပါတော့"

"ဟာ. . . ဟ၊ ကိုယ့်လူ ဒုံးမဝေးတော့ဘူး"

မောင်သန်းအေး၏ မိဘများသည် ကားပေါ်သို့တက်၍ သွားကြ လေ၏။ များမကြာမီ မော်တော်ကားသည် ဆိတ်ဖွားလမ်းအတိုင်း မောင်းနှင် ၍ ထွက်သွားလေ၏။

သူတောင်းစား အိုလံသည် ငိုရှိုက်နေသော နွယ်ဆိုသည့် မိန်းကလေး အား ချော့မော့၍ ဆိတ်ဖွားထံသို့ ခေါ်လာခဲ့လေ၏။

"ဆရာ ကိုဆိတ်ဖွားရယ်၊ ဒီမိန်းကလေးရဲ့ ဒုက္ခကို ကယ်ပါဦးဗျာ"

ဟု အိုလံက ပြောလေ၏။

"ငါက ဘာကို ကယ်ရမှာလဲ အိုလံ၊ ပြီးတော့ ငါက ကယ်ဆယ်ရေး အသင်းက လူကြီးမှ မဟုတ်ဘဲ"

"သူက မောင်သန်းအေးနဲ့ ရည်ငံခဲ့ပါတယ်၊ မောင်သန်းအေးရဲ့ မိဘများက သူနဲ့သဘောမတူလို့ ခွဲထားခဲ့ပါတယ်၊ အဲဒါ မောင်သန်းအေး ကတော့ အဆိပ်သောက်ပြီး သေသွားပါပြီ၊ သူ့ခမျာ မောင်သန်းအေးရဲ့ အုတ်ဂူမှာ လာပြီး ငိုရတာတောင် လွတ်လွတ်လပ်လပ် မငိုရရှာဘူးဗျာ၊ သနားစရာပါပဲ"

"အဆင့်အတန်း အဆင့်အတန်းချင်း မတူဘူးဆိုတဲ့ ပြဿနာပေါ့ကွာ"

"ဟုတ်ပါတယ်ရှင်၊ နွယ်ဟာ အိမ်တွေလှည့်ပြီး ကလေးတွေကို စာပြ ရတဲ့ ဆရာမပါ၊ ကိုသန်းအေးတို့ကတော့ သိပ်ကို ချမ်းသာပါတယ်၊ နွယ်


www.burmeseclassic.com

www.burmeseclassic.com


ကိုသန်းအေးကို ချစ်တာဟာ ချမ်းသာလို့မဟုတ်ပါဘူး၊ သူ့မိဘတွေဆီ အမွေဆိုလို့ အပ်တိုတစ်ချောင်းတောင် မယူခဲ့ပါနဲ့၊ နွယ်ကပဲ လုပ်ကျွေးပါ့မယ်၊ အခုတော့ သူမရှိရှာတော့ဘူး”

နွယ်ဆိုသော မိန်းကလေးသည် ဆွေးမြည့် ကြေကွဲဖွယ်ရာ ငိုကြွေးလေ၏။ အိုလံသည် စိတ်မကောင်းသော မျက်နှာနှင့် နွယ့်ကို ကြည့်နေရာမှ . .

“သူ့ခမျာ လွတ်လွတ်လပ်လပ် ငိုရအောင် မောင်သန်းအေးရဲ့ဂူကို ဖောက်ပြီး မောင်သန်းအေးရဲ့ ခေါင်းကိုထုတ်ပြီး တခြားနေရာမှာ ဂူအသစ်တစ်လုံး လုပ်ပေးလိုက်ပါ ဆရာရယ်၊ ဒီတော့ သူ့အနေနဲ့ သူ့ချစ်သူရဲ့ဂူကို လွတ်လွတ်လပ်လပ်လာပြီး ငိုနိုင်တာပေ့ါ” ဟု ပြောလေ၏။

“နေပါဦး မိန်းကလေး၊ မောင်သန်းအေးကို မင်းဟာ တကယ်ပဲ ချစ် သလားကွယ့်”

ဟု ဆိတ်ဖွားက နွယ့်ကို တစေ့စေ့ကြည့်၍ မေးလိုက်လေ၏။

“ချစ်တာပေ့ါရှင်”

“အခုနေ မောင်သန်းအေးနဲ့ ပြန်ပြီး ပေါင်းရမယ်ဆိုရင် မင်းအနေနဲ့ တော်တော်ပဲ ဝမ်းသာမှာပဲနော်”

“ဘယ်လိုပြောလိုက်တာလဲ ဆရာဆိတ်ဖွားရယ်”

ဟု အိုလံက ဝင်၍ ပြောလိုက်လေ၏။

“မြန်မာလို ပြောလိုက်တာလေ၊ ဒီမှာ မိန်းကလေး လောကကြီးက သိပ်ပြီး ဆန်းတယ်ကွ၊ မင်းအနေနဲ့ အခုလို ခံစားနေရတဲ့ ချစ်ဝေဒနာတွေကို ပျောက်ကင်းနိုင်တဲ့နည်း ငါ့မှာရှိတယ်၊ ည. . . သန်းခေါင်းမှာ မင်းတစ်ယောက်တည်း ဒီကိုလာခဲ့ပါ”

“အို. . . ဘယ်ဖြစ်ပါ့မလဲ”

“မင်းချစ်သူကို တွေ့ချင်တယ်ဆို”

“သူက သေပြီပဲ”

“အေးလေ. . . ဒါတော့ ငါလဲ မပြောတတ်ဘူး၊ တကယ်လို့သာ ငါပြောတဲ့အချိန်မှာ မင်းလာမယ်ဆိုရင် ငါ့အနေနဲ့ ထိုက်ထိုက်တန်တန် ရှုညီမယ်၊ အဲဒီလို မလာဘူးဆိုရင်တော့ ငါ့ဆီမှာ ဘာမှဆက်ပြီး ပြောမနေပါနဲ့


www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၊ ပြီးတော့ မင်းဟာမင်း မောင်သန်းအေးရဲ့ ဂူမှာ ငိုချင်သလောက် ငိုပါ၊ မင်းရဲ့မျက်ရည်တွေဟာ သမုဒ္ဒရာလောက်ကြီး ဖြစ်သွားချင်တောင်မှ ငါကတော့ မယုံဘူး၊ မောင်သန်းအေး ချစ်တယ်လို့ မယုံနိုင်ဘူး၊ တကယ် ချစ်ရင်လာခဲ့ပါ၊ ည(၁၂)နာရီမှာ ဒီကိုလာခဲ့ပါ"

"ဟာ. . . ဆရာကိုဆိတ်ဖွားကလဲဗျာ၊ မိန်းကလေးတစ်ယောက်အနေနဲ့ သင်္ချိုင်းကုန်းကို ည(၁၂)နာရီ ဘယ်လိုလုပ်ပြီး လာမလဲဗျ"

ဟု အိုလံက ဝင်၍ ပြောလိုက်လေ၏။

"အေး. . . အေ. . . ပြီးတော့ ငါ ကတိပေးတယ်၊ မင်းကို မှဲ့တစ်ပေါက် မစွန်းစေရဘူး" ဟု ဆိတ်ဖွားက ပြောလေ၏။

"ဆရာကိုဆိတ်ဖွားရယ်၊ ဆရာ့ဥစ္စာကလဲဗျာ"

"ချစ်ရင်. . . တကယ်ချစ်ရင် လာနိုင်ပါတယ် အိုလံ"

"နွယ်လာခဲ့ပါ့မယ်၊ နွယ် သူ့ကို တကယ်ချစ်တာပါရှင်"

"အေး. . . တကယ်ချစ်ရင် တကယ်လာခဲ့၊ ကဲ. . . သွားပေတော့"

နွယ်သည် မျက်ရည်များသုတ်၍ ပြန်သွားလေ၏။ နွယ်၏ ကျစ်လျစ်သေးသွယ်သော ကိုယ်လုံးကလေးကို နောက်မှနေ၍ကြည့်ကာ အိုလံက သက်ပြင်းတစ်ချက် ချလိုက်လေ၏။

"ဆရာ ကိုဆိတ်ဖွား၊ ကောင်မလေးကို ညသန်းခေါင်ကြီး သင်္ချိုင်းကုန်းကိုခေါ်ပြီး ဘာလုပ်မလို့လဲဗျ"

"မလာပါစေနဲ့လို့ ဆုတောင်းပါ အိုလံ၊ တကယ်လို့ အဲဒီမိန်းကလေးသာ မောင်သန်းအေးကို တကယ်ချစ်တဲ့အကြောင်းပြဖို့ ညသန်းခေါင်မှာ သင်္ချိုင်း ကို လာခဲ့ရင်တော့. . ."

"လာခဲ့ရင် ဘာဖြစ်သလဲ ဆရာ ကိုဆိတ်ဖွား"

"အခုတော့ မပြောနိုင်ဘူး အိုလံ၊ အဲဒီအချိန်ကျမှပဲ ပြောရလိမ့်မယ်"

အိုလံသည် ဆိတ်ဖွား၏ မတင်မကျနိုင်သော စကားကို မကျေနပ်နိုင်သဖြင့် မရမက မေးသော်လည်း ဆိတ်ဖွားက လုံးဝအဖြေမပေးဘဲ စာအုပ်ကိုသာ ဖတ်၍ နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့ည (၇)နာရီလောက်တွင် ဆိတ်ဖွားသည် ရေနွေးကိုတည်၍ လက်ဖက်ခြောက်ကျကျ ခတ်ပြီးလျှင် အုတ်ဂူပေါ်တွင်ထိုင်ကာ လက်ဖက်ရည်ကြမ်းကို သောက်၍ နေလေ၏။ အိုလံကမူ လက်ဖက်ရည်ကြမ်း၌ စိတ်ဝင်စားခြင်းမရှိဘဲ နွယ်ဆိုသော မိန်းကလေးများ လာလေမည်လားဟု တွေးတောကာ စိတ်မောလျက်ရှိပေ၏။

ဤသို့နှင့်ပင် အချိန်သည် တစ်စတစ်စ ကုန်၍သွားပြီးနောက် ညသန်းခေါင် အချိန်သို့ ရောက်လေ၏။ ကောင်းကင်မှ ထိန်ထိန်သာလျက်ရှိသော လမင်းကြီးသည် တိမ်တိုက်ကြားသို့ ဝင်ရောက်ပျောက်ကွယ်လျက်ရှိသဖြင့် သင်္ချိုင်းကုန်းကြီးတစ်ခုလုံးသည် မှုန်တိမှုန်မွား အလင်းရောင်၌ သာလျှင် အုတ်ဂူများ၊ မှတ်တိုင်များ၊ မြေပုံများကို တွေ့မြင်ရလေ၏။

ချမ်းစိမ့်စိမ့် နိုင်လှသော လေအေးကလေးကလည်း အဆက်မပြတ် တိုက်ခတ်လျက်ရှိပေ၏။ တာမွေဈေးဘက်ဆီမှ ခေါက်လိုက်သော နာရီသံချောင်းတသဲ့သဲ့ကို ကြားလျှင် ဆိတ်ဖွားက. . .

"ဟေ့. . . အိုလံ၊ ချမ်းတယ်ကွာ၊ ရေနွေးအိုး တစ်လုံး ထပ်ပြီးတည်ပါဦး"

ဟု ဆိုသဖြင့် အိုလံသည် အုတ်ဂူနှစ်ခု အကြား၌ မီးမွှေး၍ ရေနွေးအိုးတည်လေ၏။ ရေနွေးအိုးကို တည်ထားပြီးနောက် မီးလှုံရင်း ဆေးလိပ်သောက်၍ နေလေ၏။

ထိုအချိန်၌ သင်္ချိုင်းဝမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကို ကြားလိုက်ရလေ၏။

"ဆရာ ကိုဆိတ်ဖွား. . . ဆရာ ကိုဆိတ်ဖွား. . . ဟိုမှာကြည့်စမ်း"

ဟု အိုလံက ပြလိုက်သဖြင့် ဆိတ်ဖွားလည်း သင်္ချိုင်းဝဆီသို့ကြည့်လိုက်ရာ အင်္ကျီဖြူ လုံချည်ဖြူ ဝတ်ထားသော မိန်းကလေး တစ်ယောက်သည် အကြောက်အရွံ့ ကင်းမဲ့စွာ သင်္ချိုင်းကုန်းအတွင်းသို့ လျှောက်လာသည်ကို တွေ့မြင်ရလေ၏။

"ဩော်. . . မိန်းကလေး. . . လာတာကိုး၊ သူ့ရဲ့အချစ်ကို သက်သေပြလိုက်ပြီ အိုလံ"


www.burmeseclassic.com

www.burmeseclassic.com


"သူ့မို့ မကြောက်တယ် ဆရာ ကိုဆိတ်ဖွားရယ်"

"အချစ်ဆိုတာ သချိုင်းကုန်း ညဥ့်အမှောင်ကို နေထွက်အောင် လုပ်ပေးနိုင်တယ် အိုလံ၊ သူ ဘယ်ကြောက်ပါ့မလဲ၊ အချစ်မှာ သတ္တိဆိုတဲ့ အရာဟာ ရာခိုင်နှုန်းတစ်ရာ ပါတယ်ကွ၊ ဒါပေမယ့် လုပ်သင့် မလုပ်သင့် မစဉ်းစားတတ်တဲ့ ဉာဏ်မျိုးတော့ တစ်ရာခိုင်နှုန်းတောင်မှ မပါဘူး ကိုယ့်လူ"

မိန်းကလေးသည် ဣန္ဒြေရရ လျှောက်၍ လာရာ မောင်သန်းအေး၏ အုတ်ဂူသို့ ရောက်လျှင် မတ်တတ် ရပ်လိုက်၍ ဘေးဘီကို ကြည့်လေ၏။

ထိုအခါ၌ ဆိတ်ဖွားက အိုလံအား. . .

"သွားပြီး ခေါ်လိုက်ပါ အိုလံ"

ဟု အမိန့်ပေးလိုက်လျှင် အိုလံသည် မိန်းကလေးဆီသို့ ခပ်သုတ်သုတ် သွားရောက်၍ မိန်းကလေးအား ဆိတ်ဖွားထံသို့ ခေါ်၍ လာလေ၏။

"ဆရာ ကိုဆိတ်ဖွား၊ ဒီမှာ မိန်းကလေး ရောက်လာပြီ၊ သူ့ချစ်သူကို ဘယ်လောက်ချစ်တယ် ဆိုတာ သက်သေပြလိုက်ပြီ"

ဟု အိုလံက ဝမ်းသာအားရ ပြောလိုက်လေ၏။

ဆိတ်ဖွားသည် ရေနွေးအိုးကိုချ၍ လက်ဖက်ခြောက် ခတ်လိုက်ပြီးလျှင် ရေနွေးကြမ်း တစ်ခွက်ကို ငှဲ့၍ သောက်လေ၏။

"သူ့ချစ်သူကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ ပြလိုက်ရုံ ဘယ်က မလဲကွ၊ မင်းလို သူတောင်းစားနဲ့ ငါ့လို သုဘရာဇာရဲ့ သမာဓိကိုလဲ ယုံကြည်ကြောင်း မိန်းကလေးက ပြလိုက်တာပဲ၊ ဟာ. . . ဟ၊ ဒါနဲ့ မသိလို့ မေးပါရစေဦး မိန်းကလေး၊ အခုနေ ကျုပ်တို့က မိန်းကလေးကို မတော်မတရား ပြုလုပ်မယ် ဆိုရင် မခက်ပါလား"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ မိန်းကလေးက ခါးကြားတွင်ဝှက်၍ ယူလာသော ဓားမြှောင်ကို ဆွဲထုတ်လိုက်လေ၏။

"ဟာ. . . ဟ၊ ဓားမြှောင်တွေ ဘာတွေနဲ့ပါလား၊ ဒီမှာ မိန်းကလေး၊ တဏှာရမ္မက်သီးထန်နေတဲ့ ယောကျ်ားတစ်ယောက်အဖို့ မင်းရဲ့ဓားမြှောင်ဟာ ဘာများ အသုံးဝင်မှာလဲကွယ်၊ ဟား. . . ဟား၊ အမြောက်ကြီးယူလာရင်တောင် အသုံးမဝင်ပါဘူး" ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ဒါတော့ ကျွန်တော် လက်မခံဘူး၊ မိန်းကလေးကို စော်ကားရင် ကျွန်တော် မခံဘူး ကိုဆိတ်ဖွား" ဟု အိုလံက ခပ်ပြတ်ပြတ် ပြောလိုက်လေ၏။

"ကြိုက်လိုက်လေ အိုလံရယ်၊ ဒါမှ တကယ့် လူတော်ကွ၊ မဟုတ်တာ ကိုလုပ်ရင် ဘယ်သူပဲလုပ်လုပ် မထောက်ခံရဘူး၊ ငါကလဲ မိန်းကလေးကို မစော်ကားပါဘူးကွာ၊ သဘောကို ပြောတာပါ၊ ထိုင်ပါ မိန်းကလေး"

မိန်းကလေးက အုတ်ဂူပေါ်၌ ကျုံ့ကျုံ့ ယို့ယို့ကလေး ထိုင်လိုက်လေ၏။

"မိန်းကလေးက မောင်သန်းအေးကို ဘယ်လောက်ချစ်တယ် ဆိုတာ ပြလိုက်တော့ မိန်းကလေးရဲ့ တာဝန်က ကျေပါပြီ၊ ကျုပ်ရဲ့တာဝန်ပဲ ကျန်ပါတော့တယ်၊ ရော့. . . ရေနွေးသောက်လိုက်ပါဦး"

ဟု ဆိုကာ ရေနွေးငှဲ့၍ ရေနွေးပန်းကန်ကို ပေးလိုက်လေ၏။ သို့ရာတွင် မိန်းကလေးက မယူပေ။

"ဟာ. . . ဟ၊ မိန်းကလေးက ကျုပ်တို့ကို ရွံတယ်ကိုး၊ ဟာ. . . ဟ၊ ကျုပ်တို့သန့်ပါတယ်၊ ငွေတိုးချေးပြီး မစားပါဘူး၊ သူများ မယားကိုလဲ ကြာမခိုဘူး၊ လောကမှာ အဲဒီသူတွေကမှ တကယ်ညစ်ပတ်တဲ့ လူတွေကွယ့်. . . ဟာ. . . ဟ၊ ကဲလေ ထားလိုက်တော့ မိန်းကလေး ကျုပ် ကတိပေးတယ်၊ မင်းနဲ့ မောင်သန်းအေးနဲ့ မလွဲမသွေ လက်ထပ်ရမယ်"

"ရှင်. . ."

"ဗျာ. . ." နှယ် ဆိုသော မိန်းကလေးသာမက အိုလံပါ "ဗျာ"ဟု ယောင်ယမ်း မိလေတော့၏။

"တကယ် ပြောတာပါ၊ မယုံဘူးလား"

"ဘယ်လို ယုံနိုင်မှာလဲ ဆရာ ကိုဆိတ်ဖွား၊ ဒီမိန်းကလေးပါ လိုက်သေပြီးမှ မသာချင်း လက်ထပ်ရမှာလား"

ဟု အိုလံက စိတ်ဆိုးစွာ ပြောလိုက်လေ၏။

"ဟာဟ၊ ဘယ်ဟုတ်မလဲ၊ အရှင်လတ်လတ်ကို လက်ထပ်ရမယ်"

"မောင်သန်းအေးက ဂူထဲရောက်နေမှ ဘယ်လို အရှင်လက်ထပ် ရမလဲဗျာ၊ ဆရာ ကိုဆိတ်ဖွားရယ်"

"မောင်သန်းအေးဟာ မသေသေးဘူး အိုလံ"


www.burmeseclassic.com

www.burmeseclassic.com


"ဂူထဲမှာ မသေသေးဘဲ နေနိုင်ပါ့မလား"

"ဂူထဲမှာ မောင်သန်းအေး မရှိပါဘူး၊ လာ. . . ငါပြမယ်"

ဟုဆိုကာ ဆိတ်ဖွားသည် နေရာမှ ထသွားပြီးလျှင် ပေါက်တူးနှင့် သံတူရွင်း အတိုတစ်လက်ကို ယူ၍ မောင်သန်းအေး၏ အုတ်ဂူကို ဖွင့်လေတော့၏။ ဆိတ်ဖွား မောသည့်အခါ၌ အိုလံက ကူညီ၍ သံတူရွင်းဖြင့် အုတ်ဂူကို ဖောက်လေ၏။

နွယ်ကမူ စိတ်အား ထက်သန်စွာဖြင့် အနီးမှကြည့်၍ နေလေ၏။ အချိန်အတော်ကြာ လုပ်ကိုင်ကြသောအခါ အုတ်ဂူပွင့်၍သွားလေ၏။ ထိုအခါ၌ ဆိတ်ဖွားနှင့်အိုလံတို့သည် မောင်သန်းအေး၏ ခေါင်းကိုဆွဲ၍ထုတ်ပြီးလျှင် သံတူရွင်းဖြင့် ကော်လေ၏။

ညသန်းခေါင်ကျော် အချိန်၌ သချိုင်းကုန်း အတွင်း၌ ခေါင်းဖုံးကို သံတူရွင်းဖြင့် ကလန့်၍ ဖွင့်သောကြောင့်. . .

"ကျွီ. . . ကျွီ" ဟု မြည်သော အသံတို့မှာ အမှန်စင်စစ်အားဖြင့် ကျောချမ်းဖွယ်ရာ ကောင်းလှတော့၏။

သံချက်များ အားလုံး ပြုတ်သွားသောအခါ ဆိတ်ဖွားက ခေါင်းဖုံးကို ခြေထောက်ဖြင့် ကန်၍ ချလိုက်ပြီးနောက်. . .

"ဘယ်မှာလဲ မောင်သန်းအေး၊ ကြည့်လေ"

ဟု ဆိုသဖြင့် အိုလံရော နွယ်ပါ ငုံ့ကြည့်ကြရာ အတွင်း၌ ကျောက်ခဲများသာ ရှိသည်ကို အံ့ဩဖွယ်ရာ တွေ့ရလေ၏။

"ဟင်. . . ကိုသန်းအေး အလောင်းလဲ မရှိပါလား"

ဟု နွယ်က အလန့်တကြား ပြောလိုက်လေ၏။

"အေး. . . ဒါကြောင့် ကျုပ် အာမခံရဲတာပေါ့၊ မင်းနဲ့မောင်သန်းအေး လက်ထပ်ရမယ်လို့၊ မောင်သန်းအေး မသေသေးပါဘူး"

"ဗျာ. . . ဆရာ ကိုဆိတ်ဖွားရယ် ဘယ်လို ခင်ဗျာ၊ ကျွန်တော်မြင့် နားမလည်နိုင်အောင်ပါပဲ"

"အုတ်ဂူလုပ်ပေးဖို့ လာပြောကတည်းက မောင်သန်းအေး တကယ် မသေဘူးဆိုတာ ငါသိတယ် အိုလံ၊ မောင်သန်းအေးရဲ့ဖခင်တာလဲ သူ့သားရဲ့


www.burmeseclassic.com

www.burmeseclassic.com


အုတ်ဂူမှာ စိတ်မဝင်စားဘူးကွ၊ ဟိုနားက သူနဲ့ကျောင်းနေဖက် ရာဇဝတ် ဝန်ထောက်ရဲ့ အုတ်ဂူကိုပဲ စိတ်ဝင်စားနေတယ်၊ သူ့မိန်းမကြီးကတော့ ဟိုက စုံတွဲဂူကို ကြည့်ပြီး သူတို့လင်မယား သေရင် ဂူကို စုံတွဲလုပ်ဖို့ပဲပြောနေတယ်၊ ပြီးတော့ ဒါလောက် အဆင့်အတန်းမြင့်တဲ့ မသာကလဲဗျာ လိုက်ပို့တဲ့လူက သုံးလေးယောက်ပဲ ပါတယ်၊ ဒါတွေကို မင်းနားလည်အောင် ထုတ်ပြတဲ့ အချက်တွေပါ၊ ငါ့အနေနဲ့တော့ အဲဒီမိန်းမကို မြင်ကတည်းက မောင်သန်းအေးရဲ့ အသုဘကို မယုံသလိုဖြစ်မိတာ အမှန်ပဲ အိုလံ၊ ဒီထက် သေချာတဲ့အချက် ကတော့ ခေါင်းကို ဂူသွင်းတုန်းက ငါတို့ကို မခိုင်းဘဲနဲ့ သူတို့ဘာသာခေါင်း ကို သယ်ပြီးသွင်းခဲ့တယ်၊ အဲဒီမှာ မသက်ာတာနဲ့ ခေါင်းနားကပ်ပြီး သွားတယ်၊ အနားကို ရောက်တာနဲ့ ခေါင်းထဲမှာ အလောင်းမရှိဘူးဆိုတာ ငါသိတယ်"

"ဘယ်လိုသိသလဲ ဆရာဆိတ်ဖွား"

"ငါရဲ့နှာခေါင်းက မသာနံ့ကို သိတယ်ကွ၊ ဒါကိုတော့ မင်းအနေနဲ့ ယုံတယ်မဟုတ်လား"

"ယုံပါတယ် ဆရာဆိတ်ဖွား" နွယ်သည် ရှိုက်၍ ရှိုက်၍ ငိုနေလေ၏။

"ဘာဖြစ်လို့ ငိုတာလဲနွယ်၊ မင်းရဲ့ချစ်သူ မသေဘူး မဟုတ်လား"

ဟု အိုလံက ပြောလိုက်လေ၏။

"သေတာမှ တစ်ခါတည်းပဲ လွမ်းလိုက်ရင် ပြီးတာပါပဲ၊ အခုလို မသေသေးဘူးဆိုတော့ ကိုသန်းအေးတစ်ယောက် ဘယ်လိုဒုက္ခမျိုးတွေ ခံစား နေပါလိမ့်ဆိုပြီး ပူမိတာပေါ့ရှင်"

ဟု မိန်းကလေးက ပြန်၍ ပြောလိုက်လေ၏။

ဆိတ်ဖွားသည် ဝင်ရောက်ပြောဆိုခြင်း မပြုဘဲ ခေါင်းကြီးကို အုတ်ဂူ အတွင်းသို့ ပြန်၍သွင်းကာ အင်္ဂတေမှုန့်များ ဖျော်၍ အုတ်ဂူကိုပြင်ဆင်တာ ခြေရာလက်ရာမပျက် ပြန်၍ ပြုလုပ်လေ၏။

နံနက် လေးနာရီ ထိုးသည့်အခါ၌ ၎င်းလုပ်ငန်း ပြီးစီးသွားလေ၏။ ထိုအခါ ဆေးပြင်းလိပ်ကို ခဲလျက် အုတ်ဂူပေါ်၌ ဆောင့်ကြောင့် ထိုင်လိုက် ပြီးလျှင်. . .

www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ မိန်းကလေး၊ ဘာမှ မပူပါနဲ့၊ ကျုပ်ရဲ့တာဝန်ထားလိုက်စမ်းပါ၊ မင်းရဲ့ ချစ်သူ မင်းနဲ့ပြန်ပြီး တွေ့ရဖို့ ကျုပ်ဆောင်ရွက်ပေးပါ့မယ်၊ မိုးလင်းရင် မင်းပြန်တော့၊ မင်းနောက်က အိုလံက မယောင်မလည်နဲ့ လိုက်လာလိမ့်မယ်၊ မင်းနေတဲ့ အိမ်ကို သိရတာပေါ့၊ နေ့တိုင်း အိုလံ တစ်ခေါက်ကျ မင်းအိမ်ရှေ့မှာ လာပြီးတောင်းမယ်၊ ငါတို့ကို ပြောချင်တာရှိရင်လဲ စာရေးထားပြီး အိုလံခွက်ထဲ ထည့်လိုက်ရုံပဲ၊ ငါတို့ ပြောစရာရှိရင်လဲ အိုလံကပြောခဲ့လိမ့်မယ်၊ ဘာမှ အားမငယ်နဲ့တော့၊ မင်းဘက်မှ ငါ့တို့နှစ်ယောက်ရှိတယ်"

ဟု ပြောလိုက်လေ၏။

"ကျေးဇူးလဲတင်ပါတယ်၊ အားလဲ ကိုးပါတယ်ရှင်"

"မင်းရဲ့ကိစ္စကို ငါရဲ့အသက်ကို စွန့်ရပါစေ၊ စွန့်ပြီး ဆောင်ရွက်ပေးမယ် မိန်းကလေး"

"ကျွန်တော်လဲ အသက်ကို စွန့်ပါရစေ ဆရာဆိတ်ဖွား စွန့်ပါမယ်"

ဟု အိုလံက ပြောလေ၏။

"ကြိုက်ပြီ အိုလံ၊ စိန်လိုက်လေ၊ တစ်ခုတော့ရှိတယ်၊ မင်းရဲ့ချစ်သူကို ပြန်ပြီးမရမချင်း ငါ့ရဲ့စကားကို တစ်သဝေမတိမ်း လိုက်နာဖို့လိုတယ် မိန်းကလေး"

ဟု ဆိတ်ဖွားက ဆက်၍ ပြောလေ၏။

"လိုက်နာပါ့မယ် အစ်ကိုကြီး စုပ်ဖွားရယ်"

"ဘယ်ကလာ စုပ်ဖွားရမှာလဲ၊ ဆိတ်ဖွား. . . ဆိတ်ဖွား. . . ဟတ်ချိုး. . . ဆိတ်ဖွား၊ အသစ်တစ်ရာ အနာမရှိတဲ့ ဆိတ်ဖွားပါ မိန်းကလေးရဲ့၊ ဟာ. . . ဟ၊ ဒီကောင့်နာမည်က အိုလံတဲ့"

"နွယ့်နာမည်က မယဉ်နွယ်ပါ"

သုံးယောက်သား စကားပြောဆိုနေကြရာ နံနက်မိုးထိန်ထိန်လင်းသည့် တိုင်အောင် ဖြစ်လေ၏။

နံနက်မိုးလင်းသည့်အခါ မယဉ်နွယ် ဆိုသည့် အပူသည် သတို့သမီး မိန်းကလေး ပြန်၍ သွားလေ၏။

အိုလံသည် နို့ဆီခွက်ဖြင့် လက်ဖက်ရည်ကို ဝယ်လျက် နံပြားနှစ်ချပ်ကို နှီးဖြင့်ချီကာ ဆိတ်ဖွားအနီး ရောက်၍ လာလေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ဆရာဆိတ်ဖွား လက်ဖက်ရည်နဲ့ နံပြားကလေး သုံးဆောင်လိုက်ပါဦး" ဟုဆိုကာ အိုလံသည် နို့ဆီခွက်အတွင်းသို့ လက်ဖက်ရည်ကိုငှဲ့၍ ပေးလေ၏။

ဆိတ်ဖွားသည် နံပြားအနည်းငယ်ကို ဖဲ့၍ စားလိုက်ပြီးနောက် လက်ဖက်ရည်ကို တစ်ကျိုက်ငုံလိုက်လေ၏။

"ကောင်မလေးတော့ ဆရာဆိတ်ဖွားရဲ့ အားပေးစကားကြောင့် တော်တော် အားတက်သွားပြီ ဆရာ ဆိတ်ဖွား၊ သူ့ရည်စားကလေး မသေသေးဘူးဆိုတာ သိရတော့လဲ ဝမ်းသာလုံး ဆို့မတတ် ဝမ်းသာသွားပြီ ဆရာဆိတ်ဖွား၊ ဆရာ ဆိတ်ဖွားက ကျောင်းမနေခဲ့ရလို့သာပဲ၊ ကျောင်းများ နေခဲ့ရလို့ ခေတ်ပညာတွေ သင်ခဲ့ရမယ်ဆိုရင် ဒီထက်ပိုပြီး တော်လိမ့်မယ်ထင်တယ်" ဟု အိုလံက နံပြားကိုဖဲ့၍ စားရင်း ပြောလေ၏။

"ငါတော့ ဒီလို မထင်ဘူးကွ၊ အကင်းပါးမှု၊ သွက်လက်မှု၊ ခံနိုင်ရည်ရှိမှု၊ စွန့်လွှတ်မှု၊ လူသဘောနားလည်မှု စတဲ့ အရည်အချင်းတွေနဲ့ပြည့်စုံတဲ့ လူတော်ကလေး တစ်ယောက်ဖြစ်ဖို့ကတော့ ခေတ်ပညာတတ်ဖို့မလိုပါဘူးကွာ၊ ရှေးပညာတွေ၊ မာသျှတ္တရပညာလို့ ခေါ်တဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းကို လေ့လာကြည့်ရှုပြီး၊ သူရဲ့စိတ်နေသဘောထားနဲ့ အကျင့်စာရိတ္တကို ခန့်မှန်းနိုင်တဲ့ ပညာတစ်မျိုး အပါအဝင် ရှေးလူကြီးတွေ လိုက်စားခဲ့တဲ့ သုတိ-သမုတိ၊ နီတိ၊ သချာ. . . အစရှိတဲ့ သချာကိန်းဂဏန်းအတတ်၊ နီတိအတတ်၊ ဓမ္မသတ်ကျမ်းအတတ်တွေ ပုရဏလို့ခေါ်တဲ့ စကားပောင်း၊ ဆိုရိုးပောင်း ပုံပြင်ပောင်း အတတ်တွေကို အချိန်ရတဲ့အခါတိုင်း လေ့လာ မှတ်သားထားရုံ လူတော်တစ်ယောက် ဖြစ်နိုင်ပါတယ်ကွ" ဟု ဆိတ်ဖွားက ဆေးပြင်းလိပ်ကို မီးညှိကာ ရှိုက်ဖွာလိုက်ပြီးနောက် ပြောဆိုလေ၏။

"ဆရာဆိတ်ဖွားရယ်. . . ရှေးရှေးက အသုံးပြုခဲ့ကြတဲ့ ပညာတွေ သျှတ္တရပညာတို့၊ ဆန်းကျမ်းပညာတို့ ဆရာဆိတ်ဖွား မကြာခဏ ပြောလေ့ရှိတဲ့ ပုရဏ စကားပုံပောင်း ပညာတို့ဆိုတာ လူ့လောကအတွက် တကယ်ပဲ အသုံးဝင်တဲ့ ပညာတွေပဲလားဗျာ" ဟု အိုလံက နို့ဆီခွက်အတွင်းမှ လက်ဖက်ရည်ကိုမော့ရင်း ပြောလေ၏။

"သိပ်ကို အသုံးဝင်တာပေါ့ အိုလံ၊ အဲဒီပညာတွေ တတ်ရုံ မဆင်းရဲတော့ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com


"ဆရာဆိတ်ဖွားဟာ အဲဒီပညာတွေ တတ်ထားသားပဲ၊ ဘာဖြစ်လို့ ဆင်းရဲနေတာလဲဗျာ"

"ဟာ. . . ဟာ၊ ငါ့မှာ ပိုက်ဆံမရှိဘူးဆိုတာရယ်၊ ရွှေငွေပစ္စည်းမရှိဘူး ဆိုတာရယ်ကိုတော့ ငါဝန်ခံပါတယ် အိုလံ၊ ဒါပေမယ့် မင်းပြောသလို ငါဟာ ဆင်းရဲမနေဘူး၊ ပိုက်ဆံမရှိတာနဲ့ ဆင်းရဲတာဟာ တခြားစီပဲဆိုတာ မင်းနားမလည်သေးဘူးကို၊ ငါဟာ မဆင်းရဲဘူးဆိုတာ မင်းဘယ်လို သိနိုင်သလဲဆိုတော့ ငါ့အနေနဲ့ ညည်းညူနေတဲ့ အသံကို မင်းကြားဖူးရဲ့လား"

"ဟုတ်ပါရဲ့ဗျာ၊ ဆရာဆိတ်ဖွားဟာ တစ်ခါမှ ညည်းညူတာကို ကျွန်တော်ဖြင့် မတွေ့ဖူး၊ မကြားဖူးပါလား"

"ဟာ. . . ဟ၊ ငါက မင်းထင်သလို ဆင်းမှ မဆင်းရဲတာဘဲကိုကွ၊ ချမ်းသာတယ်ကွ၊ ချမ်းသာနေတယ်၊ စိတ်ချမ်းသာနေတယ်"

"လောကမှာ စိတ်ချမ်းသာတာ တစ်ခုတည်းနဲ့ မလုံလောက်ဘူးထင်တယ် ဆရာဆိတ်ဖွား"

"လုံလောက်ပါတယ်ကွ၊ စိတ်ချမ်းသာတာ တစ်ခုတည်းနဲ့ လူ့ဘဝဟာ နေပျော်ပါတယ်၊ မင်းကို ငါပြောမယ်၊ ကူလီတွေ အလုပ်ကြမ်းသမားကြီးတွေ လယ်သမားကြီးတွေဟာ ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ တစ်ခါမှ မကြားဖူးပါဘူးကွ၊ သူဌေးတွေ၊ အရာရှိကြီးတွေသာ စိတ်ညစ်လို့ သေကြောင်းကြံတယ်လို့ ကြားဖူးတယ်၊ ဒါကိုကြည့်ရင် စိတ်ချမ်းသာမှုနဲ့ ကိုယ့်ချမ်းသာမှုရဲ့ကွာဟချက်ကို မင်းအနေနဲ့ သဘောပေါက်သင့်ပါတယ် အိုလံ"

ထိုနေ့က ဆိတ်ဖွားနှင့် အိုလံတို့သည် သချိုင်းဇရပ်ကြီးပေါ်၌ အချိန်တော်ကြာ စကားပြောခဲ့ကြလေ၏။ နောက်ဆုံးတွင် ဆိတ်ဖွားက အိုလံအား. . .

"ကိုယ့်လူဟာ သူဌေးသား အဖြစ်ကနေ သူတောင်းစား အဖြစ်နဲ့ သချိုင်းမှာ နေနေတာတောင် မညည်းမညူ နေနိုင်တယ်ဆိုတာဟာ စိတ်မဆင်းရဲ လို့ မဟုတ်လား" ဟု ပြောလိုက်ရာ အိုလံက ဟုတ်မှန်ကြောင်း ဝန်ခံလိုက်သဖြင့် စိတ်ချမ်းသာခြင်းသည် ရုပ်ချမ်းသာခြင်းထက် အရေးကြီးကြောင်း ဆွေးနွေးသည့် ဆွေးနွေးပွဲကလေးသည် ပြီးဆုံးခဲ့လေ၏။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com


# မြဲစပယ်

တစ်ညသ၌ ဆိတ်ဖွားနှင့် အိုလံသည် ဖရပ်ပေါ်၌ ထိုင်ကာ စကား ပြောဆိုနေကြစဉ်၌ လူသုံးယောက်တို့သည် အထုပ်ကြီးတစ်ထုပ်ကို ထမ်း လျက် သချိုင်းစပ်သို့ ပုန်းလျှိုးဝှက်လျှိုးနှင့် ဝင်လာသည်ကို တွေ့ကြလေ၏။ လမိုက်ရက်ဖြစ်သော်လည်း ကြယ်ရောင်ဖြင့် ထိုသူတို့ကို ကောင်းစွာ မြင်ရ လေ၏။

"ဆရာဆိတ်ဖွား. . . ဟိုမှာ ကြည့်စမ်းဗျို့၊ ဟိုလူတွေ ဘာထုပ်ကြီး လဲ မသိဘူး၊ သယ်ပြီး ကျုပ်လဲ သချိုင်းထဲ ဝင်လာပြီဗျို့"

ဟု အိုလံက အလန့်တကြား အော်ဟစ်လိုက်လေ၏။

ဆိတ်ဖွားသည် ထိုအခြင်းအရာကို မျှော်၍ ကြည့်လိုက်လေပြီး နောက်. . .

"လာကွာ သွားကြည့်ရအောင်"

ဟုဆိုကာ နေရာမှထ၍ ထိုသူများထံသို့ လျှောက်သွားလေ၏။ အိုလံ လည်း ဆိတ်ဖွား၏နောက်မှ လိုက်ပါလာပြန်လေသည်။

အထုပ်ကြီးကို သယ်လာသူများသည် ထိုအထုပ်ကြီးကို ပစ်ကာ သချိုင်း တွင်းမှ ပြေးထွက်သွားကြလေ၏။ ထိုသူတို့သည် သချိုင်းဝင်းအပြင်သို့ ရောက် ရှိသောအခါ၌ အသင့်စောင့်နေသော မော်တော်ကားပေါ်သို့ တက်လိုက်ကြျင် ကားသည် အရှိန်ပြင်းစွာ မောင်းထွက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


ဆိတ်ဖွားနှင့် အိုလံတို့သည် သချိုင်းဝသို့ ပြေးသွားလျက် မော်တော်ကား ကို ကြည့်ရှုလေ၏။ သို့ရာတွင် မည်သည့်အမျိုးအစား မော်တော်ကား ဖြစ်သည်၊ ကားနံပါတ်က မည်ရွေ့ မည်မျှဖြစ်သည်ကို သဲကွဲစွာ မမြင်ရတော့ပေ။

ထို့ကြောင့် ဆိတ်ဖွားနှင့် အိုလံတို့သည် ထိုသူတို့ပစ်ထားခဲ့သော အထုပ်ကြီးရှိရာသို့ သွားရောက်၍ မီးခြစ်ခြစ်ကာ ကြည့်ရှုကြလေတော့၏။

"ဟ. . . လူသေကောင်ကြီးကို ဂုန်နီအိတ်နှင့်ထုပ်ပြီး လာပစ်တာပါ လား အိုလံ၊ သဲသဲကွဲကွဲ ကြည့်ရအောင် မီးခွက် သွားယူစမ်းကွာ"

ဟု ဆိတ်ဖွားက အိုလံအား မီးခွက်ယူ၍ ခိုင်းလေ၏။

အိုလံသည် ဇရပ်ဆီသို့ ပြေးသွား၍ မီးခွက်ကို ယူခဲ့ပြီးလျှင် မီးခွက် ထွန်းလေ၏။

ဆိတ်ဖွားသည် လူသေအလောင်းကို ထုပ်၍ထားသော ဂုန်နီအိတ် အား ဆွဲဖြုတ်လိုက်လျှင် ရင်ဘတ်၌ အပေါက်ကြီးပေါက်လျက် သွေးအမြောက် အမြား ထွက်ခဲ့ပုံရသော ယောကျ်ားတစ်ယောက်၏ အလောင်းကို တွေ့ရ လေ၏။

သေဆုံးသူမှာ အသက် အစိတ်ခန့်ပင် ရှိဦးမယ်ဖြစ်၏။ အသား အရောင်မှာ မဖြူမညိုဖြစ်၏။ လက်ချောင်းကလေးများမှာ ခပ်သွယ်သွယ် ရှိပေသည်။

ဆိတ်ဖွားသည် သေသူ၏ ရင်ဝမှ ဒဏ်ရာကို သေချာကြည့်ပြီးလျှင်

"သေနတ်ဒဏ်ရာပဲ အိုလံ"

ဟု ပြောဆိုလျက် သေသူ၏ လက်ဝါးနှင့် လက်ချောင်းများကို ကိုင်တွယ်ကြည့်ပြန်၏။

"သေတဲ့လူဟာ တယောသမား တစ်ယောက်ပဲ အိုး. . . တယောကို အမြဲမပြတ် ထိုးနေတဲ့အတွက် သူ့ရဲ့လက်ချောင်းကလေးတွေမှာ အသားမာ တက်နေတယ်"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် အိုလံက. . .

"မယ်တလင်တီးရင် ဖြစ်နိုင်တာပဲ ဆရာဆိတ်ဖွားရဲ့"

ဟု စောဒက တက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


"မယ်ဒလင်သမား ဆိုရင် ညာဘက်က လက်ညှိုးနဲ့ လက်မမှာပဲ အသားမာတက်ရမယ်ကွ၊ ကြိုးကို ခပ်ရတာကို၊ တယောသမားကတော့ ညာဘက်မှာ အသားမာတက်ဖို့မရှိဘူး၊ တိုးတံနဲ့ တိုးရတာ မဟုတ်လားကွ"

ဟု ဆိတ်ဖွားက ပြောလိုက်မှ အိုလံသည် ငြိမ်၍ သွားလေတော့၏။

ဆိတ်ဖွားသည် ဆေးပြင်းလိပ်ကို မီးတို့လိုက်ပြီးလျှင် သေသူ၏ အင်္ကျီ ကို ကြယ်သီးဖြုတ်၍ အတွင်းဘက်သို့ ကြည့်လေ၏။ တစ်ဖန် သေသူ၏ အင်္ကျီလက်များကို ပင့်၍ကြည့်ပြန်ရာ ထူးဆန်းသော အခြင်းအရာကို တွေ့ရလေတော့၏။

သေသူ၏ ဘယ်ဘက်လက်ဖျံတွင် "မြစပယ်"ဟု ဆေးထိုးထားသည်ကို တွေ့ရလေ၏။

"သဲလွန်စတော့ နည်းနည်းရပြီ အိုလံ"

ဟု ဆိုကာ ဆိတ်ဖွားသည် သေသူ၏ အင်္ကျီလက်အား ပင့်တင်လိုက်ရာ လက်မောင်း၌ ချည်နှောင်ထားသော ငွေလက်ဖွဲ့ကလေးတစ်လုံးကို တွေ့ရ ပြန်၏။ ဆိတ်ဖွားသည် လက်ဖွဲ့ကလေးအား ကြိုးနှင့်တကွ ဖြုတ်ယူ၍ပြီးနောက် လက်ဖွဲ့ချည်သော ကြိုးကို သေသေချာချာ ကြည့်ပြန်၏။

ထို့နောက် သေသူ၏ လုံချည်ကို ကြည့်ရှုပြီးနောက်. . .

"ဟောဒီ လက်ဖွဲ့မှာ ချည်ထားတဲ့ ကြိုးဟာ လုံချည်က ချည်စကို ထုတ်ယူပြီး လုပ်ထားတဲ့ ကြိုးကွ"

ဟု ပြောကာ ကြိုးမှ ငွေလက်ဖွဲ့ကလေးကို ထုတ်ယူကာ လိပ်ထားသော လက်ဖွဲ့အား ဖြန့်လိုက်လေ၏။

လက်ဖွဲ့ကလေးအတွင်း၌ကား အောက်ပါအတိုင်း ရေးခြစ်ထားသည်ကို တွေ့ရလေ၏။

သက စ

(    )မ (    ) တင ကရ (    ) ဘရ

နက ရ သ ကက ဘ လ အ လက ဝ

ဘက မက စ နက တ


www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားစရာပဲ အိုလ်ရေ၊ သုံးပုံဖဲ ရိုက်ရမယ့် ကိစ္စမျိုးပဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်သကဲ့သို့ ဆိတ်ဖွားက ပြောလိုက်လျှင် အိုလ်က၊

"ဘယ်လိုလဲ ဆရာဆိတ်ဖွားရဲ့၊ သုံးပုံဖဲ ရိုက်ရမည့် ကိစ္စဆိုတာက"

ဟု ပြန်၍ မေးလိုက်လေ၏။

"သုံးပုံဖဲ ရိုက်ရမယ့် ကိစ္စဆိုတာ ဉာဏ်ထုတ်ရမယ့် ကိစ္စပေါ့ကွာ၊ ဟာ. . . ဟာ၊ ပြီးတော့ ငါတို့ ရှေးမြန်မာကြီးတွေ ကစားတဲ့ သုံးပုံဖဲကို ကစား တတ်ရင် ကျန်တဲ့နေရာမှာလဲ သိပ်ပြီး မညံ့ပါဘူးကွ၊ တယောသမားလေးဆိုတဲ့ အချက်ရယ်၊ မြစပယ်ဆိုတဲ့ အချက်ရယ်၊ ဟောဒီ လက်ဖွဲ့ကလေးမှာ ပါတဲ့ စာရယ်ကို အခြေခံပြီး စဉ်းစားရမှာပဲ"

"လက်ဖွဲ့ဆိုတာ အဆောင်တစ်ခုပေါ့ ဆရာရယ်၊ လူသတ်မှုနဲ့ဆိုင် တယ် မထင်ပါဘူး" ဟု အိုလ်က ပြောပြန်လေ၏။

"ဟာ. . . ဟ. . . မဟုတ်ဘူးကွ၊ ဟောဒီ လူသတ်မှုဟာ လက်ဖွဲ့ ကြောင့် ဖြစ်တယ်လို့တောင် ပြောရမလိုပဲ၊ ပြီးတော့ မင်းထင်သလို ငွေလက် ဖွဲ့ မဟုတ်ဘူးကွ၊ သွားတိုက်ဆေးဘူးက ခဲပြားကို သံချွန်ခြစ်ပြီး ရေးထားတာ၊ ဝှက်စာတစ်မျိုးနဲ့ တူတယ်"

"ဟုတ်လား ဆရာကိုဆိတ်ဖွား"

"ဟုတ်တယ်ကွ၊ ဒီအချက်ဟာ ဘယ်ကို ဖော်ပြသလဲ ဆိုတော့ အသတ် ခံရတဲ့ လူဟာ မသေမီမှာ ရေချိုးခန်းထဲမှာ၊ ဒါမှမဟုတ်ရင် ရေချိုးခန်းနဲ့ဆက် နေတဲ့ အခန်းထဲမှ ရက်အတော်ကြာ လှောင်ပိတ်ခံခဲ့ရတယ် ဆိုတာရယ်၊ တစ်စုံတစ်ခုသော စာကို ကူးယူရမယ်ဆိုတာလဲ အဲဒီလို အချုပ်ခံရတုန်းမှာ ကြိုတင်ပြီး သိနေတဲ့ သဘောပဲ၊ ဒါကြောင့် သွားတိုက်ဆေးဘူးကို ဖျက်ပြီး ခဲစကို တစ်ဖက်ဆေးတွေရော၊ တံဆိပ်တွေရော မပါအောင် တမံတလင်းမှာ ပွတ်တိုက်ပြီး ရေးမယ့်သံချွန်နဲ့ အသင့်ဆောင်ထားပြီးမှ အစောင့်တွေအလစ်မှာ ဒီစာကို ကူးယူခဲ့တာပဲ၊ ဒီအချက်တစ်ချက်ဟာ ငါတို့အတွက် ဒွေါ်တော်ကို ဖူလုံသွားတဲ့ အချက်ဖြစ်တယ်၊ ဟာ. . . ဟာ၊ ဖူလုံတယ်ဆိုတာ သိလား၊ သုံးပုံဖဲ

www.burmeseclassic.com

www.burmeseclassic.com


စကားကွ၊ သုံးပုံဖဲမှာ ဖဲလေးပုံရရင် 'တဖူလုံ'လို့ခေါ်တယ် ကိုယ့်လူ၊ ဖူလုံတဲ့လူက ဒေါင်းကြေး မပေးရတော့ဘူးပေါ့ကွာ"

ဟု ဆိတ်ဖွားက ပြောလေသည်။

ထို့နောက် ဆိတ်ဖွားသည် လက်ဖွဲ့ အတွင်းမှပါလာသော ဗျည်းအက္ခရာစာများကို စာရွက်တစ်ရွက်၌ ကူးယူပြီးလျှင် လက်ဖွဲ့အား သေသူ၏ လက်မောင်း၌ မူလအတိုင်း ပြန်၍ ချည်နှောင်ပေးလိုက်၏။

"ကဲ. . . အိုလံ. . . ဟောဒီ ကိစ္စဟာ လူသတ်မှုပဲကွ၊ ပုလိပ်ကို သွားပြီး အကြောင်းကြားပေတော့၊ ပြီးတော့ ဆားပုလင်းနှင်းမောင်ဆိုတာရှိတယ်၊ သူ့ကိုပါ အကြောင်းကြားခဲ့၊ သူလိုက်မှ အမှုက ပေါ်မှာ"

ဟု လည်း ဆိတ်ဖွားက မှာလိုက်လေသည်။

ထို့ကြောင့် အိုလံသည် လူသေအလောင်း တစ်လောင်း တွေ့ထားကြောင်းကို ဂါတ်သို့ သွားရောက် တိုင်တန်းလေ၏။ ဂါတ်မှပုလိပ်များ၊ ရာဇဝတ်အုပ်များနှင့် အင်းစိန်စီအိုင်ဒီမှ စုံထောက်များ ရောက်ရှိလာပြီးလျှင် အောက်လင်းဓာတ်မီးကြီးများ ထွန်းညှိကာ အလောင်းကို လေ့လာကြည့်ရှုလေ၏။

ဆိတ်ဖွားနှင့် အိုလံသည် ပုလိပ်နှင့် စုံထောက်များ လုပ်ကိုင်နေပုံကို မလှမ်းမကမ်းမှ ရပ်၍ ကြည့်ရှုနေလေ၏။

စုံထောက်များသည် လူသေအလောင်းကို ကြည့်ရှု၍ ထင်မြင်ချက်အမျိုးမျိုးကို ပေးကြလေ၏။

"အသတ်ခံရတဲ့လူဟာ သူခိုးတစ်ယောက် ဖြစ်ရမယ်၊ အိမ်ရှင်က မသနတ်နဲ့ပစ်ပြီးကာမှ အမှုဖြစ်မှာစိုးလို့ လာပြီး ပစ်ထားတာပါ"

ဟု စုံထောက်က ပြောလေ၏။

"မဟုတ်ဘူး၊ သူရဲ့ လက်မောင်းမှာ 'မြစပယ်'လို့ ဆေးထိုးထားတာဟာ အချစ်ကိစ္စကြောင့် အသတ်ခံရတယ်လို့ ဖော်ပြနေတယ်"

ဟု အခြားသော စုံထောက်က ပြောပြန်၏။



www.burmeseclassic.com

"မဟုတ်ဘူး၊ လက်မောင်းမှာက လက်ဖွဲ့ကလေး တစ်လုံးရှိတယ်၊ လက်ဖွဲ့ကလဲ ကမန်းကတန်း ချည်ထားတဲ့ သဘောကတော့ သေနတ် ပြီးမပြီး စမ်းကြည့်တာ ဖြစ်လိမ့်မယ်" ဟု ရာဇဝတ်အုပ်က ဆိုပြန်၏။

ဆိတ်ဖွားက ဆေးလိပ်သောက်ရင်း ထိုသူတို့ကို ကြည့်၍ ပြုံးလိုက်ပြီးလျှင် အိုလံအား. . .

"အိုလံရေ စုံထောက်တွေကတော့ ဈေးအပေါဆုံး ပစ္စည်းကို ဖောဖောသီသီ ပေးနေကြပြီ"

ဟု ပြောလိုက်ရာ အိုလံက နားမလည်သဖြင့်. . .

"ဈေးအပေါဆုံးဆိုတာ ဘာလဲ ဆရာဆိတ်ဖွား"

ဟု ပြန်၍ မေးလိုက်လေ၏။

"ဈေးအပေါဆုံး ပစ္စည်းဆိုတာ ထင်မြင်ချက်လေကွာ၊ ထင်မြင်ချက်ဆိုတာ ဈေးအပေါဆုံးဖြစ်တဲ့အတွက် လူတွေဟာ ထင်မြင်ချက်ကို ခပ်ပေါပေါ ပေးလေ့ရှိတယ်ကွ၊ ဟာ. . . ဟ"

"ဟုတ်တယ် ဆရာဆိတ်ဖွားရေ၊ အခုလာတဲ့ ရာဇဝတ်အုပ်တွေနဲ့ စုံထောက်တွေဟာ အမှုကိုပေါ်အောင် ဖော်နိုင်မှာ မဟုတ်ပါဘူး ဆရာရယ်"

ဟု အိုလံက ညည်းညူလျက် ပြောလိုက်၏။

"ဒါကြောင့် ဆားပုလင်း နှင်းမောင်ဆိုတဲ့ လူကို ခေါ်ခဲ့ပါလို့ ပြောတာပေါ့ကွ"

"ဆားပုလင်းနှင်းမောင် မရှိဘူး ဆရာရဲ့၊ ပုလိပ်မင်းကြီးနဲ့စကားများလို့ ရွှေဘိုဂါတ်ကို ပြောင်းလိုက်တယ်ဆိုပဲ"

"သေတဲ့လူဘက်က စဉ်းစားရင် အတော်ပဲနစ်နာတယ်ကွာ၊ အမှုမှန်မပေါ်ရင် မတရားမှုတွေကို ကျူးလွန်တဲ့ လူတွေဟာ ပိုပြီး ဇက်ရဲလက်ရဲဖြစ်လာလိမ့်မယ်၊ မတရားမှုတွေ ပေါ်ပေါက်လာရင် လောကကြီး ပျက်လိမ့်မယ်၊ လောကကြီးဘက်ကတော့ ငါတို့ ရပ်တည်ရမှာပဲ အိုလံ၊ ဒီတော့ စုံထောက်ဌာနကို သွားပြီး စုံထောက်မင်းကြီးကို သွားပြောမယ်၊ ဆားပုလင်း နှင်းမောင်



www.burmeseclassic.com

www.burmeseclassic.com


ကို ပြန်ပြီးခေါ်ပါလို့၊ ဆားပုလင်းနှင်းမောင်ဟာ မတရားမှုကို စောင့်ရှောက်နိုင်တဲ့ လူဖြစ်တယ်"

"ဖြစ်ပါ့မလား ဆရာဆိတ်ဖွား"

"ဖြစ်ပါ့မလားဆိုတာ၊ မဖြစ်ဘူးလို့ ထင်မြင်ချက်ပေးတာပဲ မဟုတ်လား ဖိုလံ၊ ထင်မြင်ချက်ကို ဈေးပေါပေါနဲ့ မပေးစမ်းပါနဲ့ကွာ သွားပြီး ကြိုးစားကြည့်မယ်"

ဆိတ်ဖွားနှင့် ဖိုလံတို့သည် နောက်နေ့ နံနက်၌ အင်းစိန်စီအိုင်ဒီသို့ စုံထောက်မင်းကြီးနှင့် တွေ့ဆုံရန် သွားရောက်ခဲ့လေတော့သည်။

စီအိုင်ဒီဌာနသို့ ရောက်လျှင် ဆိတ်ဖွားရော ဖိုလံပါ ဝင်၍သွားကြလေ၏။ ဂိတ်တွင်စောင့်နေသော စန္ဒိပုလိပ်က. . .

"ဟိတ်. . . ဟိတ်. . . ဘယ်ကို သွားမလို့လဲ"

ဟု လှံစွပ် တကားကားဖြင့် မေးလေ၏။

"စုံထောက်မင်းကြီးဆီကို သွားမလို့"

ဟု ဆိတ်ဖွားက ပြန်၍ ဖြေလေ၏။

"ဘာကိစ္စလဲ၊ မင်းကြီးဆီကို တော်ရုံလူ သွားလို့ရတယ်များ မှတ်နေသလား" ဟု စန္ဒရီက ပြန်ပြောလေ၏။

"ကျုပ်တို့က တော်ရုံလူ မဟုတ်ပါဘူး"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် ပုလိပ်ကလည်း ဆိတ်ဖွားနှင့် ဖိုလံတို့ကို ခြေဆုံးခေါင်းဆုံး ကြည့်လေ၏။ ကျေနပ်အောင် ကြည့်ရှုပြီးလျှင်. . .

"ခင်ဗျားတို့က ဘာတွေလဲ"

"သူက သူတောင်းစား. . . ကျုပ်က သုဘရာဇာပါ"

"အို. . . သွားကြ. . . သွားကြ. . . မင်းကြီးနဲ့ တွေ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ ခက်တော့တာပဲ၊ သွားကြ. . . သွားကြ၊ မသွားရင် သေနတ်နဲ့ပစ်လိုက်မယ်"

"ဟာဟ. . . ကိုယ့်လူကလဲ၊ ကျည်မပါတဲ့ သေနတ်ကြီးနဲ့ ကျုပ်တို့ကို ပစ်မလို့လား၊ လုပ်မနေစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ ဆိတ်ဖွားက ဆက်၍ လျှောက်သွားလေ၏။ အိုလံက နောက်မှ လိုက်လေ၏။ ပုလိပ်က ရှေ့မှ လှံစွပ်ဖြင့် ရွယ်၍ ထားလေ၏။

ဆိတ်ဖွားသည် လှံစွပ်ကို ဖယ်၍ ရှေ့သို့ သွားမြဲ သွားလေ၏။ ပုလိပ် ကလည်း ရှေ့မှ လှံစွပ်ဖြင့် ရွယ်၍ ရွယ်၍ ထားလေ၏။

ထိုအချိန်၌ ပုလိပ် အရာရှိကြီးများ ပြေး၍ ထွက်လာကြလေ၏။

"ဟ. . . ဟေ့. . . ဟေ့ မောင်ညို ဘာလိုဖြစ်တာလဲ. . . မင်းကို တစ်နာရီလေး ဂိတ်မှာ စောင့်ခိုင်းပါတယ်ကွာ ပြဿနာပေါ်တော့တာပဲ"

ဟု လွန်စွာဝဖီးသော ပုလိပ် အင်စပိတ်တော်ကြီး တစ်ဦးက ပြော လိုက်လေ၏။

"မဟုတ်ပါဘူး ဆရာ၊ ဟောဒီက သုဘရာဇာနဲ့ သူတောင်းစားက မင်းကြီး ရုံးခန်းကို သွားမယ် လုပ်နေတယ်"

ဟု ပုလိပ်ကလေးမောင်ညိုက ပြောလိုက်ရာ ပုလိပ်အရာရှိလူဝကြီး သည် ဆိတ်ဖွားကို ကြည့်၍. . .

"အလို. . . ကိုဆိတ်ဖွားပါလား၊ ကျုပ်. . . ကိုကိုကြီးလေ၊ ဆားပုလင်း နှင်းမောင်ရဲ့ မိတ်ဆွေကြီးပါ၊ ဟောဒီမှာ အိုင်ပီ ဦးအောင်သင်း၊ ဘာကိစ္စ မင်းကြီးဆီကို လာသလဲ"

ဟု ပြောလေ၏။

"ကျုပ်နေတဲ့ တာမွေသင်္ချိုင်းကုန်းမှာ လူတစ်ယောက်ကို သတ်ပြီး ကားပေါ်က ပစ်ချပြေးတဲ့ အမှုတစ်ခု ဖြစ်သွားတယ်၊ အဲဒါ အမှုအတွက် လာကြတဲ့ စုံထောက်နဲ့ ပုလိပ်တွေကို ကြည့်ရတာ အားမရတာနဲ့ မင်းကြီးဆီ ကို လာခဲ့တာ၊ ဆားပုလင်းနှင်းမောင်ကို အမြန်ဆုံး ပြန်ခေါ်ဖို့ ပြောမလို့ပါပဲ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ ဦးကိုကိုကြီး ဆိုသော ပုလိပ်အင်စပိတ် တော်ကြီးက. . .

"အလိုလေး. . . အလိုလေး. . . မဖြစ်နိုင်ပါဘူး ကိုဆိတ်ဖွား၊ ကိုနှင်းမောင်နဲ့ စကားများတာ အဲဒီ စုံထောက်မင်းကြီးပေါ့ဗျာ၊ သူကြောင့်


www.burmeseclassic.com

www.burmeseclassic.com


ကိုနှင်းမောင် နယ်ပြောင်းသွားရတာ၊ သူ့ကိုများ သွားပြောလို့ ဘာထူးမှာလဲ ကိုဆိတ်ဖွား" ဟု ပြောလေ၏။

"ဘာထူးမှာလဲ ဟုတ်လား . . . မထူးလို့ မဖြစ်ဘူး၊ မတရားအသတ်ခံရတဲ့ဘက်က ဝင်ပြီးကူညီပါ ဦးကိုကိုကြီး"

"ဒီလိုရှိပါတယ် ကိုဆိတ်ဖွား၊ ကျုပ်တို့က အစိုးရ အမှုထမ်းတွေပါ၊ အထက်က မခိုင်းဘဲ ကိုယ့်သဘောနဲ့ကိုယ် ဘာမှ လုပ်လို့မရဘူး၊ အထက်က မင်းသွား ဒီအမှုကို စုံစမ်းဆိုမှ စုံစမ်းခွင့်ရပါတယ်"

"ခင်ဗျားတို့ ဥစ္စာက ဘာဖြစ်လို့ လုပ်နေကြတာလဲ ထွက်လိုက်ကြပါလား"

"ထမင်းငတ်သွားမယ် ဆရာဆိတ်ဖွား"

"ထမင်းစားရဖို့ တစ်ခုတည်းအတွက် ဦးနှောက်ကို သော့ပိတ်ခံထားရသလား၊ ခင်ဗျားတို့ဟာ စောစောက သချိုင်းမှာ သေသွားတဲ့ လူထက်တောင် သနားစရာ ကောင်းပါတယ်၊ အလုပ်က ထွက်ခဲ့ပါ မိတ်ဆွေ၊ ထမင်း မငတ်ပါဘူး၊ ကျုပ်နဲ့အတူ သချိုင်းကုန်းမှာ သုဘရာဇာ လာပြီးလုပ်ပါ၊ ခင်ဗျားကို ကျုပ်ရဲ့ လုပ်ငန်းတစ်ဝက် ခွဲပေးမယ်"

"မဖြစ်နိုင်ပါဘူး ကိုဆိတ်ဖွား၊ ခင်ဗျား ပြန်ပါတော့ဗျာ"

"သနားစရာ ကောင်းတဲ့ လူတွေပဲ၊ ခင်ဗျားတို့ အဖြစ်ဟာ ဆိုးလှချည်လား၊ ကိုယ့်သဘောနဲ့ကိုယ် ဘာမှ လုပ်ခွင့်မရှိတဲ့ အလုပ်ကိုများ ဘာကြောင့် မက်မော နေကြတာလဲ၊ လူဆိုတာ လွတ်လပ်မှုကို အလိုလားဆုံး သတ္တဝါဖြစ်ပါလျက် လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်တဲ့ ဘဝကို ရောက်အောင် ကျောင်းတွေတက်၊ စာမေးပွဲတွေဖြေပြီး ခင်ဗျားတို့ဟာ မိုက်မိုက်မဲမဲ ကြိုးစားကြတာကိုး၊ ကဲ . . . ကဲ . . . ကျုပ်သွားမယ်"

ဟု ဆိုကာ ဆိတ်ဖွားက ပြန်ခဲ့လေ၏။

အင်းစိန် စီအိုင်ဒီအတွင်းမှ ပုလိပ်အရာရှိများသည် ခန့်ညားထည်ဝါစွာ လျှောက်သွားကြသော သုဘရာဇာကြီးအား မျက်စိတစ်ဆုံး ငေးမော ကြည့်ရှု နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တော့ ကိုဆိတ်ဖွားနဲ့ နေရာချင်း လဲလိုက်ချင်တော့တယ်ဗျာ"

ဟု ပုလိပ် အင်စပိတ်တော် ဦးကိုကိုကြီးက အိုင်ပီ ဦးအောင်သင်၊ အား ပြောလိုက်ရာ ကြားရသူအပေါင်းက ဝါးခနဲ ရယ်မောကြလေ၏။

"မရယ်နဲ့ ကိုယ့်လူတို့ ဒီလူကြီးရဲ့ ဘဝဟာ ဘယ်လောက်လွတ်လပ်ပြီး ဘယ်လောက် စိတ်ချမ်းသာဖို့ ကောင်းသလဲ၊ ပြီးတော့ ကြည့်စမ်း ဒီလူကြီး ဟာ ဘယ်လောက် ရဲရင့်သလဲ၊ ဘယ်သူ့ကိုမှလဲ ကြောက်ရကောင်းမှန်း မသိဘူး၊ သူမှန်တယ်ထင်တာကို ရဲရဲဝံ့ဝံ့ ပြောရဲ လုပ်ရဲတယ်၊ ကျုပ်တို့မှာတော့ . . ."

ဟု ဦးကိုကိုကြီးက စိတ်ပျက်စွာ တံတွေးထွေးလိုက်လေသတည်း။

ဦးနှောက်ကို မင်းတုပ်ထိုး ကန့်လန့်ချပြီး သော့ခတ်ထားရသည့် အလုပ်မျိုး၌ မည်မျှ ကြီးမားသော ရာထူးကို ရစေကာမူ၊ မက်မောဖွယ် ရာမရှိ ပါပေ။

**ဗော်လ်တဲယား အိပ်ချွား**

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com


# ဓလာကနတ်သား

အင်းစိန် စုံထောက်ဌာနမှ ပြန်လာခဲ့ပြီးနောက် ဆိတ်ဖွားသည် ဦးနတ္တိ အုတ်ဂူပေါ်၌ ထိုင်ကာ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစား၍ နေလေ၏။ ထိုသို့ စဉ်းစားနေပြီးနောက် ဆုံးဖြတ်ချက်ကို ချလိုက်သည့်အလား သူ၏မျက်နှာ သည် တင်းမာ၍ သွားလေသည်။

လောကကြီးမှာ ကြီးနိုင်ငယ်ညှဉ်း လုပ်မှုတွေ များနေတယ်၊ အုပ်စု ရှိတဲ့လူက အုပ်စုမရှိတဲ့လူကို အနိုင်ကျင့်တယ်၊ ငွေရှိတဲ့လူက ငွေမရှိတဲ့လူကို အနိုင်ကျင့်တယ်၊ ရာထူးဂုဏ်သိမ် ရှိတဲ့သူက မရှိတဲ့လူကို ဗိုလ်ကျနေတယ်၊ ကြောင်က ကြွက်ကို အနိုင်ကျင့်သလို ကျင့်နေကြပြီ၊ လူတွေဟာ အထူးသဖြင့် ငွေမရှိ အုပ်စုမရှိတဲ့ လူတွေဟာ ခိုကိုးရာမဲ့နေကြပြီ။

တကယ်က လူတွေဟာ မရပ်တည်နိုင်ကြတော့ဘူး၊ အားကိုးရာမဲ့ နေကြပြီ၊ သူတို့ရဲ့ ပြဿနာအသီးသီးကို တင်ပြဖို့၊ ဖြေရှင်းပေးဖို့ ဆရာရှာ နေကြပြီ၊ ဖြေရှင်းပေးနိုင်မယ့် အနစ်နာခံနိုင်မယ့် လူတွေကို မျှော်လင့်နေကြ ပြီ၊ ဒီတော့ လူတွေ၊ အထူးသဖြင့် အားကိုးရာမဲ့နေတဲ့ လူတွေဘက်မှာ ငါဆိုတဲ့ သုဘရာဇာဆိတ်ဖွားက မားမားမတ်မတ် ရပ်တည်မယ်၊ မတရားမှုတွေကို ဖော်ထုတ်ရုံ မဟုတ်ဘူး၊ မတရားမှုတွေကို ဖန်တီးတဲ့ လူတွေကိုပါ ထိုက်တန်တဲ့ အပြစ်တွေ ပေးရမယ်၊ ငါဆိုတဲ့ ဆိတ်ဖွားရဲ့ ဘဝကို အားကိုးရာမဲ့နေတဲ့ လူတွေ အတွက် အစွမ်းကုန် ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်ပြီ။


www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ဖွားသည် အထက်ပါအတိုင်း စဉ်းစား၍ ဆုံးဖြတ်ချက်ချပြီး နောက်. . .

"ဒီ လူသတ်မှုဟာ သာမန်မဟုတ်ဘူး၊ အုပ်စုရှိတဲ့လူဟာ အုပ်စု မရှိတဲ့ လူကို အနိုင်ကျင့်ပြီး သတ်ပစ်ခဲ့တာ ဖြစ်တယ်၊ ဒီတော့ အမှုမှန်ကို ဖော်ထုတ်ပြီး အုပ်စုသမားတွေကို အပြစ်ပေးရမယ် အိုလံ"

ဟု ပြောလိုက်ရာ အိုလံက. . .

"လုပ်စမ်းပါ ဆရာ ဆိတ်ဖွားရယ်၊ မြန်မြန်လုပ်စမ်းပါ ကျွန်တော်ဖြင့် ဆရာဆိတ်ဖွားရဲ့ သဘောထားကို သိပ်ကြိုက်တာပဲ"

ဟု အားရဝမ်းသာ ပြောလိုက်လေ၏။

"အေး. . . လောကမှာရှိတဲ့ ဘာသာတိုင်းက မကောင်းမှုကျူးလွန် တဲ့ လူတွေကို သူကျူးလွန်ခဲ့တဲ့ မကောင်းမှုအလိုက် ငရဲခံရတယ်လို့ ဆိုထားတယ် မဟုတ်လား"

ဟု ဆိတ်ဖွားက အိုလံအား မေးလိုက်လေ၏။

"ဟုတ်တယ် ဆရာ ဆိတ်ဖွား၊ ငရဲဆိုတာ ဘာသာတိုင်းလောက်မှာ ရှိတယ်"

"အဲဒီလို ရှိမှလဲ တရားမယ်ကွ၊ အခု ငါလုပ်မယ့် အစီအစဉ်တာလဲ ငရဲပဲ၊ အုပ်စုနဲ့ အနိုင်ကျင့်တဲ့ လူတွေ၊ ငွေနဲ့ အနိုင်ကျင့်တဲ့လူတွေ၊ ဆွေမျိုး အသိုင်းအဝိုင်းနဲ့ အနိုင်ကျင့်တဲ့ လူတွေကို အပြစ်ပေးရမယ့် အလုပ်ပဲကွ"

"အဲဒီ အလုပ်အတွက် ထောင်ဆိုတာ ရှိတယ် မဟုတ်လား"

"ထောင်ဆိုတာက ပုလိပ်က ဖမ်းပေးမှ ရောက်တာပဲကွ၊ ပုလိပ်က မဖြေရှင်းနိုင်တဲ့ ကိစ္စတွေ အများကြီးရှိနေတယ်၊ အဲဒီကိစ္စတွေမှာ ငါတို့က ဝင်ပြီး မတရားသူတွေကို အပြစ်ပေးရမယ်၊ ကူညီသင့်တဲ့ လူတွေကို ကူညီရ မယ်၊ လောကကြီး သာယာအောင် စောင့်ရှောက်တဲ့ 'လောကပါလနတ်သား' ရဲ့ အလုပ်တာဝန်တွေကို ခွဲဝေယူရမယ်"

"ဆရာဆိတ်ဖွားက လောကပါလ နတ်မင်း၊ ကျွန်တော်က နတ်သား ပေါ့၊ ဟား. . . ဟား. . . နေရာကျပြီ၊ ကျွန်တော်တို့ရဲ့ သချိုင်းကုန်းကလေး ဟာ အမှန်တရားကို ဆုံးဖြတ်မယ့် တရားသော နယ်မြေလေးပေါ့၊ ဟား. . .



www.burmeseclassic.com

www.burmeseclassic.com


ဟား. . . ခွေးကောင်တွေကို ကောင်းကောင်း နှိပ်စက်ရမယ်"

"လောလောဆယ် ယောဒီ လူသတ်မှုကို ပေါ်အောင် အရင်လုပ်ရမယ်၊ အိုလံ၊ ပေါ်ခဲ့လို့ရှိရင် အုပ်စုနဲ့ အနိုင်ကျင့်တာဆိုရင် အဲဒီ အုပ်စုကို အပြစ်ပေးရမယ်၊ ပြီးတော့ မောင်သန်းအေးနဲ့ မယဉ်နွယ်တို့ ကိစ္စကိုလဲ ဆောင်ရွက်ပေးရဦးမယ်၊ ငါတို့ရဲ့ လုပ်ငန်းဟာ လောကပါလ. . . လောကကို စောင့်ရှောက်သောလုပ်ငန်းလို့ ဆိုနိုင်တာပေါ့ကွာ"

"ဟုတ်ပြီဆရာ၊ လောကပါလ လုပ်ငန်း ဖွင့်ပွဲအတွက် လက်ဘက်ရည်သွားဝယ်လိုက်ဦးမယ်"

ဟု ဆိုကာ အိုလံသည် နို့ဆီခွက်ကို ယူ၍ လက်ဖက်ရည်ဝယ်ရန် ထွက်သွားလေ၏။

ဆိတ်ဖွားသည် လက်ဖွဲ့ကလေးအတွင်းမှ ကူးယူခဲ့သော စာရွက်ကလေးကို ဖွင့်ကာ ကြံဆနေလေ၏။ သို့ရာတွင် အဖြေကိုကား မရသေးပေ။

တစ်အောင့်ကြာလျှင် အိုလံသည် နို့ဆီခွက်ကလေးကို ကိုင်ကာ ပြန်လည် ရောက်ရှိလာသဖြင့် ဆိတ်ဖွားနှင့် အိုလံတို့သည် လက်ဖက်ရည် သောက်ကြလေ၏။ လက်ဖက်ရည် သောက်ပြီးနောက် ဆိတ်ဖွားက. . .

"အိုလံရေ တွင်းတူးမယ့် ကုလားတွေ ရှာပြီး သချိုင်းထဲမှာ တွင်းတွေ ထူးထားခိုင်းကွာ၊ ငါတို့ဟာ လောလောဆယ်မှာတော့ မသာတွင်းတူးတဲ့လုပ်ငန်းကို ရပ်ဆိုင်းထားရလိမ့်မယ်"

ဟု ဆိုသဖြင့် အိုလံက မသာတွင်းများ ကိစ္စကို ဆောင်ရွက်ရလေ၏။ ထို့နောက် ဆိတ်ဖွားက အိုလံအား ခေါ်ယူကာ အပြင်သို့ ထွက်ခဲ့လေ၏။

"ဘယ်ကိုများ သွားမလို့လဲ ဆရာဆိတ်ဖွား"

"ရန်ကုန်အနောက်ပိုင်းနဲ့ ကြည့်မြင်တိုင်ဘက်မှာရှိတဲ့ အငြိမ့်ထောင် အိမ်တွေကို သွားမယ်လေကွာ၊ အဲဒီမှာ မြစပယ်ဆိုတဲ့ အငြိမ့်မင်းသမီး ရှိ မရှိ စုံစမ်းမယ်"

ဆိတ်ဖွားနှင့် အိုလံတို့သည် ရန်ကုန်အနောက်ပိုင်းရှိ အငြိမ့်ထောင် အိမ်များသို့ တစ်အိမ်ဝင် တစ်အိမ်ထွက်နှင့် မြစပယ်ဆိုတာ အငြိမ့်မင်းသမီး ရှိ မရှိ စုံစမ်းခဲ့ရာ သူတို့၏ စုတ်နုတ် နုံချာလှသော အဝတ်အစားများကြောင့် အချို့သော အိမ်များက မောင်းနှင်၍ပင် ထုတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


တစ်နေကုန်အထိ အနောက်ပိုင်းရှိ အငြိမ့်ထောင် အိမ်များ၌ စုံစမ်းပြီးလျှင် သချိုင်းသို့ ပြန်လာခဲ့လေ၏။

"ဆရာဆိတ်ဖွားရေ ကျွန်တော်ကလဲ သူတောင်းစား အဝတ်အစား။ ဆရာကလဲ သုဘရာဇာ အဝတ်အစားနဲ့ဆိုတော့ လူတွေက ကျွန်တော်တို့ မေးတာကို အရေးလုပ်ပြီး မဖြေချင်ကြဘူး၊ အဲဒါကို စဉ်းစားပါဦး"

ဟု အိုလံက အကြံပေးလေ၏။

"ငါလဲ ဒါကိုပဲ စဉ်းစားနေတာပဲ၊ ဟာ. . . ဟ. . . လူတွေဟာ တော်တော် နုံးဝေးတယ်ကွ၊ အဝတ်အစား ကောင်းကောင်းဝတ်ထားတဲ့ လူကိုမှ လူကောင်းလို့ ထင်တတ်ကြတယ်၊ လွယ်ပါတယ်ကွာ ငါ စီစဉ်ပါ့မယ်"

ဟုဆိုကာ လောကကြီးအား လှောင်လိုက်သည့် အပြုံးနှင့်တကွ ဟာ. . . ဟ ဟူသော ရယ်သံ တစ်သံသည် ဆိတ်ဖွားထံမှ ပေါ်ပေါက်လာလေတော့၏။

"ထိုင် ငါ ပြောမယ်"

ဟု ဆိုကာ မိုးတိုးမတ်တတ် ဖြစ်နေသော အိုလံ၏ လက်ကိုဆွဲ၍ အနီးတွင် ထိုင်ခိုင်းလိုက်ပြီးနောက်. . .

"ဟာ. . . ဟ"

ဟု ဆိတ်ဖွားက ရယ်လိုက်လေ၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com


# လူကြီး လူကောင်း လုပ်ကြခြင်း

အိုလံသည် ဆိတ်ဖွားအနီး၌ ထိုင်လိုက်လေ၏။ ဆိတ်ဖွားသည် သောက်လက်စ ဆေးပြင်းလိပ် ပြာကို ခြွေလိုက်ပြီးနောက် အောက်ပါအတိုင်း ပြောလေ၏။

"တို့ ဆောင်ရွက်ပေးရမယ့် ကိစ္စ၊ ဖြေရှင်းပေးရမယ့် ကိစ္စက ဂုဏ်သရေရှိ အတန်းအစားက ကိစ္စ ဖြစ်နေတယ်ကွ၊ လူကုံထံတွေရဲ့ကိစ္စ ဖြစ်နေတယ် အိုလံ၊ ငါတို့ထက်စာရင် လူကုံထံတွေချည်းပဲ မဟုတ်လား. . . ဟား. . . ဟား၊ ဒီတော့ ငါတို့ဟာ သချိုင်းကုန်းကနေ လူကုံထံတွေရဲ့ ပြဿနာကို ဖြေရှင်းတာထက် ငါတို့ကိုယ်တိုင် လူကုံထံတွေအဖြစ်နဲ့ လူကုံထံ အသိုင်းအဝိုင်းထဲ ဝင်ပြီး ဖြေရှင်းတာက ပိုပြီး ကောင်းလိမ့်မယ်ကွ"

"ကျွန်တော်တို့က လူကုံထံတွေ ဖြစ်အောင် ဘယ်လိုလုပ်ကြမှာလဲ ဆရာ ကိုဆိတ်ဖွားရဲ့"

ဟု အိုလံက မေးလိုက်လေ၏။

"လူကုံထံဖြစ်ဖို့များ ခက်လွန်းလို့ကွာ၊ လုံချည်ဖြစ်စေ၊ ဘောင်းဘီ ဖြစ်စေ ကောင်းကောင်းတစ်ထည်ရယ်၊ ဖိနပ်ကောင်းကောင်း တစ်ရန်ရယ်၊ ရုပ်အင်္ကျီရယ်၊ သားရေလက်ဆွဲအိတ်တစ်လုံးရှိရင် ပြီးပါတယ်ကွ၊ ဒါတွေကလဲ စုစုပေါင်းမှ ငွေတစ်ရာထက် မပိုပါဘူး"


www.burmeseclassic.com

www.burmeseclassic.com


"လွယ်လှချည်လား ဆရာ ကိုဆိတ်ဖွား"

"ပြောပြနေတာက ခက်ပါသေးတယ်ကွာ၊ လက်တွေ့လုပ်ပြမယ်၊ လာ အဝတ်အစားဝယ်ဖို့ မြို့ထဲသွားရအောင်"

ဆိတ်ဖွားသည် အထက်ပါအတိုင်း ပြောဆိုပြီးနောက် အိုလံအား ပိုက်တဝေး ကုန်တိုက်နှင့် ရှီးကကုန်တိုက်သို့ ခေါ်သွားပြီးလျှင် ဘောင်းဘီ၊ ကုတ်အင်္ကျီ၊ ရှူးဖိနပ်၊ နက်တိုင်၊ လည်စည်းတို့ကို ဝယ်ပေးလေ၏။ ၎င်းကိုယ်တိုင် အတွက်လည်း ဝယ်ယူလေ၏။ ထိုသို့ဝယ်ပြီးနောက် ဆံပင်ညှပ်ဆိုင်သို့ဝင်၍ ဆံပင်ညှပ်ကြလေ၏။

အိုလံသည် ဆံပင်ညှပ်ဆိုင်အတွင်းသို့ ရောက်သည်နှင့် ဆုံလည် ကုလားထိုင်ပေါ်၌ ထိုင်လိုက်ပြီးလျှင် ဆံပင်ညှပ်သောကုလားအား အင်္ဂလိပ် ရုပ်ရှင်မင်းသား ဗလန်တီနို၏ ဆံပင်ပုံနှင့်တူအောင် ညှပ်ပေးရမည်ဟု ဆို၏။

ဆိတ်ဖွားမှာမူ ဆံပင်ညှပ်ဆိုင်အတွင်းမှကြီးမားသော မှန်ချပ်ကြီး ရှေ့ တွင်ရပ်ကာ သူ၏မျက်နှာကို မှန်ထဲတွင် သေချာစွာကြည့်ရှုလေ၏။ ထိုသို့ ကြည့်ရှုနေသည်ကို အိုလံက မှန်ထဲမှနေ၍ မြင်တွေ့ရသည်ဖြစ်ရာ အနည်းငယ် ပြုံးမိလေ၏။

"ဆရာဆိတ်ဖွား မှန်ကြည့်လှချည်လား"

ဟု နောက်ပြောင်လိုက်လေ၏။

"အသက် ငါးနှစ်သားကျော်ကတည်းက မှန်မကြည့်ဘူးတာ ခုထိပဲ အိုလံ၊ အသက်ငါးနှစ်သားလောက်မှာတော့ ငါနေတဲ့ ဘုန်းကြီးကျောင်းမှာ မှန်ဗီရိုကြီးတစ်လုံး ရှိလေတော့ နေ့တိုင်းမှန်ကြည့်ဖူးပါတယ်၊ ဒီနောက်တော့ မှန်ဆိုတာ ငါ့အတွက် အဓိပ္ပာယ် မရှိတော့သလို ဖြစ်သွားတယ်"

ဟု ဆိတ်ဖွားက ပြန်၍ ပြောလိုက်လေ၏။

ဆံပင်ညှပ်သမားကလည်း ကတ်ကြေးကို တချွင်ချွင်လုပ်၍ အိုလံ၏ ဆံပင်ကို ညှပ်လေ၏။

အိုလံညှပ်၍ ပြီးသည့်အခါ၌ ဆိတ်ဖွားက ဆံပင်ညှပ်ရန်အတွက် ဆုံလည်ကုလားထိုင်ပေါ်၌ ထိုင်လေ၏။ ဆံပင်ညှပ်ကုလားကလည်း ဆိတ်ဖွား အား အဝတ်ဖြူကို ခြုံ၍ ပေးလိုက်ပြီးနောက် ကတ်ကြေးကို တချွင်ချွင်လုပ်၍


www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ဖွား၏ ဆံပင်ကို ညှပ်လိုက်လေ၏။ သို့ရာတွင် ဆိတ်ဖွား၏ ဆံပင်မှာ ကြေး(ဂျီး)များ ထူထပ်၍ တစ်ပင်နှင့်တစ်ပင် ပူးကပ်နေသောကြောင့် မပြတ်ဘဲ ရှိလေ၏။ ဆံပင်ညှပ်ကုလားသည် ကတ်ကြေးကို တချွင်ချွင်လုပ်၍ ညှပ်ပြန် ၏။ သို့ရာတွင် ဆိတ်ဖွား၏ ဆံပင်မှာ ကတ်ကြေးမတိုးဘဲ ရှိလေ၏။ ဆံပင်ညှပ် ကုလားသည် သူ၏ ကတ်ကြေးကိုတစ်လှည့် ဆိတ်ဖွား၏ ခေါင်းကိုတစ်လှည့် ကြည့်ပြီးလျှင်. . .

"ဆရာကြီး. . . နောက်ဆုံးဆံပင်ညှပ်ကာ ဘယ်လောက်ကြာပြီလဲ"

ဟု မေးလေ၏။

"အခုညှပ်တာ ပထမဆုံးအကြိမ်ပဲ၊ နောက်ဆုံးအကြိမ်ဖြစ်လိမ့်မယ် ထင်တယ်"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် ဆံပင်ညှပ်ကုလားသည် ဆိတ်ဖွား၏ ခေါင်းကို ကိုင်ကြည့်လိုက်ပြီးလျှင်. .

"ကတ်ကြေးနဲ့ ညှပ်လို့မရဘူး၊ ကြေး(ဂျီး)တွေ အများကြီးပဲ၊ ဆံပင်ဟာ သံလိုဖြစ်နေပြီ" ဟု ပြောလိုက်လေ၏။

ထိုအခါ ဆိတ်ဖွားက ဆံပင်လျှော်ရန် ပြောလေ၏။ ဆံပင်ညှပ်ကုလားသည် ဆိတ်ဖွား၏ ဆံပင်ကို ဆင်ချေးတုံး ဆပ်ပြာဖြင့် ကိုးကြိမ်တိုင်တိုင်ပွတ်တိုက်၍ လျှော်ပေးရလေ၏။ ဆံပင်မှ ကြေး(ဂျီး)များပြောင်စင်သောအခါ၌ ဆိတ်ဖွားက ဆံပင်မညှပ်တော့ဘဲ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ကိုသာ ရိတ်စေပြီးလျှင် ပြန်ခဲ့လေ၏။

လမ်း၌ အိုလံက. . .

"ဆရာဆိတ်ဖွား. ဘာဖြစ်လို့ ဆံပင်မညှပ်တာလဲဗျ"ဟု မေးလေ၏။

"မညှပ်ဘဲ အခုလိုအတိုင်း ထားတာက ပိုပြီး ရင့်ကျက်တဲ့ပုံကို ဆောင်လိမ့်မယ်လို့ ထင်တယ်" ဟု ဆိတ်ဖွားက ပြန်၍ ပြောလေ၏။

"ကိုဆိတ်ဖွား တစ်ခါမှ ဆံပင်မညှပ်ဖူးဘူးလား"

"မညှပ်ဖူးပါဘူး၊ နည်းနည်းရှည်လာရင် တုံးပေါ်တင်ပြီး ဓားနဲ့ခုတ်ပစ်လိုက်တာပါပဲ. . . ဟဲ. . . ဟဲ၊ မြိုင်ရာဇာတာတေနဲ့ နေခဲ့တုန်းကတော့ ဟောင်ကောင်မှာ တစ်ခါ ခေါင်းလျှော်ဖူးပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


ဟု ဆိတ်ဖွားက ပြောလိုက်လေရာ အိုလံက. . .

"ဟ. . . ဆရာဆိတ်ဖွားက နိုင်ငံခြားတွေ ဘာတွေတောင် ရောက်ဖူး တာပါကလား"

ဟု တအံ့တသြဖြစ်ကာ ပြောလိုက်လေ၏။

ထိုအခါ ဆိတ်ဖွားက. . .

"ဟော့ကောင်ရ နိုင်ငံခြားရောက်ဖူးတာများ အံ့သြစရာမှတ်လို့ကွာ၊ အရှင်လတ်လတ် ငရဲပြည်က ပြန်လာတာများ အောက်မေ့နေလို့လား"

ဟု ပြောလိုက်လေ၏။

ထို့နောက် အမွေးဆပ်ပြာတုံးတစ်တုံး ဝယ်ယူကာ ကန်တော်ကြီးသို့ သွားရောက်၍ ရေချိုးကြလေ၏။ ဆိတ်ဖွား၏ ကိုယ်ပေါ်မှ ကြေး(ဂျီး)များကို သူတောင်းစား အိုလံက အုန်းဆံဖတ်ဖြင့် တွန်း၍ ပေးလေ၏။ အကြိမ်ကြိမ် အခါခါ အုန်းဆံဖတ်ဖြင့် ကြေး(ဂျီး)တွန်းပြီးနောက် အမွေးဆပ်ပြာဖြင့် ရေချိုး ကြလေ၏။

ရေချိုးပြီးလျှင် ဘောင်းဘီ အင်္ကျီများ ဝတ်ကြလေ၏။ ဆိတ်ဖွား သည် အင်္ကျီအဝတ်အစားသစ်များကို လဲပြီးနောက် သူ၏ အင်္ကျီအဟောင်း နှင့် လုံချည်အဟောင်းကလေးကို သတင်းစာ စက္ကူဖြင့် သေချာစွာ ထုတ်လေ ၏။

"ဆရာ ကိုဆိတ်ဖွားကလဲဗျာ၊ အဝတ်အစားသစ်တွေ ရှိနေမှပဲ၊ ဆရာ့ အင်္ကျီအစုတ်နဲ့ လုံချည်အစုတ်ကို လွှင့်ပစ်လိုက်ပါတော့"

ဟု အိုလံက အကြံပေးလေ၏။

"မလုပ်ပါနဲ့ ကိုယ့်လူ၊ အမြင်သာ စုတ်ပေမယ့် ရွှေထုပ်တဲ့ မြပဝါ ဆိုတာလိုပဲ၊ အဲဒီ အဝတ်အစားတွေကမှ တကယ် တန်ဖိုးရှိတာ၊ အဝတ်အထည် ဆိုတာက ပကာသနအတွက်ဆိုရင် မူလအဓိပ္ပာယ်တွေ ပျောက်နေတယ်၊ အဝတ်အစားရဲ့ မူလသဘောမှာ ပကာသနဆိုတာ မပါဘူး၊ အချမ်း၊ အပူ၊ အရှက်၊ အကြောက် လုံခြုံဖို့ပဲပါတယ်၊ တခြားန ဘာမှမပါဘူး"

ဟု ဆိတ်ဖွားက ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ဆိတ်ဖွားသည် ဘောင်းဘီရှည်၊ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီ၊ ရှူးဖိနပ်တို့ကို ဝတ်ဆင်ပြီးနောက် နက်တိုင်ကို အချိုးကျစွာ စည်းလေ၏။

"ဆရာကိုဆိတ်ဖွား. . . ဘယ်တုန်းကများ နက်တိုင်စည်းတဲ့နည်းကို လေ့လာထားတာလဲဗျာ၊ ကျွမ်းကျင်လိုက်တာ"

ဟု သူတောင်းစား အိုလံက မေးလိုက်လေ၏။

"ငါနေတဲ့ သချိုင်းကုန်းမှာ အရင်က ဗိုလ်ရူးတစ်ယောက်လာပြီးနေဖူးတယ်၊ သူက တစ်နေ့ကို အကြိမ်တစ်ရာလောက် နက်တိုင်စည်းတယ်ကွ၊ ဒီတော့ ငါလဲ မတတ်ချင်ဘဲ တတ်ထားရတဲ့ အတတ်တစ်ခုပေါ့ကွာ"

ဟု ဆိတ်ဖွားက ပြောလေ၏။

ဆိတ်ဖွားသည် ကုတ်အင်္ကျီ၊ ဘောင်းဘီရှည်၊ နက်တိုင်၊ ရှူးဖိနပ်တို့ကို စနစ်တကျ ဝတ်ဆင်လိုက်သောအခါ၌ လွန်စွာ သားသားနားနား ခန့်ခန့်ညားညား ဖြစ်၍နေသည်ကို ကြည့်ပြီးလျှင် အိုလံက ငေးမော၍ နေလေ၏။ ကျေနပ်လောက်အောင် ငေးမောကြည့်ပြီးလျှင်. . .

"ဆရာဆိတ်ဖွားရယ်. . . အခုလို ဝတ်လိုက် စားလိုက်တော့လဲ ဆရာဟာ တကယ့်ကို ကြည့်လို့ကောင်းတာပဲဗျာ၊ ကျွန်တော်ဖြင့် အံ့ရော"

ဟု အိုလံက ချီးကျူးလေ၏။

"(It So Kind of You) အစ်တ် ဆိုး ကိုင်း အော့ဖ် ယူ၊

ကိုယ့်လူ မင်းဟာ တကယ် စိတ်ကောင်းရှိတဲ့ ကောင်ပဲ"

ဟု ဆိတ်ဖွားက အင်္ဂလိပ်စကားဖြင့် ပြန်၍ ပြောလိုက်လေ၏။

ထို့နောက် နတ်တိုင်ချည်နည်းကို မေ့၍နေသော အင်္ဂလိပ်ကျောင်းသားကြီး အိုလံအား ဆိတ်ဖွားက ကူညီ၍ချည်ပေးလိုက်ပြီးနောက်. . .

"အင်္ဂလိပ်ကျောင်းသားဆိုတာ နက်တိုင်စည်းနည်း တစ်ခုပဲတတ်ရတဲ့အထဲ ကိုယ့်လူက အဲဒါကို မေ့ပစ်လိုက်တယ်ဆိုတော့ တဆိတ်ကလေး ညံ့လွန်းလှတယ်" ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"အပြစ်တင်ရင်လဲ ခံရမှာ ဆရာ ဆိတ်ဖွားရယ်"

ဟု အိုလံက ဝန်ခံလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ကဲ. . . ပုံစံတွေကတော့ အထက်တန်းစား ဖြစ်သွားပြီ အကောင်းဆုံး ဟိုတယ်မှာ သွားပြီးစားရအောင်၊ ဒီကနေ့ဟာ အထက်တန်းစား လူ့လောက ထဲကို စပြီးဝင်တဲ့နေ့ပဲဟေ့. . ."

ဟုဆိုကာ ဆိတ်ဖွားသည် ရင်ကော့၍ ရှေ့မှလျှောက်သွားလေ၏။ အိုလံက နောက်မှ လိုက်၍သွားလေ၏။ ထို့နောက် ဥရောပတိုက်သားနှင့် မြန်မာ လူမျိုး အထက်တန်းစားတို့သာ ကြီးစိုးသော 'မရိုးမရင်း'ဟိုတယ်သို့ သွားရောက် ကြလေ၏။

ထောင့်ကျသော စားပွဲ၌ နေရာယူလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ဘိုးသူတော်ကဲ့သို့ အပေါ်ဖြူ အောက်ဖြူ ဝတ်ထားသော စားပွဲထိုးတစ်ယောက် ရောက်လာပြီးလျှင် စားသောက်ဖွယ်မှာရန် မီးနူးခေါ် စားဖွယ် သောက်ဖွယ် စာရင်းကို လာ၍ ပေးလေ၏။

ဆိတ်ဖွားသည် မီနူးစာရွက်ကို ဖတ်ကြည့်ပြီးနောက် ဟင်းနှစ်မျိုးကို မှာလိုက်လေ၏။ ထို့နောက် မီးနူးစာရွက်အား အိုလံထံသို့ ပေးလိုက်ပြီးလျှင်. .

"မင်းကြိုက်တဲ့ဟင်း မှာကွာ" ဟု ပြောလေ၏။

"ဘာတွေမှန်းမသိဘဲ ကျွန်တော်က ဘာတွေမှာရမှာလဲ ဆရာ ကိုဆိတ်ဖွားရဲ့"

"မင်းကလဲကွာ၊ ဒီစာရင်းဟာ ဟင်းစာရင်းပဲကွ၊ မှာချင်တာမှာလိုက်၊ ဟင်းတော့ ဖြစ်မှာပေါ့ကွာ"

ဟု ဆိတ်ဖွားက ပြောလိုက်မှ အိုလံသည် ဟင်းသုံးမျိုးကို မှာလိုက် လေ၏။ ထိုအချိန်၌ လူတစ်ယောက်သည် ဆိတ်ဖွားတို့၏ စားပွဲသို့ရောက်လာ ပြီးလျှင် အိုလံကို နှုတ်ဆက်လေ၏။

ထိုလူသည် ဆပ်ပြာသည် လင်ပျောက် ဟူသော စကားကဲ့သို့ ပျာယီးပျာယာ နိုင်လှပေသည်။

"(ဝမ်းဒါဖူး. . . ဗိုဟက်ယူဘင်း) အံ့စရာပါပဲ၊ ခင်ဗျား ဘယ်ရောက် နေတာတုံး" ဟု ဆိုကာ အိုလံ၏ ပခုံးအား ပုတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိုလံသည် အူကြောင်ကြောင် မျက်နှာနှင့် ထိုသူကို ပြန်၍ကြည့်နေလေ၏။ ထိုသူကလည်း အခြားသော စားပွဲ၌ ထိုင်၍နေသော သူ၏အဖော်ကို လှမ်း၍ ခေါ်လိုက်လေ၏။ အခြားစားပွဲတွင် ထိုင်၍နေသော သူလည်း ဆိတ်ဖွားတို့ စားပွဲသို့ရောက်ရှိလာပြီးလျှင် အိုလံ၏ ပခုံးကို ပုတ်၍. . .

"ကိုသင်းကြိုင်ရယ် ဘယ်သူများလဲ မှတ်တယ်"

ဟု နှုတ်ဆက်လေ၏။

"ကျွန်တော့်နာမည် သင်းကြိုင် မဟုတ်ပါဘူး၊ မိတ်ဆွေတို့ လူမှားနေကြပြီ ထင်တယ်"

ဟု အိုလံက ပြန်၍ ပြောလိုက်ရာ ထိုသူနှစ်ယောက်က တဟားဟားနှင့် ရယ်မောလျက်. . .

"ခင်ဗျားကတော့ အရင်အတိုင်းပဲ၊ အကြောင်ရိုက်ရမှာ ကျေနပ်တဲ့လူဗျ"

ဟု ထိုသူနှစ်ဦးအနက် ပထမလူက ပြောလေ၏။

အိုလံသည် ထိုသူနှစ်ဦးအား မကျေနပ်သော မနှစ်သက်သော မျက်နှာနှင့် တစ်ချက်ပြန်ကြည့်ပြီးနောက် ထိုသူတို့အား အဖက်မတန်သည့်အလား ဆက်လက်၍ ပြောဆိုခြင်း မပြုတော့ဘဲ ဘွိုင်ကုလား လာ၍ချပေးသော ဟင်းလျာတို့ကို စားသောက်၍ နေလေတော့၏။ ထိုသူတို့လည်း ရှက်ရှက်နှင့်ပင် အိုလံ၏ အနီးမှ ထွက်ခွာသွားကြလေ၏။

ဆိတ်ဖွားနှင့် အိုလံတို့သည် စားသောက်ဖွယ်ရာများကို မှာယူ၍ စားသောက်ကြလေ၏။

ဆိတ်ဖွားသည် ဖွန်းနှင့်ခက်ရင်းအား အဝတ်နှင့်အကြိမ်ကြိမ် အခါခါ ပွတ်တိုက်ပြီးနောက်. . .

"အိုလံ. . . ဒီပစ္စည်းတွေနဲ့စားရတာ ငါကတော့ ရွံသလိုလိုပဲကွာ"

ဟု ပြောလိုက်လေ၏။ အိုလံလည်း ဆိတ်ဖွား၏ စကားကြောင့် မျက်လုံးပြူး၍ သွားလေ၏။

"ဆရာဆိတ်ဖွားရယ်၊ ဒီလောကမှာ ဆရာလို သူဘာရာဇာ တစ်ယောက် အဖို့ ရွံစရာဆိုတာ ရှိသေးသလားဗျာ၊ ပြီးတော့ ဒီဟိုတယ်ကြီးဟာ လူကုံထံတွေ စားသောက်တဲ့ ဟိုတယ်ကြီး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


ဟု အိုလံက ပြောလေ၏။

"မင်းက သိပ်ပြီး ဒုံးဝေတဲ့ကောင်ပဲ၊ ဒီစကားမျိုးကို တစ်ခါက ငါ့မိတ်ဆွေကြီး မြိုင်ရာဇာတာတောကို ပြောပြခဲ့ရဖူးသေးတယ်၊ အမျိုးယုတ်တွေ စားတဲ့ပစ္စည်းတွေ အမျိုးယုတ်တွေ အိပ်ခဲ့တဲ့ အိပ်ရာတွေကို ငါက တယ်ပြီး မသတီဘူးကွ"

"ဆရာ့ထက်ပဲ အမျိုးယုတ်တဲ့လူ ရှိသေးသလား ဆရာရယ်"

"မင်းဟာ သိပ်ပြီး ဒုံးဝေးတဲ့ကောင်ပဲ၊ ငါက ဘယ်ကလာ အမျိုးယုတ် ရမှာလဲ၊ ငါ့အဘိုးက သုဘရာဇာ၊ ငါ့အဖေကလဲ သုဘရာဇာ၊ ငါကလဲ သုဘ ရာဇာပဲ၊ ဘယ်ကလာ အမျိုးယုတ်ရမှာလဲ၊ မျိုးစဉ်မျိုးဆက်အတိုင်း ငါက တည်ရှိ နေတယ်၊ အမျိုးယုတ်ဆိုတာက ဂေါပကလူကြီးလုပ်ပြီး ဘုရားအလှူငွေကို ခိုးတဲ့လူ၊ တရားသူကြီးလုပ်ပြီး တရားသဖြင့် မလုပ်ဘဲ လာဘ်စားတဲ့လူ၊ စာရိတ္တ မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌလုပ်ပြီး မိန်းမရှုင်အိမ်မှာ အချိန်ကုန်တဲ့လူတွေသာ အမျိုးယုတ်တွေကွ၊ ဥပမာကွာ သူခိုးဟာ ခိုးစားနေသရွေ့ သူချိုးမျိုးရိုးက ယုတ်လျော့သွားခြင်း မရှိသေးဘူး၊ ဒါကြောင့် အမျိုးယုတ်လို့ မခေါ်နိုင်ဘူး၊ သူခိုးဟာ မခိုးဘဲ လိမ်ပြီဆိုရင်တော့ သူခိုးဘဝ စုတေပြီး လူလိမ်ဖြစ်သွားပြီ၊ သူခိုးမျိုးကနေ ယုတ်လျော့သွားပြီ၊ အဲဒီအခါမှာ အမျိုးယုတ်လို့ ခေါ်နိုင်တယ် အိုလံ"

"ဆရာဟာ အဆန်းသားပါလား ဆရာရယ်"

"မဆန်းပါဘူးကွ၊ ရိုးရိုးကလေးပါ၊ ကဲ. . . စားကွာ၊ စားပြီးရင် သွားစရာရှိတယ်"

ဟု ဆိုလေ၏။ စားသောက်ပြီးသည့်အခါ၌လည်း လင်္ကာလမ်းသို့ သွားရောက်ကာ မော်တော်ကားကို ငှားရမ်းလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဖွားသည် အကောင်းစား စီးကရက်ကို သောက်ရင်းအိုလံအား လွန်စွာ စိတ်ဝင်စားဖွယ်ရာ ကောင်းသော ဟိန္ဒူပုံပြင်ကြီး တစ်ပုဒ်ကို ပြောနေ လာလေ၏။

ဖရေဇာလမ်းရှိ လွန်စွာ ကြီးကျယ်သော စာပုံနှိပ်တိုက်တစ်ခုရှေ့သို့ ရောက်လျှင် ကားကို ရပ်စေ၍ ကားပေါ်မှ ဆင်းသဖြင့် အိုလံလည်း ဘုမသိ ဘမသိနှင့် လိုက်ပြီး ဆင်းခဲ့လေ၏။

ဆိတ်ဖွားသည် ပုံနှိပ်တိုက်ကြီး အတွင်းသို့ ဝင်သွားပြီး မန်နေဂျာ စားပွဲရှေ့ရှိ ကုလားထိုင်၌ ဝင်၍ထိုင်လိုက်လျှင် အိုလံလည်း အခြားကုလားထိုင် တစ်လုံး၌ ထိုင်လေ၏။

"ဆို. . ."

ပုံနှိပ်တိုက်၌ မန်နေဂျာဖြစ်ရသည်ကို မဟာဝန်ရှင်တော်မင်း ရာထူး ရထားသည်ဟု မှတ်ထင်နေပုံရသော ခပ်ညုံ့ညုံ့ မန်နေဂျာက ဆိတ်ဖွားအား အရင်းမရှိ အဖျားမရှိသော စကားဖြင့် စတင်လိုက်လေ၏။

"ကျုပ် အခုလာတာ 'ဆို'မလို့ လာတာမဟုတ်ဘူး၊ အလုပ်အပ်မလို့ လာတာ"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် မန်နေဂျာ၏ စားပွဲပေါ်မှ အရွက် လွတ်တစ်ခုကို ယူ၍ အောက်ပါ စာကိုရေးလေ၏။

**PROF: SATE FWAR.**
**MEMBER OF THE ASIATIC**
**BUBBLE RESEARCH ASSOCIATION**

**TEL: 455.54329...** **OFFICE: Diamond Code**
**RESIDENCE..........**

**ပရော်ဖက်ဆာဆိတ်ဖွား**
**အာရှတိုက်လုံးဆိုင်ရာ ဆပ်ပြာပူဖောင်း**
**သုတေသန အဖွဲ့ဝင်လူကြီး**

**ဖုန်း** ............... **ရုံး** ...................
**အိမ်** ...............



www.burmeseclassic.com

www.burmeseclassic.com


"အဲဒီအတိုင်း ဗီဇစ်တင်းကတ် ရိုက်ချင်ပါတယ်၊ ပြီးတော့ အဲဒီ ခေါင်းစည်းနဲ့ပဲ ရိုက်တင်းပက်လဲ ရိုက်ချင်ပါတယ်"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် မန်နေဂျာလည်း ဆိတ်ဖွားရေးပေးသော စာကိုကြည့်၍ ဆိတ်ဖွားအား. . .

"ဟုတ်ကဲ့၊ အခုလို ပရော်ဖက်ဆာကြီးကိုယ်တိုင် ကျွန်တော်တို့ ပုံနှိပ်တိုက်ကို လာပြီး အလုပ်အပ်တာ ဂုဏ်ယူပါတယ် ခင်ဗျ"

ဟု ပြောလေ၏။

"ဆရာဆိတ်ဖွား. . . လိပ်စာကတ်က ဘာလုပ်ဖို့လဲ"

"ဟေ့ကောင်ရဲ့ လူချင်းတွေ့ရင် လိပ်စာကို ပါးစပ်နဲ့မပြောဘဲ ကတ်ပြားလေးပေးလိုက်ရမှ ပိုပြီး ဂုဏ်ရှိတယ်လို့ လူတွေက ထင်နေကြတယ်ကွ၊ အမှန်ကတော့ လိပ်စာကတ်ဆိုတာ မင်းနလို သူတောင်းစားကပဲရှုပ်လုပ်၊ ငါ့လို သုဘရာဇာကပဲ လုပ်လုပ် လုပ်လို့ရတာပါပဲကွ၊ တချို့များ ဘာကောင်မှ မဟုတ်ဘဲ စာရေးစက္ကူမှာ သူ့ရဲ့နာမည်ကို ဘလောက်နဲ့ရိုက်ပြီး သီးသန့် စာရေးစက္ကူတွေ ဘာတွေ လုပ်ထားကြသေးတယ်"

"ဘာဖြစ်လို့ အဲဒီလို လုပ်ထားကြသလဲ ဆရာဆိတ်ဖွား"

"သူများက သူကို ကြီးကျယ်တဲ့လူလို့ ထင်အောင်ပေါ့ကွ၊ အမှန်တော့ တကယ် မကြီးကျယ်တဲ့လူတွေက ပိုပြီး လုပ်လေ့ရှိတယ်၊ ကမ္ဘာပေါ်မှာ တကယ်တမ်း ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ အဲဒီလိုလုပ်တယ်လို့ ငါဖြင့် တစ်ခါမှ မကြားဖူးပါဘူး"

"ဆရာရေးထားတာ ဘာလဲဗျ၊ အာရှတိုက်လုံးဆိုင်ရာ ဆပ်ပြာပူဖောင်း သုတေသနအဖွဲ့ ဆိုတာက ဘာလဲဗျ"

"ငါ့မှာ ဘာဘွဲ့ထူး ဂုဏ်ထူးမှ မရှိတော့လဲ လူအထင်ကြီးအောင် ရေးရတာပေါ့ကွ၊ ကလေးတွေ သဘော်ရိုးနဲ့မှုတ်တဲ့ ဆပ်ပြာပူဖောင်းကို ဘယ်နိုင်ငံကများ သုတေသန လုပ်မှာလဲကွ၊ ဟဲ. . . ဟဲ. . . ဆပ်ပြာပူဖောင်း ဆိုတာက လူတွေအနေနဲ့ အထင်ကြီးစရာ မဟုတ်ပါဘူး၊ ဒါပေမယ့်ရှေ့က ပါတဲ့ 'အာရှတိုက်လုံးဆိုင်ရာ'တို့ 'ဟိုဟာ'တို့ 'ဒီဟာ'တို့ဆိုတဲ့ စာလုံးတွေက


www.burmeseclassic.com

www.burmeseclassic.com


မြင်ရတဲ့ လူတွေကို ခြောက်လှန့်လိုက်တာပဲ၊ အဲဒီကတ်ကိုတွေ့ရင် ဘာမှန်း မသိဘဲ လူတွေ အထင်ကြီးကြလိမ့်မယ်၊ လူတွေဟာ များသောအားဖြင့် ဒုံးဝေး တဲ့လူတွေက များတယ်ကွ"

ဟု ပြောကာ ဆိတ်ဖွားသည် စီးကရက်ကို ထုတ်၍ သောက်လေ၏။

"တယ်လီဖုန်းနံပါတ်က ဘာတွေ လျှောက်ထည့်ထားတာလဲ ဆရာ ဆိတ်ဖွားရဲ့"

"ပထမနံပါတ်က တံတားကလေးဆေးရုံက နံပါတ်၊ သိပ်ပြီးအလုပ် များတဲ့ တယ်လီဖုန်း၊ ဆက်ဖို့မလွယ်ဘူး၊ ဆက်ခဲ့လို့ရှိရင်လဲ ကိစ္စမရှိဘူး၊ ဆက်တဲ့လူကို အရူးလို့ ထင်မှာပဲ၊ ဒုတိယနံပါတ်ကတော့ တယ်လီဖုန်းအိပ်စ်ချိန်း က စိတ်ညစ်မယ့် နံပါတ်၊ ရန်ကုန်မှာ အဲဒီနံပါတ် ရှိကိုမရှိဘူး"

"ဗျာ. . . ပိုင်လိုက်တာ ဆရာဆိတ်ဖွားရယ်"

ဟု အိုလံက အားရဝမ်းသာ ပြောလိုက်လေ၏။

အထက်က ဖော်ပြခဲ့သည့်အတိုင်း ဆိတ်ဖွားနှင့် အိုလံတို့သည် လိပ်စာ ကတ်များ အပ်ခဲ့ကြပြီး နှစ်ရက်မြောက်သောနေ့ ဆိတ်ဖွားသည် ဇရပ်ပေါ်၌ ထိုင်ကာ သတင်းစာ တစ်စောင်ဖတ်၍ နေလေ၏။ ထိုသို့ဖတ်နေရင်းက ဆိတ်ဖွားသည် ခေါင်းကို ဆေးသုတ်လျက်ရှိသော အိုလံအား လှမ်း၍ခေါ်လိုက် ပြီးလျှင်. . .

"အိုလံရေ. . . ဟောဒီ သတင်းစာမှာပါတဲ့ ဖိတ်ကြားစာ ကြော်ငြာ ကို ကြည့်ပြီး သေသေချာချာ မှတ်ထားစမ်း"

ဟု ဆိုသဖြင့် အိုလံလည်း စုတ်တံကိုချ၍ ဆိတ်ဖွားပြသော သတင်းစာ မှ ကြော်ငြာကို ဖတ်ရှုလေ၏။

"ဘာကို မှတ်ထားရမှာလဲ ဆရာဖိတ်ဖွားရဲ့"

"အင်းလျားလမ်းမှာနေတဲ့ မြေပိုင်ရှင်သူဌေးကြီး ဦးမြနဲ့ သူဌေး ကတော် ဒေါ်သဲညွှာတို့ရဲ့သမီး ဖြူတီရဲ့ မင်္ဂလာဆောင် ညစာစားပွဲသို့ ကြွရောက် ကြဖို့ ဖိတ်ထားတာမဟုတ်လား"

"ဟုတ်တယ်လေ"


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ ဈေးခံပွဲသွားရမယ်၊ အဲဒီမှာ အထက်တန်းစားတွေ တွေ့မယ်၊ မတရားမှုတွေကို ဖော်ထုတ်ပြီး အပြစ်ပေးရမယ့် နတ်မင်းကြီး လုပ်ငန်းကို လုပ်ကြမှာ မဟုတ်လား၊ မတရားမှုဆိုတာက လူကုံထံတွေဆီမှာ ပိုပြီးပေါ်ပေါက်နိုင်တာကွ"

"ဖြစ်ပါ့မလား ဆရာဆိတ်ဖွားရယ်"

"ဟကောင်ရ၊ လူတွေလုပ်တဲ့ ဈေးခံပွဲကို လူတွေဖြစ်တဲ့ မင်းနဲ့ငါနဲ့က တက်ရောက်တာပဲ၊ ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ အထက်တန်းလွှာလို့ ကိုယ့်ကိုယ်ကို ထင်နေတဲ့လူဟာ တစ်ဦးကိုတစ်ဦး ညာနေကြတာကွ၊ ငါတို့ကလဲ ဝင်ပြီး ညာမှပဲဥစ္စာ ဘာများ ခက်နေလို့လဲ"

"စိန်လိုက်လေ ဆရာဆိတ်ဖွားနဲ့ သွားရတာပဲဗျာ ကျွန်တော် မစိုးရိမ်ပါဘူး"

ဟု အိုလံက ပြော၍ လူ၏ လက်သည်းကို ပါးစပ်ဖြင့် ကိုက်ပြီး ဆိတ်ဖွားအား ကြည့်နေလေ၏။

* * *

မြေပိုင်ရှင်သူဌေးကြီး ဦးမြ နှင့် ဒေါ်သဲညာတို့၏ သမီး မင်္ဂလာဆောင် ဈေးခံပွဲမှာ လွန်စွာ စည်းကားလှပေသည်။ ခြံတွင်းရှိ သစ်ပင်များပေါ်၌လည်း မီးရောင်စုံများ ထွန်းညှိထားလေ၏။ ကြွရောက်လာသော ဧည့်ပရိသတ်အသီးသီးမှာ အဆင်အသွေးအမျိုးမျိုးကို ဝတ်ဆင်၍ လာကြသကဲ့သို့ စိန်များ ရွှေများလည်း သူ့ထက်ငါ ဝတ်ဆင်လာကြသည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး ကြည့်ရသည်မှာပင် မျက်စိ ကျိန်းမတတ် ရှိလေ၏။

ဆိတ်ဖွား နှင့် အိုလံတို့သည် ဘောင်းဘီ အင်္ကျီနက်တိုင်တို့ကို သေသပ်ကျနစွာ ဝတ်ဆင်လျက် သချိုင်းကုန်း ဇရပ်ကြီးမှနေ၍ မော်တော်ကားဖြင့် ထွက်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟဲ. . . ဟဲ၊ မင်္ဂလာဆောင်က ကျွန်တော်တို့နှစ်ယောက်လာမှ ကျက်သရေမင်္ဂလာတွေ အပြည့်ဖြစ်သွားတယ်၊ သချိုင်းကထလာတဲ့ သူတောင်းစားနဲ့ သူဘုရင်. . . ဟား. . . ဟား"

ဟု အိုလံက သူ့ဘာသာ ပြော၍ ရယ်မောလေ၏။

ဆိတ်ဖွားကမူ စီးကရက် သောက်ရင်း သူ့စိတ်ကူးနှင့် သူရှိလေ၏။ ဖင်လျှားလမ်းရှိ မင်္ဂလာဆောင် ပြုလုပ်သော ခြံရှေ့သို့ ရောက်လျှင် ကားပေါ် မှ ဆင်းလာကြလေ၏။

ဆိတ်ဖွားသည် ခြံအဝင် အဝ၌ ခေတ္တ ရပ်လိုက်လေ၏။ အိုလံမှာမူ ခြံဝမှနေ၍ ကြိုဆိုနေသော မိန်းကလေးနှစ်ဦးအနီးသို့ ကပ်သွားပြီးလျှင်. . .

"ဒီမှာ သိပ်အရေးကြီးတဲ့ ပုဂ္ဂိုလ်ကြီး ရောက်လာပြီ၊ သူဌေးဦးမြနဲ့ ဒေါ်သဲညွှာတို့ကို သွားပြောလိုက်ပါ၊ ပြင်သစ်ပြည် လာဆောကွန်း တက္ကသိုလ်က ပရော်ဖက်ဆာကြီး ဒေါက်တာဆိတ်ဖွား ဆိုတာပဲ"

ဟု ပြောလိုက်ရာ မိန်းကလေးနှစ်ဦးသည် ခြံတွင်းသို့ ပြေးဝင်သွားပြီးနောက် သူဌေးကြီး ဦးမြနှင့် သူဌေးကတော်ကြီး ဒေါ်သဲညွှာတို့ကို ပြောပြကြလေ၏။

လွန်စွာ ဂုဏ်လိုချင်လှသော ဒေါ်သဲညွှာနှင့် သူဌေးကြီးတို့လည်း မိန်းကလေးများနှင့်အတူ ခြံဝဆီသို့ ခပ်သုတ်သုတ် လျှောက်၍လာလေ၏။

"ပရော်ဖက်ဆာ. . . ဟောဒါ ကျုပ်တို့ တိုင်းပြည်မှာ နာမည်ရှိတဲ့ မြေပိုင်ရှင်ကြီးတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ သူဌေးကြီး ဦးမြပါပဲ၊ ဒါက သူဌေးကတော် ဒေါ်သဲညွှာပါ၊ သူဌေးမင်း. . . ဟောဒါ ပြင်သစ်ပြည် ယူနီဗာစတီ က ပြန်လာတဲ့ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားပါ"

ဟု အိုလံက မိတ်ဆက်ပေးလိုက်လျှင် သူဌေးကြီး နှင့် သူဌေးကတော်တို့သည် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြလေ၏။

"ကျုပ်တို့က ဒေါက်တာဘွဲ့ရတာဆိုတာ ဆရာဝန်လောက်ပဲသိတာကလား၊ ဟော. . . အခု ဒေါက်တာဆိတ်ဖွားတဲ့၊ ဝမ်းလဲသာပါရဲ့ ဂုဏ်လဲယူပါရဲ့"


www.burmeseclassic.com

www.burmeseclassic.com


ဟု သူဌေးကြီးက ပြော၍ ဆိတ်ဖွားအား ခြံတွင်းသို့ ခေါ်သွားပြီး လျှင် နေရာထိုင်ခင်း စီစဉ်ပေးပြီးနောက် တခြားလူများနှင့်ပါ မိတ်ဆက်ပေး လေ၏။

"ဝတ်လုံတော်ရမင်း ဦးမဲရေ ဟောဒါ ပြင်သစ်ပြည် လာဆောဘွန် ယူနီဗာစတီကရောက်လာတဲ့ ပရော်ဖက်ဆာကြီး ဒေါက်တာဆိတ်. . . ဆိတ်. ."

"ဆိတ်ဖွားပါဗျာ" အိုလံက ကြားမှဝင်၍ ထောက်ပေးရလေ၏။

"ဆိတ်ဖွား. . . ဆိတ်ဖွား. . . တဲ့ ဝတ်လုံတော်ရမင်းရေ"

"ဝမ်းသာလိုက်တာ ပရော်ဖက်ဆာ"

ဟု ဝတ်လုံတော်ရမင်း ဦးမဲက နှုတ်ဆက်လိုက်လေ၏။

"ဟုတ်ကဲ့ ကျုပ်လဲ ဝမ်းသာပါတယ်၊ မြန်မာပြည်က လူတွေနဲ့ ခွဲပြီး သွားရတာ ကြာပါပြီ" ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"ပရော်ဖက်ဆာက အရင် ဘယ်မှာနေပါသလဲ"

"တောင်ငူသချိုင်း. . . အဲ. . . တောင်ငူသချိုင်းရှေ့မှာ လမ်းရှိတယ် မဟုတ်လား၊ အဲဒီလမ်းအတိုင်း လာရင် ဈေးနားရောက်တော့ တိုက်တစ်လုံး တွေ့လိမ့်မယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ဆိတ်ဖွားက ယောင်၍ တောင်ငူသချိုင်းဟု ပါးစပ်မှ ထွက်သွားလျှင် အိုလံသည် မျက်နှာပျက်၍ သွားလေ၏။

"အခု မြန်မာပြည်ကို ပြန်လာတဲ့ ကိစ္စက"

"ဇာဗယ်ရီဆပ်ချ် အတွက်ပါ၊ မြန်မာလို အရမ်း ဘာသာပြန်ရရင် တော့ ပူဖောင်း သုတေသနပေါ့ ခင်ဗျား. . .၊ ဟာ. . . ဟ"

ဆိတ်ဖွားက ပြောရင်း ရယ်မောလိုက်လေ၏။

ထိုခဏ၌ပင် ပရော်ဖက်ဆာဆိတ်ဖွားနှင့် မိတ်ဆွေဖြစ်ရလျှင် ဂုဏ်တက် သွားမည်ဟု ယူဆရသော လူကြီးလူကောင်း သုံးလေးယောက်နှင့် အမျိုးသမီး တစ်ယောက်သည် ဆိတ်ဖွား၏ စားပွဲဝိုင်းသို့ ရောက်၍ လာလေ၏။

ဘွိုင်ကုလားများလည်း စားသောက်ဖွယ်ရာများကို လာရောက် ချပေးကြလေ၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ၌ ဆိတ်ဖွားသည် ဇွန်းကို ဘက်လက်ဖြင့် ကိုင်၍ ခက်ရင်းကို ညာလက်တွင်ကိုင်ကာ ကြက်သားကင်ကို ဖွဲ့လေ၏။

ကျန်လူများက ဆိတ်ဖွား၏ ဇွန်းခက်ရင်းကိုင်ပုံမှာ ပြောင်းပြန်ဖြစ်၍ နေသဖြင့် အံ့ဩစွာ ကြည့်၍နေလေ၏။ သူတောင်းစားအိုလံကလည်း မျက်လုံးပြူး၍ နေလေ၏။ ဆိတ်ဖွားသည် မိမိအား ထူးဆန်းသလို ကြည့်နေကြသော လူကြီးလူကောင်းများနှင့် အထက်တန်းစား မိန်းမတစ်ဦးကို ကြည့်၍ မိမိအများကို သဘောပေါက်သွားလျှင် အောက်ပါအတိုင်း ပြောလေ၏။

"ဟား. . . ဟ၊ ကျုပ်က ပြင်သစ်ပြည် (La Sor Bonne) လာဆောဘွန်း ယူနီဗာစတီမှာ ဖီလိုဆိုဖီနဲ့ပတ်သက်တဲ့ ပရော်ဖက်ဆာအဖြစ် အလုပ်လုပ်တဲ့ နေ့ကစပြီး ကျုပ်တို့ရဲ့ မြန်မာလူမျိုးလျှာနဲ့ ခံတွင်းတွေ့နိုင်တဲ့ ဆိုင်တစ်ဆိုင် ကိုသွားလေ့ရှိတယ်၊ (Rue Mousier Le Brince) ရူး မစ် ဆျာ လီ ဘ ရင့်စ် ဆိုတဲ့ လမ်းမှာ (La Cuisine Vietnamien ne) လာကီဇိန်း ဗီယက်နမ်မီးယန်း ထမင်းဆိုင်ဆိုတာပေါ့၊ အဲဒီဆိုင်မှာ မြန်မာနည်းနည်းဆန်တယ်၊ ဟာဟ. . .၊ မြန်မာပြည်မှာနေတဲ့ ဗိုလ်ဆန်ဆန်လူတွေဟာ ထမင်းစားရင် လက်နဲ့မစား ဘဲ ဇွန်းခက်ရင်းနဲ့ စားလေ့ရှိကြပါတယ်၊ ဒါပေမယ့် အထက်တန်းစား ဥရောပ တိုက်သားတွေ စားသောက်ပုံနဲ့မတူဘဲ၊ အောက်တန်းစား ဥရောပတိုက်သား တွေ စားပုံနဲ့ပိုပြီး တူနေကြတယ်၊ ဥပမာ တစ်ခုပြောမယ်၊ ဥရောပတိုက်မှာ ရှိတဲ့ ပရော ဖက်ဆာကြီးတွေ၊ လောကဓာတ် ဆရာကြီးတွေဟာ သိပ်ပြီးအလုပ် များတယ်၊ ဒါကြောင့် စိတ်က သိပ်မြန်တယ်၊ စာရေးရင် ဖောင်တိန်နဲ့မရေးဘူး၊ မင်မလိုက်တာတွေ ဘာတွေ ဖြစ်နေဦးမယ် မဟုတ် လား၊ ခဲတံနဲ့ပဲရေးတယ်၊ ထမင်းစားရင်လဲ ခက်ရင်းကို ညာဘက်ကကိုင်ပြီး အားရပါးရစားလေ့ရှိတယ်၊ အဲဒါကို အတုခိုးပြီး ဥပရောပအထက်တန်း လွှာက လူတွေဟာ ခက်ရင်းကို ညာဘက်က ကိုင်ကုန်ကြပြီ၊ ဥရောပတိုက်က တောသားတွေသာ ခက်ရင်းကို ဘယ်ဘက်နဲ့ ကိုင်တော့တယ်"

ဆိတ်ဖွား၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် လူကြီးလူကောင်းတို့ သည် မိမိတို့ ကိုင်ထားသော ဇွန်းနှင့်ခက်ရင်းကို မသိမသာ ပြောင်း၍ကိုင်ကြ လေ၏။


www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲပြီး၍ ကော်ဖီတိုက်သောအခါ၌လည်း ဆိတ်ဖွားသည် လက်ဖက်ရည်ကို ပန်းကန်လုံးဖြင့် မသောက်ဘဲ ပန်းကန်ပြားအတွင်းသို့ငှဲ့၍ သောက်မိလေရာ လူကြီးလူကောင်းတို့လည်း သူတို့၏ ကော်ဖီကို ပန်ကန်ပြား အတွင်းသို့ ငှဲ့ချလေ၏။

ထိုအချိန်၌ ဥရောပဝတ်စုံကို ကျနစွာ ဝတ်ဆင်ထားသော လူ တစ်ယောက်သည် ညှော်ခံပွဲသို့ ရောက်လာလေ၏။ သူဌေးကြီး ဦးမြလည်း ထိုလူငယ်အား ဆိတ်ဖွားတို့ဝိုင်းသို့ ခေါ်၍လာလေ၏။

"ပရော်ဖက်ဆာကြီး ခင်ဗျာ၊ ဟောဒီ သူငယ်လဲ ပြင်သစ်မှာသွားပြီး နေခဲ့ပါတယ်၊ သူ့နာမည်က မောင်မြင့်မောင် လို့ ခေါ်ပါတယ်"

ဆိတ်ဖွားသည် လူငယ်အား 'ဘွန်းဂျူး'ဟူ၍ ပြင်သစ်စကားဖြင့် နှုတ်ဆက်လိုက်လေ၏။ ထို့နောက် မြန်မာစကားဖြင့်ပင် အောက်ပါအတိုင်း မေးမြန်းလေ၏။

"ကျုပ်က လာဆောဘွန်း ယူနီဗာစတီမှာ ပရော်ဖက်ဆာလုပ်နေ တာ ကြာပြီပဲ၊ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား ဆိုတာ ကျုပ်ပေါ့"

"ဟုတ်ကဲ့ ကြားဖူးပါတယ် ခင်ဗျာ"

"နေတာက QUARTIAC LATIN (ကွာတီယက်လာတင်) လက်တင် ကွာတာရဲ့ ထောင့်ဆုံးတိုက်ပေါ့၊ စိန်းမြစ်နဲ့ အနီးဆုံးတိုက်ဟာလေ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ကျွန်တော်က လမ်းမကြီးမှာပါ"

"ရှောင်ဇလီဇေး လမ်းမကြီးမှလား၊ လူနာရီဇာ စားသောက်ဆိုင်နဲ့ ဘယ်လောက်ဝေးသလဲကွယ့်"

"နီးပါတယ်ခင်ဗျ"

"ပရော်ဖက်ဆာကြီး လူနာရီဇာကို လာလေ့ရှိပါသလား"

"ဘယ့်နှယ်ကွယ်. . . အဲဒီမှာ ကြက်ကလေးကင်နဲ့ ဝိုင်နီကို အမြဲ လာသောက်တာပေါ့"

"ပရော်ဖက်ဆာ ပြင်သစ်ပြည် ပဲရစ်မြို့ကို တယ်လဲ နှံ့စပ်တာကိုး" ဟု ဝတ်လုံတော်ရမင်းက ဆိတ်ဖွားအား ချီးကျူးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ဝန်လုံတော်ရမင်းက ဆိတ်ဖွားအား အထက်တန်းစား အမျိုးသမီးနှင့် မိတ်ဆက်ပေးလေ၏။

"ပရော်ဖက်ဆာ. . . ဟောဒါ မြမြ လို့ခေါ်တယ်၊ သူ့အဖေက အလွန်ပဲ ချမ်းသာတဲ့ပ သူဌေးကြီးပါပဲ၊ ဦးဘာဘာတဲ့၊ မြန်မာပြည် အထက်တန်းစား လောကမှာတော့ မသိသူ မရှိသလောက်ပါဘဲ" ဟု ဆိုလေ၏။

ဆိတ်ဖွားသည် ထိုမိန်းမနှင့် မိတ်ဆွေဖြစ်ပြီးနောက် ထိုမိန်းမကို သေချာစွာ ကြည့်ပြီးလျှင် အံ့ဩရပြန်၏။ ထိုမိန်းမမှာ တစ်ခါက သချိုင်းကုန်းရှေ့၌ မိမိအား မော်တော်ကားဖြင့် တိုက်ခဲ့သူ ဖြစ်ကြောင်းကိုလည်း အမှတ်ရမိလေတော့၏။

ဆိတ်ဖွားသည် စားသောက်ပြီးသည့်အခါ၌ မြမြ အပါအဝင် လူကြီးလူကောင်းများ အားလုံးအား လိပ်စာကတ်ကလေးများပေး၍ ညစ်ခံပွဲမှထွက်ခဲ့လေ၏။

လမ်း၌ အိုလံက အောက်ပါအတိုင်း ပြောလေ၏။

"ဆရာဆိတ်ဖွားရေ. . . ဆရာဆိတ်ဖွားနဲ့ ကျွန်တော့်ကိုတကယ့် အထက်တန်းစားကြီးတွေလို့ ထင်နေကြပြီ၊ ဆရာကလဲ ပိုင်ပါ့ဗျာ၊ ခက်ရင်းနဲ့ ဇွန်းကိုမှားပြီး ကိုင်မိတာတောင် ဥရောပတိုက်သား အထက်တန်းစားတွေ ကိုင်တဲ့နည်းလို့ ပြောလိုက်သေးတယ်၊ ဟဲ. . . ဟဲ၊ ဟိုလူတွေကလဲ အဟုတ် အောက်မေ့ပြီး ပြောင်းကိုင်ကြတယ်"

"လူဆိုတာ အယုံလွယ်ဆုံး သတ္တဝါ တစ်မျိုးပဲကွ၊ ယုံအောင်ပြော တတ်ဖို့ပဲလိုတယ် အိုလံ"

"ဟုတ်ပါ့ဗျာ၊ ဆရာဆိတ်ဖွားက ပြင်သစ်ပြည်ကိုတော့ တာမွေသချိုင်း ကုန်းလောက်ကို ကျွမ်းကျင်နေတာကို၊ တကယ်ကော ရောက်ဖူးသလား"

"ဘယ်ကလာ ရောက်ဖူးရမှာလဲကွ၊ ညာတော့မယ်ဆိုတော့ ပြင်သစ် အကြောင်း စာတွေ ဖတ်ထားတာပေါ့ကွာ၊ ဒါနဲ့ အိုလံ၊ မင်း. . . ဟိုမိန်းမကို မှတ်မိသလား"

"ဟင့်အင်း. . . မမှတ်မိဘူး ဆရာဆိတ်ဖွား"


www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို တစ်ခါက မော်တော်ကားနဲ့ တိုက်ကာ သူပေါ့ကွာ"

"ဟုတ်ပြီ၊ ဆရာဆိတ်ဖွားကို မအောက်တန်းစားလို့ ပြောသွားတဲ့ ကောင်မပဲ၊ နေရာကျလိုက်တာ ဆရာရယ်"

"နေရာကျတာတွေ ထားလိုက်ဦး၊ ငါတို့ရဲ့လုပ်ငန်းကို ပြန်ပြီး စရမယ်၊ ကြည့်မြင်တိုင်ဘက်က အငြှံ့ကောင်အိမ်တွေသွားပြီး မြစပယ်ကို စုံစမ်းရမယ် အိုလံ"

"ဟုတ်သားပဲ. . . ဆရာဆိတ်ဖွားရဲ့ လူကုံထံ အသိုင်းအဝိုင်းထဲ နှစ်ရက်လောက်ပဲ ဝင်ရသေးတယ်၊ ကိုယ့်လုပ်ရမယ့် အလုပ်တောင် နည်းနည်းမေ့သွားတယ် ဆရာဆိတ်ဖွားရေ၊ ဒါနဲ့ ဆရာဆိတ်ဖွားရေ ကျွန်တော်နဲ့ ဆရာ ဆိတ်ဖွားနဲ့ဟာ သူတောင်းစားနဲ့ သုဘရာဇာပဲ အဝတ်အစား အသစ်ဝတ်ပြီး ဆံပင်လေး သပ်သပ်ရပ်ရပ် ညှပ်လိုက်တာနဲ့ ကျွန်တော် တို့ကို လူကြီးလူကောင်း လို ဆက်ဆံကြတာ အံ့ပါရဲ့ဗျာ၊ လူကြီးလူကောင်းဖြစ်လို့ ဘာများ ခက်လို့လဲဗျာ"

"ဟာ. . . ဟ၊ အင်္ဂလိပ်စကားပုံ တစ်ခုရှိတယ်ကွ၊ အဲဒီစကားပုံက ဘာလဲဆိုတော့ လူကြီးလူကောင်း ဖြစ်ဖို့ ဆံပင်ညှပ်ဆရာတစ်ယောက်ရှိဖို့ပဲ လိုတယ်တဲ့ကွ"

"ကြိုက်လိုက်တာ ဆရာရယ်၊ ဟား. . . ဟား. . . ဟား"

ဟု အိုလံက အော်ဟစ်ရယ်မောလေတော့၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com


## ကျောသားရင်သား မခွဲခြားနဲ့

ဆိတ်ဖွားသည် ဦးနတ္တိအုတ်ဂူပေါ်၌ ထိုင်ကာ အိုလံ ဝယ်ယူလာသော သတင်းစာကို ဖတ်ရှု၍ နေလေ၏။

"ဆရာ ဆိတ်ဖွားက လူကြီးလူကောင်း အသိုင်းအဝိုင်းမှာ ဝင်ပြီး လုပ်ရှားရမယ်လို့ ဆိုထားတော့ လူကြီးလူကောင်းဆိုတဲ့ လူတွေရဲ့ အဆောင် အယောင်တွေထဲမှာ သတင်းစာလဲ ပါတယ် မဟုတ်လား၊ ဒါကြောင့် သတင်းစာ ဝယ်လာတာ"

ဟု အိုလံက ပြောလိုက်လေ၏။

"မင်းဟာ သိပ်ပြီး ဒုံးမဝေးတော့ဘူး၊ ဟောဒီ ကြော်ငြာကို ကြည့်စမ်း၊ တော်တော်ကလေး ဆန်းတယ်ကွ"

ဟု ဆိတ်ဖွားက သတင်းစာတွင် ပါရှိသည့် ကြော်ငြာတစ်ခုကို အိုလံ အား ပြလိုက်လေ၏။

> ကျောသားရင်သား မခွဲခြားချင်ရင် ဆက်သွယ်ပါ။ ငါတို့က ကျောသားရင်သား လိုချင်တယ်။
>
> မကျီးသီး

"ဘာကြော်ငြာလဲဗျ၊ ခပ်ဆန်းဆန်းပဲ ဆရာဆိတ်ဖွား"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ၊ ဆန်းတော့ အတော်ဆန်းတဲ့ ပဟေဠိပဲဟေ့၊ ကဲကွာ အဲဒါတွေ ထားလိုက်တော့၊ ကြည့်မြင်တိုင်ကို သွားရအောင် အဝတ်အစားတွေလဲပေတော့"

ဟု ဆိုသဖြင့် အိုလံသည် ဘောင်းဘီ၊ အင်္ကျီတို့ကို ဝတ်ဆင်လေ၏။ ဆိတ်ဖွားလည်း ဘောင်းဘီ၊ အင်္ကျီတို့ကို ဝတ်ဆင်ပြီးနောက် နက်တိုင်လည်စည်းကို စည်းရင်း သချိုင်းဝသို့ ထွက်လေ၏။ သချိုင်းဝသို့ရောက်လျှင် တိုင်စီ ကားတစ်စီးကို ငှားရမ်း၍ ကြည့်မြင်တိုင်ရှိ အငြိမ့်ထောင်အိမ်များဆီသို့ သွားရောက်ခဲ့ကြလေ၏။

အငြိမ့်ထောင်အိမ်များက ဆိတ်ဖွားတို့အား ကောင်းစွာကြိုဆိုလေ၏။ ဆိတ်ဖွားတို့သည် တစ်အိမ်ဝင် တစ်အိမ်ထွက်နှင့် မြစပယ်ဆိုသည့် အငြိမ့်မင်းသမီးကို စုံစမ်းခဲ့လေရာ. . .

နောက်ဆုံး၌ "ရတနာမြိုင်"အငြိမ့်အဖွဲ့ထောင်သည့် အိမ်သို့ရောက်ရှိကြလောတော့၏။

မည်းမည်းပုပု ဗိုလ်ရွှဲရွှဲနှင့် အငြိမ့်ထောင် ဆရာတစ်ယောက်က ဆိတ်ဖွား နှင့် အိုလံတို့အား နေရာထိုင်ခင်း ပေးပြီးလျှင်. . .

"ကိစ္စကို ပြောပါဦး" ဟု စကားစလိုက်လေ၏။

"ကျုပ်တို့က အငြိမ့်ငှားချင်လို့ပါ"

ဟု အိုလံက စကားစလိုက်လျှင် အငြိမ့်ထောင် ဆရာက. . .

"ရပါတယ်" ဟု ပြန်၍ ဖြေလေ၏။

"ကျုပ်တို့က အငြိမ့်ငှားချင်တာကတော့ မှန်ပါတယ်၊ ဒါပေမယ့် အဲဒီမှာ မြစပယ်ဆိုတဲ့ မင်းသမီး ပါရမယ်"

ဟု ဆိတ်ဖွားက ဝင်၍ ပြောလေ၏။

"ကျုပ်ရဲ့ ရတနာမြိုင် အငြိမ့်ထဲမှာ ရွှေစပယ်၊ ငွေစပယ်၊ စိန်စပယ်၊ ဥဿဖယားစပယ် စုံနေအောင်ရှိတယ်၊ မြစပယ်တော့ မရှိတော့ဘူး"

"ရတနာတွေ စုံအောင်ရှိပြီး မြတစ်လုံး မပါတာ နာတာပဲ ဇာတ်ဆရာရဲ့"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် ဗိုက်ရွှဲရွှဲ အငြိမ့်ထောင်ဆရာသည် သူ၏ ဝမ်းဗိုက်ကြီးကို ပွတ်လိုက်ပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com


"ခက်တယ် . . . သိပ်ခက်တယ်၊ အဲဒီ မြစပယ်ဟာ သိပ်ခက်တယ်၊ ကျုပ်ဆီမှာ ခင်ဗျားတို့ သဘောကျတဲ့ မြစပယ်ဆိုတာ ရှိပါတယ်၊ သူကမှ မြစပယ် အစစ်၊ ရွှေစပယ် ငွေစပယ်တို့က အငြိမ့်ထဲရောက်မှ ပေးတဲ့နာမည်တွေ၊ အဲဒီ မြစပယ်ကတော့ သူ့နာမည်ရင်းကိုက မြစပယ်လို့ခေါ်တယ်၊ ဒါပေမယ့် အဲဒီ မြစပယ်က အခုမရှိတော့ဘူး" ဟု ပြောလေ၏။

"ဘယ်ရောက်သွားလို့လဲ ဇာတ်ဆရာရဲ့"

"တယောသမားနဲ့ လိုက်ပြေးသွားပြီလေ၊ တယောသမားကလဲ ဇာတ်ထဲကမဟုတ်ပါဘူး၊ အပျော်တမ်းသမားပါ၊ အဲဒီအပျော်တမ်းသမားဆိုတာ ဇာတ်တွေ အငြိမ့်တွေကို သိပ်ပြီး ဒုက္ခပေးတယ်၊ အခုလဲ ကြည့်လေ ပြောနေရင်းက လိုက်ပြေးသွားကြတာ တစ်ပတ်တောင်ရှိပြီ"

"နေပါဦး ဇာတ်ဆရာရဲ့ မြစပယ်မှာက မိဘမရှိဘူးလား"

"မိဘမရှိဘူး၊ သူ့ကို လာပြီးအပ်တာက သယ်န်းကျွန်းဘူတာနားက ဘုန်းကြီးကျောင်းဘေးနေတဲ့ သီလရှင်မကြီးဗျ၊ မြင့်သွေးနဲ့တွေ့တာကတော့ ဒီမှာ၊ မြင့်သွေးက အရင် ပတ်တီးခေါင်းဆောင် စိန်ဖြူလေးနဲ့ လိုက်လိုက်လာတာဗျ"

"မြင့်သွေးဆိုတာက မြစပယ်ကို ခိုးပြေးတဲ့လူလား"

"ဟုတ်ပါတယ်"

"အဲဒီ မြင့်သွေးက လူခပ်သွယ်သွယ်၊ မေးစေ့မှာ မှဲ့ကလေးပါတယ် ဟုတ်လား"

"ဟုတ်တာပေါ့ဗျာ၊ ဒီကောင်နဲ့ လိုက်ပြေးတာ"

ဟု အငြိမ့်ထောင်ဆရာက ရှင်းပြလေသည်။

"ကျေးဇူးပဲ ဇာတ်ဆရာ"

ဟုဆိုကာ ဆိတ်ဖွားနှင့် အိုလံသည် ရတနာမြိုင်အငြိမ့်အဖွဲ့မှ ထွက်ခဲ့ကြလေ၏။

လမ်း၌ ဆိတ်ဖွားသည် အိုလံအား တစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲ တစ်ကိုယ်တည်း စဉ်းစားလာခဲ့လေ၏။ အိုလံကလည်း ဆိတ်ဖွားအား အနှောင့်အယှက်မပြုဘဲ ငြိမ်သက်စွာ လိုက်ပါလာလေ၏။ ဆိတ်ဖွားသည် ထိုသို့


www.burmeseclassic.com

www.burmeseclassic.com


စဉ်းစားရင်း လျှောက်လာရာမှာ တစ်စုံတစ်ခုကို ရုတ်တရက် သတိရ၍သွားသော ကြောင့် . .

"ဟော့ . . . အိုလံ၊ ဇာတ်ဆရာဆီကို ပြန်ပြီး သွားရအောင်ကွာ"

ဟုဆိုကာ ဆိတ်ဖွားသည် ပြန်၍လှည့်လေ၏။ ဆိတ်ဖွားနှင့် အိုလံ တို့ပြန်၍ လာသည်ကိုမြင်လျှင် အငြိမ့်ထောင်ဆရာက. . .

"ဘာ မေ့ကျန်ခဲ့လို့လဲ ဆရာတို့" ဟု ဆီး၍ မေးတေလ၏။

"မေးစရာတစ်ခု ရှိလို့ပါ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ အငြိမ့်ထောင်ဆရာက ဆိတ်ဖွားကို ခြေဆုံး ခေါင်းဆုံးကြည့်လျက်. . .

"ဆရာကြီးတို့က အမေးအမြန်းထူလိုက်တာ၊ ပုလိပ်ဘက်ကလား"

ဟု မေးလိုက်လေ၏။

"ဒီမှာ ဇာတ်ဆရာ အင်းစိန် စီ အိုင် ဒီ ဆိုတာ ကြားဖူးတယ်မဟုတ် လား" ဟု ဆိတ်ဖွားက မေးလိုက်လျှင် အငြိမ့်ထောင် ဆရာက. . .

"သိ. . . သိပါတယ် ခင်ဗျ" ဟု ပြန်၍ ဖြေလေ၏။

"ခင်ဗျား အငြိမ့်ထဲမှာ မြစပယ်နဲ့ ရင်းရင်းနှီးနှီးနေတဲ့ အငြိမ့်သမ ကလေးများ မရှိဘူးလား" ဟု ဆိတ်ဖွားက မေးလိုက်လေသည်။

"ရှိပါတယ်၊ ငွေစပယ်ဆိုတဲ့ လက်ထောက်မင်းသမီးကလေးနဲ့ကတော့ တပူးတွဲတွဲပါပဲ ဆရာရယ်"

"အဲဒီ ငွေစပယ်ကို ခဏလောက် ခေါ်ပေးစမ်းပါ"

ဟု ဆိတ်ဖွားက ပြောသဖြင့် အငြိမ့်ထောင်ဆရာက ငွေစပယ်ကို ခေါ်၍ ပေးလေ၏။

ငွေစပယ်ဆိုတာ လက်ထောက်မင်းသမီးလေးသည် ဆိတ်ဖွားတို့ရှေ့ ၌ ကျုံ့ကျုံ့ကလေး လာ၍ ထိုင်လေ၏။

"ဒီမှာ မိန်းကလေး၊ မင်းနဲ့ မြစပယ်က တော်တော်ပဲ ရင်းနှီးကြတယ် မဟုတ်လား" ဟု ဆိတ်ဖွားက မေးလေသည်။

"ဟုတ်ကဲ့ရှင့် တော်တော်ရင်းနှီးပါတယ်၊ ညီမအရင်းလိုပါပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် မြစပယ်ရဲ့ ကိုယ်မှာ ဆေးမင်ရုပ်များထိုးထားတာကို တွေ့ဖူးပါသလား"

"အရုပ်မဟုတ်ပါဘူးရှင့်၊ ဂါထာတွေတော့ သူ့ရဲ့ ကျောပြင်မှာထိုး ထားပါတယ်၊ ဂါထာတော့ ဂါထာပဲ၊ ကျွန်မလဲ မဖတ်တတ်ဘူးရှင့်"

"ဟောဒီလိုဟာမျိုးလား"

ဟု ဆိုကာ ဆိတ်ဖွားသည် သေဆုံးသူ၏ထံမှ တွေ့ရသော လက်ဖွဲ့၌ ပါရှိသည့်စာများကို ကူးထားသော စာရွက်အား ထုတ်ပြလျှင် ငွေစပယ်က. . .

"ဟုတ်ပါတယ် သိပ်ကိုဟုတ်ပါတယ်၊ ဟောဒီ စာလုံးလေးတွေပါပဲ"

ဟု သွက်လက်စွာ ဖြေလေ၏။

"အဲဒီ ဂါထာတွေအကြောင်း မင်းက မေးမကြည့်မိဘူးလား ငွေစပယ်ရဲ့"

"မေးကြည့်တယ်၊ သူငယ်ငယ်က လူကြီးတစ်ယောက် လာပြီးထိုးပေး သွားတာဆိုပဲ၊ သူ့အမေကလဲ အထိုးခံလိုက်ပါဆိုလို့ အထိုးခံလိုက်ရတာတဲ့"

"တော်ပါပြီ ငွေစပယ်၊ ကျေးဇူးတင်ပါတယ်"

ဟုဆိုကာ ဆိတ်ဖွားနှင့် အိုလံတို့သည် ထိုအိမ်မှ ပြန်ခဲ့ကြလေ၏။

လမ်း၌ အိုလံက ဆိတ်ဖွားအား. . .

"ဘယ်လိုလဲ ဆရာဆိတ်ဖွားရဲ့၊ ခင်ဗျားက ဇာတ်ဆရာဗိုက်ရွှဲကို ခပ်တည်တည်နဲ့ စီအိုင်ဒီက စုံထောက်လို့ လိမ်လိုက်တယ်ပေါ့"

ဟု ပြောရာ ဆိတ်ဖွားက ပြုံးလျက်. . .

"မလိမ်ပါဘူးကွ. . .၊ သူ့ကို ငါက စီအိုင်ဒီက စုံထောက်တစ်ယောက် ပါလို့ မပြောရပါလား၊ အင်းစိန် စီအိုင်ဒီဆိုတာ ကြားဖူးတယ် မဟုတ်လားလို့ မေးရုံမေးလိုက်တာပါ၊ သူ့ရဲ့တာဝန်က ကြားဖူးရင် ကြားဖူးတယ်၊ မကြားဖူး ရင် မကြားဖူးကြောင်း ပြောရုံပဲကွ၊ သူ့ဟာသူ ငါ့ကို စီအိုင်ဒီက စုံထောက်ပါ လို့ ထင်သွားတာတော့ ငါလဲ မတတ်နိုင်ဘူး" ဟု ပြောလိုက်လေ၏။

"ဟုတ်ပါတယ်၊ ဆရာဆိတ်ဖွားက စီအိုင်ဒီက စုံထောက်ပါလို့တော့ မပြောပါဘူး၊ ဒါပေမယ့်လဲ အင်းစိန် စီအိုင်ဒီဆိုတာ ကြားဖူးသလားလို့ မေးလိုက် ပုံက အမေးခံရသူအဖို့ ဆရာဆိတ်ဖွားကို စီအိုင်ဒီ စုံထောက်တစ်ယောက်လို့ ထင်ဖို့ပဲရှိတော့တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဲဒါကို ရှေးက မြန်မာပညာရှိကြီးတွေက 'ရေစစ်ပမာစကား' ဆိုနည်းကို အမှတ်အသားပြုခဲ့ကြတယ်၊ ဘုန်းတော်ကြီးတွေရဲ့ ဓမ္မကရိုဏ်လို့ခေါ်တဲ့ ရေစစ်ကို အသုံးပြုတဲ့အခါမှာ ရေစစ်ပေါက်ကို ပိတ်လိုက်ရသလို တစ်ဖက်လူရဲ့ စကားမဝင်နိုင်အောင် ပိတ်ပြီး ပြောတဲ့နည်းလေကွာ၊ ငါတို့မြန်မာပညာရှိကြီးတွေက စကားပြောရာမှာတောင် ဘယ်လိုစကားမျိုးဆိုတာ ခွဲခြားထားခဲ့တယ်ကွ၊ ကျေးဇူးတင်စရာပဲ အိုလံရာ"

အိုလံသည် ဆိတ်ဖွား၏ စကားကို သဘောကျလျက် တပြုံးပြုံးနှင့် နားထောင်ရင်း လိုက်ပါခဲ့လေ၏။

သံတော်ဆင့်သတင်းစာတိုက်ရှေ့သို့ ရောက်လျှင် ဆိတ်ဖွားက သတင်းစာတိုက်တွင်းသို့ ဝင်သွားသဖြင့် အိုလံလည်း ဘုမသိ ဘမသိလိုက်၍ ဝင်ရလေ၏။

ဆိတ်ဖွားသည် သံတော်ဆင့် သတင်းစာတိုက်အတွင်းရှိ ငွေလက်ခံသော စာရေးထံသို့ သွားရောက်ကာ ငွေသုံးကျပ်ကို ထုတ်၍ ပေးပြီးလျှင်. . .

"ဟောဒီ ကြော်ငြာကလေး နက်ဖြန်ပါချင်တယ်ကွာ"

ဟုဆိုကာ အောက်ပါစာများကို ရေးလေတော့၏။

> ငါတို့မှာ ရင်သားရှိတယ်၊ ကျောသားရင်သား မခွဲချင်ဘူး၊ အမြန်ဆုံး တွေ့ရအောင်။
>
> လောကနတ်

ထိုစာကို တွေ့လျှင် ငွေလက်ခံသော စာရေးက ဆိတ်ဖွား အား မော့်၍ ကြည့်ကာ. . .

"ဘာလဲဗျ၊ မနေ့ကလဲ ဒီလို ကြော်ငြာမျိုးပဲ တစ်စောင်လာသေးတယ်"

ဟု ဆိုလေ၏။

"မနေ့က ကြော်ငြာလာထည့်တဲ့လူကို မှတ်မိသလား"

www.burmeseclassic.com

www.burmeseclassic.com


ဟု ဆိတ်ဖွားက ဆတ်ခနဲ မေးလိုက်လေ၏။

"ကြော်ငြာ လာထည့်ကာ ကုလားမကြီး ခင်ဗျ"

"ဟာ. . . ဟာ. . . အိုလံရေ၊ ငါတို့ထင်တာထက်တောင် ပိုပြီးလည်တဲ့ကောင်တွေပဲကွ၊ ကောင်းတယ်. . . ကောင်းတယ်၊ ငါကလဲ ဒါမျိုးမှ ကြိုက်တာဟေ့"

ဟုဆိုကာ ဆိတ်ဖွားသည် သတင်းစာတိုက်အတွင်းမှ ထွက်၍လာခဲ့လေ၏။ အိုလံလည်း ၎င်း၏ နောက်မှ လိုက်ပါခဲ့လေသည်။

"ဘယ်လိုလဲ ဆရာဆိတ်ဖွားရဲ့၊ သတင်းစာထဲမှာ ပါတဲ့ကြော်ငြာနဲ့ ကျွန်တော်တို့လိုက်နေတဲ့အမှုက ဆက်စပ်နေသလား"

ဟု အိုလံက မေးလိုက်လျှင် ဆိတ်ဖွားသည် ဆေးပြင်းလိပ်အသစ်တစ်လိပ်ကို မီးညှိပြီးနောက် အနည်းငယ် ဖွာလိုက်ကာ. . .

"သိပ်ပြီး ဆက်စပ်နေတာကွ၊ မြစပယ်ကို လူတစ်ခုဟာ ဖမ်းသွားကြပြီ၊ မြစပယ်ရဲ့ကျောမှာ ထိုးထားတဲ့ စာတွေဟာ အရေးကြီးပြီး လျှို့ဝှက်တဲ့စာတွေပဲ၊ ငါထင်တာတော့ အဲဒီစာဟာ သူ့ချည်းဖတ်လို့ ရတဲ့စာမျိုးမဟုတ်ဘဲ တခြားက စာတစ်စောင်နဲ့ ဆက်စပ်ပြီး ဖတ်လို့ရတဲ့ စာမျိုးဖြစ်ရမယ်"

ဟု အားရပါးရ ပြောလိုက်လေ၏။

"စိတ်ဝင်စားစရာပါပဲဗျာ၊ ပြောစမ်းပါဦး"

"ငါ့အနေနဲ့ အခု တွေးလို့ရတာကတော့ မြစပယ်နဲ့ မြင့်သွေးလိုက်ပြေးကြတဲ့အခါမှာ မြစပယ်ကို လိုချင်တဲ့ လူတစ်စုက သူတို့နှစ်ယောက်စလုံးကို ဖမ်းသွားလိမ့်မယ်၊ ဟိုကျတော့ တစ်ယောက်စီ ခွဲပြီး ချုပ်ထားမယ်၊ ဘာကြောင့်ခွဲပြီး ချုပ်ထားမယ်ဆိုတော့ မြစပယ်ရဲ့ ကျောမှာပါတဲ့ စာတွေကို ကူးမှာကိုးကွ၊ ဒါကို မြင့်သွေးက သူ့ကိုချုပ်ထားတဲ့ အခန်းကနေ ချောင်းပြီးကြည့်မယ်၊ ပြီးတော့ သွားတိုက်ဆေးဘူးအခွံကို ရေးမှတ်ဖို့အတွက် အသုံးပြုပြီး၊ မြစပယ်ရဲ့ ကျောကစာကို ချောင်းကြည့် ပေါက်ကနေကူးမယ်၊ ကူးပြီး လက်ဖွဲ့သဏ္ဌာန်လုပ်၊ လက်မောင်းမှာချည်ပြီး လွတ်မြောက် ထွက်ပြေးဖို့ ကြိုးစားမယ်၊ အဲဒီအခါမှာ ဖမ်းထားတဲ့ကောင်တွေက သေနတ်နဲ့ပစ်သတ်လိုက်တာပဲဖြစ်ရမယ် အိုလံ"


www.burmeseclassic.com

www.burmeseclassic.com


"သိပ်ကို ဖြစ်နိုင်တာပေါ့ ဆရာဆိတ်ဖွားရယ်"

"အေး. . . ကျုန်တဲ့ဝှက်စာ စာတစ်စောင်ဟာ တစ်စုံတစ်ယောက်ရဲ့ ရင်ဘက်မှာထိုးထားတာ ဖြစ်လိမ့်မယ်၊ ဒါကြောင့် မကျီးသီးတို့ လူစုက ကျောသားရင်သား မခွဲခြားချင်ရင် ဆက်သွယ်ပါ၊ သူတို့က ကျောသားရပြီလို့ သတင်းစာမှာ ကြော်ငြာတာကိုးကွ"

"ဟုတ်ပြီ ဆရာ. . . သဘောပေါက်ပြီ၊ ကျွန်တော်တို့မှာလဲ မြစပယ်ရဲ့ ကျောသားက ဝှက်စာကို ရနေမှပဲ၊ အဲဒါ ဘာဖြစ်လို့ ဆရာဆိတ်ဖွားရေးတဲ့ ကြော်ငြာမှာ ရင်သားကစာ ရှိတယ်လို့ ထည့်ရတာလဲ"

"မင်းကလဲ တော်တော်ဒုံးဝေးတဲ့ ကောင်ပဲ၊ ငါတို့ဆီမှာ ရင်သားက ဝှက်စာရှိထားတယ်ဆိုမှ ကျောသားရထားတဲ့ မကျီးသီးတို့ လူစုက ဆက်သွယ်မှာပေါ့ကွ. . . ဟာ. . . ဟ"

"ဟုတ်ပြီ. . . ဆရာဆိတ်ဖွားရေ"

ဆိတ်ဖွား နှင့် အိုလံတို့သည် သချိုင်းကုန်းသို့ ပြန်လာပြီးနောက် ဇရပ် ပေါ်၌ ထိုင်ကာ ဆိတ်ဖွားက ဝှက်စာ စာရွက်ကိုထုတ်လျက် အလွတ်ရသည်အထိ ကျက်မှတ်ပြီးလျှင် စာရွက်ကို မီးရှို့ပစ်လိုက်လေ၏။

ထိုနေ့ညနေ၌ ဆိတ်ဖွားနှင့် အိုလံတို့သည် ထမင်းဆိုင်မှ ထမင်းထုပ်များကို ဝယ်ယူစားသောက်ပြီးနောက် ဦးနတ္တိအုတ်ဂူပေါ်၌ထိုင်ကာ 'မြစပယ်' ဟု လက်မောင်း၌ ဆေးထိုးထားသည့် တယောသမား မောင်မြင့်သွေး အသတ်ခံရမှုနှင့် ပတ်သက်၍ ပြောဆိုနေကြစဉ် ၎င်းတို့အနီးသို့ မော်တော်ကားတစ်စီး ရောက်လာပြီးလျှင် ကားပေါ်မှ လူသုံးယောက်ဆင်း၍ လာလေ၏။

"ကိုယ့်လူတို့မှာ ရင်သားရှိတယ်ဆိုလို့ လာခဲ့တာပဲ"

ဟု လူသုံးယောက်အနက်မှ တစ်ယောက်သောလူက ပြောလေ၏။

"ရင်သားလိုချင်ရင် ကျောသားပေးပေါ့ ဟာ. . . ဟ၊ ဒါမှ ကျောသားရင်သား မခွဲခြားဘဲ ဖြစ်မှာပေါ့"

ဟု ဆိတ်ဖွားက ဆေးပြင်းလိပ်သောက်ပင် မပျက်ဘဲ ခပ်တည်တည်နှင့် ပြန်၍ ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းလာသူများက ဆိတ်ဖွားနှင့် အိုလံတို့အား ဝိုင်း၍ ထားလေ၏။

"ကြည်ကြည်သာသာနဲ့ လိုက်မလား၊ အသားနာပြီးမ လိုက်မလား၊ သတင်းစာတိုက်ရှေ့မှာ ငါတို့လူတွေ ချထားတယ်၊ ကိုယ့်လူတို့ ကြော်ငြာဝင်ပြီး ထည့်တာကို တွေ့တယ်၊ ဒီတော့ အေးအေးဆေးဆေး လိုက်ခဲ့ပါ"

ဟု ထိုလူက ပြောပြန်၏။

"တယ်လဲ ဒုံးဝေးတဲ့လူတွေပဲ၊ လူဆိုးလူမိုက်လုပ်ပြီး ဒါလောက်ဒုံးဝေးရင် မကြာဘူး ပေါဟိုမှာ ကျုပ်တိုတူးထားတဲ့ တွင်းတွေထဲကို ရောက်ကုန်လိမ့်မယ်. . . ဟာ. . . ဟာ၊ ရယ်ဖို့ကောင်းတဲ့ လူတွေပဲ၊ ကိုယ့်လူတို့လို အုပ်စုကြီးကြီးမားမား ရှိတဲ့လူတွေကို ပမာမခန့်ဝင်ပြီး ယှဉ်တဲ့လူဟာ ဒီလောက်ညံ့ပါ့မလား စဉ်းစားလဲကြည့်ပါဦး၊ အသက်ကို အန္တရာယ်ပေးကြလိမ့်မယ်၊ အုပ်စုနဲ့လာပြီး အကျပ်ကိုင်ကြလိမ့်မယ်ဆိုတာ ကြိုပြီး စဉ်းစားပြီးသားပါ မကျီးသီး တပည့်တို့ရယ်. . . ဟာ. . . ဟာ"

ဟု ဆိတ်ဖွားက ရယ်လိုက်လေ၏။

ဆိတ်ဖွားက ရယ်နိုင်သော်လည်း အိုလံမှာမူ မရယ်နိုင်ဘဲရှိလေ၏။ လူဆိုးများအား ကျီးကန်းတောင်းမှောက် ကြည့်၍နေလေ၏။

နောက်ဆုံး၌ မကျီးသီး၏ တပည့်က သေနတ်ဆွဲထုတ်လိုက်လေရာ ဆိတ်ဖွားသည် အိုလံအား ဂူပေါ်မှ တွန်းချလိုက်သကဲ့သို့ မိမိကိုယ်တိုင်လည်း အောက်သို့ လှိမ့်၍ ချလိုက်လေ၏။ ထိုအချိန်၌ သေနတ်သံ ဒိုင်းခနဲပေါ်ထွက်လာသဖြင့် အိုလံက ကြည့်လိုက်ရာ မိမိတို့လဲကျသည့်ဘက်မှ တစ်စုံတစ်ယောက် သောသူက ထ၍ ပစ်ကြောင်း တွေ့လေ၏။

"ဆရာဆိတ်ဖွား ဝပ်နေ"

ဟု သေနတ်သမားက ပြော၍ ပစ်လိုက်ပြန်ရာ တစ်ဖက်မှလည်း ပြန်လည်၍ ပစ်ခတ်လေ၏။ သုံးလေးချက်မျှ တစ်ဖက်ကို တစ်ဖက် ပစ်ခတ်ပြီးလျှင် မကျီးသီး၏ တပည့်များသည် လာလမ်းအတိုင်း ဆုတ်ပြေး၍ ကားပေါ်သို့ တက်ကာ မောင်းထွက်သွားကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com




အိုလံသည် မြေကြီး၌ ပါးကိုကပ်လျက် ပြားပြားဝပ်နေရာမှ သေနတ်သံ များစဲသွားလျှင် ဆရာဆိတ်ဖွားသည် ငါ့လို ဝပ်နေမှာပဲဟု ထင်မှတ်၍ ဆိတ်ဖွားအား ကြည့်လိုက်ရာ အုတ်ဂူကို မှီလျက် ဆေးပြင်းလိပ်ကို ခဲကာ အကြောင့်ကြမဲ့စွာဖြင့် ထိုင်နေသော ဆိတ်ဖွားကိုတွေ့ရလျှင် အိုလံသည် အံ့သြ၍သွားလေ၏။

"အောင်မလေးဗျာ. . . ကျုပ်ကတော့ မှန်ကုန်ရောမှတ်တာ၊ ဆရာ ဆိတ်ဖွားကဖြင့် အေးအေးဆေးဆေးပါပဲလား၊ ဒါနဲ့ နေပါဦး ဆရာဆိတ်ဖွား ရဲ့၊ ဟောဒီဘက်က တစ်ယောက် သေနတ်နဲ့ လှမ်းပစ်ပေးတယ် မဟုတ်လား။ သူက ဘယ်သူလဲ" ဟု အိုလံက မေးလိုက်လေ၏။

ထိုအချိန် လူတစ်ယောက်သည် ဆိတ်ဖွားနှင့် အိုလံတို့၏ အနီးသို့ ရောက်လာပြီးလျှင်. . .

"ဆရာဆိတ်ဖွား စာ"

ဟု ဆိုကာ စာတစ်စောင်ပေးလေ၏။ အိုလံလည်း ဆိတ်ဖွားစာဖတ် နိုင်ရန်အတွက် မီးခြစ်ကို ခြစ်၍ပြရာ အောက်ပါအတိုင်း တွေ့ရလေ၏။



"ကဲလေ၊ ဇရပ်ပေါ် သွားရအောင်"

ဟုဆိတ်ဖွားက ထိုသူ့ကိုပါခေါ်၍ ၎င်းတို့၏ သချိုင်းဇရပ်ဆီသို့ ခေါ်သွားကာ ရေနံဆီ မီးခွက်ကိုထွန်း၍ လေးထောင့်သင်္ကေတန်လေးများပါသည့် စာရွက်ကို ထပ်မံ ကြည့်ရှုပြီးလျှင် အမိပ္ပာယ်ပါပါ တစ်ချက်ပြုံးလိုက်လေ၏။

"ဟာ. . . ဟာ၊ သေတ္တာဆိုတဲ့ကောင် ထောင်ထဲမှ အင်္ဂလိပ်စာသို့ ဘာတွေ သင်နေပြီကို၊ ကောင်းတယ် ကောင်းတယ်"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် အိုလံက အမိပ္ပာယ်နားမလည်သဖြင့်-

"ဆရာဆိတ်ဖွား ဘာတွေရေးထားတာလဲ၊ ကျွန်တော့်ကိုလဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com


ဟု ကလေးတစ်ယောက်ကဲ့သို့ ပူဆာလေ၏။

"အင်္ဂလိပ်လို ရေးလိုက်တာကွ"

CLEVER MEN ARE GOOD,
BUT THEY ARE NOT THE BEST.

MR. BOX

"လူတော်တွေဟာ လူကောင်းတွေပါပဲ၊ ဒါပေမယ့် အကောင်းဆုံးလို့တော့ မဆိုနိုင်ဘူးတဲ့၊ ဒါကြောင့် ဒီလူကိုလဲ အကောင်းဆုံးလူဖြစ်အောင် လုပ်ပေးဖို့ ငါ့ဆီ လွှတ်လိုက်တယ်လို့ ဆိုလိုတာပေါ့ကွာ"

"မစ္စတာဘောက်ဆိုတာက ဘယ်သူလဲ ဆရာဆိတ်ဖွား"

"သေတ္တာဆိုတဲ့ကောင်ပေါ့ကွ၊ မမင်းဖြူဆိုတဲ့ အငြိမ့်မင်းသမီးကလေးကို ကူညီရင်း လူသတ်မှု ဖြစ်သွားတဲ့ကောင်ပေါ့"

ဟု ဆိတ်ဖွားက ရှင်းပြလေ၏။

ထို့နောက် ဆိတ်ဖွားသည် စာယူလာသူအား ခြေဆုံးခေါင်းဆုံး ကြည့် လိုက်ပြီးလျှင်. . .

"မင်းနာမည်. . ." ဟု မေးလိုက်လေ၏။

"ငနိုး. . ."

"သေတ္တာက မင်းကို လူကောင်းပါလို့ ထောက်ခံထားတယ်၊ အခု မင်းက ဘယ်ကလာတာလဲ"

"ထောင်ထဲကပါ၊ အမှုက ဓားပြမှုပါ"

"ဟာ. . .၊ ဆရာဆိတ်ဖွား၊ ဆရာရဲ့ သေတ္တာဆိုတဲ့လူက ဘယ်လိုလဲ၊ သူက လူကောင်းပါလို့ ထောက်ခံထားတဲ့ လူကလဲ ဓားပြ၊ ထောင်ထွက် ဓားပြကိုတောင် လူကောင်းလို့ဆိုတော့ ဘယ်လိုလူကိုမှ လူဆိုးလို့ ပြောကြမှာလဲ"

ဟု အိုလံက အထူးအဆန်းဖြစ်ကာ ဝင်၍ ပြောလိုက်လေ၏။


www.burmeseclassic.com


www.burmeseclassic.com

"သူတို့လောကမှာ ခေးပြကိုလဲ လူဆိုးမခေါ်ဘူး၊ သူခိုးကိုလဲ လူဆိုးမခေါ်ဘူး၊ အချင်းချင်း သစ္စာဖောက်တဲ့လူ၊ သတ္တိမရှိတဲ့လူကိုမှ လူဆိုးလို့ခေါ်တာ" ဟု ဆိတ်ဖွားက ရှင်းပြလိုက်လေ၏။

"နေစမ်းပါဦး ဆရာ ဆိတ်ဖွား၊ သူရေးထားတဲ့ လေးထောင့်ကလေးတွေကို ကြည့်စမ်း ဘာစာရယ်လို့ အဓိပ္ပာယ် ဖော်တာတော့ အုံ့သြစရာပဲ ခင်ဗျာ" ဟု အိုလံက ပြန်ပြော၏။

"ဒီလိုကွ၊ ဝှက်စာပုံစံကို ကြည့်ရင် သိသာပါတယ်ကွာ၊ ဒီပုံစံများဟာ မြန်မာလို ဝှက်ဖို့ မလွယ်ဘူး၊ ဒီတော့ အင်္ဂလိပ်လို ဝှက်မှာပဲဆိုတာ သိထားတယ်၊ တစ်ခါ အင်္ဂလိပ်စာမှာက အများဆုံးအသုံးပြုတဲ့ စာလုံးဟာ 'E'စာလုံးဖြစ်တယ်၊ အနည်းဆုံးက 'Z'ဖြစ်တယ်၊ 'E' စာလုံးဟာ 'Z' စာလုံးထက် အကြိမ်နှစ်ရာလောက် ပိုပြီးအရေးများပြီး၊ 'J' စာလုံးထက် အကြိမ်တစ်ရာလောက် ပိုတယ်၊ ဒုတိယ အသုံးအများဆုံး စာလုံးဟာ 'S' ဖြစ်ရှာယ်ကွ၊ တတိယ အများဆုံးက 'O' စာလုံးပဲ၊ 'O' ဟာ 'C' ထက် သုံးဆလောက်ပိုပြီး အသုံးများဆယ်လို့ ဘာသာဗေဒနဲ့ ပတ်သက်တဲ့ပညာရှင်တွေက ဆိုထားတယ်၊ ဒီအချက်ကို အခြေခံပြီး ဆင်တူအများဆုံး စာလုံးကို 'E' စာလုံးအဖြစ်ထားပြီး စဉ်းစားလိုက်တော့ သူရေးထားတဲ့ ဝှက်စာရေးနည်းဟာ ဟောဒီလိုဖြစ်တယ်လို့ ခန့်မှန်းလိုက်တယ်"

ဟုဆိုကာ ဝှက်စာ၏ သော့ချက်ကို အောက်ပါအတိုင်း ရေးပြလေ၏။




"အထက်ပါအတိုင်း ရေးပြပြီးလျှင် 'A' ကို '┘' အခုလို ရေးမယ်၊ 'B' ကို '⊔' အခုလို ရေးမယ်၊ 'C' ကို '└' အခုလို ပေါ့ကွ၊ 'ABC' ဆိုရင် '┘⊔└' ဒီလိုပေါ့ကွာ၊ ဟောဒီဝှက်စာမှာ '□' ဒီပုံစံကလေးတွေဟာ ရှစ်ကြိမ်တောင် တွေ့ရတယ်၊ အများဆုံးသုံးထားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com


"အဲဒါက 'E' စာလုံးပေါ့ ဆရာဆိတ်ဖွားရဲ့"

ဟု အိုလံက ပြောလိုက်ရာ ဆိတ်ဖွားက. . .

"ဟာ. . . ဟ မင်းသိပ်ပြီး ဒုံးမဝေးတော့ဘူးဟ"

ဟုဆိုကာ ရယ်မောလိုက်လေတော့၏။

ထို့နောက် သေတ္တာလွှတ်လိုက်သည့် သေနတ်သမား ငနိုးဘက်သို့ လှည့်ကာ. . .

"ဘယ်လိုလဲကွ၊ ဆိုစမ်းပါဦး"

ဟု ဆိတ်ဖွားက မေးလျှင် သေနတ်သမား ငနိုးဆိုသူသည် စကားကို မပြောသေးဘဲ လက်ဝါးကို ပွတ်လိုက်လေ၏။

"ပရော်ဖက်ဆာ ဆိတ်ဖွားဆီမှာ ပညာဆည်းပူးဖို့ ဆရာကိုသေတ္တာက ညွှန်လိုက်ပါတယ်၊ ကျွန်တော်အပြင်ကို ရောက်နေတာ သုံးရက်ရှိပါပြီ၊ ဆရာတို့ နောက်ကို နောက်ယောင်ခံပြီး လိုက်နေခဲ့ပါတယ်၊ မနက်ကတော့ ဆရာတို့လဲ သတင်းစာတိုက်ထဲက ထွက်သွားရော မင်းကလဲ ပူစီဖောင်းရောင်းတဲ့ လူယောင်ဆောင်ပြီးနေရာက ကလေး တွေကို ပူစီးဖောင်းတွေ အလကား ဝေပေးပြီး ငါတို့နောက်ကို လိုက်မလို့ အလုပ်မှာ မင်းရှေ့က ဘောင်းဘီနဲ့ လူနှစ်ယောက်က ငါတို့ကိုလိုက်ပြီး ချောင်းနေတာ တွေ့ရော ဆိုပါတော့ကွ"

ဟု ဆိတ်ဖွားက ဆက်၍ ပြောလိုက်ရာ ငနိုးသည် အံ့ဩစွာဖြင့် လက်ဝါးကို ပွတ်လိုက်ပြီးနောက်. . .

"ပရော်ဖက်ဆာကြီးက အကုန်လုံး သိနေတာကိုး"

ဟု အားရဝမ်းသာ ပြောလိုက်လေ၏။

"ဆရာဆိတ်ဖွားရယ်၊ တယ်လဲလျှင်ပါလားဗျာ"

ဟု အိုလံကပါ ဝင်၍ ပြောလိုက်လေ၏။

"ဟောဟိုက အုတ်ဂူအကွယ်မှာ ညနေကတည်းက မင်းရောက်နေတာ ငါသိတယ်ကွ၊ ဒါကြောင့် ငါတို့နှစ်ယောက် ဟိုခွေးကောင်တွေ ဝိုင်းထားမိတဲ့ အခါမှာ မင်းက ဝင်ပြီး တိုက်ခိုက်လိမ့်မယ်ဆိုတာလဲ ငါကြိုပြီးတွက်ထားပြီး သားပါ ငနိုး၊ မင်းဟာ ထောင်ထွက်တစ်ယောက်ဆိုတာ မင်းရဲ့ခြေချင်းဝတ်က သံခြေချင်းစာမိလို့ အသမာ တက်နေတာလို့ မြင်က



www.burmeseclassic.com

www.burmeseclassic.com


တည်းက သိပါတယ်၊ ငါတို့ပိတ်မိနေတာကို မင်းက ဝင်ကူလိမ့်မယ်၊ အဲဒီမှာ မင်းက မင်းအရည်အချင်း ကို ပြရမှာ မဟုတ်လား"

ငနိုးသည် လက်ဝါးကို ပွတ်လိုက်ပြီးနောက်. . .

"ဟုတ်ပါတယ် ပရော်ဖက်ဆာ ဆိတ်ဖွား"

"ဒီလိုကွ၊ ငါတို့ဟာ လောလောဆယ်မှာ အင်မတန် အုပ်စုကောင်းပြီး သတ်ရဲဖြတ်ရဲတဲ့ အဖွဲ့နှစ်ဖွဲ့နဲ့ ရင်ဆိုင်ဖို့ရှိတယ်၊ ဒီတော့ ငါရယ်၊ ဟောဒီအိုလ် ဆိုတဲ့ကောင်ရယ်၊ မင်းရယ် သုံးယောက်ထဲနဲ့တော့ ဘယ်နည်းနဲ့မှ မအောင်မြင် နိုင်ဘူး၊ လူတွေလိုတယ်၊ မင်းရဲ့မိတ်ဆွေကြီး သေတ္တာဆီကိုသွားပြီး အကျိုးန အကြောင်း ပြောပြစမ်းပါန"

သေနတ်သမားငနိုးသည် လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ပြီးနောက်. . .

"သူက ထောင်ထဲမှာပဲ၊ ကျုပ်က ဘယ်လိုလုပ်ပြီး ပြောရမှာလဲ"

ဟု ပြန်၍မေးလိုက်လေ၏။

"ဟာ. . . ဟ၊ ဒါတွေထားလိုက်စမ်းပါကွာ၊ အိုလ်ရေ ဟောဒီက အဖွဲ့ဝင် လူတစ်ယောက်တိုးတဲ့ အထိမ်းအမှတ်အဖြစ် လက်ဖက်ရည်လေး သောက်ရအောင်"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် အိုလ်က. . .

"ဟုတ်ကဲ့ ဆရာ"

ဟု ဆိုကာ အိုလ်သည် နို့ဆီခွက် နှစ်လုံးကိုင်၍ ထွက်သွားလေ၏။

တစ်အောင့်ကြာလျှင် နို့ဆီခွက်တွင် အငွေ့တထောင်းထောင်းထ လျက် ရှိသော လက်ဖက်ရည်နှင့်အတူ နံပြားများပါ ဝယ်ယူလျက် အိုလ်ပြန်၍ ရောက်လာလျှင် ဆိတ်ဖွားက. . .

"ပျော်ပျော်ပါးပါး စားကြကွာ"

ဟု ဆိုကာ နံပြားနှင့် လက်ဖက်ရည်ကို ညလယ်စာအဖြစ် စားသောက် ရင်း ငနိုးရောက်ရှိလာခြင်း အခမ်းအနားကို ဖွင့်လှစ်လိုက်လေ၏။

ငနိုးသည် နို့ဆီခွက်ဖြင့် လက်ဖက်ရည်ကိုယူ၍ မော့လိုက်စဉ်မှာ. . .

"ဟေ့. . . မလုပ်နဲ့ လက်မြှောက်ထားကြ"



www.burmeseclassic.com

www.burmeseclassic.com


ဟူသော အသံနှင့်အတူ ပုလိပ်များသည် ဆိတ်ဖွားတို့အား သေနတ်ဖြင့် ချိန်၍ ဝိုင်းထားလိုက်လေ၏။ ငနိုးသည် နို့ဆီခွက်ကို လွှတ်ချ၍ လွယ်အိတ်အတွင်းမှ သေနတ်ကို လျင်မြန်စွာ စမ်းလိုက်သော်လည်း သေနတ်ကိုမတွေ့သဖြင့် အူကြောင်ကြောင်ဖြစ်၍ သွားလေ၏။

"သေနတ်ရှာမနေနဲ့ ငနိုး"

ဟု ဆိုကာ ဆိတ်ဖွားသည် ငနိုး၏အိတ်အတွင်း မည်သည့်အချိန်က နှိုက်ယူထားခဲ့သည်မသိသော ခြောက်လုံးပြူးကို ခါးကြားမှ ဆွဲထုတ်ပြီးလျှင် အိုလံအား ပေးလိုက်လေ၏။ အိုလံကလည်း ခြောက်လုံးပြူးကို ယူကာ ပုလိပ်များလက်သို့ အပ်နှံလိုက်လေ၏။

"စောစောက ကြားတဲ့ သေနတ်သံဟာ သူပါပဲ၊ သူ့နာမည် ငနိုးလို့ခေါ်တယ်၊ ထောင်ပြေးတစ်ယောက်" ဟု အိုလံက ပြောလိုက်လေ၏။

ငနိုးသည် လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ပြီးနောက် ကျန်သောနို့ဆီခွက်အတွင်းမှ လက်ဖက်ရည်ကို မော့်ချလိုက်ပြီးလျှင်. . .

"ကဲ. . . ကျွန်တော်သွားမယ်"

ဟု နှုတ်ဆက်ကာ ပုလိပ်များကအား လက်ထိတ်ခတ်ရန် လက်များကို ဆန့်တန်းပေးလိုက်လေတော့၏။

ပုလိပ်များသည် ငနိုးအား လက်ထိတ်ခတ်ပြီးနောက်-

"အခုလို အစိုးရကို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ သူဘရာဇာကြီး၊ အရပ်သားထဲက အစိုးရကို အကူအညီပေးတဲ့ လူကို နှစ်စဉ်နှစ်တိုင်း ဘုရင်ခံရဲ့ ဒါဗာပွဲမှာ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ဆုလက်မှတ်ချီးမြှင့် တတ်ပါတယ်၊ အခုလို ထောင်ပြေး တရားခံတစ်ယောက်ကို သတင်းပေး တိုင်ကြားတဲ့အတွက် သူဘရာဇာကြီးလဲ ဆုလက်မှတ်ရအောင် ကျုပ်တို့က ထောက်ခံစာ ရေးလိုက်ပါ့မယ်"

ဟု ဆိုကာ ထွက်သွားကြလေ၏။

"မင်း သိပ်ပြီး ဒုံးမဝေးတော့ဘူး အိုလံ၊ အကောင်ပြရင် အကောင်တင်တတ်လာပြီ" ဟု ချီးမွမ်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ငနိုးကတော့ ဆရာဆိတ်ဖွားကို အခဲမကျေ ဖြစ်သွားမှာပဲနော်"

"မဖြစ်ပါဘူးကွ၊ သူ့ကို ကိစ္စရှိလို့ ထောင်ထဲကို လွှတ်လိုက်တာဆိုတာ သူလဲသိသွားပါပြီ"

"ကျွန်တော်တို့က ကျွန်တော်တို့ကိစ္စနဲ့ ငနိုးကို ထောင်ထဲပြန်လွှတ်တာကို ပုလိပ်တွေက သိပ်ပြီးသဘောကျနေကြတယ်၊ ဘုရင်ခံရဲ့ ဆုလက်မှတ်တောင်ရအောင် ထောက်ခံပေးဦးမယ်ဆိုပဲ၊ တော်တော့ကို ဒုံးဝေတဲ့ ကောင်တွေပဲ"

"ပုလိပ်တွေဟာ မင်းပြောသလို တော်တော်ကို ဒုံးဝေးတဲ့ကောင်တွေပဲကွ၊ ဒါပေမယ့် အဲဒီထဲမှာ ဆားပုလင်းနှင်းမောင်တော့ မပါဘူးကွ၊ ဒီလူကတော့ ရှာမှရှားလောက်အောင် တော်တဲ့သူပဲ၊ မင်းလဲ သတင်းနားစွင့်ထား၊ ဆားပုလင်းနှင်းမောင် ရန်ကုန် ပြန်ရောက်ပြီဆိုရင် ငါ့ကိုပြော"

"ဘာလဲ ဆရာ၊ တစ်ခါတုန်းက ကျွန်တော်တို့ သွားပြီးစားတဲ့ ဟိုတယ်ကိုခေါ်ပြီး ညှော်ခံမလို့လား"

"မဟုတ်ပါဘူးကွ၊ သတ်မလို့ပါ"

"ဗျာ. . . သတ်မလို့ ဟုတ်လား"

"ဟုတ်တယ် အိုလံ၊ မတရားမှုတွေကို ဖြေရှင်းတဲ့နေရာမှာ ငါတို့ဟာ မလွှဲမရှောင်သာ လူသတ်မှုကို ကျူးလွန်ချင် ကျူးလွန်ကြရလိမ့်မယ်၊ ဒီတော့ ဆားပုလင်းနှင်းမောင်ကို သတ်ထားမှပေါ့ကွ၊ နို့မို့ဆိုရင် ဆားပုလင်းနှင်းမောင် က ငါတို့ကို ကြိုးစင်ပို့လိမ့်မယ် ဟာ. . . ဟ"

ဆိတ်ဖွား၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် အိုလံသည် ခေါင်းကို တဖျင်းဖျင်းနှင့် ကုတ်၍ နေတော့လေ၏။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com


## ပုံပြောကောင်းသော မျက်စိတစ်ဖက်လပ်

နောက်တစ်နေ့နံနက်၌ ဆိတ်ဖွားသည် ဇရပ်ပေါ်၌ထိုင်ကာ သတင်းစာဖတ်၍နေစဉ် မော်တော်ကားတစ်စီးသည် သချိုင်းလမ်းအတိုင်း ဖြတ်၍မောင်းသွားပြီးလျှင် ဆိတ်ဖွားအနီးသို့ ရောက်သည့်အခါ၌ ကားကိုရပ်၍ လူတစ်ယောက် သည် ကားပေါ်မှ ဆင်းပြီးနောက် ဆိတ်ဖွားအား ဓားမြှောင်နဲ့ ပိုးခနဲ ပိုးခနဲ မြည်အောင် နှစ်ချက်ဆင့်၍ ပစ်ပေါက်ရာ ဓားမြှောင်နှစ်ချောင်းလုံးသည် ဆိတ်ဖွား၏ ရင်ဝသို့ စိုက်သွားသောကြောင့် ဆိတ်ဖွားလည်း ရှေ့သို့ငိုက်၍ ကျသွားလေ၏။ ထိုအခါ၌ ကားပေါ်မှာလူနှစ်ယောက် ထပ်၍ဆင်းလာပြီးလျှင် ဆိတ်ဖွားထံသို့ ပြေးလာလေ၏။ ၎င်းတို့အကြံမှာ ဒဏ်ရာရ၍သွားသော ဆိတ်ဖွားအား ကားပေါ်သို့ ဆွဲတင်ဖမ်းဆီးသွားရန် ဖြစ်ပေသည်။

ကားပေါ်မှ လူများသည် ဆိတ်ဖွားအနီးသို့ ရောက်လျှင် ဆိတ်ဖွားသည် ရင်ဝ၌စိုက်လျက်ရှိသော ဓားမြှောင်များကို ချွတ်လျက် ထိုသူတို့အား ပြန်လည် ပစ်ပေါက်ရာ ဓားမြှောင်သမားကို ပြန်လည်ထိမှန်သွားတော့၏။

ထိုအချိန်၌ ဇရပ်အကွယ်တွင်ရောက်ရှိနေသော အိုလံသည် ပြေး၍ထွက်လာလေ၏။ လူဆိုးများသည် ဓားမြှောင်သမားကို တွဲခေါ်ရန် ကြိုးစားသော်လည်း ဆိတ်ဖွားနှင့် အိုလံတို့က တရမန်းကြမ်း ဝင်ရောက်ထိုးကြိတ်ရိုက်နှက်တိုက်ခိုက်သည်ဖြစ်ရာ ဓားမြှောင်သမားကို ထားခဲ့ပြီး ကားပေါ်သို့တက်ကာ မောင်းထွက်သွားကြလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


ဆိတ်ဖွားသည် ဓားမြှောင်သမားကို ဖမ်း၍. . .

"အချိန်မီဆေးရုံပို့ရင် မင်းဒဏ်ရာဟာ မသေနိုင်ပါဘူး၊ မင်းအသက်ဟာ ငါရဲ့ကြင်နာမှုပေါ်မှာ ရှိနေတယ်၊ မင်းတို့ဟာ ဘယ်သူတွေဖြစ်တယ်၊ မင်းတို့ကို ဘယ်သူခိုင်းနေတယ်၊ ဘယ်မှာနေတယ်ဆိုတာ ပြောပါ၊ အချိန်မရှိဘူး၊ မင်းလူတွေလဲ ပြန်ကြလာလိမ့်ဦးမယ်၊ အဲဒီအခါမှာတော့ မင်းကိုမညှာနိုင်ဘူး"

ဟု မေးလိုက်၏။

"ဆရာမကျီးသီး ခိုင်းတာပါ၊ ကျွန်တော်တို့ အားလုံး လမ်း ၅၀ က မကျီးသီးရဲ့တိုက်မှာ နေပါတယ်"

"မကျီးသီးဆိုတာ ဘာလူမျိုးလဲ"

"မြန်မာပါ. . ."

"မြစပယ် ဘယ်မှာလဲ"

"ရှိပါတယ်"

"မင်းတို့ဆီမှာပဲ ရှိတယ်ပေါ့"

"သယ်န်းကျွန်းက ခြံနံပါတ် ဒီ ၈၀ မှာ ချုပ်ထားပါတယ်"

"မင်းတို့အစီအစဉ်က ဘာလဲ"

"မြစပယ်ရဲ့ကျောကစာကို ရပါပြီ၊ ရင်ဘတ်မှာရှိတဲ့ လူကိုရှာနေပါတယ်၊ ရရင် စာရဲ့အဓိပ္ပာယ်ရပြီ၊ အဲဒါဟာ ရတနာပစ္စည်းတွေရှိတဲ့ မြေပုံအညွှန်းပါပဲ"

"မင်းပြောတာ အမှန်ပဲနော်"

"အမှန်ပါပဲ"

"ကဲ. . . အိုလံ၊ ဒီကောင့်ကို ဆေးရုံပို့လိုက်၊ ချော်လဲရင်း သံချွန်စူးမိတာလို့ပြော၊ မသေနိုင်ပါဘူးကွာ၊ ကဲ. . . သွားပေတော့"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

ထိုအခါ အိုလံက. . .

"သွားပါမယ် ဆရာဆိတ်ဖွား၊ ဒါနဲ့ မေးပါရစေဦး ဆရာဆိတ်ဖွား"

ဟု ပြောလိုက်လေရာ. . .

"ဘာမေးမလို့လဲကွ၊ မေးလေကွာ"


www.burmeseclassic.com

www.burmeseclassic.com


ဟု ဆိတ်ဖွားက ပြန်၍ ပြောလိုက်လေ၏။

"ဒီလိုပါ ဆရာဆိတ်ဖွား၊ ဆရာဆိတ်ဖွားဆီမှာ ဓားပြီးဆေးရှိတယ် ထင်တယ်၊ ကျွန်တော့်ကိုလဲ နည်းနည်းလောက်ပေးထားဦး"

"သွားစမ်းပါကွာ. . . အချိန်မရှိရတဲ့အထဲမှာ၊ မင်းက တော်တော် ဒုံးဝေးတဲ့အကောင်ပဲ"

ဟု ဆိုတာကာ ဆိတ်ဖွားသည် အင်္ကျီကြယ်သီးကို ဖြုတ်ပြီးလျှင် ရင်ဘတ်ကို ဟပြလိုက်လေရာ အိုလံသည် ပြုံးစိစိဖြစ်၍ သွားလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းလုပ်သော ပျဉ်ချပ်ကိုလှီး၍ သားရေကြိုးများဖြင့် ပူးကပ်ချည်နှောင် ထားသောကြောင့် ဖြစ်လေ၏။

အိုလံသည် ကားတစ်စီး ငှားရမ်း၍ ဓားမြှောင်သမားအား ကားပေါ်သို့ တင်ကာ ထွက်သွားလေတော့၏။

ဆိတ်ဖွားသည် ဦးနတ္တိအုတ်ဂူပေါ်၌ထိုင်ကာ အငြိမ့်မင်းသမီး မြစပယ်အား မည်သို့မည်ပုံ ကယ်ဆယ်ရမည်ကို စဉ်းစားရင်း ဆေးပြင်းလိပ်ကိုဖွာ၍ နေလေတော့၏။

ညနေပိုင်းသို့ ရောက်သည့်တိုင်အောင် အိုလံ ပြန်၍မလာသဖြင့် ဆိတ်ဖွားသည် ဆေးရုံကြီးသို့ သွားရောက်စုံစမ်းကြည့်ရာ ရင်ဘတ်တွင် သံချွန် စူးသောဒဏ်ရာဖြင့် ဆေးရုံသို့ တစ်ယောက်တလေမျှပင် ရောက်ရှိခြင်း မရှိကြောင်းကို သိရလေတော့၏။

အမှန်အားဖြင့် ဆေးရုံသို့အသွားတွင် မကျိုးသီးတို့လူစုသည် အိုလံကိုပါ ဖမ်း၍သွားကြပြီ ဖြစ်ပေသည်။

ဆိတ်ဖွားသည် သချိုင်းဇရပ်ဆီသို့ ပြန်လာပြီးလျှင် ရှေ့တွင်ရင်ဆိုင်မည့် ပြဿနာများအတွက် အကြံထုတ်လျက် ရှိပေသည်။

ဤသို့ အကြံထုတ်ရင်းနှင့်ပင် သုံးရက်တာမျှ အချိန်ကုန်လွန်ခဲ့၍ လေးရက်မြောက်သော နေ့တွင် ဆရာဆိတ်ဖွားထံသို့ လူတစ်ယောက် ရောက်ရှိလာလေ၏။

ထိုလူသည် လက်ဝဲဘက် မျက်စိတစ်လုံး လပ်၍ နေ၏။ ထိုမျက်စိ တစ်ဖက်လပ်သူက ဆိတ်ဖွားကို တွေ့လျှင်တွေ့ချင်း အောက်ပါအတိုင်းပြောလေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်. . . ပုံလေး တစ်ပုံလောက် ပြောဖို့ လာခဲ့တာပါ"

"ကောင်းသားပဲ၊ နားထောင်ရတာပေါ့"

"ဟိုးရှေးရှေးတုန်းက ထောင်ထဲကို အဘိုးကြီးတစ်ယောက်ဟာ လူသတ်မှုနဲ့ ရောက်လာတယ်"

ဟု အစချီလိုက်လျှင် ဆိတ်ဖွားက ပြုံးလျက်. . .

"ပုံရဲ့အစကဖြင့် စိတ်ဝင်စားစရာပါပဲ" ဟု ပြောလိုက်လေ၏။

"အဲဒီ အဘိုးကြီးဟာ ထောင်ထဲမှာ အတော်ကို မမာမကျန်းဖြစ်ပါတယ်၊ အဲဒီအခါမှာ ဓားပြမှုနဲ့ထောင်ကျနေတဲ့ ဘမှန်ဆိုတဲ့ ထောင်သားနဲ့ လူသတ်မှုနဲ့ ထောင်ကျနေတဲ့ ထွန်းစိန်ဆိုတဲ့ ထောင်သားနှစ်ယောက်ဟာ အဲဒီ အဘိုးကြီးကို သနားတာနဲ့ ကိုယ်ဘိရင်ဘိ ပြုစုခဲ့ကြပါတယ်၊ ဒါပေမယ့် မရပါဘူး ခင်ဗျာ၊ အဲဒီအဘိုးကြီးဟာ သေတော့တာပါပဲ၊ အဲ. . . အဲ အရေးကြီးတာပြောဖို့ ကျန်နေတယ်၊ အဲဒါက ဘာလဲဆိုတော့ အဘိုးကြီးဟာ သေခါနီးမှာ ဘမှန်နဲ့ ထွန်းစိန်ကို စာရွက်ကလေးနှစ်ရွက် ပေးထားခဲ့တယ်၊ အဲဒီစာရွက်နှစ်ရွက်ကို ပေါင်းလိုက်ရင် အလွန် အင်မတန်များပြားတဲ့ ရတနာပစ္စည်းတွေ ရှိတဲ့ မြေပုံညွှန်းတစ်ခု ဖြစ်လာပါလိမ့်မယ်"

ဟု ဆိုကာ မျက်စိတစ်ဖက်လပ်သည် တံတွေးကို ပျစ်ခနဲထွေးလိုက်လေ၏။

"ခင်ဗျားဟာက ပုံသီပုံပြင်လိုပါပဲလား မိတ်ဆွေ"

ဟု ဆိတ်ဖွားက ပြော၍ မခို့တရို့ ပြုံးလိုက်လေ၏။

"ဟုတ်တယ်၊ ဒါပေမယ့် ပုံသီပုံပြင်ကို နားထောင်လို့ တစ်ပြားမှ ရမှာ မဟုတ်ဘူး၊ ဒီပုံပြင်က ရတနာတွေ ရနိုင်တဲ့ ပုံပြင်၊ ကဲ. . . ဆက်ပြောမယ်"

ဟု မျက်စိတစ်ဖက်လပ်က အသံခပ်မာမာဖြင့် ပြောလိုက်လေ၏။

"ပြောပါ မိတ်ဆွေ"

"ဓားပြဘမှန်နဲ့ လူသတ်သမားထွန်းစိန်ဟာ ကိုယ်ရထားတဲ့ မြေပုံကလေးကို လုံလုံခြုံခြုံ သိမ်းဆည်းထားကြတယ်၊ တစ်ယောက်ကိုတစ်ယောက် မပြကြဘူး၊ သူတို့ရဲ့လွတ်ရက်ကလဲ အဝေးကြီးလိုသေးတော့ မြေပုံသိမ်းထားရတာဟာ သူတို့အဖို့ တော်တော်ကို မလွယ်တဲ့ကိစ္စပဲ၊ တစ်ယောက်နဲ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com


အလစ်မပေးရဲကြဘူး၊ တစ်ယောက်ကိုတစ်ယောက် အသက်ကို လုပ်ကြံပြီး မြေပုံတစ်ခြမ်းကိုရအောင် ယူဖို့ အမြဲကြိုးစားနေကြတယ်၊ အဲဒီအခါမှာ ဘမှန်က သူရဲ့တပည့်ဖြစ်ခဲ့ဖူးတဲ့ ထောင်ကလွတ်တော့မယ့် ဓားပြတစ်ယောက်ကို မြေပုံပေးလိုက်ပြီးတော့ အဲဒီတပည့်ကို မှာလိုက်သေးတယ်၊ မြေပုံကိုယူပြီးသွားပါ၊ အပြင်ရောက်ရင် ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်အရပ်မှာဖြင့် ငါရဲ့မိန်းမနဲ့ ၄-နှစ်အရွယ်သမီးလေးရှိပါတယ်၊ အဲဒီကို ရောက်အောင်သွားပြီး သမီးလေးရဲ့ ကျောမှာ အဲဒီမြေပုံစာရွက်မှာပါတဲ့ အမှတ်အသားကို စုတ်နဲ့ထိုးပေးထားပါလို့ မှာလိုက်သေးတယ်”

“တော်တော့်ကို စိတ်ဝင်စားလာပြီ မိတ်ဆွေ”

ဟု ဆိတ်ဖွားက ထောက်လိုက်ပြန်၏။ မျက်စိတစ်ဖက်လပ်ကလည်း တံတွေးကို ပျစ်ခနဲထွေးကာ ဆက်၍ ပြောပြန်လေ၏။

“ဘမှန် ကြံသလိုပဲ လူသတ်သမား ထွန်းစိန်ကလဲ သူရဲ့တပည့် ထောင်ကျတစ်ယောက် ထောင်က လွတ်ခါနီးမှာ မြေပုံစာရွက်ကို အပ်လိုက်တယ်၊ အပြင်ရောက်ရင် ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်အရပ်က ငါ့ရဲ့ကလေး ရင်ဘတ်မှာ မြေပုံစာရွက်မှာပါတဲ့ သင်္ကေတတွေကို စုတ်နဲ့ထိုးခဲ့ပါလို့ မှာလိုက်တယ်”

“စိတ်ကူးချင်းက တူလှချည်လား၊ ဟား. . . ဟ၊ ဆက်ပြီး ပြောစမ်းပါဦး မိတ်ဆွေ”

“အဲဒီတော့ ဘမှန် နဲ့ ထွန်းစိန် တို့ရဲ့တပည့်တွေဟာ သူတို့ဆရာတွေ မှာလိုက်တဲ့အတိုင်း ဆောင်ရွက်ကြပါတယ်၊ ဘမှန် နဲ့ ထွန်းစိန်ကတော့ ထောင် ထဲမှာတင်ပဲ မြေပုံစာရွက်တစ်ယောက်မှာရှိနိုးနိုးနဲ့ လုပ်ကြံရင်း နှစ်ယောက်စလုံး  သေကြပါတယ်၊ အပြင်မှာ ဆေးထိုးပေးခဲ့တဲ့ တပည့် နှစ်ယောက်ဟာလဲ တစ်ယောက်ကို တစ်ယောက် ရှာကြရင်းနဲ့ပဲ တစ်ယောက် ကတော့ သူများ သတ်လို့၊ တစ်ယောက်ကတော့ မြွေကိုက်လို့ သေသွားကြ ပါတယ်၊ ဒီတော့ ကလေးတစ်ယောက်ရဲ့ကျောမှာ တစ်ခု၊ ရင်ဘတ်မှာတစ်ခု၊ လျှို့ဝှက်သင်္ကေတတွေ ရှိနေကြတယ်၊ အဲ. . . ကျုပ် ပြောမယ့်ပုံကတော့ ဒါပါပဲ၊ ဒီတော့ ကျောသား မှာရှိတဲ့ သင်္ကေတကို ရထားတဲ့ လူနဲ့ ရင်သားမှာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com


သင်္ကေတကိုရထားတဲ့ လူနှစ်ယောက်များ ပေါင်းစည်းမိရင်တော့ ရတနာတွေ ရမှာ အမှန်ပါပဲ"

"ငါက ရတနာတွေ မလိုချင်ပါဘူး၊ မြစပယ်နဲ့ ငါ့လူအိုလံကိုပြန်ပြီး လိုချင်တယ်၊ ဒီကိစ္စမှာ ပုလိပ်ကို အသိမပေးတာကတော့ မကျီးသီးဆိုတဲ့ ကောင်က ငါကိုယ်တိုင် ဆုံးမချင်လို့ပဲ ညိုကြီး"

"ဪ. . . ဆရာဆိတ်ဖွားက ကျုပ်ဟာ ဘယ်သူဘယ်ဝါဆိုတာကို သိနေတယ်ပေါ့" ဟု မျက်စိတစ်ဖက်လပ်က ပြောလိုက်လေ၏။

"အေး. . . ရန်ကုန်မှာရှိတဲ့ လူဆိုးကြီးတွေနဲ့ပေါင်းပြီး အဖွဲ့ကြီးတစ်ဖွဲ့ ဖြစ်နေတဲ့ မင်းနဲ့ မင်းဆရာမကျီးသီးတို့အဖွဲ့ကို ဆုံးမဖို့ပြင်ဆင်နေတဲ့အကြောင်း ပြောပြလိုက်ပါ"

ဟု ဆိတ်ဖွားက ဆေးပြင်းလိပ် ပြာခြွေရင်း ပြောလိုက်လေ၏။

"ကျုပ် ပြောချင်တာကတော့ ဆရာဆိတ်ဖွား ဒီည ညစာကို ဝအောင် စားထားဖို့ပါပဲ၊ မနက်ဖြန်ကိုတော့ ကျုပ်တို့လာပြီး သတ်ဖြစ်အောင် သတ်ပါ့မယ်"

"အခု ဘာဖြစ်လို့ မသတ်တာလဲ၊ ဟိုမှာ ကျင်းတစ်ကျင်းအပိုရှိပါတယ်ကွ၊ ဟား. . . ဟ"

"အခုတော့ မဖြစ်ဘူး၊ ခင်ဗျားကို ပုံပြောပြဖို့ပဲ ခိုင်းလိုက်တာကို"

"ငါက မင်းကို သတ်မယ်ဆိုရင်ကောကွာ"

ဟု ဆိတ်ဖွားက ပြုံးဖြဲဖြဲနှင့်မေးလိုက်ရာ မျက်စိတစ်ဖက်လပ်က သူ၏ ကုတ်အင်္ကျီကို ဖွင့်၍ပြလေ၏။ ကုတ်အင်္ကျီအတွင်း၌ကား သေနတ်တစ်လက် ကို တွေ့ရလေ၏။

"ကဲ. . . ကဲ၊ မင်းပြန်တော့၊ ငါလဲ ထမင်းစားထားရဦးမယ်"

ဟု ဆိတ်ဖွားက ပြော၍ မျက်စိတစ်ဖက်လပ်အား နှင်ထုတ်လိုက်လေ၏။

မျက်စိတစ်ဖက်လပ်သည် ဆောင့်ကြီးအောင့်ကြီးဖြင့် ဆိတ်ဖွားထံမှ ထွက်၍ သွားလေတော့၏။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com


# လာကြပြီ

ဆိတ်ဖွားသည် အုတ်ဂူပေါ်၌ ပက်လက်လှန်ကာ ကြယ်များကိုကြည့်ရင်း တစ်စုံတစ်ခုကို တွေးတောနေလေ၏။

ထိုအချိန်၌ တစ်စုံတစ်ယောက်သည် ဆိတ်ဖွားအနီးသို့ ခြေသံကိုလုံနိုင်သမျှလုံအောင် သတိပြုလျှက် လှမ်းသွားလေ၏။ သူ၏လက်တွင်းမှ ဓားမြှောင်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်၍ထားလေ၏။ ထို့နောက် ဆိတ်ဖွား ထံသို့ ဓားမြှောင်ကို မြှောက်ကာ တစ်ရှိန်ထိုး ပြေး၍လာလေ၏။ သို့ရာတွင် ထိုသူသည် ဆိတ်ဖွားထံသို့ မရောက်မီ၌ပင် တွင်းထဲသို့ အားခနဲအော်၍ လိမ့်ကျသွားလေ၏။

ဆိတ်ဖွားသည် ဆေးပြင်းလိပ်ကို မီးတို့လိုက်ပြီးနောက် တွင်းဝသို့ ငုံ့လျက်. . .

"ခဏကလေးနေဦး၊ မီးခွက်သွားယူဦးမယ်၊ မင်းမျက်နှာကိုကြည့်ရအောင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ ဆိတ်ဖွားသည် ဇရပ်ပေါ်သို့ ပြန်သွားပြီးလျှင် ရေနံဆီမီးခွက်နှင့်အတူ ဂုန်နီအိတ်တစ်လုံးကိုပါ ယူ၍လာလေ၏။ တွင်းဝသို့ရောက်လျှင် ဂုန်နီအိတ်ကို ရေနံဆီဆွတ်ကာ မီးရှို့လျက် တွင်းထဲသို့ ပစ်ချလိုက်ရာ တွင်းအောက်သို့ ကျနေသူသည် ပူလောင်လွန်းသဖြင့် ပြင်းထန်စွာ အော်ဟစ်လေ၏။

မီးစွဲလောင်လျက်ရှိသော ဂုန်နီအိတ်အား ရှောင်ကွင်း၍ ပတ်ပတ်လည် ပြေး၍နေလေ၏။ ဂုန်နီအိတ်အား မီးငြိမ်းရန်အတွက် ခြေထောက်ဖြင့် နင်းကြည့်လေ၏။ သို့ရာတွင် ပူလောင်လွန်းသဖြင့် လက်လျှော့ကာ မီးတောက်ကို ရှောင်၍ ပြေးမြဲ ပြေး၍နေလေ၏။

ဆိတ်ဖွားသည် တွင်းအောက်ငုံ့၍ကြည့်ကာ ရယ်မောလေ၏။

"ဟား. . . ဟ၊ ငါ့လူ အရှင်လတ်လတ် ငရဲကိုရောက်နေပြီ၈ ဒုက္ခ. . . ဒုက္ခ၊ ဘယ်သူများလဲ မှတ်တယ် မိတ်ဟောင်း ဆွေဟောင်းကြီး ကိုလှမြင့်ကိုး၊ သနားစရာ. . . သနားစရာ၊ ညနေကတည်းက ကိုယ့်လူ ကျုပ်ကိုချောင်းနေတာ ကျုပ်မြင်ပါတယ်၊ ဟောဒီတွင်းကြီးက ကျုပ်ထားတာ ကြာပြီဗျ၊ တွင်းပေါ်ကို မနိစုတ်တွေ သစ်ကိုင်းတွေ ဖုံးထားတယ်၊ ဟား. . . ဟ၊ ပြီးတော့ ခင်ဗျားမြင်အောင် အဲဒီတွင်းပေါ်ကပဲ ပျဉ်ပြားထိုးနင်းပြီး ဖြတ်ခဲ့တယ်၊ ဟိုဘက်မှာက ဂူတစ်လုံး၊ ဒီဘက်မှာက မှတ်တိုင်ဆိုတော့ ကျုပ်အိပ်နေတဲ့ဂူဆီကိုလာဖို့ဟာ ဒီလမ်းဟာ အကောင်းဆုံးပဲ၊ ဒါပေမယ့် ဒီမှာ တွင်းကြီးရှိတာကိုတော့ ကိုယ့်လူ မသိရှာပဲကို၊ သိပ်ပြီးပူရင် ရေနည်းနည်း လောင်းပေးပါ့မယ်"

ဟု ဆိုကာ ရေခပ်၍ အနည်းငယ်လောင်းချလိုက်ရာ မီးတောက်လည်း လျော့၍သွားလေ၏။ တွင်းအောက်မှာလူလည်း ဆိတ်ဖွားကို မော့်၍ ကြည့်လေ၏။

"ကဲ. . . ကိုယ့်လူ မင်းကိုငါမှတ်မိတယ်၊ ထောင်ထဲကို တစ်ခေါက် ရောက်လာသေးတယ် မဟုတ်လား။ မင်းနာမည်လှမြင့်၊ မင်းတို့ မောင်သန်းအေးကိုဖမ်းပြီး မောင်သန်းအေးရဲ့ ရင်ဘတ်ကစာတွေကို မကျိုးဒင်တို့ လူစုနဲ့


www.burmeseclassic.com

www.burmeseclassic.com

အလဲအလှယ်လုပ်ကြမလို့ မဟုတ်လား၊ ဟိုတလောက မောင်သန်းအေးရဲ့ မသာကို ဂူသွင်းဖို့လုပ်ကြတဲ့ လူစုထဲမှာ မင်းကို ငါအမှတ်မထင် တွေ့လိုက်တယ်၊ အဲဒီတုန်းကတည်းက မင်းကို တခုခုလုပ်ကြလိမ့်မယ်ဆိုတာ ငါရိပ်မိပါတယ် လှမြင့်"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ တွင်းအောက်တွင်မှီးပူ၍ မချိမဆံ့ ရေငတ်နေသော လှမြင့်က လှမ်း၍ အော်လေ၏။

"ဟုတ်ပါတယ်၊ ပရော်ဖက်ဆာကြီး ကျုပ်ကို မသတ်ပါနဲ့"

"ဟာ. . . ဟ၊ ထောင်ထဲမှာ မင်းတို့ကြားခဲ့တဲ့ပုံပြင်ကို မင်းတို့လိုပဲ ငါလဲ ကြားခဲ့ဖူးတယ်၊ ဒီတော့. . . ဒီတော့"

ဟု ဆိတ်ဖွားက ပြောလိုက်လေရာ တွင်းအောက်မှ လှမြင့်ဆိုသူ က. . .

"ကျွန်တော်ကို မသတ်. . . မသတ်ပါနဲ့ ခင်ဗျာ၊ ချမ်းသာပေးပါ"

"ချမ်းသာပေးဖို့ကတော့ မင်းအပေါ်မှာမူတည်တယ်ကွ၊ မောင်သန်းအေး ဘယ်မှာလဲ၊ နေရာအတိအကျပြောပါ၊ လိမ်လို့တော့ မရဘူး၊ မင်းပြောတဲ့ နေရာဟာ မောင်သန်းအေးကို သွားပြီးရှာမယ်၊ တွေ့မှ မင်းကိုလွှတ်မယ် လှမြင့်"

"မြဒင်တို့ဆီမှာ"

"ဘယ်မြဒင်လဲကွ၊ ငွေစက္ကူကိုဏ်းက မြဒင်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့်ရင် လှော်ကားဘက်က ခြံမှာပေါ့"

"ဟုတ်ပါတယ်"

"ဒီကိစ္စကို ဘယ်သူက ခေါင်းဆောင်နေတာလဲ"

"မြဒင်နဲ့ အစ်မကြီးတို့ပါ"

"အစ်မကြီးဆိုတာ ဒေါ်ရီရီကို ပြောတာလား"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဒေါ်ရီရီဟာ လောလောဆယ်မှာတော့ မောင်သန်းအေးရဲ့မိထွေး ပေါ့"

"ဟုတ်ပါတယ်"

"မောင်သန်းအေး အဖေ ဘာလုပ်သလဲ"

"ဆီစက်ပိုင်ရှင် သူဌေးတစ်ယောက်ပါ"

"မောင်သန်းအေးရဲ့ ရင်ဘက်က စာကို မင်းတို့ချည်းပဲ ရထားတာ မဟုတ်ဘူး။ ငါ့ဆီမှာလဲ ရှိတယ်"

"ပရော်ဖက်ဆာ ဘယ်ကရထားတာလဲ"

"ဟာ. . . ဟ၊ ငါ ရန်ကုန်ကို ရောက်တဲ့နေ့မှာ မောင်သန်းအေးကို အိပ်ဆေးတွေတိုက်ပြီး မန္တလေးကနေ ကုန်ရထားနဲ့တင်ပြီး လွှတ်လိုက်တဲ့ နေ့ပဲ၊ မောင်သန်းအေး သတိရလာတဲ့အခါမှာ မန္တလေးက မြို့မြို့တို့အိမ်မှာ အိပ်နေတာပါလို့ အိပ်မှုန်စုံမွှားနဲ့ ပြောတယ်ကွ၊ အဲဒါကို မသင်္ကာတာနဲ့ မန္တလေးက ငါရဲ့လူတစ်ယောက်ဆီကို စုံစမ်းပေးဖို့ အကြောင်းကြားလိုက်တယ်၊ ငါ့လူကလဲ စုံစမ်းပြီး ငါ့ဆီကိုအကြောင်းကြားတယ်၊ ဟာ. . . ဟ၊ ထောင်ထဲမှာ ကြားဖူးတဲ့ ပုံပြင်ဟောင်းလေးတစ်ခုနဲ့ ဆက်စပ်နေတာကို တွေ့ရတယ်၊ အဲဒီ သတင်းရပြီး ဘာမှမကြာဘူး၊ မောင်သန်းအေး သေတယ်ဆိုပြီး မသာချလာ တော့ တာပါပဲ၊ သိပ်ပြီး ရယ်ဖို့ကောင်းတဲ့လူတွေ၊ ဟာ. . . ဟ"

ဟု ပြော၍ ဆိတ်ဖွားက လိမ်လည်၍ ပြောလိုက်ပြန်၏။

ထိုအချိန် ဆိတ်ဖွား၏ နောက်သို့ လူတစ်ယောက် ရောက်လာသဖြင့် ဆိတ်ဖွား ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ ထိုသူက

"စာတစ်စောင်ပါတယ်"

ဟု ပြောကာ ဆိတ်ဖွားထံသို့ စာရွက်ခေါက် တသ်ခုအား ပစ်ပေး လိုက်လေ၏။ ဆိတ်ဖွားသည် မီးခြစ် ခြစ်လိုက်ပြီးနောက် ထိုစာရွက်အား ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


မနေအပ်သော နေရာကို စွန့်ခဲ့ပါ၊ အစောင့်ထားခဲ့ပါ။ ရထားကို ကိုယ်တိုင်မောင်းခဲ့ပါ။

သေတ္တာ

ဆိတ်ဖွားသည် တွင်းအောက်မှ လူအား ငုံ့ကြည့်လျက်. . .

"ရော. . ." ဟု ဆိုကာ ဆေးလိပ်နှင့် မီးခြစ်ကို ပစ်ချလိုက်လေ၏။

"ကိုယ့်လူကို ရေတော့ တိုက်ချင်ပါတယ်၊ အခုနက ကိုယ့်လူရေသောက်လိုက်ရင် အပူရှပ်ပြီး သေသွားလိမ့်မယ်၊ ဒီညတော့ ဆေးလိပ်သောက်ပြီး ဒီတွင်းထဲမှာပဲ နေပေတော့. . ." ဟုဆိုကာ စကားဆက်ပြန်၏။

"ကိုယ့်လူတစ်ယောက်တည်း နေရမှာ ပျင်းရင် ဟောဒီမှာ အဖော်"

ဟု ဆိုကာ စာယူလာသူအား တွင်းထဲသို့ တွန်းချလိုက်ရာ ထိုသူသည် ငယ်သံပါအောင် အော်ဟစ်၍ အောက်သို့ ကျသွားလေတော့၏။

ထို့နောက် ဆိတ်ဖွားသည် ဇရပ်ဆီသို့ ပြန်၍သွားပြီးလျှင် သူ၏ လွတ်အိတ်စုတ်ကြီးကို လွတ်လျက် သချိုင်းကုန်းမှ ထွက်ခွာလေတော့၏။

သချိုင်းဝသို့ရောက်လျှင် ရထားလုံးတစ်စီးကို အဆင်သင့်တွေ့သဖြင့် ရပ်ခိုင်းပြီးလျှင်. . .

"ဟော့ကောင်၊ သေတ္တာဆီကို မောင်းပေတော့"

ဟု ဆိုကာ တက်လိုက်လေ၏။

"ချစ်ဖို့သိပ်ကောင်းတဲ့ ဆရာကြီးပဲ၊ ချက်ဆို နားခွက်က မီးတောက်ဆယ်ဆိုတာ ဆရာကြီးလို လူမျိုးကို ခေါ်တာပေါ့၊ ကောင်း. . . ကောင်း၊ သိပ်ဟောင်း. . . ဟီ ဟီ"

ဟု ဆိုကာ ရထားလုံးမောင်းသူသည် မြင်းကို ကျားပွတ်ဖြင့် တရှိန်ရှိန်ရိုက်လိုက်ရာ ရထားမြင်းသည် နတ်မြင်းပျံအလား မြူးကြွ၍ ပြေးလေတော့၏။

ခဏကြာလျှင်. . .


www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင်၊ ငါလဲ အပေါ်တက်ခဲ့မယ်ကွာ"

ဟု ဆိုကာ ဆိတ်ဖွားသည် ရထားလုံးအတွင်းမှ ရထားလုံးအမိုးပေါ်သို့ တက်လာပြီးလျှင် ထိုသူနှင့် ယှဉ်၍ ထိုင်လိုက်လေ၏။

"ကိုယ့်လူ ရထားလုံးမောင်း တယ်လဲ ကျွမ်းကျင်ပါလား"

ဟု ဆိတ်ဖွားက မေးလိုက်လျှင် ထိုသူက. . .

"ဟီ. . . ဟီ. . . သိပ်တော်၊ သိပ်တော်၊ နောက်တစ်ခု တော်တာရှိသေးတယ်၊ လူသတ်တဲ့နေရာမှာလဲ အသံမထွက်အောင် သတ်တဲ့နေရာမှာ ဝိတ်ပဲ" ဟု ပြောလိုက်၏။

ဆိတ်ဖွားသည် ဆေးပြင်းလိပ်ကို ထုတ်၍ မီးခြစ်ကို ကိုယ်လုံးဖြင့် လေကွယ်၍ ခြစ်လိုက်ကာ ဆေးပြင်းလိပ်က မီးညှိလိုက်ပြီးနောက်. . .

"ကဲ. . . ရထားကို ငါမောင်းမယ်"

ဟု ဆိုကာ ထိုသူအား တွန်းချလိုက်ရာ ထိုသူသည် အားခနဲအော်ကာ ရထားပေါ်မှ တလိမ့်ခေါက်ကွေး ကျ၍ သွားလေတော့၏။

ဆိတ်ဖွားသည် ဆေးပြင်းလိပ်ကို ပါးစောင်၌ခဲကာ ကုက္ကိုင်းလမ်းဆုံသို့ အေးချမ်းစွာ မောင်းနှင်၍သွားရာ ဓာတ်မီးတိုင်အောက်တွင် ကျားထိုးလျက်ရှိသော လူတစ်စုကို တွေ့ရလေ၏။

ဆိတ်ဖွား၏ ရထားလုံးသည် ထိုကျားဝိုင်းအနီးသို့ ရောက်သောအခါ၌ လူတစ်ယောက်သည် ကျားဝိုင်းမှထွက်၍ ရထားလုံးကို တားလေ၏။

"တာမွေကိုသွားမယ်၊ ဘယ်လောက်ပေးရမလဲ"

ဟု ထိုသူက မေးလိုက်၏။

"တာမွေက အကျယ်ကြီးပဲ ဘယ်နေရာကို သွားမှာလဲ"

ဟု ဆိတ်ဖွားက ပြန်၍ မေးလိုက်လေ၏။

"တာမွေသချိုင်းဗျာ"

"သချိုင်းထဲကိုလား၊ မလိုက်ရဲဘူး၊ သရဲကြောက်တယ်"


www.burmeseclassic.com

www.burmeseclassic.com


"သရဲမရှိပါဘူးဗျ၊ အသေကောင်တွေက ဒီအတိုင်းမြှုပ်တာမှမဟုတ်ဘဲ၊ သေတ္တာနဲ့ မြှုပ်တာပဲ မိတ်ဆွေ"

"ဟဲ. . . ဟဲ ပြီးတော့လဲ ပြီးတာပါပဲ မိတ်ဆွေရာ၊ တက်. . . တက်"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် ထိုသူအား ရထားလုံးပေါ်သို့တက်လေ၏။ ထိုသူသည် ရထားလုံးအတွင်းသို့ ဝင်၍မစီးဘဲ အမိုးပေါ်သို့တက်ကာ ဆိတ်ဖွားအနီး၌ ထိုင်လေ၏။

"ဒီကနေ ရှေ့တည့်တည့်ကို မောင်းပါ၊ မြေနီလမ်းကလေးတွေ့ရင် ညာဘက်ကိုချိုးရမယ်၊ ပြီးတော့ မြေနီလမ်းကလေးအတိုင်း ဆက်ပြီးမောင်းသွား၊ ညမွှေးပန်းပင်နားရောက်ရင် ခဏလောက်ရပ်ပြီး ခြေနင်းဂလိုင်ကို သုံးချက်နင်းပါဆရာဆိတ်ဖွား" ဟု ထိုသူက ပြောလေ၏။

ဆိတ်ဖွားသည် ထိုသူပြောသည့်အတိုင်း မြေနီလမ်းကလေးဆီသို့ ရောက်သည်အထိ မောင်း၍သွားပြီးနောက် လက်ယာဘက်သို့ ချိုးလိုက်လေ၏။ ထို့နောက် မြေနီလမ်းကလေးအတိုင်း မောင်းနှင်သွားရာ ညမွှေးပန်း၏ ရနံ့ ကို ရှူရှိုက်မိလျှင် ခြေနင်းခုံတွင် တပ်ထားသော သံဂလိုင်၏ မောင်းတံကို သုံးချက်ခန့် ခပ်ပြင်းပြင်းဆောင့်၍ နင်းလိုက်လျှင် လူတစ်ယောက် ထွက်၍လာပြီးလျှင် မြင်း၏ ပါးချပ်ကြိုးကို ကိုင်ကာ လွန်စွာမှောင်မိုက်သော လမ်းကြားတစ်ခုအတွင်းသို့ ဆွဲ၍ ခေါ်ဆောင်သွားလေ၏။

ထို့နောက် ခြံဝင်းတစ်ခု၏ တံခါးသို့ရောက်လျှင် တံခါးကိုဖွင့်၍ ခြံဝင်းအတွင်းသို့ ဆွဲခေါ်သွားပြန်၏။ ခြံဝင်းအတွင်း၌ကား နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်ဆောင်ကို တွေ့ရလေ၏။ ထိုအိမ်ကြီး၏ရှေ့၌ကား ဒရမ်ဝမ်များကိုင်ဆောင်လေ့ရှိသော မှန်အိမ်တစ်လုံး ချိတ်ဆွဲ၍ထားလေ၏။ မှန်အိမ်အနီး၌ကား လွန်စွာ ညှဉ်းဆိုးဆိုးနိုင်လှသော လူလေးယောက်သည် မြေရေနွေးအိုးတစ်လုံးကို ဝိုင်းလယ်၍ချကာ ရေနွေးသောက်ရင်း စကားလတ်ဆုံကျ၍ နေကြလေ၏။

ဆိတ်ဖွားသည် ရထားလုံးအမိုးပေါ်မှ အောက်သို့ဆင်းကာ ထိုသူတို့အနီးသို့သွားလျှင် ထိုသူတို့သည် ထိုင်ရာမှထ၍ ပေးကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်၌ ပျဉ်ထောင်အိမ်ကြီးအတွင်းမှ လူတစ်ယောက်ထွက်လာပြီးလျှင် ဆိတ်ဖွားဆီကို အပြေးလာကာ သိုင်းဖက်လိုက်ပြီးနောက်. . .

"ပရော်ဖက်ဆာကြီး" ဟု အားရဝမ်းသာ နှုတ်ဆက်လေ၏။

"သေတ္တာ. . . ဟာ. . . ဟ၊ မင်း စီမံထားပုံလေး နေရာကျသကွာ" ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

ထိုသူကား သေတ္တာဆိုသူ ဖြစ်သည်။ သူကား ခိုးဝှက်ခြင်းအတတ်၌ တစ်ဖက်ကမ်းခတ် တတ်မြောက် ကျွမ်းကျင်သူဖြစ်ပေသည်။ ထောင်ထဲတွင် ဆိတ်ဖွားနှင့်အတူ နေခဲ့ဖူး၏။

(ငှင်းသေတ္တာဆိုသူ၏ အကြောင်းအရာ အသေး
စိတ်ကို ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်နှင့် မမင်းဖြူ
မှန်မှန်ပြော ဟူသောဝတ္ထု၌ ရေးသားဖော်ပြပြီး
ဖြစ်ပေ သည်။

စာရေးသူ)

"ဟိုကောင် နှစ်ကောင်ကော ပရော်ဖက်ဆာ"

"မင်းစာထဲမှာက မနေအပ်သော နေရာကို စွန့်ခဲ့ပါ၊ ဒီကောင်ကို အစောင့်ထားခဲ့ပါဆိုတော့ စာလာပေးတဲ့ကောင်ကို တွင်းထဲတွန်းချခဲ့ပြီ၊ ဒုတိယကောင်ကိုတော့ မင်းက ငါ့ကို ရထားကိုယ်တိုင် မောင်းခဲ့ရမယ်ဆိုတော့ ရထား မောင်းတဲ့လူ ရှိလျက်သားနဲ့ ငါ့ကိုမောင်းဖို့မှာတယ်ဆိုတော့ ငါလဲ ဒီကောင့်ကို တွန်းချရမယ်လို့ သဘောပေါက်တယ်လေကွာ၊ ဒါနဲ့ ငါလဲ တွန်းချခဲ့တာပဲ ဟာ. . . ဟ၊ မင်းကောင်တွေက တယ်ပြီးသတ္တိနည်းတဲ့ ကောင်တွေပဲကွ၊ အော်လိုက်တာ မပြောနဲ့တော့"

ဟု ဆိတ်ဖွားက ရယ်ရယ်မောမောနှင့်ပင် ပြောလိုက်လေ၏။

"မှန်ပါတယ် ပရော်ဖက်ဆာကြီး၊ အဲဒီကောင် နှစ်ကောင်က ရှိတနာ


www.burmeseclassic.com

www.burmeseclassic.com


မြေပုံအကြောင်း နားစွန်နားဖျား ကြားကတည်းက ကပ်နေတဲ့ကောင်တွေ၊ ဒီကောင်တွေကို စောစောစီးစီး လက်တွဲဖြုတ်ခဲ့ဖို့ ပရော်ဖက်ဆာကြီးကို မှာလိုက်တာပါပဲ၊ ကျန်တာတွေတော့ လူစုံမှပဲ တိုင်ပင်တော့မယ်၊ ပရော်ဖက်ဆာကြီး အနားယူပြီး အေးအေးဆေးဆေး အိပ်ပါတော့"

ဟု ဆိုကာ ဆိတ်ဖွားအတွက် အိမ်ကြီး၏ အပေါ်ထပ်၌ ခုတင်မွေ့ရာစသည်တို့ ကောင်းစွာ ပြင်ဆင်ထားသော်လည်း ဆိတ်ဖွားက. . .

"ဒါလောက် သန့်သန့်ပြန့်ပြန့် အိပ်ရာကို မသတီပါဘူးဗျာ"

ဟု ဆိုကာ မအိပ်ဘဲ အိမ်ရှေ့တွင်ရှိသော ကွပ်ပျစ်ပေါ်၌ပင်လျောင်း၍ အိပ်စက်လေ၏။

နံနက်သုံးနာရီထိုးသည့်အခါ၌ ခြံတွင်းသို့ မြင်းရထားတစ်စီးဝင်လာသံကြားသဖြင့် ဆိတ်ဖွားလည်း အိပ်ရာမှ နိုးလေ၏။ ထိုအချိန် မြင်းရထားပေါ်မှ လူတစ်ယောက် ဆင်းလာပြီးလျှင် သေတ္တာထံသို့ သွားလေ၏။ သေတ္တာလည်း ထိုသူအား တွေ့လျှင်

"ဆရာမိုးသီး" ဟုဆိုကာ ပြေး၍ဖက်ပြန်၏။ ထို့နောက်. . .

"ဟိုမှာ ကျုပ်တို့ ဆရာကြီး"

ဟု ဆိတ်ဖွားအား ညွှန်ပြလိုက်လျှင် ဥရောပဝတ်စုံကို ကျနသေသပ်စွာ ဝတ်ဆင်ထားသည့် မိုးသီးဟု အခေါ်ခံရသောလူသည် ဆိတ်ဖွားထံသို့ ခပ်သုတ်သုတ်သွား၍ ဝမ်းသာအားရ နှုတ်ဆက်လေ၏။

"မိုးသီး ခေါ် အဂ်ါ၊ စစ်တုရင်အထိုးကောင်းတဲ့ ကြေးစား ဓားစာခံ . . . ဟား. . . ဟား"

ဟု ဆိတ်ဖွားက ရယ်မော၍ နှုတ်ဆက်လိုက်လေ၏။

မိုးသီးဆိုသူကား ရုပ်ရည်ချောမော၍ သူရသတ္တိနှင့် ပြည့်စုံပြီးလျှင် ဉာဏ်ရည်ဉာဏ်သွေး ကောင်းလှသူဖြစ်၏။ ဆိတ်ဖွားနှင့်အတူတကွ ထောင်ထဲတွင် နေခဲ့ဖူးပေသည်။ ဝရမ်းတုဖြင့် လွတ်မြောက်ရန်အတွက် ဆိတ်ဖွားက ကူညီခဲ့ရဖူးသူ ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com

ထောင်မှလွတ်မြောက်ပြီးကာမှ မမင်းဖြူဟူသော အငြိမ့်မင်းသမီးလေးအား ကူညီရင်း လူသတ်မှုဖြစ်ကာ တစ်သက်တစ်ကျွန်း ကျခံလိုက်ရရှာသူဖြစ်၏။

"ဘယ်လိုလဲ မိုးသီး"

ဟု ဆိတ်ဖွားက မေးလိုက်ရင် ဆေးပြင်းလိပ်ကို မီးတို့လိုက်လေ၏။

"ကျွန်းကနေ လှေထွင်းပြီး သီဟိုဠ်ဘက်ကို ထွက်ပြေးတယ်၊ ပြီးတော့ သီဟိုဠ်မှာ အခြေချနေတယ်လေ ဆရာဆိတ်ဖွားရဲ့"

"အရင်လိုပဲ ဟိုမှာ ကျောက်တွင်းတွေ ဘာတွေ ပိုင်ပြီး သူဌေး ဖြစ် နေပြန်ပြီလား"

"ဟုတ်ပါတယ်၊ အခုလာတာက ကိုသေဋ္ဌာက ကျုပ်ဆီကို စာပို့ လိုက်တယ်လေ ဆရာဆိတ်ဖွား၊ အဲ. . .အဲ ပြောရဦးမယ်၊ ဂံဂရားဆိုတဲ့ ကုလားပုံတီးတဲ့ကောင်လေးဟာ ပင်လယ်ဓားပြတွေနဲ့အတူ ရွက်သင်္ဘောတွေနဲ့ ပင်လယ်ပြင် အနှံ့လျှောက်သွားနေတုန်းပဲ၊ ကိုသေဋ္ဌာက ဂံဂရားကနေတဆင့် ကျုပ်ဆီကို စာပို့ခိုင်းလိုက်တာလေ၊ ဒီတော့ ကျုပ်လဲမနေသာတော့ဘူးပေါ့၊ ကျုပ်ပိုင်တဲ့ ဘလူဂျိုင်းယင့် ရွက်သင်္ဘောကြီးနဲ့ မြန်မာပြည်ထဲ ပြန်ဝင်ခဲ့တာပဲ၊ ခုအဲဒီသင်္ဘောကြီးကို အယ်လ်ဖန်စွန်းနားမှာ ရပ်ထားခဲ့တယ်၊ ကျုပ်နဲ့အဆက်အသွယ်ရှိတဲ့ ကုန်သည်တစ်ယောက်က အဲဒီကနေ မော်တော်ဘုတ်နဲ့ ရန်ကုန်ဆိပ်ကမ်းအထိ လာနိုင်အောင် ဆီစဉ်ပေးတယ်လေ"

"ရန်ကုန်ဆိပ်ကမ်းရောက်တော့ သေဋ္ဌာတစ်ယောက် ဘယ်မှာရှိတယ်ဆိုတာကို သူတို့ သူခိုးလောကမှာ အနှံ့ခံလိုက်တာပေါ့ သိပ်မခက်လှပါဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ပုလိပ်ဘက်ကတွေ့သွားရင်တော့ ကျုပ်ကို ကျွန်းပြေးမှုနဲ့ ပြန်သွင်းကြလိမ့်မယ်"

ဟု ဆိုကာ မိုးသီးက လက်တစ်ဝါးခန့်ရှိ၍ ကျောက်သင်ပုန်းကဲ့သို့ မဲနက်သော ကျောက်ပြားကလေးတစ်ချပ်ကို ဆိတ်ဖွားအား ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစာပေါ့ ဆရာဆိတ်ဖွား၊ သေဋ္ဌာက ပေးလိုက်တဲ့စာလေ"

ထိုကျောက်ပြားနက်ကလေး၌ကား အောက်ပါပုံစံများကို ရေးသွင်းထားလေ၏။



ဆိတ်ဖွားသည် မီးသီးထံမှ ကျောက်ပြားကလေးကို ကြည့်ပြီးနောက်. . .

"ဟော့. . . သေဋ္ဌာ မင်းက နက္ခတ္တဗေဒကို တတ်ကျွမ်းနေပြီပေါ့"

ဟု မေးလိုက်ရာ သေဋ္ဌာက ဟုတ်မှန်ကြောင်း ခေါင်းညိတ်၍ ဝန်ခံပြီးလျှင်. . .

"ဆရာကိုမီးသီးနဲ့ ပရော်ဖက်ဆာ ဆရာဆိတ်ဖွား တို့ကဖြင့် တော်ပါ ပေ့ဗျာ၊ ကျွန်တော့်မှာ ဒီဝှက်စာကို ဝှက်တာတောင် တစ်ရက်လောက် အချိန် ယူရတယ်၊ ခင်ဗျားတို့က မြင်လိုက်တာနဲ့ အဖြေကိုရတော့တာပဲ၊ အံ့စရာပါပဲ"

ဟု သေဋ္ဌာက ချီးကျူးလိုက်ရာ ဆိတ်ဖွားအား ကျားဝိုင်းမှထ၍ လမ်းပြရန် လိုက်လာခဲ့သောသူက. . .

"ကိုသေဋ္ဌာရယ်၊ ကျုပ်ကိုလဲ တစ်ဆိတ်လောက်ရှင်းပြပါဦး"

ဟု ပြောလိုက်လျှင် သေဋ္ဌာက. . .

"ဆရာဆိတ်ဖွား. . . ဟောဒီ ကျားဖိုးသိန်းကို ဝှက်စာအကြောင်း ရှင်းပြလိုက်စမ်းပါ"

ဟု ပြောလိုက်ရာ ဆိတ်ဖွားက မြေကြီးပေါ်၌ တုတ်ဖြင့် ခြစ်၍. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ စတဲ့ ဂြိုလ်တွေနဲ့ မိဿ ပြိဿ စတဲ့ ရာသီတွေ့ရဲ့ တံဆိပ်တွေကို ဗျည်းစားလုံးတွေအဖြစ် အသုံးပြုထားတယ်၊ သေးက အတွန့်အတက်တွေက လက်ရေးတိုက သရတွေပါကွာ၊ ဟောဒီလိုပါ"

ဟု ခိ[illegible] အောက်ပါ ဝှက်စာ၏ အဖြေကို ရှင်းပြလေ၏။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ☾ | ☉ | ♂ | ☿ | ♃ | ♀ | ♄ | ☊ | ☋ | ♈ |
| က | ခ | ဂ | င | စ | ဆ | ဇ | တ | ထ | ဒ |
| ♉ | ♊ | ♋ | ♌ | ♍ | ♎ | ♏ | ♐ | ♑ | ♒ |
| န | ပ | ဖ | ဘ | မ | ရ | လ | ဝ | သ | ဟ |
| ♓ | | | | | | | | | |
| အ | | | | | | | | | |

ဆိတ်ဖွားရှင်းပြသည်ကို ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်ရှုနေသော ကျားဖိုးသိန်းက. . .

"တော်ပါ့. . . တော်ပါ့၊ ကျွန်တော်သာ ဖော်ရမယ်ဆိုရင် တစ်နှစ်လောက် ကြာလိမ့်မယ် ထင်တယ်. . . ဗျို့"

ဟု ပြောလိုက်လေတော့၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com


# အသက်စွန့်၍ ဆောင်ရွက်ကြပြီ

ဆိတ်ဖွား၊ မိုးသီး နှင့် သေတ္တာတို့သည် ခေါင်းချင်းဆိုင်၍ အသေးစိတ် တိုင်ပင်ကြလေ၏။

"အဖြစ်အပျက် အသေးစိတ်ကိုတော့ ကိုယ့်လူတို့ သိပြီးသားပဲ၊ မောင်သန်းအေးရဲ့ ရင်ဘတ်က စာနဲ့ မြစပယ်ရဲ့ ကျောကစာကို ပေါင်းပြီး ဖတ်ရင် အရေးကြီးတဲ့ ဝှက်စာတစ်စောင်ရဲ့ အဖြေကိုရတာပဲ၊ ဂိုဏ်းနှစ်ဂိုဏ်း ဟာ တစ်ဂိုဏ်းက မောင်သန်းအေးကို ရထားတယ်၊ ကျန်တဲ့ဂိုဏ်းက မြစပယ် ကို ရထားတယ်၊ သူတို့ချင်း အလဲအဖယ်လုပ်ပြီးရင် မောင်သန်းအေးနဲ့ မြစပယ် ကို အရှင်ထားကြမှာ မဟုတ်ဘူး"

ဟု ဆိတ်ဖွားက ဆေးပြင်းလိပ်ဖွာရင်း ပြောလိုက်လေ၏။

"ဟုတ်တယ်၊ မြစပယ်ရဲ့မောင်ကိုတောင် မကျီးသီးတို့ လူစုက သတ်ပစ်လိုက်ကြပြီပဲ"

ဟု သေတ္တာက ပြောလိုက်၏။

"ဟေ. . . ဒါနဲ့ မြစပယ်ရဲ့ အငြိမ့်ထောင်ဆရာက ပြောတော့ သမီး ရည်စားလိုလို ပြောလိုပ်ပါလား၊ တယောသမားလေးဟာ မြစပယ်ရဲ့မောင်လေး"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


"မောင်နှမဆိုပေမယ့် အဖေတူ အမေကွဲလေဗျာ၊ သူတို့ချင်းမောင်နှမ ဖြစ်တယ်ဆိုတာ မြစပယ်ရဲ့ အငြိမ့်ထောင်အိမ်ကို တယောသမားလေး ရောက် လာမှသိတာ၊ ကောင်လေးက ညနေတိုင်း သူ့အစ်မ မြစပယ်ကို အငြိမ့်ထောင် အိမ်ကနေကြိုပြီး သယ်န်းကျွန်းကိုလိုက်ပြီး ပို့ပေးလေ့ရှိတယ်၊ မကျီးသီးတို့လူစု က ညနေဘက်မှာစောင့်ပြီး နှစ်ယောက်စလုံးကို ဖမ်းသွား ကြတာ" ဟု သေတ္တာက ရှင်းပြပြန်၏။

ထို့နောက် သေတ္တာသည် ဆေးပေါ့လိပ်ကို မီးညှိလိုက်ပြီးနောက် အောက်ပါအတိုင်း ပြောပြန်၏။

"ကယ်ရမှာကတော့ နှစ်ယောက်စလုံး ကယ်ရမှာပဲ၊ ဒါပေမယ့် မြစပယ် ထက်စာရင် မောင်သန်းအေးဟာ ပိုပြီး အရေးကြီးတယ်၊ မောင်သန်းအေး ကို မြဒင်တို့က သတ်ပစ်ဖို့ တော်တော်နီးစပ်နေပြီ၊ ဘယ်လို လုပ်ကြမယ်ဆိုတာ ဆရာမိုးသီးနဲ့ ဆရာဆိတ်ဖွားတို့ ပြောပါ"

"အေး. . .၊ အဲဒီထဲမှာ ငါ့တပည့် သူတောင်းစား အိုလံကိုလဲ မကျီးသီး တို့က ဖမ်းထားကြတယ်၊ သူ့ကိုလဲ ကယ်ရမယ်"

ဟု ဆိတ်ဖွားက ပြာခွေ့ရင်း ပြောလိုက်လေ၏။

ထို့နောက် ဆိတ်ဖွားက ဆက်လက်၍ ပြောပြန်လေ၏။

"သန်းအေးကိုရော မြစပယ်ကိုပါ သတ်ဦးမှာ မဟုတ်သေးဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ သတ်ချင်ရင် အစကတည်းက သူတို့ကို သတ်ပြီးတော့ ကိုယ်ပေါ်မှာ ထိုးထားတဲ့စာတွေကို ကူးပြီးတော့မှ အလဲအလှယ်လုပ်မှာပေါ့၊ ဒီလို ဘာကြောင့်မလုပ်သလဲဆိုတော့ မကျီးသီးက မြစပယ်ရဲ့ ကျောစာကိုကူးပြီး မောင်သန်းအေးနဲ့ လဲချင်လဲ မြဒင်တို့ဘက်က မောင်သန်းအေးကို သတ် ပြီးတော့ စာကိုကူးပြီး အလဲအလှယ် လုပ်ရင်လဲ မကျီးသီးက ယုံမှာမဟုတ်ဘူး၊ ဒီတော့ တစ်ဦးနဲ့တစ်ဦး ယုံကြည်အောင် လူချင်းအကောင်လိုက် လဲပြတဲ့ သဘောပေါ့ကွာ. . . မဟုတ်ဘူးလား၊ အေး. . . ဒါပေမယ့် အလဲအလှယ်လုပ် ပြီးရင်တော့ တစ်ခါတည်း သတ်ပစ်ကြလိမ့်မယ် ထင်တယ်၊ တစ်ခုတော့ရှိ တယ်၊ ငါ့တပည့် အိုလံကိုတော့ ဘယ်သူနဲ့မှ လဲစရာမလိုတဲ့အတွက် သတ်ထား ကြရောပေါ့ကွာ"


www.burmeseclassic.com

www.burmeseclassic.com


"ဆရာဆိတ်ဖွားဆီမှာ မြစပယ်ရဲ့ ကျောကဗုက်စာဆိုတာတော့ ရှိတယ်နော်" ဟု မိုးသီးက ပြောလိုက်လေ၏။

"ဟုတ်တယ်၊ မြစပယ်ရဲ့ ကျောကစာရှိတယ်၊ မောင်သန်းအေးရဲ့စာ တော့မရှိဘူး၊ ဒါပေမယ့် မြခင်တို့ ဂိုဏ်းက ကောင်ကိုတော့ ရပြီလို့ပြောလိုက် တယ်၊ ပြောလိုက်တဲ့သဘောကတော့ မောင်သန်းအေးအပေါ်မှာ လျော့ပြီး စဉ်းစားနိုင်အောင်ပေါ့၊ ဘာပဲဖြစ်ဖြစ်လေ သူတို့ကို ကယ်ရမှာပါပဲ"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။ ထိုအခါ မိုးသီးက. . .

"ဒါဆိုရင် ဆရာဆိတ်ဖွားကို မြခင်တို့ဘက်ကရော မကျီးသီးတို့ ဘက်ကပါ နှစ်ဖက်စလုံးက လာရန်ရှာနေမှာပေါ့"

ဟု ပြောလိုက်ပြီးလျှင် သေတ္တာဘက်သို့ လှည့်ကာ. . .

"သေတ္တာရေ မြစပယ်ကို မောင်သန်းအေးတို့ကို ဖမ်းထားတဲ့နေရာ တွေကို သိတယ်မဟုတ်လား" ဟု မိုးသီးက မေးလိုက်လျှင် သေတ္တာက. . .

"သိပါတယ် ဆရာကိုမိုးသီး" ဟု ပြန်၍ ပြောလိုက်လေ၏။

"ဒါဆိုရင် ပြီးတာပဲကွာ၊ သူတို့ကိုကယ်ဖို့ လွယ်ပါတယ်၊ ဆရာဆိတ်ဖွား လဲ ရှိသားပဲ၊ မင်းရယ် ငါရယ် ဆရာဆိတ်ဖွားရယ် ရှိနေမှပဲကွာ၊ ဘာများ ခက်တာရှိတော့မှာလဲ"

ဟု မိုးသီးက ပြောလိုက်ရာ သေတ္တာက ထိုစကားကို လွန်စွာ သဘောကျ ၍ သွားလေ၏။

"သိပ်ဟုတ်တာပေါ့ ဆရာမိုးသီးရယ်၊ ကဲ-ဆရာဆိတ်ဖွား အဲဒီကိစ္စ ကို ဘယ်လို လုပ်မလဲဆိုတာသာ ပြောပါတော့"

ဟု သေတ္တာက ပြောလိုက်လေ၏။

"ဒီကိစ္စမှာတော့ ဉာဏ်နီဉာဏ်နက်တွေ သိပ်သုံးနေလို့ မဖြစ်တော့ ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အချိန်က သိပ်မှမရတော့ဘဲကိုကွ၊ စွန့်စွန့်စားစား နဲ့လုပ်ရမယ့်ကိစ္စ ဖြစ်နေပြီ၊ ကျားကစားသလိုပေါ့ကွာ၊ ရှေ့ဆက်ပြီး ရွှေ့ဖို့ ရွှေ့ကွက်မရှိဘဲ ပိတ်နေရင် တစ်ကောင် တစ်ကောင်ချင်းလဲပြီး လမ်းရှင်းလိုက် ရတယ် မဟုတ်လား၊ ဒီတော့ ရှေ့ဆက်ပြီး ဘယ်အကောင် ရွှေ့သင့်တယ်ဆို တာကို မြင်လာမယ်မဟုတ်လား၊ ဒီတော့ မိုးသီးက မကျီးသီးဆီကို အားစာခံ


www.burmeseclassic.com

www.burmeseclassic.com


အဖြစ်နဲ့သွားပြီး၊ သေတ္တာက မြဒင်ဆီကို ဓားစာခံအဖြစ်နဲ့သွားရမယ်၊ မင်းတို့ကို အဖမ်းခံပြီး လူချင်းလဲယူတဲ့ သဘောပေါ့ကွာ၊ ဒီအခြေအနေကျမှ ပုလိပ်နဲ့ တက်ပြီး ဝိုင်းလို့လဲ မရနိုင်တော့ဘူး၊ ပုလိပ်ဝင်လာတာနဲ့ မောင်သန်းအေး ရော မြစပယ်ပါ သေကုန်ကြလိမ့်မယ်"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ မိုးသီးနှင့် သေတ္တာတို့သည် တစ်ဦး မျက်နှာ တစ်ဦးကြည့်လိုက်ကြလေ၏။

ထို့နောက် အစိပ္ပာယ်ပါပါပြုံးလိုက်ကြလေ၏။ သူတို့၏အပြုံးများ သည် သေခြင်းတရားနှင့်ပတ်သက်၍ အလေးအနက် စဉ်းစားပြီးနောက် သေခြင်းတရားပေါ်၌ထားရှိသော သဘောတရားတစ်ခုကို ပြတ်ပြတ်သားသား ရရှိသွားသော အပြုံးမျိုးပင်ဖြစ်ပေသည်။

"သေဖို့ကြုံလာရင် သေဖို့အသင့် ပြင်လိုက်တာဟာ အကောင်းဆုံး ပါပဲ သေတ္တာ" ဟု မိုးသီးက ပြောလိုက်ရာ သေတ္တာက. . .

"သေတယ်ဆိုတာ အိမ်မောကျခြင်း တစ်မျိုးပါပဲဗျာ"

ဟု ပြောလိုက်ပြန်၏။

"မင်းတို့ပြောတာလဲ မဆိုးပါဘူးကွ၊ ဒါပေမယ့် သေခြင်းတရားရဲ့ ပျော်ရွှင် ချမ်းမြေ့မှုကို သက်ရှိ သတ္တဝါတွေမသိအောင် သဘာဝတရားက လျှို့ဝှက်ထားတယ်၊ အမှန်ကတော့ သေခြင်းတရားမှာ ပျော်ရွှင်ချမ်းမြေ့မှုတွေ ပါတာတော့အမှန်ပဲကွာ၊ အဲလိုပျော်ရွှင်ချမ်းမြေ့မှုတွေ ပါတယ်ဆိုတာကို လူတွေ မသိအောင်တော့ သဘာဝတရားကြီးက လျှို့ဝှက် ထားတယ်ကွ၊ အဲဒီလို မလျှို့ဝှက် ရင် လူတွေဟာ အသက်ရှင်ဖို့ ကြိုးစားတော့မှာ မဟုတ်ပေဘူး၊ အေး. . . အေး. . . ငါ့လူတို့နှစ်ယောက် သေဖို့အသင့်ပြင်နေကြပြီဆိုတာ ပျော်ရွှင်ဖို့ အသင့်ဖြစ်နေကြပြီပေါ့. . . ဟား. . . ဟ"

ဟု ဆိတ်ဖွားက ရယ်၍ ဆေးလိပ်ပြာကို ခြွေလိုက်လေ၏။

"ကဲ. . . ကိုမိုးသီး ခင်ဗျားတို့နှစ်ယောက်ကို ဓားစာခံထားပြီး မြစပယ် နဲ့ မောင်သန်းအေးတို့ကို လဲလှယ်ဖို့ကတော့ ဟုတ်ပါပြီ၊ ဘယ်နေရာမှာ သဲ ရမယ်ဆိုတာကိုပဲ စဉ်းစားရတော့မယ်"


www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိုးသီးက. . .

"ဆရာဆိတ်ဖွား ဒီလိုလုပ်ပါလား ရန်ကုန် ဆိပ်ကမ်းမှာ ငွေစင်ရော်လို့ နာမည်ရေးထားတဲ့ မော်တော်တစ်စင်း ရပ်ထားတယ်၊ အဲဒီမော်တော်က အယ်လ်ဖန်စွန်းကနေပြီး ကျုပ်စီးလာတဲ့ မော်တော်ပဲ၊ အဲဒီမော်တော်ကနေစောင့်ပြီး ဆရာဆိတ်ဖွားက မြစပယ်နဲ့ မောင်သန်းအေးကို လက်ခံဖို့ပဲ၊ သူတို့နှစ်ယောက်ကို ရတာနဲ့ ဘလူးပျိုင့်ယင့်ကြီး ကျောက်ချထားတဲ့ အယ်လ်ဖန်စွန်းကို သွားပေတော့၊ အဲဒီမှာ ကျုပ်ရဲ့သင်္ဘောသားတွေရှိတယ်၊ ကျုပ်တို့နှစ်ယောက်ကိုမစောင့်နဲ့၊ ကျုပ်တို့နှစ်ယောက်ကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လာခဲ့ကြမယ်၊ အဲ. . . ပြီးတော့ ဆရာဆိတ်ဖွားနဲ့အတူ ကျုပ်လူတစ်ယောက်လဲ ထားခဲ့မယ်" ဟု ဆိုပြီး. . .

"ဟေ့ စိန်နက်ရေ လာဟေ့"

ဟုဆိုကာ မိုးသီးအား မြင်းရထားဘက်သို့ လှည့်၍ခေါ်လိုက်ရာ လွန်စွာ အသားမည်း၍ နှုတ်ခမ်းနီသော လူတစ်ယောက်သည် ရထားလုံး အတွင်းမှ ထွက်၍လာသောအခါ သေတ္တာရော ဆိတ်ဖွားကပါ ထိုသူအား ကြည့်လိုက်ရာ ထိုသူက သူ၏ ဖြူဖွေးပြောင်လက်လှသော သွားများကို ပေါ်အောင် ရယ်လိုက်ပြီးနောက် ရေနွေးကြမ်းဝိုင်း၌ ထိုင်နေသော သေတ္တာ၏ လူများထံသို့ သွားပြီးလျှင် တစ်ယောက်သောသူအား ကုတ်မှကိုင်၍ ထုတ်လိုက် လေ၏။

ထို့နောက် နံကြားဆီသို့ ဒူးဖြင့် နှစ်ချက်ဆင့်၍ တိုက်ခိုက်ရာ ထိုသူသည် နေရာ၌ပင် ခွေ၍ လဲကျသွားလေတော့၏။

"ဟောဒီကောင်ဟာ ဒရှိ(သူလျှို)ဖြစ်ယ်ဗျ၊ ဆရာကိုမိုးသီးက ကျုပ်ကို ရထားလုံးထဲက မခေါ်ဘဲမထွက်နဲ့၊ ရထားလုံးထဲကနေပြီး ခြံထဲမှာရှိတဲ့လူတွေ ကို လေ့လာဖို့ မှာထားတာ၊ စောစောက ရထားလုံးဘေးမှာလာပြီး သေးပေါက် သလိုနဲ့ သူ့ပေါင်မှာ ချည်ထားတဲ့ သေနတ်ကို ထုတ်ကြည့်တာ တွေ့ရတယ် ဟောဒီမှာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ လဲကျနေသောသူ၏ လုံချည်ကို လှန်လိုက်ပြီးလျှင် ပေါင်၌ သရေကြိုးဖြင့် ချည်၍ထားသော ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်ပြီးနောက် ထိုသူ၏ နားထင်ကို ဒိုင်းခနဲ ပစ်လိုက်လေတော့၏။

"ကဲ. . . ဟေ့ ကိုယ့်လူ မိုးသီးတပည့်စိန်နက်ကတော့ ရှေ့မှာ ကျုပ်တို့ ကျူးလွန်ရမယ့် ရက်စက်မှုတွေ သတ်ဖြတ်မှုတွေအတွက် ဖွင့်ပွဲလုပ်လိုက်ပြီဟေ့၊ စိန်နက်ရေ. . . မင်းရဲ့ ကူညီစောင်မမှုနဲ့ ဒီကောင်တွေ သေခြင်းတရားရဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေကို တင်းပြည့်ကျပ်ပြည့် ခံစားသွားရပြီကွာ ဟာ. . ဟ"

ဟု ဆိတ်ဖွားက ပြောလိုက်ပြီးနောက် သေတ္တာ၏လူများအား အလောင်းကို တူးမြှုပ်ရန်အတွက် စေခိုင်းလိုက်လေတော့၏။

"ကဲ. . . ကိုယ်လူတို့သွားပေတော့၊ ဟောဒီမှာ စာတစ်စောင်စီ ယူသွားကြပေတော့"

ဟုဆိုကာ ဆိတ်ဖွားသည် အောက်ပါစာနှစ်စောင်ရေး၍ မိုးသီးအား တစ်စောင်၊ သေတ္တာအားတစ်စောင် ပေးလိုက်လေ၏။

ထို့နောက် အောက်ပါအတိုင်း ဆက်၍ မှာကြားပြန်လေ၏။

"မကျီးသီးက မြစပယ်ကို ထုတ်သွားတာနဲ့ ကိုမိုးသီးက သူ့တို့လက်က လွတ်အောင် ကြိုးစားပေတော့၊ ကျုပ်ဆီကို မကျီးသီးတို့က မြစပယ်ကိုလာပို့ရင် ကျုပ်က မောင်သန်းအေးကို ပို့လိုက်ပြီလို့ လိမ့်လွှတ်လိုက်မယ်၊ အဲ. . . သူတို့ပြန်ရောက်လို့ မောင်သန်းအေးကို မတွေ့ရင်တော့ ခင်ဗျားကို သတ်ကြလိမ့်မယ်၊ ဒါကြောင့် သူတို့မပြန်လာခင် လွတ်အောင် ပြေးဖို့က အရေးကြီးတယ်"

"ဒီအတွက်တော့ စိတ်ချပါ ဆရာဆိတ်ဖွား"

ဟု မိုးသီးက ပြောလိုက်လေ၏။

"သေတ္တာက အဲဒီအတိုင်းပဲဟေ့၊ ကျုပ်ဆီကို မြဒင်တို့က မောင်သန်းအေး လာပို့ရင် ကျုပ်က မြစပယ်ကို ပို့လိုက်ပြီလို့ လိမ့်လွှတ်လိုက်မယ်၊ သူတို့ပြန်ရောက်လို့ မြစပယ်ကို မတွေ့ရင်တော့ မင်းကို သတ်ကြလိမ့်မယ်၊ ဒီတော့ သူတို့ ပြန်မရောက်ခင် လွတ်အောင် ပြေးနိုင်မှ တော်ရုံကျမယ်"



www.burmeseclassic.com

www.burmeseclassic.com


ဟု သေဋ္ဌာအား မှာပြန်လေ၏။

ထိုအခါ မိုးသီး နှင့် သေဋ္ဌာတို့သည်. . .

"စိတ်ချ ဆရာဆိတ်ဖွား၊ ဒီအတွက်တော့ စိတ်မပူပါနဲ့"

ဟု ဆိုကာ ပြောဆိုလျက် ထွက်သွားကြလေတော့၏။

မိုးသီး နှင့် သေဋ္ဌာတို့အား ဆိတ်ဖွားရေးပေးလိုက်သော စာနှစ်စောင်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

မကျိုးသီး

မင်းတို့ လိုချင်တဲ့ မောင်သန်းအေးကို ပေးမယ်၊ မြစပယ်ကို ပေးပါ၊ အဲဒီကိစ္စအတွက် အခု စာယူ လာတဲ့လူကို ဓားစားခံအဖြစ် ခေါ်ထားပါ၊ ငါတို့ ဘက်က ပျက်ကွက်ရင် သူ့ကို သတ်ပစ်လိုက်ပါ၊ အိုလံကိုလဲ ပြန်ပေးပါ။

ဆိတ်ဖွား

မြဒင်

မင်းတို့လိုချင်တဲ့ မြစပယ်ကို ပေးမယ်၊ မင်းတို့က မောင်သန်းအေး ကိုပေးပါ၊ ပျက်ကွက်ရင် အခု လာတဲ့ကောင်ကို ခေါင်းဖြတ်ပစ်နိုင်ပါတယ်။

ဆိတ်ဖွား

သဘာဝတရားသည် သေခြင်းတရား၏ အရသာရှိသော အချက်ကို လူသားတို့ မသိနိုင်အောင် ဖုံးကွယ်ထားသည်။

ပရော်ဖက်ဆာ ဆိတ်ဖွား

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

# ဘလှူးဂျိုင်းယင့် ရှက်သဘော်ကြီးနှင့်အတူ

ဆိတ်ဖွားသည် မိုးသီးနှင့် သေတ္တာတို့အား စာများပေး၍ ဓားစာခံလွှတ်ခဲ့ပြီးနောက် မိုးသီး ပြောပြခဲ့သော ရန်ကုန် ဆိပ်ကမ်းမှ ငွေစင်ရော်မော်တော်ဆီသို့ စိန်နက်နှင့်အတူ သွားရောက်ခဲ့လေ၏။

ညပိုင်းသို့ရောက်သောအခါ မကျီးသီး၏တပည့် လူဆိုးသုံးဦးသည် ငွေစင်ရော်ရှိရာ ဇောတံတားသို့ ရထားလုံးနှင့် ရောက်လာပြီး ငွေစင်ရော်မော်တော်ဆီသို့ တစ်ယောက်သောသူက ဆင်း၍လာကာ. . .

"ကျောသားပါတယ်" ဟု ဆိုလေ၏။

ဆိတ်ဖွားက. . .

"ကျောသားပါရင် ထားခဲ့၊ ရင်သားကို တို့ကလွှတ်လိုက်ပြီ"

ဟု ဆိုလိုက်လျှင် မကျီးသီး၏ တပည့်များသည် တစ်စုံတစ်ယောက်အား လူမမာကဲ့သို့ စောင်ခြုံ၍ ဆိတ်ဖွားထံသို့ ခေါ်၍လာလေ၏။ ဆိတ်ဖွားက ထိုစောင်ခြုံလာသူအား ဖွင့်၍ ကြည့်လိုက်ရာ ပါးစပ်ကိုလည်း အဝတ်စည်းထားသည့်အပြင် လက်များကိုလည်း ကြိုးဖြင့်တုပ်နှောင်ထားသော မိန်းကလေးကို တွေ့ရလေ၏။ ထို့ကြောင့် မြစပယ် ဟုတ်မဟုတ်သိရန်အတွက် ဆိတ်ဖွားက မြစပယ်၏ ကျောအင်္ကျီကိုလှန်၍ မီးခွက်ဖြင့် ကြည့်ရှုရာ ကျောပြင် တစ်ခုလုံး၌ စာများထိုးထားသည်ကို တွေ့ရလေ၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုစာများအား ဆိတ်ဖွားသည် သေချာစွာ ကြည့်ရှုလိုက်လေရာ ယခင်က တယောမြင့်သွေး အလောင်း တွင်ပါလာသည့် လက်ဖွဲ့မှရရှိခဲ့သော စာများဖြစ်၍နေသည်ကို တွေ့ရလေ၏။ ထိုအခါ ဆိတ်ဖွားသည် မကျီးသီး၏ တပည့်များဘက်သို့ လှည့်ပြီးလျှင်. . .

"ကဲ. . . မင်းတို့ ပြန်နိုင်ပြီ၊ မြစပယ်ကို ထားခဲ့တော့၊ မင်းတို့ဆီမှာ မောင်သန်းအေး ရောက်နေတာကို တွေ့ရလိမ့်မယ်၊ ပြီးတော့ ဓားစာခံထား ခဲ့တဲ့ ငါ့လူကိုပါ ပြန်လွှတ်လိုက်၊ ကြားလား"

ဟု ပြောလိုက်ရာ မကျီးသီး၏တပည့်များလည်း မော်တော်ပေါ်မှ ဆင်း၍သွားကြလေတော့၏။

ထိုကဲ့သို့ မကျီးသီး၏ တပည့်များသင်္ဘောပေါ်မှ ဆင်းသွားကြသော အခါ ဆိတ်ဖွားသည် စိန်နက်အား အနီးသို့ လှမ်းခေါ်လိုက်ပြီးလျှင်. . .

"စိန်နက်ရေ. . . ဒီမိန်းကလေးကိုတော့ ဒီအတိုင်းပဲ အဝတ်တွေ ကြိုးတွေနဲ့ဆက်ပြီး တုပ်နှောင်ထားရဦးမှာပဲ၊ သူကတော့ ခုချိန်မှာ တို့ကို လူဆိုးလို့ပဲထင်နေမှာပဲ၊ ဘာပဲဖြစ်ဖြစ် နောက်တော့မှ ရှင်းပြပြီး တောင်းပန် ရမှာပေါ့" ဟု ပြောလိုက်လေ၏။ ထိုအခါ စိန်နက်က. . .

"ဟုတ်တယ် ဆရာဆိတ်ဖွား၊ ဒီကောင်မလေးက ကြောက်ကြောက်နဲ့ ထွက်ပြေးသွားရင် အားလုံးအစီအစဉ်တွေ ပျက်ကုန်မယ်"

ဟု ထောက်ခံပြောဆိုလေ၏။

"အစီအစဉ်တွေ ပျက်ကုန်ရုံတင် မကဘူး၊ သူ့အတွက်လဲ အန္တရာယ် ရှိနိုင်တယ်၊ ကဲ. . . ဒီတော့. . . စိန်နက်ရေ ပြောနေရင်အချိန်ကြာတယ်၊ သူ့ကို ငါးစည်အလွတ်တစ်ခုထဲမှာ သွားထည့်ပြီး သေသေချာချာစောင့်ကြည့် နေပေတော့၊ တော်ကြာ မြဒင်ဘက်က လူတွေ မောင်သန်းအေးကို ခေါ်လာ ကြလိမ့်မယ်"

ဟု ဆိတ်ဖွားက ပြောလိုက်လေရာ စိန်နက်သည် မြစပယ်အား ပွေ့ချီကာ မော်တော်ပဲ့ပိုင်းတွင်ရှိသော ငါးစည်ကြီးထဲတွင် ထည့်ထားလိုက် လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ မြစပယ်အား ငါးစည်ပိုင်းကြီးအတွင်းတွင် ထည့်ပြီးနောက် မိနစ်အနည်းငယ်မျှ ကြာသောအခါ၌ မော်တော်အနီးသို့ သမ္ဗန်တစ်စီးကပ်၍ ဝင်လာလေ၏။ ထိုအခါ ဆိတ်ဖွားသည် သမ္ဗန်ပေါ်သို့ ငုံ့၍ကြည့်လိုက်ပြီးလျှင်. . .

"ဟေ့. . . ဘယ်သူတွေလဲကွ၊ မော်တော်နားကို ဘာလာလုပ်တာလဲ"

ဟု အော်၍ ပြောလိုက်ရာ သမ္ဗာန်ကို လှော်ခတ်လာသောလူက. . .

"ကျုပ်တို့မှာ ရင်သားပါတယ်၊ ခင်ဗျားတို့ဆီက ကျောသားလိုချင်တယ်' ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ဆိတ်ဖွားက. . .

"ရင်သားပါရင် ထားခဲ့၊ တို့ရဲ့ ကျောသားကိုတော့ မင်းတို့ဆီကို သွားပို့နေကြပြီ" ဟု ပြောလိုက်လေရာ. . .

သမ္ဗန်ပေါင်းအိုးထဲမှ မြဒင်၏ တပည့်သုံးယောက်သည် ရွှက်ထည်ကြမ်းတစ်ခုဖြင့် ပတ်၍ထားသော အထုပ်ကြီးတစ်ခုအား မော်တော်ပေါ်သို့မ၍ တက်ကြလေ၏။ ထိုအထုပ်ကြီး မော်တော်ပေါ်သို့ ရောက်သောအခါ ဆိတ်ဖွားက. . . .

"ကဲ. . . မင်းတို့ရဲ့ ရင်သားကိုပြပါဦး၊ ငါစစ်ဦးမယ်"

ဟု ပြောလိုက်လေရာ မြဒင်၏တပည့်များသည် ရွက်ထည်ကြမ်းဖြင့် ပတ်၍ထားသော အထုပ်ကြီးအား ဖြေချလိုက်လေ၏။ ထိုအခါ ပါးစပ်ကို အဝတ်နှင့်စည်းထားပြီး လက်များကို ပူးကပ်ကာ ကြိုးဖြင့် ချည်နှောင်ထားသော လူတစ်ယောက်ကို တွေ့ရလေ၏။

ဆိတ်ဖွားသည် မီးခွက်ဖြင့် ထိုလူ၏ မျက်နှာအား သေသေချာချာ ကြည့်လိုက်လေရာ မောင်သန်းအေးဖြစ်၍နေကြောင်း တွေ့ရလေ၏။ ဆိတ်ဖွားသည် မောင်သန်းအေးအား ကောင်းစွာ မှတ်မိ၍နေလေ၏။ (တစ်ကြိမ်က ပုဇွန်တောင်ပန်းခြံထောင့်တွင် တွေ့ခဲ့ဖူးပြီးဖြစ်လေ၏။) သို့ရာတွင် ပို၍သေချာ စေရန်အတွက် မောင်သန်းအေး၏ အင်္ကျီကျယ်သီးများကို ဖြုတ်လိုက်ပြီးလျှင် ရင်ဘတ်ကို ကြည့်လိုက်ရာ "သရစာလုံးများ"ကို တွေ့ရလေ၏။


www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆိတ်ဖွားသည် မြဒင်၏တပည့်များဘက်သို့ လှည့်ပြီးလျှင်. . .

"ကဲ. . . မင်းတို့ပြန်ကြတော့၊ ဒီကောင်ကိုတော့ ထားခဲ့ပါ၊ ဟိုကျ တော့ မင်းတို့ဆီမှာ မြစပယ် ရောက်နေတာကို တွေ့ရလိမ့်မယ်၊ ပြီးတော့ တို့ထားတဲ့ ဓားစာခံကိုပါ ကောင်းကောင်းမွန်မွန် ပြန်လွှတ်လိုက် ကြားလား"

ဟု ပြောလိုက်ရာ မြဒင်၏တပည့်များသည် မော်တော်ပေါ်မှဆင်း၍ သွားကြလေ၏။ ထိုသူတို့၏ သံမွန်သည် မော်တော်နှင့်ခပ်ဝေးဝေး ရောက် သွားလျှင် ဆိတ်ဖွားသည် မြစပယ်တို့ကိုထည့်ထားသော ငါးစည်ပိုင်းအနီး၌ ရပ်၍ နေသော စိန်နက်အား လှမ်း၍ ခေါ်လိုက်လေ၏။

"ကဲ. . . စိန်နက်ရေ၊ ဟောဒီမှာ မောင်သန်းအေးကိုလဲ မြစပယ်လို ပဲ ခဏထားလိုက်ပါဦး၊ မင်းတို့ရဲ့ ဘလူးဂျိုင့်ယင့်ကြီးပေါ်ရောက်မှာပဲ သူတို့ နှစ်ယောက်စလုံးကို အခန်းတစ်ခန်းစီမှာ ခွဲချုပ်ထားရတာပေါ့"

ဟု ဆိတ်ဖွားက ပြောလိုက်လေရာ ချက်ဆို 'နားခွက်ကမီးတောက်' သော စိန်နက်က မောင်သန်းအေးကို ပွေ့ချီကာ မော်တော်ပဲ့ပိုင်းတွင်ရှိသော ငါးစည်တစ်ခု၏ အတွင်း၌ သွား၍ ထည့်ထားလေ၏။

ဆိတ်ဖွားသည် သူ၏အနီးသို့ စိန်နက် ပြန်ရောက်လာသောအခါ. . .

"ကဲ. . . စိန်နက်ရေ၊ တို့ကိစ္စတော့ပြီးပြီ၊ ကျန်တာက မိုးသီးနဲ့ သေတ္တာတို့ ကိစ္စပဲရှိတော့တယ်၊ ဒီတော့ မင်းတို့ရဲ့ ဘလူးဂျိုင်းယင့်ကြီး ရပ် ထားတဲ့ အယ်လ်ဖန်စွန်းဆီကို သွားဖို့ပဲ ရှိတော့တယ်၊ မော်တော်ကို အမြန် ဆုံးနှုန်းနှင့် မောင်းပေတော့၊ ဒီနေရာမှာ အချိန်ကြာသွားရင် မကျီးသီးအဖွဲ့နဲ့ မြဒင်တို့အဖွဲ့ ရောက်လာကြလိမ့်မယ်"

ဟု ပြောလိုက်လေရာ အကင်းပါးသလောက် သွက်လက်ချက်ချာ သော စိန်နက်သည် မော်တော်ကို စက်ကုန်ဖွင့်ကာ အယ်လ်ဖန်စွန်းဆီသို့ ဦးတည်မောင်းနှင်လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဖွား၊ စိန်နက်၊ မောင်သန်းအေးနှင့် မြစပယ်တို့ ၄-ဦးသားအား တင်ဆောင်ထားသော ငွေစင်ရော်မော်တော်လေးသည် အရှိန်ပြင်းစွာဖြင့် တစ်ညလုံးခုတ်မောင်းခဲ့ရာ နံနက်ဝေလီဝေလင်းအချိန်လောက်တွင် အယ်လ်ဖန်စွန်း ၌ ရပ်၍ထားသည့် ဘလူးဂျိုင်းယင့် ရွက်သင်္ဘောကြီးအနီးသို့ ရောက်လေတော့၏။ ကမ်းခြေသို့ မော်တော်ကပ်၍လာသည်ကို မြင်သည်နှင့် ဘလူးဂျိုင်းယင့် ရွက်သင်္ဘောကြီးပေါ်မှ သင်္ဘောသားအချို့သည် ပြေး၍ လာကြလေ၏။

စိန်နက်သည် သင်္ဘောသားများအား မိုးသီး မကြာခင်ရောက်လာလိမ့်မည်ဖြစ်ကြောင်းနှင့် မိုးသီးရောက်လာသည်နှင့် သင်္ဘောထွက်မည်ဖြစ်ကြောင်း တို့ကို ပြောဆိုကာ မော်တော်ပေါ်တွင် ပါလာသော ငါးစည်အလွတ်များအား ဘလူးဂျိုင်းယင့်ပေါ်တင်ရန် ခိုင်းလေ၏။

မောင်သန်းအေး နှင့် မြစပယ်တို့ကိုမူ စိန်နက်ကိုယ်တိုင် ဘလူးဂျိုင်းယင့် ရွက်သင်္ဘောကြီးပေါ်သို့ ခေါ်ဆောင်သွားပြီးလျှင် သင်္ဘောဝမ်းဗိုက်၏ အခန်းတစ်ခုစီအတွင်း၌ သီးသန့်ခွဲ၍ထည့်ထားလေ၏။ အခြေအနေနှင့် နေရာဒေသကို စိတ်ချသွားပြီဖြစ်သောကြောင့် သူတို့နှစ်ယောက်အား ချည်နှောင်ထားသော ကြိုးများကို ဖြေပေးလိုက်လေ၏။

ထို့နောက် စိန်နက်သည် ငါးစည်အလွတ်များသို့ သယ်ယူလာသော သင်္ဘောသားများအား စစ်ဆေး၍ နေရာချထားပေးလေ၏။

ဆိတ်ဖွားသည် ဘလူးဂျိုင်းယင့် ခေါ် ဘီလူးပြာကြီး အမည်ရှိ သင်္ဘောပေါ်၌ နေရာအနှံ့အပြားကို လှည့်လည်ကြည့်ရှုကြလေ၏။ ထိုအခါ စိန်နက်သည် ဆိတ်ဖွားအနီးသို့ ရောက်လာပြီးလျှင်. . .

"ဆရာကိုမိုးသီးဟာ သီဟိုဠ်မှာ နီလာကျောက်ကြီးတစ်လုံးရတယ်၊ အဲဒီ နီလာကြီးကို အပြာရောင်ဘီလူးကြီးလို့ ရတနာကုန်သည်တွေက နာမည်ပေးထားကြတယ်၊ အဲဒီ အပြာရောင်ဘီလူးကြီးကို ရောင်းလို့ရတဲ့ငွေနဲ့ဝယ်တဲ့ သင်္ဘောကြီးမို့လို့ သူ့ကိုလဲ 'ဘလူးဂျိုင်းယင့်'လို့ အမည်ပေးထားတာ ဆရာဆိတ်ဖွား" ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဖွားသည် သင်္ဘောဦးပိုင်းသို့လျှောက်၍ သွားပြန်၏။ စိန်နက်ကလည်း ၎င်းတို့နှင့်အတူ လိုက်ပါ၍ လာလေသည်။

"ဝှက်စာကတော့ ရတနာတွေ မြှုပ်ထားတဲ့နေရာကို ရေးထားတာ ဖြစ်လိမ့်မယ် ထင်တယ်၊ ရတနာတွေ ရပြီးရင်တော့ ဟိုနှစ်ယောက်ကို ပြန်လွှတ်နိုင်ပြီပေါ့၊ ဒီဝှက်စာကို စိတ်ဝင်စားတဲ့ လူဆိုးဂိုဏ်းတွေကလဲ သူတို့ကို ဖမ်းစရာ မလိုတော့ပါဘူး"

"ဒီလိုတော့ မဟုတ်ဘူးကွာ၊ အန္တရာယ်ပေးနိုင်သေးတယ်၊ အနည်းဆုံး ဖမ်းပြီး ငါတို့ရဲ့သတင်းကို မေးနိုင်တယ်၊ စိတ်မထင်ရင် သတ်ပစ်ချင် သတ်ပစ် နိုင်သေးတယ်၊ အကောင်းဆုံးက ဒီကိစ္စကို လူဆိုးတွေဘက်က သွေးအေးသွား တဲ့အထိ သူတို့နှစ်ယောက်ကိုလဲ ဝှက်ပေးထားရမှာပဲ"

"ဆရာဆိတ်ဖွားကတော့ ဘာပဲဖြစ်ဖြစ် ဆရာကိုမိုးသီးနဲ့ ကိုသေတ္တာ တို့နဲ့အတူ လိုက်ပြီး နေမယ်မဟုတ်လား"

"လောလောဆယ်တော့ ဘာမှ အဖြေမပေးနိုင်သေးဘူး စိန်နက်ရေ ဒါပေမယ့် လိုက်ပြီး မနေဖြစ်ဖို့က များပါတယ်ကွာ၊ ငါ့မှာက ဒီကိစ္စတွေပြီးရင် သေတဲ့အထိ ဆောင်ရွက်သွားရမယ့် တာဝန်တစ်ခုရှိသေးတယ်ကွ၊ အဲဒါက ဘာလဲဆိုတော့. . ."

ဟု ဆိုကာ ဆိတ်ဖွားသည် ပင်လယ်ပြင်ကြီးကို ငေးမောကြည့်ရှုလိုက်၏။ တစ်နည်းဆိုရလျှင် အဆုံးမရှိသော အနာဂတ်ကာလကြီးကို ငေးမောကြည့်ရှုလိုက်ခြင်းဟုလည်း ဆိုနိုင်ပေသည်။ ထိ[illegible]က် အောက်ပါအတိုင်း ဆက်၍ ပြောပြန်လေ၏။

"လူတွေဟာ သူ့နည်းနဲ့သူ ဒုက္ခရောက်နေကြတယ်၊ ယောက်ယက်ခတ်နေကြတယ်၊ အေးအေးဆေးဆေး မရှိဘူး၊ ပူပန်နေကြရတယ်၊ အဲဒီလို ဖြစ်နေလေတော့ လူတွေဟာ အားငယ်လာပြီး လောကကြီးကိုက မတရားပါဘူး ဆိုတဲ့ စကားကိုသုံးပြီး လောကကြီးကို အပြစ်တင်လာကြတော့တယ်၊ အနေ့ ကတော့ လောကကြီးဟာ လောကကြီးပါပဲ၊ တရားတာလဲ မဟုတ်ဘူး၊ မတရား



www.burmeseclassic.com

www.burmeseclassic.com


တာလဲ မဟုတ်ဘူး၊ မတရားတာက လူတွေပါ၊ အဲဒီလို မတရားဖြစ်နေရတာ ကလဲ လောကပါလ ကဆိုတဲ့ လောကကြီးကို စောင့်ရှောက်တဲ့တရားတွေ ခေါင်းပါးနေလို့ပဲ၊ ဒီတော့ လူတွေအတွက် လောကကြီးကို စောင့်ရှောက်တဲ့ တရားကို အခြေခံပြီး စာအုပ်တစ်အုပ်ရေးမယ်၊ အဲဒီစာကို လူတွေလဲ လက်ခံ လာအောင်လဲ အားတိုက်ခွန်တိုက် ကြိုးစားရမှာပေါ့ကွာ. . ."

"ဆရာ့ဟာ တော်တော်ခက်မှာပါပဲ"

ဟု စိန်နက်က ပြောလိုက်လေ၏။

"အေးကွာ. . . အလွယ်ဆုံးပြောရရင် အထူးသဖြင့် ဒုက္ခရောက်နေတဲ့ လူသားတွေကို ထိုက်ထိုက်တန်တန် အကူအညီပေးဖို့ အလုပ်တာဝန်တွေ လုပ်ရဦးမယ်၊ ငါနဲ့သဘောချင်းတူတဲ့ လူတွေကို စုပေါင်းရဦးမယ်၊ စုပေါင်းပြီး ငါရဲ့ရည်ရွယ်ချက်တွေကို အကောင်အထည် ဖော်ရလိမ့်မယ်ကွ"

"ဆရာ ဆိတ်ဖွား. . . ဟိုမှာ ကြည့်စမ်းပါ၊ ကိုသေတ္တာ မဟုတ်လား"

ဟု စိန်နက်က ပြောလိုက်သဖြင့် ဆိတ်ဖွားလည်း စိန်နက်ညွှန်ပြရာ ဘက်သို့ လှည့်ကြည့်လိုက်ရာ သဲသောင်ပြင်၌ လမ်းလျှောက်လာသော သေတ္တာ ကို တွေ့ရလေ၏။ သေတ္တာသည် ပင်လယ်လေကို ရှူရှိုက်ရင်း စိတ်အေးချမ်းသာ စွာ လျှောက်၍လာလေ၏။ သူ့လက်တွင်း၌လည်း အထုပ်တစ်ထုပ်ပါလာလေ ၏။

သေတ္တာသည် ရွက်လှေအနီးသို့ ရောက်သည့်အခါ ဆိတ်ဖွားကို မြင်လျှင်. . .

"ဆရာဆိတ်ဖွား. . . ဆရာမိုးသီး ရောက်ပြီလား"

ဟု အော်၍ မေးလိုက်လေ၏။ ဆိတ်ဖွားက လက်ကိုခါ၍ ပြလေ၏။

သေတ္တာသည် ရွက်လှေပေါ်သို့ ပေါ့ပါးဖျတ်လက်စွာ တက်၍လာ လေသည်။ မိုးသီး၏ တပည့် စိန်နက်က သူ၏ ဆရာမိုးသီးအတွက် စိတ်ပူ နေရှာ၏။

"ဆရာမိုးသီးတော့ ဒုက္ခတွေ့ပြီထင်ပါ့"


www.burmeseclassic.com

www.burmeseclassic.com


ဟု စိန်နက်က ညည်းသံဖြင့် ပြောလိုက်ရာ သေတ္တာက. . .

"ဟာကောင်ရ. . . ဒုက္ခဖြစ်မယ့်ဆီကို သွားတဲ့ဥစ္စာ၊ ဒုက္ခတွေ့မှာပေါ့ကွ၊ ဟဲ. . . ဟဲ. . . ဒါပေမယ့် ဘာမှမပူနဲ့၊ မင်းဆရာပြန်ရောက်လာလိမ့်မယ်၊ ရန်သူ့ရဲ့ လက်ထဲကနေ လွတ်မြောက်အောင် ကြံစည်တဲ့နေရာမှာ ဆရာမိုးသီး ဟာ တကယ်တော်တဲ့ လူပါကွ"

"နေစမ်းပါဦး သေတ္တာ၊ မင်းကော ဘယ်လိုလုပ်ပြီး လွတ်လာတာလဲ" ဟု ဆိတ်ဖွားက မေးလိုက်ရာ သေတ္တာက ပြုံးလျက်. . .

"ဆရာဆိတ်ဖွား လွှတ်လိုက်တဲ့အတိုင်း မြမြဆိုတဲ့မိန်းမဆီကို အရင် သွားတယ်၊ မြမြဆိုတာက မောင်သန်းအေးရဲ့ မိထွေးရဲ့ညီမအရင်းကြီးပဲ ဆရာဆိတ်ဖွားရဲ့"

"ဟာ. . . ဟ၊ အဲဒါကို သိဖို့အတွက် ငါရဲ့သူတောင်းစားအိုလံဟာ ဘောင်းဘီအင်္ကျီအသစ်တွေဝယ်ဝတ်ပြီး အထက်တန်းစား မင်္ဂလာဆောင် တစ်ခုကိုတောင် သွားခဲ့ရသေးတယ်၊ မြမြရဲ့လိပ်စာကိုလဲ သိရတယ်၊ မြမြကို တစေ့တစောင်း လေ့လာလိုက်တော့ မောင်သန်းအေးရဲ့ မိထွေးရဲ့ညီမဆိုတာ သိရတော့တယ်၊ ဟော့. . . အဲဒီညှေ့ခံပွဲမှာ သိခဲ့ရတဲ့ ပြင်သစ်ပြည်မှာနေဖူး တဲ့ ကောင်လေးတစ်ကောင်ရှိတယ်၊ အဲဒီကောင်လေးဆီက ငါက မကြာခဏသွား ပြီး မြမြတို့ ဒေါ်ရီရီတို့၊ ဒေါ်ရီရီဆိုတာ မောင်သန်းအေးရဲ့မိထွေးကိုပြောတာ၊ ဟဲ. . . ဟဲ တစ်ခါက မန္တလေးမှာ မောင်သန်းအေးကို သူညီမ မြမြနဲ့မျှားပြီး ရင်ဘတ်ကစာကို ကူးယူဖူးသေးတယ်၊ ဒါပေမယ့် တစ်ဖက်ဂိုဏ်းကကောင် တွေက ကူးယူတဲ့စာရွက်ကို အယုံအကြည်မရှိဘူး၊ လူကိုယ်တိုင်ရမှ ဖြစ်မယ် ဆိုလို့ မောင်သန်းအေးကို ဖမ်းလိုက်တာပဲ၊ ဖမ်းပုံကလဲ ဒီလိုကွ၊ မိထွေးလုပ်တဲ့ ဒေါ်ရီရီက မယဉ်နွယ်ဆိုတဲ့ ကောင်မလေးကို မောင်သန်းအေးနဲ့သဘော မတူနိုင်ဘူးဆိုတာကို အကြောင်းပြပြီး၊ မောင်သန်းအေးကို တစ်နေရာပို့လိုက် တာပဲ၊ အမှန်တော့ သူနဲ့အဆက်အသွယ်ရှိတဲ့ မြဒင်တို့လက်ထဲကို ပို့လိုက်တာ ပေါ့ကွာ၊ ဒါကို မိန်းမကြောက်ရတဲ့ မောင်သန်းအေးရဲ့ အဖေကြီးကလဲ မရိပ်မိဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com

"ပြီးတော့ တကယ်လို့များ အလဲအလှယ်လုပ်တဲ့အခါမှာ မောင်သန်းအေး သေလို့ရှိရင် ပြဿနာရှင်းသွားအောင် မောင်သန်းအေးသေပြီဆိုပြီး အသုဘ ချလိုက်သေးတယ်၊ မောင်သန်းအေးရဲ့ဖခင် သူ့ယောက်ျားကြီးကိုတော့ မယဉ်နွယ်နဲ့အဆက်ပြတ်ပြီး၊ မယဉ်နွယ် တစ်ခါတည်း လက်လျှော့သွားအောင်လို့ဆိုတဲ့ အကြောင်းပြခဲ့တယ်၊ အကြံကတော့ ခပ်ကြီးကြီးပဲကွာ၊ ကဲ. . . ကဲ၊ မင်းကိစ္စ ဆက်ပါဦး ‌သေတ္တာ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ သေတ္တာက ဆက်ပြန်၏။

"မြမြဆီကိုသွားပြီး ဒီစာပေးတော့ ပထမ မြမြက ဘာလဲ ကျွန်မ ဘာမှမသိဘူးလို့ လုပ်သေးတယ်၊ ဒါပေမယ့် ကျုပ်က ဒီမှာ ဒေါ်မြမြ၊ ကျုပ်ဟာ ဓားစာခံလုပ်ပြီး လာတဲ့သူပါ၊ ဒီလိုလူမျိုးဟာ သေရမှာကိုပဲ ဖြစ်ဖြစ်၊ သတ်ရမှာကိုပဲဖြစ်ဖြစ်၊ ရွံနေမယ့်လူမျိုးမဟုတ်ပါဘူးလို့ ပြောလိုက်တော့မှ အိမ်ထဲမှာ ရှိတဲ့ သူ့အစ်မဒေါ်ရီရီကို သွားခေါ်ပေးတယ်၊ ဒေါ်ရီရီရောက်လာတော့ ဆရာဆိတ်ဖွား ရေးပေးလိုက်တဲ့ စာကိုဖတ်ပြီး၊ သူရဲ့ခြံထဲက တပည့် သုံးယောက်ကို ခေါ်ပြီး ကျုပ်ကိုကြိုးနဲ့တုပ်ခိုင်းပြီး ထောက်ကြံ့က မြဒင်တို့ ရှိတဲ့ဆီကို ခေါ်သွားတယ်၊ ဟိုရောက်တော့ မြဒင်နဲ့ဒေါ်ရီရီ နှစ်ယောက်သား တိုးတိုး တိုးတိုးနဲ့ တိုင်ပင်ပြီး ကျုပ်ကိုတော့ အခန်းတစ်ခန်းထဲမှာ သော့ပိတ်ထားလိုက်တယ်၊ ညကျတော့ မောင်သန်းအေးကို အခန်းတစ်ခုထဲကထုတ်ပြီး ခေါ်သွားတာကို ကျွန်တော်က သော့ပေါက်ကနေ မြင်ရတယ်ဗျို့၊ အဲဒီ အချိန်မှာပဲ ကျွန်တော်ရဲ့ လွတ်မြောက်ရေးကို ကြိုးစားရတော့မယ်၊ ဟဲ. . . ဟဲ ဒါကတော့ ကျွန်တော့်လို သူခိုးတစ်ယောက်အဖို့ အလွန်ပဲ လွယ်ပါတယ်၊ သူတို့က တံခါးနဲ့သော့ကိုပဲ ဂရုစိုက်ကြတယ်၊ ကျွန်တော်က ပျဉ်ကိုခွာပြီး ထွက်ခဲ့တယ်၊ ဟဲ. . . ဟဲ ရယ်ဖို့ ကောင်းတဲ့လူတွေပဲ"

ဟု သေတ္တာက ပြော၍ တဟဲဟဲနှင့် ရယ်လေတော့၏။

"မောင်သန်းအေးရဲ့ ရင်ဘတ်ကစာလဲ ငါ့ဆီမှာ ရပြီကွ၊ မြပယ်ရဲ့ ကျောကစာတော့ ငါ့ဆီမှာရှိပြီးသားပဲ၊ အဲဒီစာ နှစ်စောင်ကို ဆက်စပ်ပြီး ဖတ်ကြည့်ရအောင်"


www.burmeseclassic.com

www.burmeseclassic.com


ဟု ဆိတ်ဖွားက ပြောဆိုကာ စိန်နက်အား မောင်သန်းအေး၏ ရင်ဘတ်မှစာကို ကူးယူရန်အတွက် ရှက်လှေ၏ ဝမ်းထဲသို့ လွှတ်လိုက်လေ၏။


"ဆရာဆိတ်ဖွား မောင်သန်းအေးကို ဖမ်းထားတုန်းပဲလား"

ဟု သေတ္တာကမေးလိုက်ရာ ဆိတ်ဖွားက. . .

"ဖမ်းထားရတယ်ကွ၊ ဒီကောင်က တို့ကိုကြောက်ပြီး ထွက်ပြေးရင် မြဒင်တို့အုပ်စုနဲ့တွေ့တာနဲ့ အသတ်ခံရမှာ၊ ဒါကြောင့် သူ့ကို ဖမ်းထားရတုန်းပဲဟေ့" ဟုရှင်းပြလေ၏။

တစ်အောင့်ကြာလျှင် စိန်နက်သည် မောင်သန်းအေးအား ဆိတ်ဖွားထံသို့ ခေါ်လာလေတော့၏။

သေတ္တာသည် မောင်သန်းအေး၏ ရင်ဘက်မှ အကျီကို ဆွဲဖြဲလိုက်ရာ ရင်ဘက်တစ်ခုလုံး၌ မွနေအောင် ထိုးထားသော အောက်ပါစာများကို တွေ့ရလေတော့၏။



ထိုအခါ ဆိတ်ဖွားသည်. . .

"ကဲ. . . ဒီတော့ ဟောဒီမှာ မြစပယ်ရဲ့ ကျောကစာတွေ"

ဟုဆိုကာ အသတ်ခံရသော တယောသမားမြင့်သွေး၏ လက်မောင်းတွင် စည်းနှောင်ထားသည့် လက်ဖွဲ့စာများကို စာရွက်တစ်ရွက်ပေါ်တွင် ရေးပြ လိုက်လေ၏။ (မှတ်ချက်- ထိုစာများအား ဆိတ်ဖွားသည် အလွတ်ကျက်မှတ် ထားခဲ့ပြီး ဖြစ်လေ၏။

www.burmeseclassic.com



"ဟာ. . . ဆရာဆိတ်ဖွား၊ ဒီစာနှစ်စောင်ကို ဆက်လိုက်တော့လဲ လွယ်လွယ်ကလေးပါလား၊ နေပါဦး ကျွန်တော်ဖတ်စမ်းပါ့မယ်"

ဟု ဆိုကာ စိန်နက် အောက်ပါအတိုင်း စဖတ်လေတော့၏။

> သိုက်စာ
>
> (    )မြို့(    )တောင်ကြီးရှိ(    )ဘုရားနှိုက်
>
> ရှိသော(    )ကျောက်ဘီလူး၏ လက်ဝဲဘက်
>
> မျက်စိနှိုက် တူးလေ။

(မှတ်ချက် ။ ။ မြို့အမည်၊ ဘုရား၏ ဘွဲ့တော် စသည်တို့ကို ရေးဖွားရန် မသင့်ဟု ယူဆ၍ ချန်လှပ်ထားခဲ့ပါသည်။ မလိမ္မာသူတို့သည် ယခုလည်း ရှိအုံးနိုးနိုးထင်ကာ တူးဆွခြင်းပြုမည့် အန္တရာယ်ကို ကာကွယ်လိုသောကြောင့် ဖြစ်၏။

စာရေးသူ)

"ကဲ. . . သေတ္တာ၊ အခု ငါတို့လှေကြီး ရပ်ထားတဲ့နေရာက အယ်လ်ဖန်စွန်းနားမှာကွ၊ ရှေ့ကိုသွားရင် လက်ခုပ်ကုန်း၊ ကညင်ကုန်းရှိတယ်၊ ရှေ့ဘက်သွားရင် တိုးမြစ်ကိုရောက်မယ်၊ ငါ့အကြိုက်ကတော့ ဟောဒီကနေ ပင်လယ် ကမ်းရိုးတန်းတစ်လျှောက် ရွက်လွှင့်ပြီး လိုက်ပို့မယ်၊ အနီးဆုံးနေရာကျတော့ ဆင်းပြီး မင်းတစ်ယောက်တည်းသွား၊ အဲဒီနေရာကို ရှာပြီး တူးခဲ့ပေတော့"

ဟု ဆိတ်ဖွားက အကြံပေးလေ၏။

ထိုအချိန်၌ စိန်နက်က. . .

"ဟိုမှာ. . . ဟိုမှာ. . . ဆရာမိုးသီး ပြန်လာပြီ"

ဟု ပြလိုက်သဖြင့် ဆိတ်ဖွားရော သေတ္တာပါ သောင်ပြင်ကို ကြည့်လိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com


မိုးသီးသည် လွန်စွာကြီးမားသော သစ်သားစည်ကြီးတစ်လုံးအား ခြေထောက်ဖြင့်လှိမ့်လာကို တွေ့ရလေ၏။

"ဆရာမိုးသီးရဲ့ ပခုံးပေါ်မှာက ဘာလဲ"

ဟု စိန်နက်က မေးလိုက်လေ၏။

မိုးသီး၏ ပခုံးပေါ်၌ မည်းမည်းညိုညိုအရာဝတ္ထုကို သင်္ဘောသားများကပါ စိတ်ဝင်စားစွာ လှမ်း၍ ကြည့်လိုက်လေ၏။ ထိုအရာသည် မိုးသီး၏ ပခုံးပေါ်မှ ခုန်၍ဆင်းကာ သဲသောင်ပြင်၌ လျှောက်၍ ပြေးသည်ကို တွေ့လိုက်ရမှပင် မျောက်တစ်ကောင်ဖြစ်ကြောင်း သဘောပေါက်ရလေတော့၏။

ရွက်လှေကြီးအနီးသို့ မိုးသီး ရောက်ရှိလာသည့်အခါ၌ သင်္ဘောသားများသည် မိုးသီးထံကို ပြေးသွားကြလေ၏။ ဆိတ်ဖွား၊ သေတ္တာနှင့် စိန်နက်တို့လည်း ဆင်းကြလေ၏။

မိုးသီးသည် ဆိတ်ဖွားရော သေတ္တာကိုပါ ပြုံး၍ ပြလိုက်လေ၏။

"အစောကြီးရောက်ဖို့ပဲ ဆရာဆိတ်ဖွား၊ ဟောဒီစည်ထဲက ကောင်ကို သယ်နေရတာနဲ့ ကြာသွားတာ"

ဟုဆိုကာ သစ်သားစည်ကို ဖွင့်ရန် သင်္ဘောသားများအား စေခိုင်းလိုက်သဖြင့် သင်္ဘောသားများလည်း ခါးတွင်းထိုးထားသော ပုဆိန်များဖြင့် သစ်သားစည်အားခွဲလိုက်ရာ အတွင်း၌ ဝက်တုပ်တုပ်၍ထားသော လူတစ်ယောက် အား ထူးဆန်းစွာ တွေ့ရလေတော့၏။

"မကျီးသီးကိုး"

ဟု ဆိတ်ဖွားက နှုတ်ဆက်လိုက်ပြီးနောက် မိုးသီးဘက်သို့လှည့်ကာ. . .

"သူ့ကို ဘာဖြစ်လို့ ခေါ်လာတာလဲ" ဟု မေးလိုက်လေ၏။

"ဆရာဆိတ်ဖွား တပည့် သူတောင်းစား အိုလံက ဖမ်းထားတာ သူတို့ပဲ၊ အိုလံထွက်ပြေးတော့ သေနတ်နဲ့ ပစ်တာ သူ့လက်ချက်ပေါ့"

"ဟင်. . . အိုလံ သေပြီပေါ့" ဟု ဆိတ်ဖွားက မေးလိုက်လေ၏။

မိုးသီးက ခေါင်းညိတ်၍ ပြပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com


"သေတော့သေပြီ၊ အလောင်းကတော့ ပုလိပ်ဘက်က ရသွားလေရဲ့" ဟု ပြောလိုက်လျှင်. . .

ဆိတ်ဖွားသည် အနီးရှိ သဘော်သားထံမှ ဓားမြှောင်ကို ဆွဲငင်ယူလိုက်ပြီးနောက် မကျီးသီး၏ ကိုယ်တွင်ချည်နှောင်ထားသော ကြိုးများကို ဖြတ်တောက်ပေးလိုက်ရာ ကြိုးပြေသည်နှင့် မပြိုင်နက် မကျီးသီးလည်းပြေးလေတော့၏။

ထိုအခါ ဆိတ်ဖွားသည် စိန်နက်ထံမှ ခြောက်လုံးပြူးကို တောင်းယူကာ ပစ်ချလိုက်လေတော့၏။

"အိုလံသေသလို သေသွားပြီ၊ ကဲ. . . ဆိုစမ်းပါဦး၊ ဘယ်လိုများ ထွက်ခဲ့ရသလဲ မိုးသီး"

ဟု ဆိတ်ဖွားက မိုးသီးဘက်ကိုလှည့်၍ မေးလိုက်လေ၏။

"ဆရာဆိတ်ဖွား ပေးလိုက်တဲ့စာကိုယူပြီး မကျီးသီးတို့ လူစုနဲ့ ဆက်သွယ်တယ်၊ မကျီးသီးဆီလဲ ရောက်ရော ကျုပ်ကိုတန်းပြီး ဖမ်းတော့တာပဲဗျို့၊ ကျုပ်ကို ဖမ်းပြီးတော့မှ မြစပယ်ကို ကားနဲ့တင်ပြီး ဆရာဆိတ်ဖွားတို့ဆီကို ပို့တာ၊ ဆရာဆိတ်ဖွားဆီ သွားတဲ့ကား ပြန်ရောက်လာတဲ့အချိန်မှာတော့ ကျုပ်ကို သူတို့က သတ်ကြတော့မှာပဲ၊ ပြီးတော့ မကျီးသီးက ကျုပ်ကို. . . မင်းထွက်ပြေးတာနဲ့ အိုလံဆိုတဲ့ကောင်ကို သတ်ပစ်လိုက်သလို မင်းကိုလဲ သတ်ပစ်မယ်လို့ ခြိမ်းခြောက်နေပြန်သေးတယ်၊ ကျုပ်က သေရမှာ မကြောက် ပါဘူး၊ မကျီးသီးဆိုတဲ့ကောင်ကို ဆရာဆိတ်ဖွားဆီ ဖမ်းမလာရမှာကိုပဲ စိတ်ထဲက တွေးပူမိပါတယ်"

ဟု ဆိုကာ မိုးသီးသည် သူ၏ ဘောင်းဘီအိတ်အတွင်းမှ စီးကရက်ဘူးကို ထုတ်ကာ မီးညှိလိုက်လေ၏။

"ဆရာကိုမိုးသီး ဆက်ပြောပါဦးဗျ"

"ဒီလိုကွ စိန်နက်ရ၊ မကျီးသီးတို့နဲ့ မလှမ်းမကမ်းက ခြံကြီးထဲမှာ မြင်းရထားနဲ့ ငှါးလူတစ်ယောက်ကို စောင့်ခိုင်းထားတယ်၊ ဒီကောင်က မှောင်ရိပ်


www.burmeseclassic.com

www.burmeseclassic.com



ခိုပြီး သူ့ရဲ့မျောက်ကို ငါ့ဆီလွှတ်ပေးတယ်၊ အဲဒီမျောက်ကလဲ လိမ္မာလိုက်တာ မပြောနဲ့တော့၊ မျောက်က ဓားယူပြီး လာပေးတယ်၊ နောက်ပြန်ချည်ထားတဲ့ လက်ထဲ ရောက်အောင်ကို ဓားကိုထည့်ပေးပြီး ပြန်ထွက်သွားတယ်"

"ဆရာ့နှယ်ဗျာ၊ နဂိုကတည်းက ဓားယူသွားရင် ပြီးရော"

ဟု စိန်နက်က ပြောလိုက်ရာ ကြားရသူအပေါင်းက ဝါးခနဲပိုင်း၍ ရယ်ကြလေ၏။

"မရဘူးလေကွ၊ ဓားစာခံအဖြစ်နေရမယ့်လူဆိုတော့ သူတို့က ကျေနပ်အောင် ရှာကြတာကွ၊ တစ်ကိုယ်လုံးနဲ့အောင် ရှာတာ၊ ဟဲ. . . ဟဲ. . . အဲဒါနဲ့ ကြိုးကို ဓားနဲ့ထောက်ပြီး ပွတ်ဖြတ်ရတယ်၊ ကြိုးထုံးပြတ်ပြီး သွားတဲ့အခါမှာ အပြင်က ကျုပ်တပည့်က မျောက်ကို သေနတ်လာပေး ခိုင်းတယ်၊ ကျုပ်လဲ ဒီကောင်တွေကို စွပ်ပြီး ပစ်တော့တာပဲ၊ ဒီလိုပစ်ရင်းကနေ မကျီးသီးဆီကို ပြေးသွားပြီး နားထင်ကို သေနတ်နဲ့ထောက်ပြီး ဖမ်းခဲ့ရတာ၊ ဖမ်းခဲ့ပြီးတော့မှ မြင်းရထားဝှက်ထားတဲ့ ခြုံကိုသွားပြီး မြင်းရထားနဲ့ပြေးရတာ၊ စဥ့်အိုးတန်းဘက် က သစ်သားစည်တစ်လုံးသွားဝယ်ပြီး ကမ်းနားကိုယူသွား၊ သမ္ဗန်တစ်စီးငှားပြီး သမ္ဗန်နဲ့သယ်လာရတာဗျ၊ မျောက်ပိုင်ရှင်က လမ်းဘေး မှာ မျောက်ပြစားတဲ့ လူလေ၊ သူကိုလဲ ရွှေဒင်္ဂါးလေးပြားပေးခဲ့တယ်၊ ပြီးတော့ သူ့ရဲ့မျောက်ကိုပါ ရွှေဒင်္ဂါးခြောက်ပြားပေးပြီး အပိုင်ဝယ်ယူလာခဲ့ရတာပဲ၊ ဟဲ. . . ဟဲ. . . လူဆိုးဂိုဏ်း နှစ်ခုလုံးကတော့ ဆရာဆိတ်ဖွားကို မြေလှန်ပြီးရှာ နေကြလေရဲ့၊ အဲဒီတော့ ဟိုအသေကောင် မကျီးသီးရဲ့ ကိုယ်ကအကျီတွေ လုံချည်တွေချွတ်ပစ်ပြီး ဆရာဆိတ်ဖွားရဲ့ အကျီတွေလုံချည်တွေဝတ်ပေး၊ မျက်နှာကိုလဲ မမှတ်မိအောင် ခုတ်ထစ်ပစ်ခဲ့ရင် ကောင်းမယ်၊ ဟိုကောင်တွေက ခြေရာခံပြီး လိုက်လာခဲ့လို့ ရှိရင် ဆရာဆိတ်ဖွား သေပြီလို့ ယူဆနိုင်တာ ပေါ့ဗျ"

ဟု မိုးသီးကပြောသဖြင့် ဆိတ်ဖွားသည် အကျီလုံချည်များကို ချွတ်၍ သင်္ဘောသားတစ်ယောက်ကို ပေးလိုက်ရာ သင်္ဘောသားသည် မကျီးသီး၏ ကိုယ်၌ ဝတ်ဆင်ပေးလိုက်ပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ဆိတ်ဖွား၊ မိုးသီး၊ သေတ္တာတို့သည် ရွက်လှေကြီးပေါ်သို့ တက်ကြလေ၏။ ဆိတ်ဖွားက သိုက်စာညွှန်းကို ပြောပြ၍ သွားမည့်အစီအစဉ်ကိုပါ မိုးသီးအား ရှင်းပြရာ မိုးသီးက. . .

"မဟုတ်သေးဘူး၊ ဆရာဆိတ်ဖွား၊ အကောင်းဆုံးကတော့ လောင်ဂျီတွဒ် ၁၉း၃၀ဒီဂရီလောက်မှာရှိတဲ့ ကရိသျှနား သောင်နားမှာ ခိုလို့ ကယ်လို့ကောင်းမယ့် ကျွန်းကလေးတွေရှိတယ်၊ အဲဒီမှာ ကျုပ်တို့က ကျောက်ချပြီး စောင့်နေမယ်၊ ခုတော့ သေတ္တာတစ်ယောက်တည်း လွှတ်လိုက်မယ်၊ သေတ္တာက သိုက်စာပါ အညွှန်းအတိုင်း သွားပြီးတူး၊ ပြီးတော့ ကြုံရာရွက်လှေနဲ့ လိုက်ပြီး ဘိုကလေး မြစ်ဝ ထပ်တစ်ရာကျွန်းဘက်မှာ ဆင်းပြီး ကရိသျှနားကျွန်းကို အရောက်လာပေတော့၊ ကျန်တာတွေကတော့ သေတ္တာပြန်ရောက်လျှင် ဆက်ပြီးစီစဉ်ရမယ်၊ ရတနာတွေများရင်တော့ သေတ္တာက တစ်နေရာရာမှာ ဝှက်ထားပြီး ပြန်လာခဲ့ပေတော့"

ဟု ပြောရာ သေတ္တာကပါ သဘောတူလေ၏။

ထို့ကြောင့် ဆိတ်ဖွားက သေတ္တာခရီးထွက်ရန်အတွက် ရုပ်ဖျက်ပေးတေလ၏။ ရုပ်ဖျက်ပေးရင်း ဆိတ်ဖွားက အောက်ပါအတိုင်း ပြောလေ၏။

"သာမညဖလသုတ်နဲ့ အဋ္ဌကထာဋီကာတွေမှာ သူရဲကောင်း (၁၃)မျိုး တွေ့ရတယ်၊ အဲဒီအထဲမှာ သူရာလို့ခေါ်တဲ့ သူရဲကောင်းမျိုးဟာ သမုဒ္ဒရာကို ဖြတ်ကူးဖို့ကြုံလာရင် ဖြတ်ကူးဝံ့တဲ့ သူရဲကောင်းမျိုးကွ၊ အခုလဲ မင်းဟာ သွားရမယ့်ခရီးက နီးတာမှ မဟုတ်ဘဲ၊ ဒါပေမယ့် တစ်ချက်တစ်လေးတောင် မှ ခက်ခဲတဲ့အကြောင်း တစ်လုံးတလေမှ ပြောဖော်မရပါလား၊ ဟား. . . ဟား သိပ်တော်တဲ့ သေတ္တာ၊ ကဲ. . . ဒီပုံဆိုရင် တံငါသည်နဲ့ တူသွားပြီ၊ သွားပေတော့"

သေတ္တာသည် ဆိတ်ဖွားနှင့် မိုးသီးကို နှုတ်ဆက်၍ ချက်ချင်းပင် လှေပေါ်မှဆင်း၍ သွားလေတော့၏။

"ကဲ. . . ဆရာဆိတ်ဖွားရေ ကျုပ်တို့ ကမ်းက ခွာကြမယ်"


www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ မိုးသီးသည် သူ၏အောင်မြင်ခန့်ညားသော အသံဖြင့် သင်္ဘောသားများအား ရွက်ကြိုးများတင်ရန်နှင့် ကျောက်ကြိုးတင်ရန် အမိန့်ပေးလိုက်လေတော့၏။

သင်္ဘောကြီးကမ်းမှခွာသည့်အခါ၌ ဆိတ်ဖွားသည် စိန်နက်အား. . .

"စိန်နက်ရေ မြစပယ်ကိုသွားခေါ်ခဲ့ပါဦးကွာ၊ ပြီးတော့ ယောဒိက မောင်သန်းအေးနဲ့ မြစပယ်တို့ နှစ်ယောက်ကိုလဲ သင်္ဘောကြီးပေါ်မှာ လွတ်လွတ်လပ်လပ် အနားယူကြပါစေ"

ဟု ပြောလိုက်ရာ စိန်နက်သည် သင်္ဘောဝမ်းအောက်သို့ ဆင်းသွားပြီးလျှင် မောင်သန်းအေး နှင့် မြစပယ်အား ဆိတ်ဖွားတို့ထံသို့ ခေါ်၍လာလေ၏။

မောင်သန်းအေး နှင့် မြစပယ်အား တကွဲတပြားစီ ချုပ်ထားသည်ဖြစ်ရာ မောင်သန်းအေးသည် မြစပယ်ကို မြင်သည်နှင့် တစ်ပြိုင်နက် မျက်လုံးကျွတ်ကျလုမတတ် ငေးမော ကြည့်ရှုလေတော့၏။

ဆိတ်ဖွားတို့ အနီးသို့ရောက်လျှင် ဆိတ်ဖွားက. . .

"သင်္ဘောပေါ်မှာ ကိုယ့်အိမ်လို သဘောထားပြီး လွတ်လွတ်လပ်လပ်နေကြပါ၊ မင်းတို့ကို ဖမ်းထားရတာကလဲ ငါတို့ရဲ့စေတနာကို နားမလည်ဘဲ မင်းတို့ထွက်ပြေးရင် အန္တရာယ်တွေ့မှာစိုးလို့ပါ" ဟု ပြောလေ၏။

မြစပယ်သည် ပင်လယ်ပြင်ကြီး၌ ရွေ့လျားလျက်ရှိသော သင်္ဘောကြီးပေါ်မှာ မိမိလိုက်ပါနေမည့်အဖြစ်ကို အံ့ဩလျက်ရှိနေ၏။

မိုးသီးသည် မြစပယ်ကို မျက်မှောက်ကြုတ်၍ ကြည့်နေလေ၏။ စိတ်တွင်း၌လည်း. . .

"မမင်းဖြူနဲ့ တူလှချည်လား"

ဟု ရေရွတ်မိလေတော့၏။ သို့ရာတွင် မြစပယ်အနေရ အထိုင်ရခက်သွားမည်စိုးသဖြင့် စေ့စေ့မျှ မကြည့်တော့ဘဲ ကုလားသင်္ဘောသားများနှင့် ဖတူ သွားရောက်၍ ကုလားဗုံ တီးပေးနေလေ၏။ အဆိုကောင်းသောကုလား က လွမ်းဆွေးဖွယ်ရာ အော်ဟစ်၍ ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြစပယ်သည် မိုးသီး၏ ယောက်ျားပီသော ဥပမိရုပ်ကိုမြင်လျှင်. . .

"ဒီလူနှယ် ယောက်ျားပီပီ ခန့်ခန့်ညားညား သန့်သန့်ပြန့်ပြန့်နဲ့ လူဆိုးဗိုလ် ဖြစ်နေရသလား"

ဟု အံ့ဩနေရာမှ မိုးသီးက ကုလားသင်္ဘောသားများနှင့်ရောနှော ကာ ဗုံတီးနေပုံကို မြင်လျှင်. . .

"လူဆိုးဗိုလ်ကလဲ ဂီတတော့ ဝါသနာပါသားပဲ"

ဟု တွေးထင်မိလေ၏။

ထမင်းစားသည့်အခါ၌ မြစပယ်နှင့် မောင်သန်းအေးတို့ အတူတကွ စားကြလေ၏။ မောင်သန်းအေးက မြစပယ်အား . . .

"ခင်ဗျား ဘယ်သူလဲ"

ဟု မေးရာ မြစပယ်က အငြိမ့်မင်းသမီးဖြစ်ကြောင်း၊ လူဆိုးများက ဖမ်းထားကြောင်း၊ ယခုတစ်ဖန် လူဆိုးအချင်းချင်း ရောင်းစားလိုက်ပုံရ ကြောင်း မြစပယ်က ပြောလေ၏။

"ဟုတ်တယ်-ကျုပ်လဲ ဒီလိုပဲ၊ ကျုပ်ကိုလဲ ကျုပ်ရဲ့မိထွေးနဲ့ လူဆိုး အဖွဲ့က ဒီလူတွေကို ရောင်းစားလိုက်တာပဲ၊ နည်းနည်းတော့ သတိထားနေ ပေါ့၊ ဟိုမှာ ဗုံတီးနေတဲ့လူက ကြည့်ရတာ တယ်ကြောက်ဖို့ကောင်းတဲ့လူပဲ မြစပယ်" ဟု မောင်သန်းအေးက ပြောလိုက်လေ၏။

ညဘက်သို့ရောက်သောအခါ၌ ထိန်ထိန်သာသာ လမင်းကြီးနှင့် ပင်လယ်ပြင်သည် လွန်စွာ လွမ်းဆွတ်ဖွယ်ရာ ကောင်းလေတော့၏။ မြစပယ် သည် သစ်သားစည်ကလေးကို မှီကာ လမင်းကြီးအား ငေးမောကြည့်ရှုရင်း မျက်ရည်များ တတွေတွေ ကျလျက်ရှိလေတော့၏။

မောင်သန်းအေးသည် မြစပယ်အနီးသို့ ကပ်သွားပြီးလျှင်. . .

"အားမငယ်ပါနဲ့ မြစပယ်ရယ်. . . ကိုသန်းအေး တစ်ယောက်လုံး ရှိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com


ဟု အားပေးစကား ပြောလေ၏။ ထို့နောက် အားပေးသလို ကူညီသလိုနှင့် မြစပယ်၏ လက်ကလေးကိုသွား၍ ကိုင်သဖြင့် မြစပယ်က ဆတ်ခနဲ ပြန်၍ရုန်းလိုက်လေ၏။

"ကိုသန်းအေးလေ မြစပယ်ကို မြင်မြင်ချင်း စိတ်ထဲမှာ ဘယ်လို ဖြစ်မှန်း မသိဘူး၊ ဒိုကွာ. . . ရှင်းရှင်းပဲပြောမယ်ကွယ် ကိုသန်းအေးကတော့ သိပ်ပြီး ချစ်တာပဲ" ဟု မယားတရား ချစ်ရေးဆိုလေတော့သည်။

"လူဆိုးတွေလက်ထဲမှာ ဘယ်ရောက်လို့ ဘယ်ရောက်မှန်း မသိရတဲ့ အထဲ ဒုက္ခမပေးပါနဲ့ရှင်၊ အေးအေးဆေးဆေး နေပါရစေ"

ဟု မြစပယ်က ပြောလေ၏။

ဆိတ်ဖွား နှင့် မိုးသီးတို့လည်း ထမင်းစားရင်းနှင့် စကားပြော နေကြလေ၏။ မောင်သန်းအေးအနီးမှ မြစပယ်သည် ရှောင်ထွက်ကာ အခြားနေရာ၌ သွားရောက်ထိုင်လေ၏။ သဘော်သားတစ်ယောက်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလျက် မြစပယ်အနီးသို့ ကပ်သွားကာ အတင်းဝင်၍ ပွေ့ဖက် နမ်းရှုပ်လေ၏။ မောင်သန်းအေးသည် တွေ့မြင်ပါ လျက် ဝင်ရောက်ကူညီခြင်း မပြုဝံ့ဘဲ ရပ်၍ကြည့်နေလေ၏။ မြစပယ်က. . .

"လာကြပါဦး"

ဟု အော်ဟစ်လိုက်ရာ မိုးသီးသည် ထမင်းစားနေရာမှ ပြေးထွက် လာပြီးလျှင် သဘော်သားအား ကုပ်မှကိုင်ကာ မျက်နှာကို လက်သီးဖြင့် ထိုးချ လိုက်လေတော့၏။

သဘော်သားလည်း ပက်လက်လန်လဲကျနေရာမှ မိုးသီးကိုကြည့်လိုက် လေ၏။ မိုးသီးလည်း ခါးကြားမှ သေနတ်ကိုထုတ်၍ ထိုသဘော်သားအား ဒိုင်းခနဲ ပစ်ချလိုက်လေတော့၏။ ထို့နောက် မောင်သန်းအေးဘက်သို့လှည့် ကာ. . .

"ကိုယ့်လူကလဲ ကိုယ့်ရှေ့မှာ မိန်းကလေးတစ်ယောက်ကို စော်ကား နေတာ ကြည့်နေရသလား၊ ဆွဲပြီးထိုးပါလား၊ ဟိုမှာလဲ ပုစိန်တစ်လက် အဲဒါနဲ့ ခုတ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ မောင်သန်းအေးက. . .

"ဆရာတို့က ကျွန်တော်တို့ကို ဖမ်းထားတာဆိုတော့ ဆရာတို့ လက်တွင်းရောက်နေတာ မဟုတ်လား၊ ဘယ်လိုလုပ်ပြီး ခုခံဝံ့မှာလဲ"

ဟု ပြောလိုက်လေ၏။

မိုးသီးလည်း မောင်သန်းအေး၏ စကားကြားရလျှင် အံ့ဩသော မျက်နှာနှင့် ဆိတ်ဖွားအား လှမ်း၍ကြည့်လိုက်လေ၏။ ထိုအခါ ဆိတ်ဖွားက. . .

"မဟုတ်ပါဘူးကွ ငါတို့က မင်းတို့ကိုဖမ်းထားတာ မဟုတ်ဘူး၊ မင်းတို့ အတွက် အသက်စွန့်ပြီး ကယ်လာကြတာ၊ ညနေက ထွက်သွားတဲ့ သေတ္တာ ဆိုတဲ့ကောင်က မင်းအတွက် သူ့အသက်ကို အပေါင်ထားပြီး မင်းကို ထုတ် ခဲ့ရတာ၊ ဟောဒီ မြစပယ်အတွက်ကို ဟောဒီ မိုးသီးက သီဟိုဠ်ကနေ ရောက် လာပြီး ဓားစာခံအဖြစ်နဲ့ ကယ်ခဲ့ရတာ"

ဟု အစချီလျက် မောင်သန်းအေး၏ မိထွေး အုတ်ဂူလာ၍ အပ်ပုံ၊ မယဉ်နွယ်ဆိုသည့် မောင်သန်းအေး၏ ချစ်သူ လာရောက်အကူအညီတောင်းပုံ၊ မြစပယ်၏ မောင်ဖြစ်သူ တယောသမား မောင်မြင့်သွေးအား လူဆိုးများက သတ်ဖြတ်၍ အလောင်းလာ၍ ပစ်ထားပုံမှအစ မိုးသီး၊ သေတ္တာနှင့် မိမိအပါအဝင် လူသုံးယောက်တို့ စွန့်စားခဲ့ကြရပုံကို ရှင်းပြသည့်အပြင် ယခုအခါ၌လည်း သေတ္တာသည် မောင်သန်းအေး၏ ရင်ဘတ်နှင့် မြစပယ်၏ ကျော၌ပါရှိသော ဗုက်စာပါ အညွှန်းအတိုင်း ရတနာများ သွားရောက်တူးဖော်လျက်ရှိပုံ၊ ရတနာများ ရရှိလာသည့်အခါ၌ မောင်သန်းအေး နှင့် မြစပယ်အား အညီ အမျှ ခွဲဝေပေးရန် ဖြစ်ကြောင်းကိုပါ ရှင်းပြပြီးနောက်. . .

"မင်းတို့ကို ကယ်ရတဲ့ကိစ္စမှာ ငါရဲ့မိတ်ဆွေဆိုလဲဟုတ်၊ တပည့်ဆို လဲဟုတ်တဲ့ သူတောင်းစား အိုလံတောင်မှ အသက်ဆုံးရှုံးခဲ့ရပါတယ်ကွာ"

ဟု စိတ်မကောင်းသော လေသံဖြင့် ပြောလေ၏။

ထိုအခါ မြစပယ်သည် မိမိအား အသက်စွန့်၍ ကယ်ဆောင်ခဲ့သည် ဆိုသော မိုးသီးအား လှမ်း၍ကြည့်လိုက်လေ၏။ အရပ်အမောင်းကောင်း၍



www.burmeseclassic.com

www.burmeseclassic.com


အသားဝါကာ မျက်လုံး မျက်ခုံးကောင်းလှသော မိုးသီး၏ ဥပဓိရုပ်ကိုမြင်လျှင်. . .

"ဟုတ်မှပါပဲ၊ သူကြည့်ရတာ စွန့်စားဝံ့မယ့် ရုပ်မျိုးပဲ"

ဟု တွေးထင်မိလေ၏။

သင်္ဘောသားများလည်း မိုးသီးက သင်္ဘောသားတစ်ယောက်အား ရက်ရက်စက်စက် သတ်ဖြတ်ပစ်ပုံကို ကြည့်၍ တစ်ဦးကိုတစ်ဦး မျက်စပစ်ကာ "ဘယ်လိုလဲ တယ်လဲ ရက်စက်လှချည်လား"ဟူသော သဘောကို ဖော်ပြကြလေ၏။

မိုးသီးတို့၏ ရွက်သင်္ဘောကြီးသည် တရွေ့ရွေ့နှင့် လာခဲ့ရာ ကရစ်သျှနား သောင်ပြင်သို့ရောက်လေ၏။ ထိုသောင်ပြင်၏ အနီးရှိ ကျွန်းငယ်ကလေး တစ်ကျွန်း၌ သင်္ဘောကို ရပ်နားကာ သိုက်ညွှန်းအတိုင်း ရတနာသိုက်ကို သွားရောက်တူးဖော်သည့် သေတ္တာအား စောင့်မျှော်နေကြလေ၏။

မောင်သန်းအေးကမူ မြစပယ်အနီးသို့ မယောင်မလည်ကပ်သွားခြင်း၊ လူလစ်သည်နှင့် ချစ်ရေးဆိုခြင်း စသော မဖွယ်ရာသည့်ကိစ္စများကိုသာ ပြုလုပ်လေ့ရှိ၏။

တစ်ညသ၌ လကလည်း သာ၍နေစဉ် မိုးသီးသည် အိပ်၍မပျော်ဘဲ ရှိသဖြင့်. ကျွန်းပေါ်ရှိ အုန်းပင်တစ်ပင်အား မှီကာ တယောထိုးနေလေ၏။ မြစပယ်လည်း အိပ်မပျော်နိုင်သေးဘဲရှိရာ မိုးသီး၏ တယောသံ၌ နစ်မျောလေသည်။

ဆိတ်ဖွားမှာမူ မှန်အိမ်ကို ထွန်းလျက် 'လူသားတို့၏ထွက်ရပ်လမ်း' ဟူသော ကျမ်းကြီးကိုစတင်၍ ရေးသားနေလေတော့၏။ ထိုအချိန်၌ တစ်စုံ တစ်ယောက်သည် မိုးသီး၏နောက်သို့ ခြေသံမကြားရအောင် တရွေ့ရွေ့ ချဉ်းကပ်သွားပြီး မိုးသီး၏ ပခုံးကို ပုဆိန်ဖြင့် ခုတ်ချလိုက်လေတော့၏။

မိုးသီးလည်း တယောက်ထိုး၍နေရာမှ ဆတ်ခနဲ ခေါင်းကို ငုံ့ချလိုက်ပြီးလျှင် ရုတ်တရက်လှည့်၍ ထိုသူ၏ ရင်ဝသို့ ခြေထောက်ဖြင့် ကန်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com


ထိုသူနောက်သို့ လဲသွားလေ၏။ ထိုသူက အနီးသို့ ချဉ်းကပ်၍ ဓားဖြင့် ထိုးပြန်လေ၏။ မိုးသီးကရှောင်၍ ခြေဖြင့်ကန်ပြန်လေ၏။ အတော်ကြာသည် အထိ သတ်ပုတ်ပြီးနောက် မိုးသီးသည် ထိုသူ့ဓားမြှောင်နှင့်ပင် ထိုသူ့အား ထိုးလိုက်ရာ ထိုသူသည် 'အား'ခနဲ အော်ဟစ်လိုက်လေ၏။

အော်သံမှာ ကျွန်းတစ်ခုလုံးကိုသာမက ပင်လယ်ကြီးကိုပင် လွှမ်းမိုး သွားသည်မှာ ထင်မှတ်ရလေတော့၏။ ထိုသင်္ဘောသားမှာ မနေ့က မိုးသီး သတ်လိုက်သော သင်္ဘောသားနှင့် လွန်စွာခင်သော သူငယ်ချင်းဖြစ်ပေရာ သူ့သူငယ်ချင်း သေရသည့်အတွက် မိုးသီးအား လက်စားချေခြင်းဖြစ်ပေသည်။

သင်္ဘောသားများလည်း သေနတ်များ ပုဆိန်များဆွဲကိုင်ကာ သင်္ဘော ပေါ်မှဆင်း၍ လာကြပြီးလျှင် မိုးသီးကိုတစ်လှည့် ဓားတန်းလန်းနှင့် သေဆုံး လျက်ရှိသော သင်္ဘောသားကိုတစ်လှည့် ကြည့်ရှုကာ သင်္ဘောပေါ်သို့ပြန်၍ တက်သွားကြလေတော့၏။

သင်္ဘောသားများ တက်၍လာသည့်အခါ၌ မောင်သန်းအေးက. . .

"ဘာဖြစ်တာလဲ"

ဟု မေးရာ သင်္ဘောသားတစ်ဦးက မိုးသီး နှင့် သင်္ဘောသားတစ်ဦး သတ်ပုတ်ကြောင်း၊ သင်္ဘောသား သေဆုံးသွားကြောင်း ပြောလျှင်. . .

"ဒီလူကတော့ သင်္ဘောသားတွေ သတ်နေတာပဲ၊ မနေ့ကလဲ တစ်ယောက်၊ ကြာရင် တစ်ယောက်မှ ရှိတော့မှာမဟုတ်ဘူး"

ဟု တစ်ကိုယ်တည်း ညည်းသလိုနှင့် သင်္ဘောသားများ၏ စိတ်ကို နှိုးဆွလိုက်လေတော့၏။

အမှန်စင်စစ်အားဖြင့် ယခုပါလာသော သင်္ဘောသားဆိုသူများမှာ လည်း ကျွန်းပြေးများ၊ ထောင်ပြေးများနှင့် ဝရမ်းပြေးများသာ ဖြစ်ကြပေ သည်။ မည်သည့်တိုင်းပြည်တွင်မှ အတိအကျ နေထိုင်ခြင်းမရှိဘဲ ပင်လယ်ပြင်၌ သာလျှင် အချိန်ကုန်၍ နေကြသူများ ဖြစ်၏။ သူတို့သည် တစ်ချိန်က ဤရွက် သင်္ဘောကြီးနှင့် လှည့်လည်ကာ ဓားပြတိုက်ခဲ့ကြသော ပင်လယ်ဓားပြများ


www.burmeseclassic.com

www.burmeseclassic.com


လည်း ဖြစ်ပေသည်။

ထိုပင်လယ်ဓားပြ သင်္ဘောကြီးအား ဇွန်ဒီ ဟုခေါ်သည့် ပင်လယ်ဓားပြကြီးက ကုန်သည်တစ်ဦးအား ရောင်းချခဲ့ခြင်းဖြစ်၏။ ရောင်းချရာ၌ သင်္ဘောသားများကိုပါ ထည့်သွင်းရောင်းချခဲ့ခြင်းဖြစ်၏။ ထိုကုန်သည်ထံမှ မိုးသီးကတစ်ဆင့် ဝယ်ယူခဲ့ရာ သင်္ဘောသားများလည်း သင်္ဘောနှင့်အတူ ပါ၍ လာခဲ့ပေသည်။

သင်္ဘောသား ပင်လယ်ဓားပြများမှာ နဂိုကပင် သင်္ဘောကြီးကို အပိုင်စီး၍ ထွက်သွားကြလိုသည့်အထဲတွင် မိုးသီးက သင်္ဘောသားနှစ်ယောက်ကို သတ်ပစ်လိုက်သောအခါ၌ သင်္ဘောသားများအား စိန်ခေါ်လိုက်သကဲ့သို့ ရှိလေ၏။ သင်္ဘောသားအလုပ်ကို ရိုးရိုးသားသား လုပ်ကိုင်သော ကုလားအချို့လည်း ရှိသေးသည်ဖြစ်ရာ ပင်လယ်ဓားပြသင်္ဘောသားတို့သည် ထိုကုလားများအားလည်း သွေးထိုးစည်းရုံးလျက်ရှိပေသည်။ မောင်သန်းအေးမှာလည်း ပင်လယ်ဓားပြ သင်္ဘောသားများအနီးသို့ ချဉ်းကပ်ကာ. . .

"ကိုယ့်လူတို့က လူညံ့တွေပဲ၊ အများနဲ့တစ်ယောက်ဗျာ၊ လူညီရင် ဤကို ကျွဲလို့ဖတ်ရတာပဲ၊ ဟဲ. . . ဟဲ၊ ကိုယ်လဲ လူဆိုး၊ သူလဲ လူဆိုးပဲဥစ္စာ၊ မလိမ္မာလို့ ဆိုးကြမိုက်ကြပြီးမှတော့ သူတစ်ပါးရဲ့ ခြေထောက်အောက်မှာ ပြားပြားဝပ်မနေသင့်ပါဘူး"

ဟူ၍လည်းကောင်း. . .

"ရတနာတွေရလာရင် ကိုယ့်လူတို့ကို တစ်ဝက်ခွဲပေးမယ်၊ မိုးသီးဆိုတဲ့လူကို အပြတ်သာ ရှင်းခဲ့ကြပေတော့"

ဟူ၍လည်းကောင်း လှုံ့ဆော်သွေးထိုးလေတော့၏။

သင်္ဘောသား ပင်လယ်ဓားပြများအား မြှောက်ထိုးပင့်ကော် လုပ်သကဲ့သို့ မြစပယ်အနီးသို့လည်း ချဉ်းကပ်ကာ. . .

"မြစပယ်နဲ့ ကိုသန်းအေးနဲ့က ရတနာတစ်ဝက်စီရကြမှာ ဟဲ. . . ဟဲ၊ ကိုသန်းအေးရဲ့သဘောကတော့ ရတနာတွေကို တစ်ဝက်စီမခွဲချင်ပါဘူး၊ ရတနာချင်းလဲပေါင်း၊ လူချင်းလဲပေါင်းဆိုရင် မကောင်းဘူးလား"

ဘုရွှာဝတ်စံဆေ

www.burmeseclassic.com

 www.burmeseclassic.com

ဟူ၍ မျက်နှာပြောင်တိုက်ကာ ချစ်ရေးဆိုလေတော့၏။

ဤသို့နေလာခဲ့ရာ ရက်အတော်အတန် ကြာသောအခါ၌ ပင်လယ်ဓားပြ သင်္ဘောသားများနှင့် မောင်သန်းအေးတို့သည် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်သွားကြလေသည်။ မောင်သန်းအေး၏ စိတ်၌ မိုးသီးသာလျှင် မကျေမနပ်ဖြစ်သည် မဟုတ်ပေ။ မြစပယ်ကိုလည်း မကျေမနပ်ဖြစ်ကာ. . .

"သိမယ်. . . မြစပယ်၊ နင်ငါ့အကြောင်းကို ကောင်းကောင်းကြီးသိရမယ်" ဟု ကြိမ်းဝါးလျက်ရှိလေတော့၏။

တစ်နေ့သ၌ တံငါလှေကြီးတစ်စင်းသည် မိုးသီးတို့ထံရောက်ရှိလာလေတော့၏။ ထိုလှေကြီး၌ သေတ္တာလည်းပါ၍ လာလေ၏။ ထို့နောက် တံငါလှေကြီးသည် သေတ္တာကို ထားခဲ့ပြီးနောက် ထွက်ခွာ၍ သွားလေတော့သည်။

"ဟော့. . . သေတ္တာ နေရာကျရဲ့လား"

ဟု မိုးသီးက နှုတ်ဆက်လိုက်လေ၏။

"လွယ်တော့ သိပ်မလွယ်ဘူးဗျို့၊ သွားရတဲ့ ခရီးကလဲ ကုန်းတစ်တန် ရေတစ်တန်၊ ပုလိပ်တွေ စုံထောက်တွေလဲ ခြေချင်းကို လိမ်နေတာပဲ၊ မကျီးသီးရဲ့တပည့်တွေကရော မြဒင်တို့အဖွဲ့ပါ ဆရာဆိတ်ဖွားကို မြေလှန်ရှာနေကြလေရဲ့၊ ဟိုရောက်တော့ ညဘက်ကြီးမှာပဲ တောင်ပေါ် အတက်အဆင်းလုပ်တဲ့ လှေကားထိပ်က ကျောက်ဘီလူးရုပ်ကြီးရဲ့ မျက်လုံးကိုတူးရတယ်၊ တူးတော့ ဟောဒီ ကြေးပုရပိုက်ကလေး တစ်ချပ်ထွက်လာတယ်၊ အခြားဘာရတနာတွေမှ မရှိဘူး"

ဟု ဆိုကာ သေတ္တာသည် ကြေးပုပိုက်ကို ထုတ်၍ ပေးလေ၏။

ဆိတ်ဖွား၊ မိုးသီး၊ မောင်သန်းအေးနှင့် မြစပယ်ကိုပါ ထိုပုရပိုက်ကို ဝိုင်းဝန်းကြည့်ရှုကြလေ၏။ ပုရပိုက်ပေါ်၌ကား အောက်ပါစာကို ရေးထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သိုက်စာ

ဖြူသီး၊ ငမဲကြီး၊ နေကက်ကျော်၊ ပဥ္စရူပဘာက သိန်း ဟူသော ကျွန်ုပ်တို့လေးဦးသား ဆိုးသွမ်း ရမ်းကား၍ ရသမျှသော ရတနာပစ္စည်းများအား အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မော်လဒိုက်ကျွန်းစုများ အနက် အကြီးဆုံးသောကျွန်းရှိ အမြင့်ဆုံးသော တောင်ကုန်း၏ ထိပ်တည့်တည့်၌ မြှုပ်နှံထားသည်။

ထိုပုရပိုက်ကိုကြည့်၍ တစ်ဦးမျက်နှာကို တစ်ဦးကြည့်ကြလေ၏။ ထို့နောက် ဆိတ်ဖွားက အောက်ပါအတိုင်း ပြောလေတော့၏။

"အံ့ရောကွာ၊ မောင်သန်းအေးရဲ့ ရင်ဘတ်က စာနဲ့ မြစပယ်ရဲ့ ကျောက စာကို ပေါင်းမှဖတ်လို့ရတဲ့ စာတစ်စောင်၊ အဲဒီစာကလဲ သိုက်စာ အညွှန်းအတိုင်း သွားပြီးတူးပြန်တော့လဲ ရတနာပစ္စည်းက မရသေးဘဲ နောက်ထပ် နေရာတစ်နေရာ ညွှန်ထားပြန်တာကို၊ တယ်လဲဉာဏ်ပြေးတဲ့ လူရမ်းကားကြီး လေးယောက်ပဲကွ၊ ဟဲ. . . ဟဲ၊ မဟုတ်မှလွဲရော ဖြူသီး၊ ငမဲကြီး၊ နေကက်ကျော်၊ ပဥ္စရူပဘာသိန်းဆိုတဲ့ လူရမ်းကားကြီး လေးယောက်ထဲမှာ အရုပ်အပုဆုံးလူက ဒီဉာဏ်ကိုထုတ်တာပဲ ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူပုတွေဟာ တယ်လဲ ဉာဏ်နီဉာဏ်နက်များတာကို. . . ဟာ. . . ဟ"

ဆိတ်ဖွား၊ မိုးသီး၊ သေတ္တာ၊ မောင်သန်းအေးနှင့် မြစပယ်တို့သည် ကျွန်းကလေးပေါ်ရှိ အုန်းပင်ရိပ်အောက်၌ ထိုင်ကာ ရတနာပစ္စည်းများကို သွားရောက် တူးဖော်ရန်အတွက် တိုင်ပင်နေကြလေ၏။

"ရတနာပစ္စည်းတွေရရင်တော့ သူတို့နှစ်ယောက်ကို ခွဲဝေပေးပြီးရင် သင်္ဘောသားတွေကို ထိုက်ထိုက်တန်တန် ဆုကလေး ဘာလေးချရှုံပဲ အချာ ဆိတ်ဖွားရေ ကျုပ်တို့ကတော့ အကျိုးဆောင် သက်သက်ပဲ၊ အဲဒါထက် ခက်တာ ကတော့ မြစပယ်နဲ့ မောင်သန်းအေးတို့ရဲ့ နေရေးထိုင်ရေးနဲ့ လုံခြုံရေးပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိုးသီးက ပွပန်စွာ ပြောလိုက်လေ၏။

"ကျွန်တော်နဲ့ မြစပယ်နဲ့ လက်ထပ်လိုက်မယ်လေ"

ဟု မောင်သန်းအေးက မျက်နှာပြောင်တိုက်၍ ဝင်၍ပြောလိုက်ရာ မြစပယ်က. . .

"ရှင့်ကို ဘယ်သူက လက်ထပ်မယ်ပြောလို့လဲ၊ ပြီးတော့ ရှင့်ကို မျှော်လင့်နေရှာတဲ့ မယဉ်နွယ်ဆိုတာ ရှိတယ်လို့ ဟောဒီ ဆရာကြီးက ပြောတယ် မဟုတ်လား" ဟု ဆိတ်ဖွားအား ညွှန်ပြ၍ ပြောလိုက်လေ၏။

"အို. . . ဒီကောင်မအကြောင်း မပြောစမ်းပါနဲ့၊ ကျုပ်က တကယ် မေတ္တာရှိခဲ့တာမဟုတ်ဘူး၊ ယောကျ်ားဆိုတော့ အပျော်သဘောထားခဲ့တာပါ"

ဟု မောင်သန်းအေးက မျက်နှာကြီးတစ်ခုလုံး နီမြန်းလျက်ပြော လိုက်လေ၏။

"ဟ. . . ကောင်ရ၊ ငါတို့အသက်တွေကို ဖက်ရွက်လိုသဘောထား ပြီး မင်းအသက်ကိုကယ်ခဲ့တာ၊ ရာဇဝတ်မှုတွေကျူးလွန်ခဲ့တာဟာ အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို အပျော်သဘောထားတာပါဆိုပြီး နောက်တစ်ယောက် ကို အပိုင်ကြံဖို့ အမျိုးကောင်းသမီးလေးတွေကို စော်ကားဖို့ အခွင့်အရေးရ အောင် လုပ်ပေးသလိုဖြစ်နေပြီ မောင်သန်းအေး"

ဟု ဆိတ်ဖွားက စိတ်ပျက်စွာ ပြောလိုက်လေ၏။

မောင်သန်းအေးသည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုဘဲ သင်္ဘောပေါ်သို့ တက်၍သွားလေ၏။ သင်္ဘောပေါ်သို့ရောက်လျှင် ပင်လယ် ဓားပြသင်္ဘောများအနက် ဩဇာရှိသော ပင်လယ်ဓားပြသင်္ဘောသားကြီး ငရဲဆိုသူ ထံသို့ သွားရောက်ကာ. . .

"ရတနာတွေတော့ မရသေးဘူး၊ သေတ္တာဆိုတဲ့ကောင်သွားရှာလဲ ရတနာတွေမရခဲ့ဘူး၊ အဲဒီမှာ ရတနာ မြေပုံအညွှန်းရခဲ့တာဗျ၊ ဒီတော့ အဲဒီ အညွှန်းအတိုင်း သွားရမယ်၊ မိုးသီးတို့၊ သေတ္တာတို့ ဆိတ်ဖွားတို့ကို ဒီကျွန်းပေါ် မှာပဲထားခဲ့မယ်၊ အဲဒီ ရတနာမြေပုံ အညွှန်းကိုလဲ ကျုပ်သေသေချာချာမှတ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com


တယ်၊ သိပ်မခက်လှပါဘူး၊ မော်လဒိုက်ကျွန်းစုထဲက အကြီးဆုံးကျွန်းကြီးရဲ့ အမြင့်ဆုံး တောင်ထိပ်မှာရှိတယ်တဲ့၊ ကဲ ဒီတော့ ခုချိန်မှာ အချိန်ကောင်းပဲ၊ သူတို့သုံးယောက်စလုံး ကျွန်းပေါ်မှာရှိနေတုန်း အချိန်မှာ ကျုပ်တို့က သင်္ဘောကြီးကို အပိုင်စီးပြီး လစ်မှဖြစ်မယ်"

ဟု ပြောလိုက်ရာ ပင်လယ်ဓားပြကြီးက ဝမ်းသာလွန်း၍ မျက်စိတစ်ဖက်ကိုမှိတ်ကာ ရှီခနဲ လေချွန်လိုက်လေ၏။

ထို့နောက် ပင်လယ်ဓားပြ သင်္ဘောသားများအား ခေါ်ယူ၍ မိုးသီးတို့အား တိုက်ခိုက်ရန်အတွက် ပြင်ဆင်လေ၏။ ငရဲက မိုးသီးအား ထိုင်နေသည့်နေရာသို့ သေနတ်ဖြင့် ချိန်လိုက်ရာ မောင်သန်းအေးက လက်ကိုဆွဲ၍. . .

"နေဦးဗျ မပစ်နဲ့ဦး၊ မြစပယ်ကိုပါ ရအောင်ခေါ်မယ်"

ဟုဆိုကာ မောင်သန်းအေးသည် ကျွန်းပေါ်သို့တက်လေ၏။ မြစပယ်အနီးသို့ရောက်လျှင် မြစပယ်အား လက်ကိုဆွဲ၍ သင်္ဘောဆီသို့ပြေးရာ မြစပယ်လည်း ရုန်းကန်လေ၏။ ထိုအချိန်၌ ပင်လယ်ဓားပြများသည် မိုးသီး၊ ဆိတ်ဖွား နှင့် သေတ္တာတို့အား သေနတ်ဖြင့် တရစပ် ပစ်ခတ်လေတော့၏။

ပင်လယ်ဓားပြများသည် ကျွန်းပေါ်သို့ တက်လာပြီးလျှင် မိုးသီးတို့အား လိုက်လံ ပစ်ခတ်လေတော့၏။ မိုးသီးတို့ သုံးဦးလည်း ကျွန်း၏တစ်ဖက်သို့ ထွက်ပြေးတိမ်းရှောင်ကြလေ၏။

ပင်လယ်ဓားပြများသည် သဲသဲမဲမဲ လိုက်လံရှာဖွေကြသေး၏။ မတွေ့သည့်အဆုံး၌ လူသူအရောက်အပေါက် နည်းလှသော ထိုကျွန်းပေါ်၌ အစာ ငတ် ရေငတ်နှင့် သေပေတော့ဟု သဘောထားကာ ရွက်လွှင့်၍ ထွက်သွား ကြလေတော့၏။

ညပိုင်းသို့ ရောက်သည့်အခါ၌ သေတ္တာသည် ဆိတ်ဖွားအနီးသို့ ရောက်လာပြီးလျှင်. . .

"ဆရာဆိတ်ဖွားရေ သေမလို့နော် ဟား. . . ဟား"

ဟု ပြောဆို ရယ်မောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်ဓားပြ တစ်ယောက်က တော်တော် လက်ဖြောင့်တယ်ကွ၊ ငါရဲ့နားရွက်နားကနေ ကျည်ဆန်က ဗျိခနဲ ဗျိခနဲ နေတာပဲ၊ မောင်သန်းအေးကတော့ ငါတို့အပေါ်မှာ တော်တော်ကိုပဲ၊ စိတ်ကောင်းထားပုံရတယ်၊ ဟား. . . ဟား" ဟု ဆိတ်ဖွားကပါ ရယ်စရာပြောလိုက်သည့်အချိန်၌ မိုးသီးလည်း ပုန်းအောင်းနေရာ အုန်းပင်ပေါ်မှ ဆင်း၍လာလေ၏။

"ဒီကောင်တွေတော့ ရွက်လွှင့်သွားကြပြီဗျ"

ဟု မိုးသီးက ပြောပြလေ၏။

မိုးသီးသည် ဘောင်းဘီအိတ်အတွင်းမှ စီးကရက်ကို ထုတ်၍ မီးညှိလိုက်ပြီးနောက်. . .

"မောင်သန်းအေးက မြေပုံကို အတင်းဆွဲသွားတာဗျ၊ ကောင်မလေးသနားစရာဗျာ၊ ဘာပဲဖြစ်ဖြစ်လေ ရတနာတွေတူးလို့ရသွားရင်လဲ သူတို့နှစ်ယောက် သင့်မြတ်သွားမှာပါ"

"ရတနာတွေတော့ ရမှာမဟုတ်ဘူးဗျ၊ သူတို့နှစ်ယောက်သာ သင့်မြတ်ချင်သင့်မြတ်သွားမှာ၊ ကျုပ်ပေးလိုက်တဲ့ မြေပုံက အတုကြီးလေ"

"ဟင်. . . ပိုင်လိုက်လေဗျာ၊ ဘယ်လို စိတ်ကူးနဲ့များ အတုတစ်ခု လုပ်ထားရတာပဲဗျ" မိုးသီးက သေဗ္ဗာကို တအံ့တသြပြန်မေးလိုက်သည်။

"ကျုပ် ရတနာမြေပုံသွားယူရတာက ဆယ့်ငါးရက်လောက်တောင်ကြာတယ်ဆိုတော့ ဒီအတောအတွင်းမှာ လူတွေဟာ စိတ်ပြောင်းချင် ပြောင်းသွားနိုင်တယ်ကိုဗျ၊ ဒါကြောင့် လိုရမည်ရ အတုတစ်ခု ကျုပ် ဖန်တီးထားခဲ့တာပဲ ကိုမိုးသီး"

"ဟ. . . မင်းဟာက သူခိုး စိတ်ကူးပဲ၊ အင်း. . . ဒီနေရာမှာတော့ သူခိုးစိတ်ကူးက သိပ်အသုံးဝင်သွားပြီဟေ့. . . ဟား. . . ဟား. . . ဟား"

ဟု ဆိတ်ဖွားက ပြောပြောဆိုဆို အားရပါးရ အော်ဟစ်ရယ်မောလိုက်သည်ဆိုလျှင် သူတို့သုံးဦး၏ ရယ်သံများက ကျွန်းတစ်ခုလုံးကို ဖုံးလွှမ်းသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့သုံးဦးသည် သဘော်ဆိုက်ခဲ့သော နေရာဆီသို့ ပြန်၍လျှောက်လာခဲ့ကြလေ၏။ ထိန်ထိန်သာလျက်ရှိသော လမင်းကြီးနှင့် ပင်လယ်ပြင်သည် တစ်မျိုးတစ်ဖုံအားဖြင့် လွမ်းဆွတ်ဖွယ်ရာ ကောင်းလှတော့၏။

"ဆရာ မိုးသီး၊ မြစပယ်က မမင်းဖြူနဲ့ သိပ်ပြီးတူတာပဲနော်"

ဟူ၍ သေတ္တာက မိုးသီးအား ပြောလိုက်ရာ မိုးသီးက. . .

"အေး. . . ဟုတ်တယ်၊ မောင်သန်းအေးကလဲ ကိုသြရလိုပါပဲလား . . . ဟား. . . ဟား" ဟု ရယ်စရာလုပ်၍ ပြောလိုက်လေ၏။

(မမင်းဖြူဆိုသည်မှာ. . . တစ်ခါက မိုးသီး နှင့် သေတ္တာတို့ နှစ်ဦး အသက်စွန့်၍ ကယ်ဆယ်ခဲ့ရသော အငြိမ့်မင်းသမီးလေးဖြစ်၏။ ကိုသြရဆိုသည်မှာလည်း မိုးသီးက ကယ်ဆယ်ခဲ့ရသော်လည်း မိုးသီးအား အဆိပ်ခတ်၍သတ်ရန် ကြံစည်ခဲ့ဖူးသော လူဖြစ်၏။)

"နောက်ဆုံးကျတော့ မမင်းဖြူနဲ့ ကိုသြရတို့ ညားသွားကြတာပဲ မဟုတ်လားဗျ"

ဟု သေတ္တာက ပြောလိုက်ရာ မိုးသီးက ရယ်လေတော့၏။

ဆိတ်ဖွားကမူ တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်း မပြုဘဲ ငြိမ်သက်စွာလျှောက်လာရာမှ သေတ္တာဘက်သို့လှည့်ကာ. . .

"ငါရေးတဲ့ ကျမ်းက လူတွေကို ကူညီဖို့၊ ကရုဏာထားဖို့၊ မေတ္တာထားဖို့ကွ၊ ဒါပေမယ့် တကယ်ကတော့ လူတွေဟာ ကူညီဖို့လဲ မကောင်းဘူးကွ၊ လူဆိုတဲ့ သတ္တဝါဟာ ကောက်ကျစ်စဉ်းလဲတဲ့ နေရာမှာ ဘယ်သတ္တဝါနဲ့မှ မတူဘူးကွ. . . တော်ပြီ. . . . ၊ အဲဒီ ကျမ်းကို မရေးတော့ဘူး"

ဟု ဆိုကာ သူ၏ လွယ်အိတ်အတွင်းမှ ရေးလက်စ ကျမ်းစာအုပ်ကြီးအား ပင်လယ်ပြင်ဘက်သို့ လွှင့်၍ပစ်လိုက်လေတော့၏။

ထို့နောက် ဆိတ်ဖွား၊ မိုးသီးနှင့် သေတ္တာတို့သည် ပင်လယ်ကမ်းစပ်ရှိ သဲသောင်ပြင်ပေါ်မှ ဖြတ်၍လျှောက်လာကြလေ၏။ ၎င်းတို့ သေနတ်ဖြင့် အပစ်ခံခဲ့ရသော နေရာသို့ရောက်လျှင် သေတ္တာက ဆိတ်ဖွား၏လက်ကိုရော မိုးသီး၏လက်ကိုပါ ဆွဲ၍ ရပ်ကာ နားစွင့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ဖွားနှင့် မိုးသီးတို့လည်း သေတ္တာနည်းတူ နားစွင့်ကြလေ၏။ ခြေသံလိုလို ကြားရသဖြင့်ကြားရာသို့ မျက်စိရောက်သွားကြလေ၏။ အုန်းပင်၌ ကြိုးဖြင့် ကပ်၍ထုပ်ထားသော လူနှစ်ယောက်ကို လရောင်၌ ကောင်းစွာ မြင်တွေ့ရလေတော့၏။

ဆိတ်ဖွားတို့သည် ထိုသူနှစ်ဦးထံသို့ ပြေးသွားကြရာ အနီးသို့ရောက်လျှင် အံ့အားသင့်ကြလေတော့၏။

"ဘယ်လိုလဲ မောင်သန်းအေး၊ ငါတို့ကို သေနတ်နဲ့ပစ်ပြီး ကျွန်းပေါ်မှာ ထားခဲ့မယ်ကြံခဲ့တာ အခုတော့ မင်းကိုယ်တိုင် ကျွန်းပေါ်မှာ ကျန်ခဲ့ပြီပေါ့ ဟား. . . ဟား" ဟု ရယ်မောလျက် သေတ္တာသည် ကြိုးများဖြေပေးပြီးနောက် မောင်သန်းအေး၏ပါးကို ဖြန်းခနဲ ရိုက်လိုက်လေ၏။ မိုးသီးကလည်း အခြားသူ တစ်ယောက်၏ ကြိုးများကို ဖြေပေးလေ၏။ ထိုသူကား မြစပယ် ဖြစ်လေတော့၏။

"မင်းဆီက ရတနာတွေရှိတဲ့ ကျွန်းရဲ့အမည်နဲ့ အညွှန်းအပြည့်အစုံကို ငရဲတို့က သိသွားပြီကို၊ မင်းကိုခေါ်ဖို့ ဘယ်လိုတော့မလဲ"

ဟု ဆိတ်ဖွားကပြောလိုက်လျှင် မောင်သန်းအေးက. . .

"ရတနာတွေရရင် ကျွန်တော်က မြစပယ်နဲ့ လက်ထပ်မလို့"

ဟု စကားစလိုက်သည်နှင့် တစ်ပြိုင်နက် မြစပယ်က မောင်သန်းအေး၏ပါးကို ဖြန်းခနဲ ရိုက်လိုက်ပြီးနောက်. . .

"လူယုတ်မာ" ဟု ပြောလိုက်လေ၏။

မိုးသီးက မောင်သန်းအေးအား အပြစ်ပင် မတင်တော့ဘဲ အေးဆေးစွာ ထိုင်၍ ဆေးလိပ်သောက်နေလေတော့၏။ ထို့နောက်ကား ဆိတ်ဖွားတို့ သည် ထိုကျွန်းကလေး၌ပင် ဆက်လက်နေထိုင်ကြလေ၏။ သေတ္တာက သစ်ပင် မှ သစ်ခေါက်များကိုခွာ၍ ကြိုးအဖြစ်ပြုလုပ်ကာ ပိုက်ကွန်ရက်၍ ငါးဖမ်းလေ၏။

မိုးသီးက ငါးများကို တံစို့ထိုး၍ ကင်လေ၏။ နေ့အခါများ၌ မိုးသီးသည် ကျွန်းပေါ်ရှိ အသီးအနှံများကို လိုက်လံ ခူးဆွတ်ရလေ၏။ ကျွန်း၏ အလယ်လောက်တွင်ရှိသော ကျောက်ရေတွင်းမှ ရေကို ဆိတ်ဖွားက ခပ်ယူရ၏


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်လေ၏။ မောင်သန်းအေးမှာမူ သစ်ပင်အောက်၌ အိပ်၍နေတတ်လေ၏။ မြစပယ်အနီးသို့ မကပ်ရဲတော့ချေ။

တစ်နေ့သ၌ ထိုကျွန်းနှင့်အတော်အတန် လှမ်းသောနေရာလောက် ဆီမှ သင်္ဘောတစ်စီး ဖြတ်သန်းလာသည်ကိုတွေ့လျှင် ဆိတ်ဖွားသည် သူ၏ အင်္ကျီကို ဖြုတ်ဆုတ်ကာ တုတ်နှစ်ချောင်းဖြင့် အလံနှစ်ခုလုပ်၍ အမြင့်ဆုံး သစ်ပင်ပေါ်သို့ တက်ကာ အလံပြလေ၏။

သင်္ဘောဆီမှလည်း မှန်တစ်ချပ်သည် နေရောင်ထဲတွင် လက်ခနဲ လက်ခနဲ ဖြစ်၍ နေလေ၏။

ထိုအခါ ဆိတ်ဖွားက. . .

"ဘာမှ မပူနဲ့တော့ဗျို့၊ သူတို့ဆီကလဲ ပြန်ပြီး အချက်ပြနေတယ်"

ဆိတ်ဖွား အလံပြသည်ကို ကြည့်လျက် သေတ္တာက. . .

"ဆရာဆိတ်ဖွား အလံပြတာက တယ်လဲစနစ်ကျပါလား"

ဟု အောက်မှနေ၍ ချီးကျူးလေ၏။ ဆိတ်ဖွားက အလံပြမြဲပြ၍နေ လေ၏။ ထို့နောက် အောက်သို့ငုံ့၍. . .

"ကိုမိုးသီးရေ. . . ရာဘာစေးတွေ သယ်လာတဲ့ သင်္ဘောပဲဗျို့၊ သူက တော့ ဒီကျွန်းကိုကပ်လို့ မရဘူး၊ လှေနဲ့လာပြီး ကျုပ်တို့ကို ခေါ်လို့လဲမဖြစ် နိုင်ဘူးဆိုပဲ၊ သူ့ဆီမှာ တရားခံတွေ ပါနေတယ်ဆိုပါလား"

ဟု ပြောလျက် ဆိတ်ဖွားသည် အလံကို ပြမြဲပြပြန်လေ၏။

"ကော်တာပဲဗျို့ ကိုမိုးသီးရေ ခင်ဗျားရဲ့ 'ဘလူးဂျိုင်းယင့်' ရွက် သင်္ဘောကြီးလဲ ဒီသင်္ဘောက ဖမ်းလာတယ်ဆိုပဲ"

ဟု ပြောဆိုကာ ဆိတ်ဖွားသည် သစ်ပင်ပေါ်မှ ဆင်းခဲ့လေတော့၏။

"ဆရာဆိတ်ဖွား ဟိုကပြောတာ ဘယ်လိုသိသလဲဗျ"

ဟု သေတ္တာက မေးလိုက်ရာ ဆိတ်ဖွားက. . .

"မှန်ကလေး လက်ခနဲ ဖြစ်သွားတာက အချက်ပြတာလေကွာ၊ ရှည်ရှည်လက်တာနဲ့ တိုတိုလက်တာ နှစ်မျိုးရှိတယ်၊ နေရောင်နဲ့လက်တာ မဟုတ်ဘူးကွ၊ မီးလုံးကလေးနဲ့ လက်ပြနေတာ၊ အရှည်အတိုနှစ်ခုနဲ့ အေဘီစီဒီ(၂၆)လုံးပြည့်အောင် တီထွင်ထားတဲ့ အချက်ပြနည်းပေါ့ကွာ"


www.burmeseclassic.com

www.burmeseclassic.com


ဟု ရှင်းပြလေ၏။

"အဆန်းပါလားဗျ၊ ကျုပ်ကို သေသေချာချာ ပြောပြစမ်းပါ၊ ဒီနည်းက ကျုပ်တို့ သူခိုးတွေအဖို့ အသုံးဝင်လိမ့်မယ်ဗျ"

ဟု သေတ္တာက ပြောလိုက်ရာ အားလုံးက ဝိုင်း၍ရယ်မောကြလေ၏။

"အဲဒါကို ၁၈၄၄-ခုနှစ်လောက်မှာ ဆမ်မြူရယ်မောစ် ဆိုတဲ့လူက တီထွင်ခဲ့တာကွ၊ အသံနဲ့ပြရင်လဲ ရတယ်၊ (DAH) 'ဒါ'ဆိုတဲ့ အသံရှည်နဲ့ (DIT) 'ဒစ်' အသံတို့ကို ခွဲပြီး စီစဉ်ထားတာဖြစ်တယ်၊ အတိုကို အစက်နဲ့ သဘောထားပြီး၊ အရှည်ကို မျဉ်းကြောင်းနဲ့ သင်္ကေတပြုထားတယ်"

ဟု ဆိုကာ အောက်ပါအတိုင်း ရေးပြလေ၏။

| | | |
|---|---|---|
| A. _ | J. _ _ _ | S . . . |
| B _ . . . | K _ . _ | T _ |
| G _ . _ | L . _ . . | U . . _ |
| D _ . . | M _ _ | V . . . _ |
| E . | N _ . | W . _ _ |
| F . . _ . | O _ _ _ | X _ . . _ |
| G _ _ . | P . _ _ . | Y _ . _ _ |
| R . . . | Q _ _ . | Z _ _ . . |
| I . . | R . _ . | |

"ဟာ. . . ပြလိုက်တော့လဲ တယ်ပြီးလွယ်ပါလား၊ အဲဒါကို မြန်မာလို လုပ်လိုက်ရင် ပြီးတာပဲ၊ ဟဲ. . . ဟဲ မြန်မာစာမှာလဲ အသံတူတွေဖြုတ်လိုက်ရင် ဗျည်း(၂၁)လုံးလောက်ပဲ ရှိတာပဲ၊ ကောင်းတယ်. . . ကောင်းတယ်၊ ဒါနဲ့ အလံနဲ့ပြတဲ့ သင်္ကေတလဲ ပြောပါဦး၊ ကျွန်တော်က ဒီကိစ္စတွေပြီးရင် ပင်လယ်ဓားပြ လုပ်ချင်လုပ်နေဦးမှာ" ဟု သေတ္တာက ဆိုပြန်၏။

"ဒါက ဒီလိုကွ၊ စက်ဝိုင်းသဏ္ဌာန်ငါးခုကို ကျက်မှတ်ထားရမယ်၊ ပထမစက်ဝိုင်းမှာ အလံကြီးက အောက်တည့်တည့်စိုက်ပြီး၊ အလံသေးက နာရီလက်တံကို လှည့်ပြီး ပြရမယ်၊ ပထမစက်ဝိုင်းမှာ A.B.C.D.E.F.G စာလုံး ငါးလုံးပြနိုင်တယ်၊ အဲဒီလိုပဲ ဒုတိယစက်ဝိုင်းမှာက H.I.J.K.L.M.N ရယ်လို့



www.burmeseclassic.com

www.burmeseclassic.com


ပြနိုင်တယ်ကွ” ဟု ဆိုကာ တစ်ဖက်တွင် ပုံဖြင့် ဖော်ပြအပ်သော အလံပြနည်း သင်္ကေတကို ရှင်းပြလေ၏။

သေတ္တာအပါအဝင် မောင်သန်းအေး၊ မြစပယ် စသည်ကို ဆိတ်ဖွား ရှင်းပြသည်ကို တအံ့တသြ ငေးမော၍ နားထောင်နေလေ၏။

“ဒီကျွန်းက လူသူအရောက်ပေါက်နည်းတယ်ဗျ၊ သင်္ဘောတွေလဲ ဒီနားမှာ ဖြတ်လေ့မရှိဘူး၊ ဆရာဆိတ်ဖွားသာ အချက်ပြနည်းတွေကို အခုလို တတ်မထားရင် အခက်ပဲ၊ ကျွန်တော်ကတော့ ဒီအထဲမှာ X ‘အိပ်က်စ်’ဆိုတဲ့ စကားလုံးကိုတော့ ကောင်းကောင်းမှတ်မိပြီ၊ အိပ်က်စ် ဆိုတာ ကြက်ခြေခတ် သင်္ကေတန်စာလုံးပဲ၊ အလံနဲ့ပြတော့ အလံကြီးက စောင်းစောင်း အလံလေးက စောင်းစောင်းပဲ၊ ဟဲဟဲ. . . အရေးကြီးပြီး ပြေးပေတော့လို့ ကိုယ့်လူချင်း အချက်ပေးရင် ဒီစာလုံးကို သုံးရမယ် ဟား. . . ဟား နေစမ်းပါဦး ဆရာ ဆိတ်ဖွားက သချိုင်းကုန်းမှာနေပြီး ဒါတွေကို ဘယ်လိုတတ်နေတာလဲ”

ဟု သေတ္တာက မေးလိုက်လေ၏။

“စာဖတ်တယ်လေကွာ ENCYCLOPEDIA (အင်ဆိုကလိုပီးဒီး ယား)ဆိုတဲ့ စွယ်စုံကျော်ထင် ကျမ်းကြီးတွေဟာ တကယ့်ကို လူသားတွေ အတွက် အသုံးဝင်ပါဘိဗျာ” ဟု ဆိတ်ဖွားက ရှင်းပြလိုက်လေ၏။

ထို့နောက် ဆိတ်ဖွားက. . .

“ဘလူးကျိုင်းယင့်ကြီး ရောက်လာရင် အစီအစဉ်တစ်ခု လုပ်ထားမှ ဖြစ်မယ် ကိုမိုးသီး” ဟု သတိပေးလိုက်လေ၏။ မိုးသီး၊ သေတ္တာနှင့် ဆိတ်ဖွား တို့သည် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြလေတော့၏။

ထိုသို့ တိုင်ပင်ပြီး များမကြာမီအချိန်၌ ဘလူးကျိုင်းယင့် ရွက်သင်္ဘော ကြီး၏ ရွက်တိုင်များကို စတင်တွေ့မြင်ရပြီးနောက် တဖြည်းဖြည်း နီးကပ်လာ သော ၎င်းတို့ ကျွန်းဘက်ဆီသို့ ဦးတည်ခုတ်မောင်းလာသည်ကို ဆိတ်ဖွားတို့ ငါးဦးသည် ဝမ်းမြောက်ဝမ်းသာ တွေ့ရလေတော့၏။

ရွက်သင်္ဘောကြီး ကျွန်းအနီးသို့ ရောက်ရှိလျှင် သင်္ဘောပေါ်တွင် ပါရှိသော မိုးသီး၏ ကုလားသင်္ဘောသားများက ခုန်ပေါက်လျက် မိုးသီးအား နှုတ်ဆက်လေ၏။ ထိုအထဲတွင် မိုးသီးတပည့်ဖြစ်သူ စိန်နက်အား တွေ့ရလေ

www.burmeseclassic.com



၏။ စိန်နက်ပခုံးပေါ်၌ကား တစ်ခါက မိုးသီး၏အသက်ကို ကယ်တင်ခဲ့သော မျှောက်ကြီးကိုလည်း တွေ့မြင်ကြရလေ၏။ ရွက်သင်္ဘောကျောက်ချ၍ ကုန်းဘောင်များကို ထိုးကာ သင်္ဘောပေါ်မှ ကုလားများနှင့်အတူ စိန်နက်လည်း မျှောက်ကြီးကို ပွေ့ချီကာ ဆင်း၍လာလေ၏။

"ဆရာမိုးသီးရေ . . ဆရာတို့ကို သေနတ်နဲ့ပစ်ပြီး သင်္ဘောထွက်သွားတော့ ကျွန်တော့်ကိုလဲ ပင်လယ်ဓားပြငရဲတို့က ရွက်တိုင်မှာကပ်ပြီး ကြိုးနဲ့ ချည်ထားလိုက်ကြတာ၊ ဟောဒီ မျှောက်ကြီးကဖြင့် လိမ္မာပေ့ဗျာ၊ ညလဲကျရော ကျွန်တော့်လက်ထဲကို ဓားမြှောင်တစ်ချောင်း လာပြီး ထည့်ပေးတယ်၊ ကျွန်တော် လဲ ကြိုးကိုဖြတ်ပြီးတာနဲ့ ပင်လယ်ဓားပြတစ်ယောက်ဆီက သေနတ်ကိုဆွဲယူပြီး ဒီကောင်တွေကို ပစ်တာ၊ ငရဲနဲ့ ပင်လယ်ဓားပြ သုံးယောက်တော့သေပြီ၊ ကျန်တဲ့ကောင်တွေကို အိန္ဒိယကိုသွားမယ့် ရာဘာစေးတင် သင်္ဘောပေါ်မှာ တင်ပေးလိုက်တယ်၊ အဲဒီနောက်တော့ ကျွန်တော်လဲ ကျန်တဲ့ ကုလားသင်္ဘောသား တွေနဲ့အတူ ဒီကျွန်းဘက် ပြန်လှည့်လာခဲ့ရတာပါပဲ"

ဟု စိန်နက်က ရှင်းပြလေ၏။ ထို့နောက် သေတ္တာက. . .

"သင်္ဘောပေါ်ကိုတက်ပါ၊ နောက်မှ စီစဉ်ကြတာပါ"

ဟု ပြောလိုက်လေရာ သင်္ဘောပေါ်ကို တက်ကြလေ၏။

၎င်းတို့တက်ပြီး မကြာမီအချိန်၌ပင် ဘလူးကျိုင်းယင့် ရွက်သင်္ဘောကြီးသည် ကျွန်းမှ စတင်ထွက်ခွာလေတော့သည်။

နောက်တစ်နေ့ နံနက်စာစားချိန်၌ သေတ္တာက ဆိတ်ဖွားနှင့် မိုးသီးတို့ထံ လာရောက်ကာ ကျောက်ဘီလူးရုပ်ကြီး၏ မျက်လုံးအတွင်းမှ တူးယူခဲ့သော ရတနာမြေပုံညွှန်း ကြေးပုရက်ပိုက်အစစ်ကို ထုတ်ပြလေတော့၏။

"ပုရပိုက်အစစ်ကတော့ ဒါပဲ" ဟု ဆိုလေ၏။ မိုးသီးနှင့် ဆိတ်ဖွားတို့သည် သေတ္တာထုတ်ပေးသော ပုရပိုက်ကို ဖတ်ရှုရာ အောက်ပါအတိုင်း တွေ့ရှိရလေတော့၏။

(ရန်ကုန်မြို့အစွန်ရှိ တာမွေဟူသောအရပ်၌ သချိုင်း တစ်ခုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုသချိုင်း၌ လွန်စွာကြီးမားသော ဇရပ်ကြီး တစ်ခုလုံးရှိ၏။ ထိုဇရပ်ကြီးအနီး၌ "ဦးနတ္ထိ"ဟု ကမ္ပည်း ထိုးထားသော အုတ်ဂူတစ်လုံးရှိ၏။ ထိုအုတ်ဂူ၌ လူရမ်း ကားကြီးလေးဦး ဖြစ်ကြကုန်သော ငဖြူသီး၊ ငမဲကြီး၊ ငနက်ကျော်နှင့် ပဋ္ဌရူပ ဘသိန်းတို့၏ ရတနာ ပစ္စည်းများ မြှုပ်နှံထားသည်၊ အကယ်၍ ထိုပစ္စည်းကို ကျွန်ုပ်တို့ လေးဦးသည် အသက်ရှင်စဉ်၌ တူးဖော်ယူငင် ခြင်းမပြု နိုင်သော် ကံထူးသူတို့ တူးယူလေ)

"ဟာ. . . ဟာ၊ တယ်လဲဆန်းပါလား၊ ပင်လယ်ပြင်ကိုဖြတ်ပြီး ရတနာတွေကို ရှာဖွေပေးဖို့သွားခဲ့တယ်၊ တကယ်တော့ ကျုပ်က အဲဒီရတနာမြေပုံပေါ်မှာ နေ့တိုင်းထိုင်လာခဲ့တာပဲ၊ ဆန်းလိုက်တာဗျာ၊ ဒါဟာ ဖီလိုဆိုဖီရဲ့ သော့ချက်ကို ဖွင့်ပြလိုက်တာပဲ၊ လူဆိုတဲ့သတ္တဝါဟာ ဘာကိုကြည့်ကြည့် ဘာကိုစဉ်းစားစဉ်းစား အဝေးကြီးကိုကြည့်မြင်ပြီး အဝေးကြီးကိုစဉ်းစားလေ့ရှိတယ်၊ အမှန်က အနီးကအရာဝတ္ထုတွေကို အလေးဂရုပြုရမှာ၊ ဦးနတ္ထိဆိုတာကို နေ့တိုင်းတွေ့နေခဲ့တာပဲ၊ ဦးနတ္ထိဆိုတာ မရှိတဲ့လူတစ်ယောက်ကို ရည်ညွှန်း ထားတာပဲ၊ မစ္စတာ နိုးဘော်ဒီပေါ့ ဟာ. . . ဟာ၊ ဆိတ်ဖွား. . . ဆိတ်ဖွား. . . အများတကာက ပရော်ဖက်ဆာကြီး ဒေါက်တာကြီးလို့ ဝိုင်းပြီးခေါ်တာနဲ့ စိတ်ကြီးဝင်မလို့ ရှိသေးတယ်၊ ဒီအချက်က ကျုပ်ကို သတိပေးလိုက်တဲ့အချက်ပဲ၊ ကျုပ်အတွက် လောကဆိုင်ရာ အမြင်တရားတွေ မပြည့်စုံသေးတာကို သတိပေးလိုက်တာပဲ"

ဟု ဆိတ်ဖွားက ဝမ်းနည်းသံကြီးဖြင့် ပြောလိုက်လေ၏။

ထိုအခါ မိုးသီးက ရှေ့ဆက်ရမည် အစီအစဉ်ကို ပြုလုပ်ရန်ပြောဆိုလေ၏။

"ကျုပ်တို့ထွက်လာခဲ့တဲ့ အယ်လ်ဖန်စွန်းကို သွားမယ် အဲဒီမှာ ခင်ဗျား တို့က စောင့်နေ၊ ကျုပ်နဲ့သေဘ္ဘာက ရန်ကုန်ကိုသွားမယ်၊ ပြီးတော့ ရတနာ တွေကိုတူးပြီးတူးမယ်၊ တူးပြီးရင် သူတို့နှစ်ယောက်ကို ခွဲဝေပေးလိုက်ရုံပေါ့၊ အဲဒါတွေထက် အရေးကြီးတာကတော့ ကျုပ်ဟာ ခင်ဗျားလို နိုင်ငံခြားမှာ သွားပြီး နေမှာလဲ မဟုတ်ဘူး၊ ပြီးတော့ ကျုပ်မှာက လူသတ်မှုရှိနေပြီမဟုတ်


www.burmeseclassic.com

www.burmeseclassic.com


လား၊ ကျုပ်တပည့် အိုလံကို သေနတ်နဲ့ပစ်ခဲ့တဲ့ မကျီးသီးကို ကျုပ်က သတ်လိုက်မှပဲ၊ ဒီတော့ အမှုတွေမပေါ်ရအောင်"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ သေတ္တာက. . .

"အမှုတွေမပေါ်အောင် ဘယ်လိုလုပ်မလဲ ဆရာဆိတ်ဖွား"

"အမှုတွေမပေါ်အောင် ဆားပုလင်းနှင်းမောင်ရှိတဲ့ နေရာကို စုံစမ်းပြီး သူ့ကိုသွားသတ်ရမယ်ကွ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ သေတ္တာက. . .

"ဟုတ်လိုက်လေ ဆရာဆိတ်ဖွားရယ်"

ဟု အားရပါးရ ထောက်ခံလိုက်လေ၏။

"ဒါနဲ့နေပါဦး ဆရာဆိတ်ဖွား၊ မောင်သန်းအေးတို့ကို ပြန်လွှတ်လိုက်ရင် သူတို့ကို မကျီးသီးနဲ့ မြဒင်တပည့်တွေက ရန်မရှာနိုင်ဘူးလား"

ဟု သေတ္တာက ပြောလိုက်ရာ ဆိတ်ဖွားက. . .

"ဒါကတော့ သူတို့ဆုံးဖြတ်ရမှာပဲ၊ သူတို့က မနေဝံ့ဘူးဆိုရင် ကိုမိုးသီးနဲ့ မင်းက တာဝန်ယူပြီး လုံခြုံမယ့်နေရာကို ခေါ်သွားပေးရမှာပေါ့ကွာ၊ အေး. . အဲဒီလို ခေါ်သွားမယ်ဆိုရင် လူတစ်ယောက်ထပ်ပြီး ထည့်ပေးရမယ်"

"ဘယ်သူလဲ ဆရာဆိတ်ဖွား"

"မောင်သန်းအေးရဲ့ချစ်သူ မယဉ်နွယ်ကိုပါ ထည့်လိုက်မယ်၊ မောင်သန်းအေးနဲ့ ပေါင်းရစေမယ်လို့ ငါက ကတိပေးထားတယ်ကွ. . ဟာ. . . ဟ"

မောင်သန်းအေးသည် မယဉ်နွယ်နှင့်ပေါင်းရမည်ဟု ဆိုလိုက်သည့်အခါ၌ စိတ်ပျက်လက်ပျက်နှင့် ခေါင်းငိုက်စိုက်ချ၍ နေလေ၏။

"မြစပယ်ကကော" ဟု သေတ္တာက မေးလိုက်ရာ မြစပယ်က. . .

"ကျွန်မ နေဝံ့ပါတယ်၊ ရန်ကုန်မှာ နေဝံ့ပါတယ်၊ ဒါပေမယ့် မနေချင်ဘူး၊ အစ်ကိုမိုးသီးနဲ့လိုက်မယ်၊ အစ်ကိုမိုးသီးကို အားကိုးဖို့ကောင်းတဲ့ယောကျ်ားမျိုးကို နောက်ထပ်ရှာဖို့ မလွယ်တော့ဘူး၊ အစ်ကိုမိုးသီးက လက်ခံမယ်ဆိုရင် အစ်ကိုမိုးသီးကို ကျွန်မယူမယ်"

ဟု မြစပယ်က ရဲရင့်ဝင့်စွာ ပြောလိုက်ရာ. . .



www.burmeseclassic.com

www.burmeseclassic.com


အရာရာ၌ ရဲရင့်စွာစွန့်စားဝံ့သော လူစွမ်းကောင်းကြီး မိုးသီးသည် ရှက်စိတ်ကြောင့် မျက်နှာကြီးတစ်ခုလုံး နီမြန်းသွားသည့်အပြင် ခေါင်းကိုငုံ့၍ ထားလေ၏။

"အချစ်ဆိုတာ နှလုံးသားရဲ့ကြီးမားသော သူပုန်ထမှုကြီးပဲ သေတ္တာရေ၊ မြစပယ်ရဲ့နှလုံးသားမှာ သူပုန်ထကုန်ပြီ၊ အုပ်လို့ထိန်းလို့ မရတော့ဘူး၊ နှလုံးသား သူပုန်တွေဟာ ဦးနှောက်ကို အာဏာသိမ်းလိုက်ပြီ၊ ဦးနှောက်က ဘာမှ စွက်ဖက်ခွင့်မရှိတော့ဘူး၊ ဒီတော့ နှလုံးသားက ပြောခိုင်းတဲ့အတိုင်း ပါးစပ်က ပြောလိုက်တာပဲ၊ အဲဒါမှန်တယ်၊ လူပေါ်စကတည်းက ယောကျ်ားတွေကချည်း ရည်းစားစကား ပြောလာခဲ့ရတာ မြစပယ်က အဲဒါကိုဆန့်ကျင်လိုက်ပြီ" ဟု ဆိတ်ဖွားက အားရဝမ်းသာ ထောက်ခံပြောဆိုလေတော့၏။

ဤသို့နှင့်ပင် ဘလူးဂျိုင်းယင့် ရွက်သင်္ဘောကြီးသည် အယ်လ်ဖန်စွန်း ရှိ ကျွန်းတစ်ကျွန်း၏ ကမ်းစပ်တစ်ခုသို့ ရောက်ရှိခဲ့လေ၏။ ဆိတ်ဖွားတို့လည်း လှေများကို ခေါ်ယူငှားရမ်း၍ ကမ်းပေါ်သို့တက်ကြလေတော့၏။ လှေပေါ်၌ ကား ဆိတ်ဖွား၊ သေတ္တာနှင့် မောင်သန်းအေးတို့ သုံးဦးသား လိုက်ပါလာခဲ့ ကြလေ၏။

ထိုနေရာ၌ကား တံငါသည်များနှင့် တုံကင်းများဆိုက်ကပ်သည့် အခါ၌ ထမ်းပိုးရန်အတွက် စောင့်စားနေကြသော ပခုံးထမ်းအလုပ်ကြမ်း သမားကြီးများ ရှိကြလေ၏။

ဆိတ်ဖွားတို့ ကမ်းပေါ်သို့ရောက်သည့်အခါ၌ တံငါများနှင့် အလုပ်ကြမ်း သမားများသည် ဆိတ်ဖွားတို့၌ ပစ္စည်းပစ္စယများပါရှိလာပါက ကူညီထမ်းပိုး ရန်အတွက် အနီးသို့ကပ်၍လာကြလေ၏။

ထိုအထဲမှ ဟောင်းနွမ်းစုတ်ပြဲလျက်ရှိသော အင်္ကျီကို ဝတ်ဆင်လျက် ဦးထုပ်စုတ်ကို ဆောင်းထားသော အလုပ်ကြမ်းသမားတစ်ဦးသည် ဆိတ်ဖွား အနီးသို့ ကပ်လာပြီးလျှင် သူ၏လက်တွင်းမှ တစ်စုံတစ်ရာအား ချောက်ခနဲ အသံမြည်စေလျက် ဆိတ်ဖွား၏ နားထင်ကို ထောက်လိုက်လေ၏။

"ဆရာ ဆိတ်ဖွား၊ ငြိမ်ငြိမ်ကလေးနေပါ"

ဟု ထိုသူက ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ဩော်. . . ဆားပုလင်းနှင်းမောင်ကို၊ ကျုပ်လဲ ခင်ဗျားဆီလာမလို့ ပါပဲဗျာ" ဟုဆိုကာ ဆိတ်ဖွားက ဣန္ဒြေရရ ပြောလိုက်လေ၏။ ထိုအချိန်၌ သေတ္တာသည် ကမ်းစပ်ဘက်သို့ ထွက်၍ပြေးလေ၏။ ပြေးရင်း၌လည်း အင်္ကျီကို ချွတ်ပစ်၍ ဆုတ်ဖြဲလိုက်လေ၏။ သေတ္တာနောက်သို့ အလုပ်သမားဟန်ဆောင်ထားသော စုံထောက်များက. . .

"မပြေးနဲ့. . . မပြေးနဲ့. . . ပစ်လိုက်မယ်"

ဟုဆိုကာ ဝိုင်း၍ လိုက်ကြ၏

သေတ္တာသည် ကျောက်ဆောင်ကလေးပေါ်သို့ တက်ပြေးပြီးနောက် ကျောက်ဆောင်ပေါ်သို့ ရောက်လျှင် သူ၏အင်္ကျီအပြဲနစ်ခုအား အသုံးပြု၍ ဘလူးဂျိုင်းယင့် သင်္ဘောကြီးဘက်သို့ လှည့်ကာ (X) အိပ်ကိစ်ဟူသော အမှတ်အသားအား အလံပြလိုက်လေတော့၏။

သင်္ဘော၏ရွက်တိုင်၌ ချိတ်ထားသော ကြိုးလှေကားပေါ်မှ မှန်ပြောင်းနှင့်ကြည့်နေသော မိုးသီးသည် အဖြစ်အပျက် အလုံးစုံကိုလည်းကောင်း၊ သေတ္တာပြသော အလံအမှတ်အသားကိုလည်းကောင်း၊ ကောင်းစွာတွေ့မြင်ရပေရာ သူ၏တပည့် ကုလားသင်္ဘောများအား ကျောက်ကြိုးမရန် အမိန့်ပေးလိုက်လေတော့၏။

များမကြာမီအချိန်၌ပင် ဘလူးဂျိုင်းယင့် သင်္ဘောကြီးသည် ရေလယ်တွင် ကျောက်ချနေရာမှ ရွက်များတင်ကာ ရွေ့လျားသွားလေတော့၏။

သင်္ဘောနောက်သို့ မော်တော်ဘုတ်တစ်စင်းက လိုက်သော်လည်း သင်္ဘောပေါ်မှ သေနတ်များဖြင့် ပစ်ခတ်သဖြင့် မလိုက်ဝံ့တော့ဘဲ ပြန်၍ လှည့်လာလေတော့၏။

ကျောက်ဆောင်ပေါ်သို့ ရောက်နေသော သေတ္တာကိုလည်း ရုပ်ဖျက်ထားသော စုံထောက်များက ဖမ်းဆီးလိုက်လေတော့၏။

ဆားပုလင်းနှင်းမောင် ဟုခေါ်သော စုံထောက်ကျော်သည် ဆိတ်ဖွားအား လက်ထိပ်ခတ်ပြီးနောက် မောင်သန်းအေး ဘက်သို့လှည့်ကာ. . .

"မောင်သန်းအေးဆိုတာ မှတ်တယ်"


www.burmeseclassic.com

www.burmeseclassic.com


ဟု မေးလိုက်ရာ မောင်သန်းအေးက. . .

"ဟုတ်ပါတယ်" ဟု ဝန်ခံလိုက်လေ၏။

"ပင်လယ်ကမ်းစပ်မှာ ကျွန်းပြန် မကျိုးသီးကို သတ်ထားတာတွေ့တယ်၊ အဲဒါ ဘယ်သူ့လက်ချက်လဲ မောင်သန်းအေး"

"ဟောဒီ ကိုဆိတ်ဖွား သတ်တာပါ"

"ဆရာဆိတ်ဖွားဟာ တခြားဟာတွေအတွက် ဘာမှဒါလောက် မငြိစွန်းဘူးဗျ၊ ရှေ့နေကောင်းကောင်းနဲ့ ရုံးမှာလျှောက်လွဲလိုက်ရင် လွတ်တောင်မှ လွတ်သွားနိုင်ပါတယ်၊ ခုတော့ လူသတ်မှုက ရှိနေပြီပေါ့ဗျာ"

ဟု ဆားပုလင်းနှင်းမောင်က စိတ်မကောင်းသော လေသံဖြင့်ပြောလိုက်လေ၏။

သေတ္တာအား ဆိတ်ဖွားက လှမ်းကြည့်ပြီးနောက်. . .

"ဆရာဆိတ်ဖွားရေ၊ ဦးနတ္ထိတော့ လွတ်သွားပြီပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က ပြုံးလျက်. . .

"ဩော်. . . ဆရာဆိတ်ဖွား၊ လူရမ်းကားကြီးလေးဦးထားခဲ့တဲ့ ဦးနတ္ထိ ဂူက ရတနာတွေအတွက်လဲ မပူပါနဲ့ဗျာ၊ အဲဒါ နဂိုကတည်းက မရှိတော့ဘူး၊ သူတို့အထဲက ပဥ္စရူပ ဘသိန်းဆိုတဲ့ လူဆိုးကြီးက ထုတ်ယူသွားတာ ကြာလှပြီ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် ဆိတ်ဖွားက သေတ္တာအား အဓိပ္ပာယ်ပါပါ ကြည့်လိုက်လေ၏။

"ဘာပဲဖြစ်ဖြစ် သေတ္တာရေ၊ မိုးသီးနဲ့ မြစပယ်လွတ်သွားတာကတော့ ငါတို့အမြတ်ပဲ"ဟု ဆိတ်ဖွားက ပြောလိုက်ပြန်ရာ သေတ္တာက. .

"အစစ်ပဲဗျ၊ ကိုမိုးသီးဟာ မမင်းဖြူကို အစားရလိုက်တာပဲ"

ဟု ပြောလိုက်လေ၏။

"အေးဗျာ. . . ကိုမိုးသီးက ကျုပ်ကိုတောင် နှုတ်ဆက်ဖော်မရဘူး၊ ဒီလူက ကျုပ် ခင်သလို မခင်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် သေတ္တာက. . .

"ခင်ဗျားကို ခင်မင်ဖို့ဟာက ခဝါသည်နဲ့ မီးသွေးဖုတ်သမား အဆွေခင်ပွန်းဖြစ်သလို ရှိတော့မှာပေါ့ ကိုနှင်းမောင်၊ ဟား. . . ဟား. . . ဟား"

ဟု ပြောလိုက်ရာ အားလုံးက ဝိုင်း၍ရယ်မောကြလေ၏။

"နောက်တစ်ခု ဆရာဆိတ်ဖွားတို့ရဲ့ ဆောင်ရွက်ချက် အောင်မြင်မြင်တာကတော့ ပောာဒိ မောင်သန်းအေးနဲ့ မယဉ်နွယ်တို့ ပြန်ပြီး ဆုံစည်းကြဖို့တဲ့ ကိစ္စပဲ မဟုတ်လား"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထိုအခါ ဆိတ်ဖွားက အားပါးတရ ရယ်မောလိုက်ပြီးလျှင်. . .

"ကိုနှင်းမောင် ဒီတစ်ခါတော့ ခင်ဗျားထင်သလို မဟုတ်ဘူးဗျို့၊ မောင်သန်းအေးနဲ့ မယဉ်နွယ်တို့ပြန်ပြီး ဆုံစည်းကြတဲ့ ကိစ္စကလဲမဖြစ်နိုင်တော့ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်သန်းအေးက မယဉ်နွယ်ကို တကယ်ချစ်တာ မဟုတ်ဘူးဆိုပဲ၊ အပျော်ကြံရုံ သက်သက်ပဲ ပြောတယ်၊ ဒါပေမယ့် တစ်ဖက်က မယဉ်နွယ်ကတော့ သူ့ကို တော်တော်လေး ချစ်နေရှာတယ်၊ မတတ်နိုင်ဘူးလေ၊ ကျုပ်တာဝန်ကတော့ မယဉ်နွယ်ကို မောင်သန်းအေးနဲ့ တွေ့ပေးဖို့ပဲ" ဟု ပြောလိုက်လေသည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com


## ဆိတ်ဖွား၏ လူသားတို့အပေါ် ထားရှိသော သဘောထား ပြောင်းလဲခြင်း

ဆိတ်ဖွားသည် အမှန်စင်စစ်အားဖြင့် လူဆိုးတစ်ယောက်မဟုတ်ပေ၊ လူတွေကိုချစ်ခင်၏။ အခက်အခဲတွေ့နေသူများကို ကူညီလို၏။ မဟုတ်မခံစိတ်ရှိ၏။ လူတွေကို အကျိုးပြုလို၏။ သို့ရာတွင် ၎င်းအနေနှင့် ကူညီခဲ့သော မောင်သန်းအေးက ပင်လယ်ဓားပြများနှင့် ပူးပေါင်းကာ ၎င်းအပါအဝင် မိုးသီးနှင့် သေတ္တာတို့၏ အသက်ကို လုပ်ကြံခဲ့သည်ကို တွေ့မြင်ရသောအခါ၌ ၎င်း၏ စိတ်၌ လူဆိုသည်မှာ ကူညီရန် မသင့်သော သတ္တဝါတစ်မျိုးပင်ဖြစ်၏ဟု မှတ်ချက်မိပေသည်။ ထို့ကြောင့် ၎င်းရေးသားလျက်ရှိသော "လူသားတို့၏ ထွက်ရပ်လမ်း"ဟု အမည်ပေးထားသည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသော ဗြဟ္မစိုရ်တရားကို အခြေခံလျက် လူလူချင်း မည်သို့ မည်ပုံ ကူညီ ရိုင်းပင်းရမည် စသည်တို့ကို ဖော်ပြထားသည့် ကျမ်းစာအုပ်ကြီးအား ပင်လယ်ထဲသို့ လွှင့်ပစ်ခဲ့ပြီး ဖြစ်လေသည်။

ထို့ကြောင့် ဆိတ်ဖွားသည်. . .

"အင်း. . . လူတွေ. . . လူတွေ ကျေးဇူးတရားကို မျက်ကွယ်ပြုတဲ့ လူတွေ" ဟု တစ်ကိုယ်တည်း ရေရွတ်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်၌ စောင့်ပုလိပ်ကလေးသည် ဆိတ်ဖွားအား ချုပ်နှောင်ထားသည့် တာမွေဂါတ် အချုပ်ခန်းဆီသို့ လာရောက်၍ လက်ဖက်ရည်တစ်ခွက်နှင့် အတူ ဆေးပြင်းလိပ်ကိုပေးရင်း. . .

"ဆရာဆိတ်ဖွားအတွက် ဆရာကိုနှင်းမောင်က ပို့ခိုင်းလိုက်တာပါ"

ဟုလည်း ပုလိပ်ကလေးက ပြောလေ၏။

ဆိတ်ဖွားသည် လက်ဖက်ရည်ခွက်ကို ကောက်ယူမော့ချလိုက်ပြီးနောက် ဆေးပြင်းလိပ်ကို မီးညှိရှိုက်ဖွာလေ၏။ ထိုအချိန်၌ ဆိတ်ဖွားထံသို့ မိန်းကလေးတစ်ယောက်သည် မျက်ရည်များတတွေတွေကျလျက် ရောက်ရှိလာလေ၏။

"ဦးလေးဆိတ်ဖွား နွယ့်ကြောင့် ဒီလိုဖြစ်ရတာပဲ"

ဟု မိန်းကလေးက ဝမ်းနည်းကြေကွဲစွာ ပြောလိုက်လေ၏။

"ဟုတ်လား ကလေးမ၊ ဒါပေမယ့် မင်းရဲ့ချစ်သူ မောင်သန်းအေးကို မင်းအနေနဲ့ပိုင်ဆိုင်ရပြီဆိုတော့ ကျုပ်တို့အနစ်နာခံရကျိုးနပ်ပါပြီ မိန်းကလေး"

မယဉ်နွယ်သည် ရှိုက်၍ရှိုက်၍ ငိုနေလေ၏။ ဆိတ်ဖွားသည် မယဉ်နွယ်အား စိတ်မကောင်းစွာဖြင့် ကြည့်၍နေလေ၏။

"ကိုသန်းအေးက နွယ့်ကို မယူပါဘူး၊ မနေ့ကပဲ သူဌေးသမီးတစ်ယောက်နဲ့ လက်ထပ်လိုက်ကြပြီ ဦးလေး. . .၊နွယ်ပြောရမှာ ရှက်ပါတယ်၊ နွယ့်မှာလေ သူနဲ့ရတဲ့ ကိုယ်ဝန်က. . ."

မယဉ်နွယ်က ပြောလိုက်မှ ဆိတ်ဖွားသည် မယဉ်နွယ်၏ ဝမ်းဗိုက်ဆီသို့ မျက်လုံးကို ရွှေ့လိုက်ရာ အတော်အတန် ဖောင်းဖောင်းမို့မို့ဖြစ်လျက်ရှိသော ဗိုက်ကို တွေ့ရလေတော့၏။

"လူတွေ. . . လူတွေ အကြင်နာမဲ့တဲ့လူတွေ၊ ကျုပ်တော့ လူတွေကို စိတ်ကုန်သွားပြီ ကလေးမ၊ လူတွေဟာ ရက်စက်လွန်းတယ်၊ ကဲ. . . ကလေးမ ပြန်ပါတော့၊ မင်းကိုကြည့်ရတာ စိတ်မချမ်းသာလွန်းလို့ပါ"

ဟုဆိုကာ ဆိတ်ဖွားသည် မယဉ်နွယ်အား ပြန်ခိုင်းလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


မယဉ်နွယ် ထွက်၍သွားသည့်အခါ၌ ဆိတ်ဖွားသည် လက်ကို နောက်ပစ်လျက် အချုပ်ခန်းအတွင်း၌ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လူတွေအကြောင်းကို လေးလေးနက်နက် စဉ်းစား၍ နေလေ၏။

သူ၏ ဦးနှောက်ဟူသော ဓာတ်ခွဲခန်း၌ 'လူ'ဟူသော သတ္တဝါကို ဓာတ်ခွဲ၍ကြည့်နေ၏။ တစ်စစီ အဖြေထုတ်၍ကြည့်နေ၏။ လူနှင့်ပတ်သက်၍ အဆုံးအဖြတ်ပြုနိုင်ရန်အတွက် အချက်အလက်ပေါင်းများစွာကို ရရှိလာလေသည်။

ထိုအချိန်၌ အချုပ်ခန်းရှေ့ကို ဆားပုလင်းနှင်းမောင် ရောက်ရှိလာလေသည်။

"ကိုဆိတ်ဖွား လိုတာကိုပြောပါ၊ စားချင်သောက်ချင်တာရှိရင်လဲ ပြောပါ၊ ကျုပ်လဲ နေ့တိုင်းရောက်နေမှာပဲ၊ ဒီဂါတ်က ဌာနအုပ်တွေကိုလဲ ကိုဆိတ်ဖွား လိုချင်တာတွေကို ဝယ်ခြမ်းပေးဖို့ မှာထားပါတယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဆိတ်ဖွားကပြုံးလျက် ဆားပုလင်းနှင်းမောင်ကို ပြန်၍ကြည့်လိုက်၏။ သူ၏ အကြည့်မှာ မည်သို့သော အဓိပ္ပာယ်မျိုး ပါဝင်နေသည်ဟု သူကိုယ်တိုင်ပင် ပြောနိုင်လိမ့်မည် မဟုတ်ပေ။

ဆာပုလင်းနှင်းမောင်သည် ကုတ်အင်္ကျီအတွင်းမှ စီးကရက်ဘူးကို ထုတ်လိုက်ပြီးလျှင် စီးကရက်တစ်လိပ်ကို မီးညှိ ရှိုက်ဖွာလေ၏။

"ကိုဆိတ်ဖွားကို လူတစ်ယောက်က တွေ့ချင်နေတယ်၊ ကိုဆိတ်ဖွား အနေနဲ့ လက်ခံမယ်ဆိုရင် တွေ့ခွင့်ပေးလိုက်မယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဆိတ်ဖွားက. . .

"ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

"ခင်ဗျားတပည့် အိုလံပါ"

"အိုလံ မသေဘူးလား"

ဟု ဆိတ်ဖွားက အားရဝမ်းသာ မေးလိုက်၏။

"မကျီးသီး ပစ်လိုက်တဲ့ ကျည်ဆန်ဟာ အိုလံရဲ့ပခုံးကို ထိတာတော့ အမှန်ပဲ၊ ဒါပေမယ့် ဆေးရုံမှာ တက်ရောက်ကုသလို့ အသ. . .မသေပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"တွေ့ချင်ပါတယ်၊ တွေ့ခွင့်ပေးစမ်းပါ"

ဟု ဆိတ်ဖွားက အားရဝမ်းသာနှင့် ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်က. . .

"အိုလံရေ. . . မင်းဆရာကြီးက တွေ့ချင်ပါတယ်တဲ့၊ လာခဲ့ပါ"

ဟု ခေါ်လိုက်လျှင် တဒေါက်ဒေါက်နှင့် လှမ်း၍လာသော ဖိနပ်သံကို ကြားရပြီးနောက် အိုလံကို တွေ့ရလေ၏။

မိုးပြာရောင် သက္ကလတ်ဘောင်းဘီ၊ ရှပ်အင်္ကျီအဖြူ၊ မိုးပြာရောင်ကုတ်အင်္ကျီ၊ နက်ပြာရောင် နက်တိုင်တို့ကို သေသပ်ကျနစွာ ဝတ်ဆင်လျက် ခါး၌လည်း ခြောက်လုံးပြူးကို ချိတ်ဆွဲထားသည့် အိုလံအား အံ့ဩဖွယ်ရာ တွေ့ရလေ၏။

ဆိတ်ဖွားက အိုလံအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်၏။ အိုလံကို နားမလည်သလို ကြည့်လိုက်၏။

"ဆရာဆိတ်ဖွားကို အခုလိုမသေမပျောက်ဘဲ တွေ့ရတာ ဝမ်းသာလိုက်တာ ဆရာဆိတ်ဖွားရယ်၊ ကျွန်တော့်ကိုတော့ ခွင့်လွှတ်ပါ၊ ဆရာဆိတ်ဖွားနဲ့နေခဲ့ရတဲ့ အချိန်တွေမှာ ဆရာဆိတ်ဖွားရဲ့ မှန်မြတ်တဲ့စိတ်ဓာတ်နဲ့ ဆရာဆိတ်ဖွားရဲ့ တောက်ပြောင်တဲ့ အတွေးအခေါ်တွေကိုလဲ သိရှိခွင့်ရခဲ့ပါတယ်"

ဟု အိုလံက စကားစလိုက်လျှင် ဆိတ်ဖွားက. . .

"နေစမ်းပါဦး အိုလံ၊ မင်းက ဘယ်လိုဖြစ်လာတာလဲ"

ဟု မေးလိုက်လေ၏။

"ကျွန်တော်ဟာ စီအိုင်ဒီက စုံထောက်တစ်ယောက်ပါ၊ ကျွန်တော့်နာမည်က သင်းကြိုင်ပါ၊ ဆရာကိုနှင်းမောင်ရဲ့စီစဉ်ချက်အရ တာမွေသချိုင်းကို သူတောင်းစားအိုလံအဖြစ်နဲ့ လာခဲ့ရတာပါ ကိုဆိတ်ဖွား"

"ဟေ. . ." ဆိတ်ဖွားသည် လွန်စွာအံ့ဩ၍ သွားလေ၏။

"ဟုတ်ပါတယ် ကိုဆိတ်ဖွား၊ ကိုဆိတ်ဖွား ထောင်ကလွတ်တဲ့အခါမှာ တောင်ငူသချိုင်းမှာလဲ သုဘရာဇာ တစ်ယောက်ကို တွေ့ခဲ့ရမှာပေါ့၊ အဲဒါဟာလဲ စီအိုင်ဒီကပါပဲ၊ ကျုပ်လွှတ်ထားတဲ့လူပါ၊ ဆရာဆိတ်ဖွားကို တောင်ငူသချိုင်းမှာ နေလို့မရအောင် လှမ်းပြီး ပိတ်ထားလိုက်တဲ့ သဘောပါပဲ၊ တောင်ငူမှာ

www.burmeseclassic.com


ဆိုတော့ ကျုပ်တို့အနေနဲ့ ကိုဆိတ်ဖွားကို စောင့်ကြည့်ဖို့မလွယ်ဘူး မဟုတ်လား၊ အဲဒီလိုလုပ်လိုက်တော့မှ ဆရာဆိတ်ဖွားဟာ ရန်ကုန်ကိုတက်လာပြီး တာမွေသချိုင်းမှာ သုဘရာဇာလုပ်တာကို၊ အဲဒီအခါမှာ ကျုပ်က သင်းကြိုင်ကို သူတောင်းစားအိုလံအဖြစ်နဲ့ ခင်ဗျားအနားမှာ နီးနီး ကပ်ကပ်နေပြီး စောင့်ကြည့်ဖို့ လွှတ်လိုက်ရပြန်တယ်"

ဟု ကိုနှင်းမောင်က ပြောလိုက်ရာ ဆိတ်ဖွားက ဆားပုလင်း၏ မျက်နှာကို စေ့စေ့ကြည့်လျက်. . .

"ကျုပ်ဟာ ပြစ်မှုတစ်ခုတစ်ရာ မကျူးလွန်ရသေးပါပဲလျက် ကျုပ်ဆီကို သူလျှိုဒလန်တွေလွှတ်ပြီး စောင့်ကြည့်ခိုင်းတာဟာ တစ်ဆိတ်ကလေး ယုတ်မာလွန်းပါတယ် ဆားပုလင်းနှင်းမောင်"

ဟု ပြောလိုက်လေ၏။

"ခင်ဗျားပြောရင် ခံရမှာပဲ ကိုဆိတ်ဖွားရေ၊ တခြားလူတွေဆိုရင် အပြစ်ကျူးလွန်မှပဲ ကျုပ်ကလိုက်ပါတယ်၊ ဆရာဆိတ်ဖွားကိုလူကတော့ အဲဒီလို လုပ်လို့မဖြစ်သေးဘူးဗျ၊ ခင်ဗျားက သိပ်ပြီး ဉာဏ်ပြေးတယ်၊ ခင်ဗျားကို လျှော့ပြီးမတွက်ဝံ့ဘူး၊ ဒါကြောင့်ပါ ကိုဆိတ်ဖွား"

ဟု ဆားပုလင်းနှင်းမောင်က တောင်းပန်လိုက်လေ၏။

"ဟော့ကောင် အိုလံ၊ အဲ. . . အဲ. . . စုံထောက်ကြီးသင်းကြိုင်၊ ငါဟာ လူသတ်မှုကိုကျူးလွန်ခဲ့တယ်၊ ကျူးလွန်ခဲ့တဲ့ လူသတ်မှုဟာလဲ မင်းအတွက် လက်စားချေလိုက်တဲ့ လူသတ်မှုကွ၊ ဒါကိုတစ်ခါ မင်းတို့က ငါ့ကိုဖမ်းတယ် ဆိုတော့. . . ဟား. . . ဟား. . ."

"ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား"

ဆိတ်ဖွားသည် တအားကုန် အော်ဟစ်ရယ်မောလေ၏။ အိုလံခေါ် စုံထောက်သင်းကြိုင်က ဆိတ်ဖွားအား အမျိုးမျိုးအဖုံဖုံ တောင်းပန်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာဆိတ်ဖွားရယ်၊ တာဝန်အရ ဆောင်ရွက်ရတာပါ ဆရာဆိတ်ဖွား၊ ဆရာဆိတ်ဖွားလိုလူကို ကျွန်တော်အနေနဲ့ စိတ်နဲ့တောင် မပြစ်မှားရက်ပါဘူး"ဟု သင်းကြိုင်က တောင်းပန်လေ၏။

"ဟား. . . ဟား. . . ဟား. . . မယဉ်နွယ်ဆိုတဲ့ ကလေးမလေးကို မင်းကပဲ သနားလှချည်ရဲ့ဆိုပြီး ငါ့ဆီကို ခေါ်လာတယ်၊ အမှုကြီး၊ ဒီအဖြစ်အပျက်ကြီး တစ်ခုလုံးဟာ အဲဒီမယဉ်နွယ်နဲ့ မောင်သန်းအေးရဲ့အုတ်ဂူက စတင်ခဲ့တာပဲ၊ တကယ်ပြောရရင် အဲဒီပြဿနာကို စတင်ပြီး ငါ့ဆီယူလာတာဟာ မင်းပဲမဟုတ်လား အိုလံ၊ အခုတော့ မင်းက သူတောင်းစားအိုလံ မဟုတ်ပြန်ဘူး၊ စီအိုင်ဒီက သင်းကြိုင်တဲ့ ဟား. . . ဟား. . . ဟား"

ဟု ရယ်မောကာ ပြောဆိုလေတော့၏။

ထို့နောက် ဆိတ်ဖွားသည် ဆားပုလင်းနှင်းမောင်ဘက်သို့လှည့်ကာ ဆားပုလင်းနှင်းမောင်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးနောက် ခတ်သော ကလေး ရယ်မောလိုက်လေ၏။

"ဟာ. . . ဟ. . . တကယ်တော်တဲ့ စုံထောက်ကြီး ဆားပုလင်းနှင်းမောင်၊ ဒါမျိုးမှ တကယ့် စုံထောက်. . .၊ ဘုရားသခင်က စုံထောက်လုပ်ဖို့ ခင်ဗျားကို လွှတ်လိုက်တာ၊ ကြိုပြီး၊ ဒါပေမယ့် ကျုပ်ကလဲ ကိုယ့်လူကို အရှုံး မပေးသေးဘူး၊ ဆိတ်ဖွားတဲ့. . . ဆိတ်ဖွားဆိုတဲ့ ကောင်ကလဲ လောကတက္ကသိုလ်ကြီးက ဆင်းလာတဲ့ ပရော်ဖက်ဆာကြီးပဲ၊ ဒီလိုနဲ့တော့ ဘယ်ကျေနပ်နိုင်ပါ့မလဲ၊ တွေ့ကြသေးတာပေါ့"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ဆိတ်ဖွားအား

"ကိုဆိတ်ဖွားဟာ လူတော်တစ်ယောက်ဆိုတာတော့ ကျုပ်အနေနဲ့ အကြွင်းမရှိ လက်ခံတယ်၊ ဒါပေမယ့် လူကောင်းတစ်ယောက်လို့တော့ မဆိုနိုင်ပါဘူး၊ ခင်ဗျားက သည်းခံခြင်းဆိုတဲ့ အလွန်တရာ ငြိမ်းအေးတဲ့ တရားတစ်ခု ချွတ်ယွင်းနေတယ်၊ ဘယ်တော့ပဲဖြစ်ဖြစ် ပြဿနာပေါ်လာတိုင်း အကြမ်းဖက်တဲ့နည်းကို သုံးလေ့ရှိတယ်၊ နောက်ဆုံးမှာ ခင်ဗျားဟာ လူသတ်မှုနဲ့ချည်ပြီး ပြဿနာကို အဆုံးသတ်လေ့ရှိတယ် ကိုဆိတ်ဖွား၊ ဒီအချက်ဟာ တရားဥပဒေက ခင်ဗျားကို မျက်နှာသာမပေးနိုင်တဲ့ အချက်ပဲ"


www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်လုံးချင်းပြောလိုက်လေ၏။

"ဟာ. . . ဟ၊ သိပ်တော်တဲ့ ဆားပုလင်းနှင်းမောင်၊ စီအိုင်ဒီက ထွက်ပြီး ဓမ္မကထိကများလုပ်ဦးမလို့လား၊ ဟား. . . . ဟ၊ ဘာပဲဖြစ်ဖြစ် ဆိတ်ဖွားနဲ့ နှင်းမောင် တွေ့ကြဦးမယ်. . . . တွေ့ကြဦးမယ်၊ ဆင်နဲ့ခြင်္သေ့ တို့ရဲ့ ကမ္ဘာဦးရန်ပွဲလို သဲသဲမဲမဲကြီး တိုက်ခိုက်ရဦးမယ် ဆားပုလင်း နှင်းမောင်" ဟု ဆိတ်ဖွားက ပြောလိုက်ပြန်၏။

"ဆင်နဲ့ခြင်္သေ့တို့ရဲ့ ကမ္ဘာဦးစစ်မီးကို လောကနတ်သားဟာ စည်းစုပ် ကို ကိုင်ပြီး ငြိမ်းသတ်ခဲ့ပါတယ်၊ ကိုဆိတ်ဖွား. . . ခင်ဗျားဟာ လူတော် တစ်ယောက်ပါပဲ၊ အစစအရာရာမှာ တော်လွန်းလို့ ခင်ဗျားကို ပရော်ဖက်ဆာ ကြီးလို့တောင် လူတွေက နောက်ရင်းပြောင်ရင်း ခေါ်ဝေါ်ခဲ့ကြပါတယ်၊ ဒါပေမယ့် ခင်ဗျားဟာ ခင်ဗျားရဲ့ ရန်သူအစစ်အမှန်ကို မမြင်နိုင်လောက်အောင် ဒေါသဆိုတဲ့ တိမ်သလ္လာတွေ ဖုံးလွှမ်းနေပါကလား"

ဟု ပြောကာ ဆားပုလင်းနှင်းမောင်က စီးကရက်ကိုထုတ်၍ မီးညှိ ရှိုက်ဖွာလိုက်ပြီးလျှင် မီးခိုးများ မှုတ်ထုတ်လိုက်လေ၏။

"ကျုပ်ရဲ့ ရန်သူအစစ်က ဘယ်သူလဲ. . . ဘယ်သူလဲ အင်္ဂလိပ် အစိုးရလား" ဟု ဆိတ်ဖွားက ဒေါ်ဟစ်၍ မေးလိုက်လေ၏။

"ခင်ဗျားရဲ့ရန်သူဟာ အင်္ဂလိပ်အစိုးရလဲ မဟုတ်ဘူး၊ တရားဥပဒေလဲ မဟုတ်ဘူး၊ ပုလိပ်အဖွဲ့လဲ မဟုတ်ဘူး ဆရာဆိတ်ဖွား"

"ဒါဖြင့် ဘယ်သူလဲ. . . ဘယ်သူလဲ၊ ငါရဲ့ရန်သူ"

"လက်စားချေခြင်းဟာ တရားသော အမှုဖြစ်တယ်လို့ လွဲမှားတဲ့ ခင်ဗျား ဦးနှောက်ထဲက အယူအဆတွေဟာ ခင်ဗျားကို ရန်သူအစစ်ပဲ ကိုဆိတ်ဖွား"

"ဟာ. . . ဟ၊ ပုလိပ်ထဲမှာတော့ ခင်ဗျားအတော်ဆုံးပဲ၊ ဒါပေမယ့် ခင်ဗျားပြောတာကို မှန်တယ်လို့တော့ ကျုပ်ကမဆိုသေးဘူး၊ လက်စားချေခြင်း အလုပ်ဟာ မှန်တယ်၊ မှားတယ် မှန်လျှင် ဘယ်လောက်မှန်တယ်၊ မှားလျှင် ဘယ်လောက်မှားတယ် ဆိုတာ သုတေသနလုပ်ဦးမယ်၊ အဲဒီ သုတေသနလုပ်ငန်း လုပ်နေချိန်အတွင်းမှာ ဆားပုလင်းနှင်းမောင်ကို ဆိတ်ဖွားက သင်တဲ့အလုပ်



www.burmeseclassic.com

www.burmeseclassic.com


လဲ အကျိုးဝင်မှာပဲ၊ တိုတိုပြောရရင် အဲဒီကိစ္စမှာ ခင်ဗျားကိုသတ်ပြီး အဖြေထုတ် ရလိမ့်မယ် ဆားပုလင်းနှင်းမောင်. . . ဟား. . . . ဟား. . . ဟား. . .”

“လက်စားချေခြင်းဟာ ရိုင်းစိုင်း မှားယွင်းတဲ့အပြုအမူဖြစ်ပါတယ် ကိုဆိတ်ဖွား”

“လက်စားချေခြင်းဟာ ချိုမြိန်သောအရာ ဖြစ်တယ်. . . ဆားပုလင်းနှင်းမောင်”

“လက်စားချေခြင်း အမူတွေကို တရားဥပဒေက ခွင့်မပြုနိုင်သလို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းကလဲ. . . ခွင့်မပြုတော့ဘူး ကိုဆိတ်ဖွား၊ ဒါကြောင့် ခင်ဗျားဟာ ကြိုးစင်တက်ရတော့မယ်. . . ဒီအတွက်တော့ စိတ်မကောင်းပါဘူး၊ ကိုဆိတ်ဖွား”

ဟုဆိုကာ ဆားပုလင်းနှင်းမောင်က ထွက်၍သွားလေ၏။

“ဟား. . . ဟား. . .” ဆိတ်ဖွားကမူ အော်ဟစ်ရယ်မောရင်း သံတိုင်ကို ကိုင်လျက် ကျန်ရစ် လေတော့သတည်း။

◈ ◈ ◈

အချိန်ကာလဟူသည့်အရာသည် မေ့လျော့ခြင်းကို ဖြစ်စေတတ်သည့် သဘာဝတရားအတိုင်း ဆိတ်ဖွား၏ အဖြစ်အပျက်များသည်လည်း မေ့လျော့ဖွယ်ကောင်းသောအချိန်သို့ ရောက်ရှိခဲ့ပေတော့၏။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်စဉ်က ထောင်ဖွင့်၍ လွတ်သည့်အထဲတွင် ဆိတ်ဖွားတစ်ယောက်ပါ လွတ်မြောက် သွားသည်ဟုလည်းကောင်း၊ စစ်အတွင်း၌ ဆိတ်ဖွားတစ်ယောက် သေဆုံးခဲ့ပြီဟုလည်းကောင်း အမျိုးမျိုးပြောဆိုခဲ့ကြလေ၏။

သို့ရာတွင် ထူးဆန်းသော အဖြစ်အပျက်တစ်ခုသည် ပေါ်ပေါက်လာခဲ့ပြန်၏။ ထိုအဖြစ်အပျက်ကား မအူပင်မြို့သချိုင်း၌ ထူးဆန်းသော လူသေ ခေါင်းကြီးတစ်ခု ရောက်ရှိလာခဲ့သည်မှအစ မြန်မာပြည် ပုလိပ်အဖွဲ့သည် လွန်စွာ အလုပ်ရှုပ်ခဲ့ရလေ၏။ ထိုအထဲတွင် အင်းစိန်စီအိုင်ဒီမှ စုံထောက်ကြီး ဆားပုလင်းနှင်းမောင်သည်လည်း လွန်စွာအလုပ်ရှုပ်ခဲ့ရုံမျှမက ပူဆိုးများက



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ်တိုင်တိုင် သေနတ်ဖြင့်ပင် ပစ်ခတ်လုပ်ကြံခဲ့ရာ ဒုတိယကြိမ်၌ ဆားပုလင်း နှင်းမောင်၏ သက်ဇီဝန်ပင် ကြွေခဲ့ရလေတော့၏။ ထိုလက်ချက်မှာ ဆိတ်ဖွားခေါ် ညာဏ်နီညာဏ်နက်များလှသော ပရော်ဖက်ဆာဆိတ်ဖွား၏ လက်ချက်ပင် ဖြစ်ပေတော့၏။ ထိုအမှုကိစ္စကြီး ပြီးဆုံးသည့်အခါ၌ ကျွန်ုပ်သည် **"ဆားပုလင်း နှင်းမောင်နှင့် သေသောသူသည် သုသာန်သို့သွားသည်"** ဟု အမည်တပ်ကာ အမှုတွဲဖိုင်အား ကျွန်းသေတ္တာကြီးအတွင်း၌ သိမ်းဆည်းခဲ့လေတော့၏။

မှတ်ချက် ။ ။ ဆားပုလင်းနှင်းမောင်နှင့် သေသောသူသည် သုသာန်သို့ သွားသည် ဝတ္ထုအား ဆက်လက်တင်ပြဦးမည်။ ထိုဝတ္ထု၌ ပရော်ဖက်ဆာဆိတ်ဖွားနှင့်အတူ လွန်စွာညာဏ်ပညာ ထက်မြက်လှသော စားကော်ကဲကြီး ဦးဂွမ်တီတို့ ပူးပေါင်း၍ ဆားပုလင်းနှင်းမောင်အား ယှဉ်ပြိုင်ပုံ၊ ညာဏ်ကစားကြပုံ၊ လုပ်ကြံ သတ်ဖြတ် ကြပုံတို့အား မလွှဲမရှောင်သာ ဖော်ပြရပေဦးမယ် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ မဟုတ်ပါ

အောက်တွင် ဖော်ပြလတ္တံ့သော အကြောင်းအရာမှာ ဤ "ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား" ဝတ္ထုကြီးနှင့် မည်သို့မျှမပတ်သက်သောကြောင့် "အမှာစာမဟုတ်ပါ"ဟု ခေါင်းစဉ်ထိုး၍ ရေးသားရခြင်းဖြစ်ကြောင်း လေးစား အပ်သော စာဖတ်ပရိသတ်များအား ဝန်ခံအပ်ပါသည်။

ဤ "ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား" ဝတ္ထုကြီးကို ရေးသား နေစဉ်အတွင်း တစ်ခုသော နံနက်ခင်း၌ ကျွန်ုပ်သည် ပြုမြဲအဓိဋ္ဌာန်ဖြစ်သော "နမောတဿ"အစချီသော ဂါထာပိုဒ်ကို ပုတီးစိပ်ရန်အတွက် ရွှေတိဂုံစေတီ မြတ်ကြီးသို့ ဘုရားဖူးတက်ခဲ့လေ၏။

ထိုသို့ အဓိဋ္ဌာန်ပုတီးစိပ်ပြီးသည့်နောက် တနင်္ဂနွေထောင့်ရှိ ခေါင်းလောင်း ကြီးရှိသော ဇရပ်ပေါ်တွင် ထိုင်ကာ စိတ်အပန်းဖြေလျက် နေစဉ် ကျွန်ုပ်ထိုင် နေရာအနီးသို့ အသက်လေးဆယ် ကျော်အရွယ်မျှသာ ရှိသေးသည့် ဖိုးသူတော် တစ်ဦးရောက်ရှိလာလေသည်။ ကျွန်ုပ်လည်း ထိုဖိုးသူတော်တစ်ဦးအား စိတ်ဝင်စားသည်နှင့် (မည်သို့သော အကြောင်း ကြောင့် စိတ်ဝင်စားသည်ဟု ကျွန်ုပ် ကိုယ်တိုင်မသိပါ။) မသိမသာ အကဲခတ်၍ ကြည့်ရှုလေ့လာမိလေ၏။ ဖိုးသူတော် မှာမူ သူ့အား ကျွန်ုပ်အကဲခတ်နေသည်ကို သတိပြုမိဟန်မပေါ်ချေ။ ထိုစဉ် "ဆရာမင်းသိခ်"ဟုခေါ်လိုက်သံကို ကြားလိုက်သောအခါ လှည့်ကြည့်လိုက်ရာ တစ်ချိန်က ကျွန်ုပ်ထံတွင် ဗေဒင် ပညာရပ်ကို ဆည်းပူးသင်ကြားခဲ့ဖူးသော "မောင်ဖြူဝင်း"ဆိုသည့် တပည့်ငယ် တစ်ဦးဖြစ်၍ နေလေ၏။

ဖြူ ။ ။ "နေရာကျလိုက်တာ ဆရာရယ်၊ ဆရာ့အိမ်ကို ကျွန်တော် လာလာရှာနေတာ လေးခေါက်ရှိသွားပြီ၊ ဒီနေ့တော့ ဘုရား တက်ဖူးရင်း မမျှော်လင့်ဘဲ ဆရာ့ကို တွေ့လိုက်ရတော့ ကျွန်တော်ဖြင့် ဝမ်းသာသွားတာပဲ"

ကျွန်ုပ် ။ ။ "စောစောစီးစီး ကြားလိုက်ရတဲ့ စကားကတော့ ပီတိဖြစ် စရာပါပဲကွာ"

ဖြူ ။ ။ "ဘာဖြစ်တာလို့လဲ ဆရာ"


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ။ ။ "ဒီလိုလေကွာ၊ လူတစ်ဦးတစ်ယောက်က မိမိကိုတွေ့လို့ ဝမ်းပန်းတသာ ဖြစ်သွားတယ်ဆိုတာကို သိရတော့ ဘယ်သူဖြစ်ဖြစ် ပီတိဖြစ်ရမှာပေါ့ကွာ၊ တကယ်လို့ မင်းက မြောက်မပြောဘူးဆိုရင်ပေါ့လေ၊ ငါ့အတွက် ပီတိဖြစ်စရာပေပဲပေါ့"

ဖြူ ။ ။ "တကယ်ပါ ဆရာ၊ ကျွန်တော်မြှောက်ပြောနေတာ မဟုတ်ပါဘူး၊ ဆရာ့ကို ကျွန်တော်သိပ်တွေ့ချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာ့ဆီက အကူအညီတစ်ခု လိုချင်လို့ပါ"

ကျွန်ုပ် ။ ။ "ဘယ်လိုအကူအညီမျိုးလဲကွ၊ ဆိုစမ်းပါဦး၊ ကူညီနိုင်တဲ့ ကိစ္စမျိုးလဲ ဖြစ်ပါစေလို့ မင်းမပြောခင်ကတည်းက ဆုတောင်းလိုက်ပါတယ်။

ဖြူ ။ ။ "ဆရာ ကူညီနိုင်ပါလိမ့်မယ်ဆရာ၊ ကျွန်တော်လဲ ဆရာ ကူညီလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်၊ ဒီကိစ္စကတော့ ဒီလိုပါဆရာ၊ ဆရာ့အတ္ထုပ္ပတ္တိကို ကျွန်တော်ရေးမလို့ပါပဲ၊ ထုတ်ဝေသူတစ်ယောက်နဲ့လဲ စကားပြောပြီးပြီ၊ အဲဒါ ဆရာရဲ့ခွင့်ပြုချက်ကို ယူမလို့နပါပဲ၊ ဆရာရဲ့ခွင့်ပြုချက်ရတာနဲ့ ကျွန်တော် စရေးတော့မယ်"

ကျွန်ုပ် ။ ။ "စောစောစီးစီး မင်းတောင်းတဲ့ အကူအညီကို မပေးနိုင်တာတော့ စိတ်မကောင်းစရာပါပဲကွာ"

ဖြူ ။ ။ ဘာဖြစ်လို့ ခွင့်မပြုနိုင်တာလဲ ဆရာ၊ ဆရာ့အတွက် ခွင့်မပြုနိုင်စရာအကြောင်း မရှိဘူးလို့ ကျွန်တော်ထင်နေပါတယ်"

ကျွန်ုပ် ။ ။ "ဒီလိုလေကွာ၊ ငါက သာမာန်စာရေးဆရာတစ်ယောက်ပဲ၊ အတ္ထုပ္ပတ္တိရေးလောက်တဲ့ ပုဂ္ဂိုလ်ကြီးမှ မဟုတ်ဘဲ၊ အမျိုးသားရေးခေါင်းဆောင်ကြီးတွေ၊ မျိုးချစ်အာဇာနည်ကြီးတွေ၊ လွတ်လပ်ရေး ဗိသုကာကြီးတွေမှသာ အတ္ထုပ္ပတိရေးအပ်တယ်၊ နာမည်ကြီးတိုင်း အတ္ထုပ္ပတိရေးမယ်လို့ မယူဆရဘူးကွယ့်၊ ဒီတော့ မင်းအနေနဲ့ အတ္ထုပ္ပတ္တိရေးတဲ့ စာရေးဆရာလုပ်ချင်ရင် ငါ အကြံပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူ ။ ။ "ပေးပါဆရာ ပေးပါ။ ဆရာ အခုလိုရှင်းပြတာတော့ ကျွန်တော် လဲ သဘောပေါက်သွားပါပြီ"

ကျွန်ုပ် ။ ။ "ဒီတော့ မြန်မာနိုင်ငံရဲ့ အရင်းရှင်လက်ခံ ပါလီမန်ဒီမို ကရေစီခေတ်ကို ရိုက်ချိုးပစ်လိုက်တဲ့ ခေတ်ပြောင်းတော် လှန်ရေး ဗိသုကာကြီးတွေရဲ့ ဖြတ်သန်းတိုက်ခိုက်လာရတဲ့ နိုင်ငံရေး တိုက်ပွဲတွေ၊ အမျိုးသားရေး တိုက်ပွဲတွေ၊ ဂျပန် ဖက်ဆစ် ဆန့်ကျင်ရေးတွေ၊ နယ်ချဲ့အင်္ဂလိပ်အစိုးရကို အန်တုဖက်ပြိုင်မှုတွေကို စနစ်တကျ စုဆောင်းပြီး သမိုင်း နောက်ခံဝတ္ထုတစ်ပုဒ်လောက် ရေးပါလား၊ ဒီလိုဆိုရင် စာဖတ်ပရိသတ်အတွက် ပိုလို့ အကျိုးရှိလိမ့်မယ်လို့ ငါ ပြောရဲတယ်"

ဖြူ ။ ။ "ဟုတ်တယ် ဆရာ၊ ဆရာပေးတဲ့အကြံ သိပ်ကောင်းတယ်၊ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ခက်လိမ့်မယ်"

ကျွန်ုပ် ။ ။ "ဒီလိုပေါ့ကွာ၊ ကြိုးစားရမှာပေါ့ မဟုတ်ဘူးလား၊ ကြိုးစား ရင် အောင်မြင်ရမှာပါ"

ထိုအချိန်၌ အနီးရှိ ဖိုးသူတော်ကြီးက ကျွန်ုပ်ဘက်ကိုလှည့်ကာ အောက်ပါအတိုင်းပြောလေ၏။

ဖိုးသူတော်။ ။ "နေစမ်းပါဦး၊ မင်းက ဘာလဲ စာရေးဆရာလား"

ကျွန်ုပ် ။ ။ "ဟုတ်ပါတယ်၊ စာရေးဆရာပါ။ မင်းသိခ်လို့ ခေါ်ပါတယ်"

ဖိုးသူတော်။ ။ "ဟုတ်ပြီ-ဟုတ်ပြီ၊ ငါနဲ့သိတဲ့ လူတစ်ယောက်က စစ်ပြန်ဆို တဲ့စာအုပ်မှာ ဘိလပ်ပြန်ဖိုးသူတော်အကြောင်းရေးထား တယ်လို့ပြောတယ်၊ ငါကတော့ မဖတ်ပါဘူး။ ဖိုးသူတော် ဆိုတော့ ဝတ္ထုဖတ်လို့လဲ မဖြစ်ပေဘူးကိုကွ၊ ဘာတဲ့ "မြိုင်ဟေဝန်"တဲ့ ဟုတ်လား၊ ဟိုလူပြောပြတာတော့ စိတ်ဝင် စားစရာပါပဲ၊ မင်းရေးတဲ့ ဖိုးသူတော်က တတ်လှချည့်လား ကွ၊ ဟိုဟာမေးလဲ သူကသိ၊ ဒီဟာမေးလဲ သူကသိနဲ့ ဂျင်နရယ်နောလိပ်က တယ်စုံပါလား၊ ဖြစ်နိုင်ပါ့မလား၊ ပြီးတော့ ဟာစ်စထရီအော့ဖ် ပိန်းတင်းခေါ်တဲ့ ပန်းချီပညာရဲ့



www.burmeseclassic.com

www.burmeseclassic.com


ရာဇဝင်ကိုလဲ သူက သိနေလိုက်တာ. . . ဟဲ. . . ဟဲ ဖြစ်နိုင်ပါ့မလား"

ကျွန်ုပ် ။ ။ "ဖြစ်နိုင်ပါတယ်"

ဖိုးသူတော်။ ။ "နည်းနည်းဖြစ်ရှင်(စိတ်ကူးယဉ်)မဆန်ဘူးလား၊ ဖိုးသူတော် ပဲကွာ အင်္ဂလိပ်လို ဒါလောက်တတ်ပါ့မလား"

ကျွန်ုပ် ။ ။ "တတ်ပါတယ်ခင်ဗျာ"

ဖိုးသူတော်။ ။ "အေးပေါ့ကွာ၊ စာရေးတယ်ဆိုတာလဲ စိတ်ကူးစိတ်သန်းကို ရုပ်လုံးထုခြင်း တစ်မျိုးပဲပေါ့ကွာ၊ မင်းရေးတဲ့ ဖိုးသူတော်မျိုးက ရှိတယ်လို့ပဲ ပြောပြော မရှိဘူးလို့ပဲ ပြောပြော ဒါက သိပ်အရေးမကြီးလှပါဘူး၊ ဒါပေမယ့် မင်းကို ကတိတစ်ခု ပေးခဲ့မယ်၊ အဲဒီ ကတိက ဘာလဲဆိုတော့ ဒီနေ့ကနေစပြီး နောက်တစ်နှစ်တိတိ ပြည့်တဲ့နေ့ မင်းနဲ့ငါဒီနေ့မှာဆုံကြလိမ့်မယ်၊ အဲဒီအခါကျရင်တော့ မင်းကိုငါ ပုံတစ်ခုပြောမယ်၊ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ ပုံပေါ့ကွာ၊ အဲဒီပုံကို မင်းက စာရေးပေတော့ကဲ. . . ဘယ့်နှယ်လဲ"

ကျွန်ုပ်လည်း ဖိုးသူတော်၏ စကားကို ကြားလိုက်ရသောအခါ ရယ်ချင်လာသည်နှင့် ဆက်လက်၍ စကားရှည်ခြင်းမပြုတော့ဘဲ ငြိမ်၍နေလိုက်လေ၏။ ထိုအခါ၌ ဖိုးသူတော်သည် ကြေးစည်ကိုထုကာ ကျွန်ုပ်အား နှုတ်ဆက်၍ ထွက်ခွာသွားလေတော့၏။

အကယ်၍သာ ဖိုးသူတော်ကြီး ပြောသွားသကဲ့သို့ နောက်တစ်နှစ်၌ ကျွန်ုပ်နှင့် ပြန်လည်ဆုံခဲ့ကြလျှင် "ဖိုးသူတော်ပြောသောပုံပြင်"ဟူသော စာအုပ် ထွက်လာပေလိမ့်မည် ဖြစ်ပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



မည်မျှသြဇာရှိ၍ မည်မျှပင် ယောကျ်ားများ အပေါ်၌ လွှမ်းမိုးနိုင်သော မိန်းမဖြစ်ပါစေ အိမ် ထောင်ကျသည့်အခါ၌ သူကိုယ်တိုင် ကိုယ်ဝန် ဆောင်ရပေမည်။ သူ၏ယောကျ်ားအား ကိုယ်ဝန် ဆောင် ခိုင်းရန် မဖြစ်နိုင်ပေ။

ပရော်ဖက်ဆာ ဆိတ်ဖွား

- တောင်ဆိုသည်မှာ အဆုံးအမရက်စက်သော စာသင်ကျောင်းကြီး ဖြစ်သည်။
- လူတွေအားလုံးဥပုသ်စောင့်နေရင် ပုလိပ်ဆိုတာ မလိုတော့ဘူး။
- မျိုးရိုးကို ချစ်ခြင်းထက် မျိုးရိုးကို စောင့်ထိန်းခြင်းက ပို၍ အရေးကြီးသည်။
- လိမ်လည်ပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်းသည် ဘိန်းစွဲနေသူ တစ်ဦး ဘိန်းဖြတ်သည်ထက်ပင် အသက်အန္တရာယ်ကို ဖြစ်စေနိုင်သည်။
- ဦးနှောက်ကို မင်းတုန်းထိုး ကန့်လန့်ချပြီး သော့ခတ်ထားရမည့် အလုပ်မျိုးနှင့် မည်မျှကြီးမားသော ရာထူးကို ရစေကာမူ မက်မောဖွယ်ရာ မရှိပါပေ။

ပရော်ဖက်ဆာ ဆိတ်ဖွား

www.burmeseclassic.com

www.burmeseclassic.com

- ဟောဒီ စကြဝဠာသစ်ကြီးအတွင်းရှိတဲ့ ရုပ်ဝတ္ထုတွေဟာ ပျက်စီးချင်ရင် ပျက်စီးလိမ့်မယ်၊ ရွေ့လျောချင်လဲ ရွေ့လျောလိမ့်မယ်၊
- ဥပမာ ပြောရရင် လက်သမားဟာ စားပွဲတစ်လုံးကို လုပ်တယ်ဆိုပါတော့၊ တကယ်ကတော့ လက်သမားဟာ စားပွဲခုံကိုပဲ သူ့ရဲ့အတတ်ပညာနဲ့ လုပ်နိုင်စွမ်းရှိတယ်၊
- ဒါပေမယ့် အဲဒီ စားပွဲခုံလုပ်ဖို့ သစ်သားကိုတော့ သူဟာ မလုပ်နိုင်ရှာဘူး၊ သစ်သားကို လုပ်နိုင်တာက သစ်ပင်သာလျှင် ဖြစ်တယ်၊ သစ်ပင်ဟာ သူ့ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်နဲ့ မီးဓာတ်ဆိုတဲ့ အခြေခံဓာတ်တွေကို အချိုးအစားလိုက် စုစည်းယူငင်ပြီး သစ်သားဖြစ်အောင် ဖန်တီးတယ်၊ အဲဒီသစ်သားကိုမှ လက်သမားဟာ စားပွဲခုံတစ်လုံး ပြုလုပ်တာဖြစ်တယ်၊
- နောင်နှစ်ပေါင်းများစွာ ကြာညောင်းလာတဲ့အခါ စားပွဲခုံဟာ လုံးဝပျက်စီး ပျောက်ကွယ်သွားချင် သွားလိမ့်မယ်၊
- ဒါပေမယ့် စားပွဲခုံ အတွင်းမှာ ပါဝင် နေတဲ့ ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်၊ မီးဓာတ် စတဲ့ အခြေခံ ဓာတ်ကြီးတွေကတော့ လုံးဝ ပျောက်ကွယ်မသွားဘူး၊
- သူနဲ့ နီးစပ်ရာ အခြားသော ဓာတ်တွေနဲ့ ပေါင်းစပ်သွားပြီး အခြားသော ရုပ်ဝတ္ထု ပစ္စည်း တစ်ခုအဖြစ် ဖြစ်ပေါ်ခဲ့ပြန်တယ်၊ ဒီသဘောဟာ ရုပ်ဝတ္ထုတွေရဲ့ ပကတိသဘောပဲ

ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွား

www.burmeseclassic.com

www.burmeseclassic.com

သူခိုးဆိုတာ ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်ကို
ခေတ်မမီတဲ့နည်းနဲ့ ဆန့်ကျင်နေသူဖြစ်တယ် .....

လိမ်လည်ပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်းသည်
ဘိန်းစွဲနေသူတစ်ဦး ဘိန်းဖြတ်သည်ထက်ပင်
အသက်အန္တရာယ်ကို ဖြစ်စေနိုင်တယ် .....

ရှေ့နေဆိုတာ သူတစ်ပါးဆီက ပိုက်ဆံယူပြီး
အဲဒီလူအတွက် လိမ်ပေးနေတာ .....

www.burmeseclassic.com

www.burmeseclassic.com

- တရားဥပဒေဆိုတာ လူသားတွေနဲ့ဆိုင်တယ်၊

- ပြည်ပိုင်အစိုးရဟာ အဲဒီဥပဒေကို စောင့်ရှောက်ပေးရတဲ့ ဥပဒေရဲ့ ဒဝရမ်တစ်မျိုးသာလျှင် ဖြစ်တယ်၊

- လူတွေအားလုံး ဥပုသ်စောင့်နေရင် ပုလိပ် ဆိုတာ မလိုတော့ဘူး။

BURMESE CLASSIC

- ထောင်ဆိုသည်မှာ. . .
အဆုံးမ ရက်စက် သော စာသင်ကျောင်းကြီး ဖြစ်သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

# ပြီးတော့လဲ . . . . ပြီးတာပါပဲ

ပရောဖက်ဆာ ဒေါက်တာဆိတ်ဖွား

ဘုမ္မာဝတီစာပေမှ ဆက်လက်ထွက်ရှိမည့်စာအုပ်များ

□ ပြည်တော်ဝင် စနေမောင်မောင်

ဆရာမင်းသိင်္ခ၏ကိုယ်တိုင်ရေးဖြစ်ရပ်မှန် ဘဝဇာတ်ကြောင်းများ

□ ဘဝစာမျက်နှာ ➤ မင်းဘာသိလို့လဲ
□ ဘဝအသည်းရဲ့ ➤ မင်းငါ့အကြောင်းသိမယ်
□ ဘဝတစ်သက်တာဟောစာတမ်း ➤ မင်းမေးတိုင်းငါဖြေရမှာလား

ပြီးတော့လဲ . . . . ပြီးတာပါပဲ

မူပိုင်ရှင် – ဒေါ်သန်းနုအောင် (၁၂/တမန(နိုင်)၀၇၈၂၄၀)
ခွင့်ပြုမိန့်အရ ထုတ်ဝေသည်။

ဘုမ္မာဝတီစာပေ (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ည ရပ်ကွက်၊
09 25 22 99 559 , 09 310 58 787 မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
https://www.facebook.com/bommarwaddy.books

www.burmeseclassic.com